www.burmeseclassic.com

# နန္ဒကျော်သူ

## သံသရာနှောင်ကြိုး



ပ+ဒု
ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၄၈/ ၂၀၀၂ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၇၅/ ၂၀၀၂ ([illegible])

●

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ် ဇန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

အဖုံးပုံနှိပ်သူ
ဦးထွန်းလင်း (မြဲ - ၆၃၆၂)၊ ဗိုးဝအောင်မှဆက်
အမှတ် (၁၄၇)၊ (၄၅)လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# နန္ဒကျော်သူ

## သိမ်သရာနှောင်ကြိုး

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## အခန်း (၁)

## မေတ္တာရန်သူ

ပျိုလှာ၊....

လူတစ်ယောက်၏အမည် မဟုတ်ပါ၊

သိုင်းသင်တန်းကျောင်းတစ်ခု၏ အမည်သာ ဖြစ်သည်။

တိတိကျကျ ဆိုရပါလျှင်....

ယခုနှစ်များအတွင်း သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားလာသော သိုင်းသင်တန်းကျောင်းတစ်ကျောင်း၏ အမည်ဖြစ်၏။

ပျိုလှာ၊ သိုင်းသင်တန်းကျောင်းသည် သိုင်းလောကသားအားလုံးက လေးစားကြည်ညိုရသည်အထိ ဂုဏ်သတင်းမွှေးသင်းလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင်....

ပျိုလှသာ သိုင်းသင်တန်းကျောင်းသည် အင်အားတောင့်တင်းသော သိုင်းသင်တန်းကျောင်း တစ်ကျောင်း ဖြစ်နေ၍လော။

မဟုတ်ပါချေ။

ပျိုလှသာ သိုင်းသင်တန်းကျောင်းတွင် လူအင်အား လေးယောက်သာရှိ၏။

လူအင်အားလေးယောက်တည်းသာရှိသော ပျိုလှသာသိုင်းသင်တန်းကျောင်းသည် သိုင်းလောကတစ်ခုလုံးက လေးစားကြည်ညိုရသည်အထိ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည်မှာ အလွန်အံ့ဩဖွယ်ရာ ကောင်းလှပေသည်။

မည်သို့ဆိုစေ...

ပျိုလှသာ သိုင်းသင်တန်းကျောင်းသည် သိုင်းလောကတွင် အမှန်တကယ်ပင် လျှမ်းလျှမ်းတောက် ကျော်ကြားလျက်ရှိ၏။

ထိုသို့ဆိုလျှင်....

ပျိုလှသာ သိုင်းသင်တန်းကျောင်းသည် မည်သည့်ထူးခြားမှုများ ရှိနေပါသနည်း။



ညဉ့်နက်လှပြီဖြစ်၏။

မြူနှင်းမှုန်အဖွဲဖွဲကျဆင်းနေသဖြင့် ဝန်းကျင်တစ်ခုလုံး အေးစိမ့်နေသည်။

လုယန်းမြို့ လူများအားလုံးတို့သည် နွေးထွေးသောအိပ်ရာထက်တွင် အိပ်စက်နေကြပြီဖြစ်သဖြင့် အိမ်တိုင်းလိုလို မီးများမှိတ်ထားကြပြီ ဖြစ်၏။

ယင်းကြောင့်....

လုယန်းမြို့ရှိ တစ်မြို့လုံးသည် အမှောင်ထု အောက်တွင် တိတ်ဆိတ် ငြိမ်သက်နေလေသည်။

သို့သော်....

ခြံဝင်းကျယ်ကြီးတစ်ခုအတွင်း၌ မီးရောင်များထွက်ပေါ်လျက် ရှိနေ၏။

ဤသို့ဆိုလျှင်....

ထိုခြံဝင်းကျယ်ကြီးတွင် မည်သို့သော ထူးခြားချက်များ ရှိနေပါသနည်း။

အမှန်တွင်....

ယင်းခြံဝင်းကျယ်ကြီးသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ပျိုလှသာသိုင်းသင်တန်းကျောင်းကြီးပင် ဖြစ်သည်။

ယခု....

ပျိုလှသာ သိုင်းသင်တန်းကျောင်း၏ ခန်းမကြီးတစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်းနေ၏။

www.burmeseclassic.com



ခန်းမကြီး၏အလယ်တွင် စားပွဲရှည်ကြီးတစ်လုံး ချထား လေသည်။

လူငယ်လေးယောက်သည် စားပွဲရှည်၏ မျက်နှာချင်းဆိုင် ထိုင်ခုံများတွင် ထိုင်နေကြ၏။

အသက် နှစ်ဆယ်ကျော်ခန့်ရှိသော လုလင်ပျိုသုံးယောက် နှင့် အသက် ဆယ့်ကိုးနှစ်ခန့်မျှသာရှိသော မိန်းမပျိုတစ် ယောက်တို့ပင် ဖြစ်ကြသည်။

စားပွဲရှည်၏ထိပ်ဆုံးနေရာမှ အသက် ခြောက်ဆယ်ကျော် ခန့်ရှိသော အဘိုးအိုတစ်ယောက် ထိုင်နေ၏။

ခန္ဓာကိုယ် ကျစ်လျစ်တောင့်တင်းပြီး ခန့်ညားသော ရုပ် သွင်ရှိသည့် အဘိုးအိုတစ်ယောက် ဖြစ်သည်။

ထိုအဘိုးအိုသည် အရက်ခွက်ငါးခွက်ထဲသို့ အရက်များ ကိုယ်တိုင်ကိုယ်ကျ ငှဲ့ထည့်ပေးရင်း လူငယ်လေးယောက်အား စူးရှသော မျက်လုံးအစုံဖြင့် တစ်ချက် ဝေ့ဝဲ ယမ်းကြည့်လိုက် သည်။

ယင်းနောက်....

အရက်တစ်ခွက်ကိုကောက်ယူကာ သူ၏ယာဘက်တွင်ထိုင် နေသော အပြာရောင်ဝတ်ဆင်ထားသည့် လူရွယ်အား လှမ်း ပေးလိုက်သည်။

'ဝမ်းကျုင်းဟုန်'

အပြာရောင်ဝတ်ဆင်ထားသည့် လူရွယ်က ထိုင်ရာမှဆတ် ခနဲထလိုက်ပြီး လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။



'ဆရာကြီး၊ စီးမာကူးကို တပည့်ဝမ်းကျုင်းဟုန် ဂါရဝ ပြုပါတယ်'

ပြောရင်း အရက်ခွက်ကို လှမ်းယူကာ ပြန်လည်ထိုင်ချ လိုက်သည်။

မှန်ပါသည်။

ထိုအဘိုးအိုသည် ပျံလွှား သိုင်းသင်တန်းကျောင်း၏ ဆရာစီးမာကူးပင် ဖြစ်၏။

ယခု....

အဘိုးအို စီးမာကူးသည် နောက်ထပ်အရက်တစ်ခွက်ကို ယူကာ ဝမ်းကျုင်းဟုန် နံဘေးတွင်ထိုင်နေသော အနီရောင် ဝတ်ဆင်ထားသော လူရွယ်အား လှမ်းကြည့်လိုက်၏။

'နန်းကုန်းယင်'

အနီရောင်ဝတ်လူရွယ်က သွက်လက်စွာထကာ ဦးညွှတ် လိုက်၏။

'ကျေးဇူးတင်ပါတယ် ဆရာ'

စကားဆိုသည်နှင့် အရက်ခွက်ကိုယူကာ ထိုင်ချလိုက် သည်။

စီးမာကူးက နောက်ထပ်အရက်နှစ်ခွက်ကို လက်နှစ်ဖက် ဖြင့်ကိုင်ကာ အပြာရောင်ဝတ်ထားသော လူရွယ်နှင့် ပန်းနု ရောင် ဝတ်ဆင်ထားသော မိန်းကလေးအား လှမ်းပေး လိုက်၏။

'ကျွဲမင်ပေါ် စုမာဝမ်းမေ'

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်ဆင်ထားသော လူရွယ်နှင့် ပန်းနုရောင် ဝတ်ဆင်ထားသော မိန်းကလေးတို့က ပြိုင်တူထကာ တစ်ဦးကိုတစ်ဦး ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် တစ်ချက်ကြည့်လိုက်ကြပြီး ဆရာဖြစ်သူအား လေးစားစွာဂါရဝပြုလိုက်ကြသည်။

'ဆရာ့ကို ဂါရဝပြုပါတယ်'

ပြိုင်တူပြောရင်း အရက်ခွက်ကို လှမ်းယူကာ ပြန်လည်ထိုင်ချလိုက်ကြ၏။

စီးမာကူးက အားလုံးသောလူများကိုကြည့်ကာ ကြည်နူးစွာပြုံးလိုက်သည်။

ယင်းနောက်....

သူက သူ၏ရှေ့တွင်ရှိသော အရက်ခွက်ကို ကောက်ကိုင်လိုက်၏။

'ငါ့တပည့်လေးယောက်ရဲ့ တရားမျှတမှု မဘရား ပြုလုပ်သူတွေ၊ ဒုစရိုက်သမားတွေကိုတာဝန်သိပြည်သူတွေအနေနဲ့ နှိမ်နင်းပြီး သက်ဆိုင်ရာအာဏာပိုင်တွေဆီကို အပ်နှံပေးမှုကြောင့် အခုဆိုရင် လူယန်းမြို့ဘစ်မြို့လုံးမှာရှိတဲ့ သိုင်းလောကသားတွေက ဆရာတို့ရဲ့ ပျံလွှားသိုင်းသင်တန်းကျောင်းကို လေးစားကြည်ညိုလာကြတယ်၊ ဒါကြောင့် ဆရာကဒီကနေ့ တပည့်တို့အားလုံးကို ဂုဏ်ပြုနှုတ်ဆက်ပွဲ ဘစ်ခု ကျင်းပပေးတာ'



သူ၏စကားကြောင့် ဝမ်းကျင်းဟုန်၊ နန်းကုန်းယင်၊ ကျွေးမင်ခေပနှင့်စုမာဝမ်းမေတို့မှာ အလွန်အံ့အားသင့်သွားကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

ဝမ်းကျင်းဟုန်က ဆရာဖြစ်သူအား နားမလည်နိုင်စွာ ကြည့်ကာ မေးလိုက်၏။

'နှုတ်ဆက်ပွဲ ဟုတ်လားဆရာ'

စီးမာကူးက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

နန်းကုန်းယင်က ဆရာဖြစ်သူအား အကဲခတ်ကြည့်လိုက်သည်။

'ဆရာက ခရီးထွက်မလို့လား'

စီးမာကူးက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

'ဆရာခရီးမထွက်ပါဘူး'

ကျွေးမင်ခေပက မျက်ခုံးမှောင်ကြုတ်လိုက်၏။

'ဒါဖြင့်....'

စီးမာကူးက သူတို့အားလုံးကိုမျက်လုံးဝေ့ယမ်းကာကြည့်လိုက်သည်။

'မင်းတို့ အားလုံးခရီးထွက်ကြရလိမ့်မယ်'

စုမာဝမ်းမေ၏ လှပသော မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွား၏။

'ကျွန်မတို့ ခရီးထွက်ကြရမယ်ဟုတ်လားဆရာ'

စီးမာကူးက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်၊ မင်းတို့ကို မိဘမဲ့ဘဝနဲ့ ငယ်ငယ်လေးကတည်းက ဆရာကပြုစုသိန်းကျောင်းပြီး သိုင်းပညာသင်ကြားပေးခဲ့တယ်၊ ဒါတွေအားလုံးဟာ ဆရာမှာ ခံစားမှုတစ်ခုရှိနေလို့ပဲ'

ဝမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်၏၊

'အမိန့်ရှိပါ ဆရာ'

စီးမာကူး၏မျက်နှာမှာ လေးနက်တည်ကြည်သွားသည်၊

'လုယန်းမြို့မှာ ယိုးသွား သိုင်းသင်တန်း ကျောင်းတော်သူရဲ့တောင်းလေးယောက်နဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ မူးပေါင်းချေမှုန်း သုတ်သင်မှုကြောင့် ဒုစရိုက်မှု ကျူးလွန်တဲ့လူတွေ ရှိနေဦးမှာပဲဆိုတာ ဆရာနားလည်တယ်၊ အဲဒီလို အခြေအနေမျိုးကို ဆရာဘယ်မှာမှ မရှိစေချင်ဘူး'

သူက သက်ပြင်းတစ်ချက်ချကာ ပြောလိုက်၏၊

'အင်း...အမှန်တော့ ဆရာကိုယ်တိုင်လဲဒုစရိုက်သမားတွေရဲ့ ရက်စက်ယုတ်မာမှုကြောင့် အဖေနဲ့အမေ သေဆုံးသွားပြီး မိဘမဲ့ဘဝကို ရောက်ခဲ့ရတယ်၊ ဒါကြောင့် ဆရာဟာ သိုင်းပညာကို ထူးချွန်အောင် ကြိုးစားသင်ယူခဲ့တယ်၊ အဲဒီနောက် သိုင်းလောကထဲကို ခြေသလုံးအိမ်ဘိုင်ဘဝနဲ့ လှည့်လည်ပြီး ကောင်းသူကယ် မကောင်းသူပယ် ဆိုတဲ့ စကားအတိုင်း ဆောင်ရွက်ခဲ့တယ်၊ အဲ...မင်းတို့ လေးယောက်ကို မိဘမဲ့ဘဝနဲ့လမ်းမပေါ်မှာ ရှိနေတာကို တွေ့ခဲ့တဲ့ အချိန်ကစပြီး ဆရာဟာ မင်းတို့လေးယောက်ကိုပြုစုစောင့်ရှောက်ပြီး ကြီးပြင်းသချင်း တိုင်းပြည်ကိုအကျိုးပြုတဲ့ သိုင်းသမားတွေ



ဖြစ်လာစေချင်တဲ့ရည်ရွယ်ချက်ရှိခဲ့တယ်၊ အခုဒီရည်ရွယ်ချက်တွေဟာ အားလုံးပြည့်စုံခဲ့ပြီ၊ ဆရာဝမ်းသာလို့မဆုံးပါဘူး'

စုမာဝမ်းမေက ဆရာဖြစ်သူအား လေးစား ကြည်ညိုစွာ ကြည့်လိုက်သည်၊

'ဆရာဆိုလိုတဲ့သဘောက ကျွန်တော်တို့အားလုံးမင်းအာဏာစက်နဲ့ဝေးကွာတဲ့နေရာတွေကိုသွားပြီး ဒုစရိုက်မှုတွေကိုချေမှုန်းရမှာလား'

စီးမာကူးက ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်၊ မင်းတို့လေးယောက်က ဆရာပေးတဲ့ တာဝန်ကို ထမ်းဆောင်နိုင်ကြပါ့မလား'

ဝမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်သွားပါ့မယ်'

နန်းကုန်ယင်ကလည်း သွက်လက်စွာကတိပေးလိုက်၏၊

'စိတ်ချပါဆရာ၊ ဆရာပေးတဲ့တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ပါ့မယ်လို့ ကျွန်တော်ကတိပေးပါတယ်'

စီးမာကူးက ကျွေးမင်ပေနှင့်စုမာဝမ်းမေတို့ကို ကြည့်လိုက်သည်၊

'မင်းတို့ကော'

ကျွေးမင်ပေနှင့် စုမာဝမ်းမေတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏၊

သူတို့၏ မျက်ဝန်းနက်စုံတွင် ထူးခြားသည့်ဟန်မူရာများ ပေါ်လွင်နေကြသည်၊

စီးမာကူးက လျှို့ဝှက်စွာပြုံးလိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ခွဲခွာပြီး ခရီးထွက်ရမှာကို စိုးရိမ်နေကြတယ်နဲ့ တူတယ်'

ထိုစကားကြောင့် ကျွေးမင်ပေ့၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

ထိုနည်းတူစွာပင်...

စုမာဝမ်းမေ၏ မျက်နှာတစ်ခုလုံး ပန်းနုရောင်သန်းသွားသည်။

'မဟုတ်ပါဘူးဆရာ'

သူမက ပျာပျာသလဲ ငြင်းဆန်လိုက်သည်။

စီးမာကူးက ပြုံးလိုက်၏။

'စုမာဝမ်းမေ မင်းက ဆရာ့ကို ဖုံးကွယ်နေတာလား၊ မင်းတို့နှစ်ယောက်ရဲ့ မေတ္တာတရားကို ဆရာသိနေတာကြာပါပြီ၊ ဒါကြောင့် ဝမ်းကျင်းဟုန်နဲ့ကုန်းယင်တို့ကို တစ်တွဲမင်းနဲ့ ကျွေးမင်ပေ့တို့ကိုတစ်တွဲ ခွဲပြီး ခရီးထွက်ဖို့ ဆရာစီစဉ်ပြီးသားပါ'

သူက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်လေသည်။

'အင်းလေ...အရွယ်လဲရောက်နေကြပြီဆိုတော့ ခရီးမထွက်ခင် မင်းတို့ကို တစ်ခါတည်း လက်ထပ်ပေးလိုက်ပါမယ်'

ကျွေးမင်ပေ့၏ မျက်နှာမှာ ဝင်းလက်တောက်ပသွား၏။

စုမာဝမ်းမေကမူ ရှက်ရွံ့စွာဖြင့် ခေါင်းငုံ့လိုက်သည်။

စီးမာကူးက သူမအားကြည့်ကာ ပြုံးလိုက်၏။



'စုမာဝမ်းမေကိုကြည့်ရတာ လောလောဆယ် လက်ထပ်လိုတဲ့ဆန္ဒ မရှိသေးဘူးထင်တယ်၊ ဒါဖြင့်ရင်လဲ ဆရာ့ရဲ့စကားကို ပြန်လည်ရုပ်သိမ်းပါတယ်'

စုမာဝမ်းမေက ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။

တစ်ဆက်တည်းပင်...

သူမက တမန်းတတန်း ပြောလိုက်၏။

'မ...မဟုတ်ပါဘူး၊ ဆရာ၊ ကျွန်မ...ကျွန်မ...'

ဝမ်းကျင်းဟုန်က သူမအားကြည့်ကာ အားရပါးရ ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား၊ ဆရာက မျက်စိအမြင်တကယ်စူးရှပါပေတယ်၊ ကျွန်တော်ကတော့ သိုင်းပညာကို အပတ်တကုပ်လေ့လာသင်ယူနေရလို့ သူတို့နှစ်ယောက်ရဲ့ အခြေအနေကို သတိမထားမိဘူး'

တစ်ဆက်တည်းပင်...

သူက ကျွေးမင်ပေ့နှင့် စုမာဝမ်းမေတို့အား ကြည့်ကာ မေးလိုက်၏။

'ပြောစမ်း...မင်းတို့ ဘယ်အချိန်ကတည်းက မေတ္တာမျှနေကြတာလဲ'

ကျွေးမင်ပေ့က ပြုံးလိုက်သည်။

'ကျွန်တော်တို့ မေတ္တာမျှနေကြတာ သုံးနှစ်လောက် ရှိပါပြီ၊ အစ်ကိုကြီးတို့ကို ဖွင့်ပြောဖို့ ကျွန်တော် အကြိမ်ကြိမ်ကြိုးစားပါသေးတယ်၊ ဒါပေမယ့် ညီမလေးစုမာ ရှက်နေလို့ ကျွန်တော် ဖွင့်မပြောဖြစ်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျင်းဟုန်က သဘောကျစွာ ရယ်မောလိုက်၏။

'ကောင်းတယ်...ကောင်းတယ်၊ ငါကလဲ ညီမလေးကို တခြားလူနဲ့ မေတ္တာမျှသွားမှာ စိုးရိမ်နေတာ၊ ခုတော့ ငါရဲ့ တစ်ဆရာတည်းကလဲဖြစ်တဲ့ ကျွေးမင်ပေနဲ့ဆိုတော့ အတိုင်းမသိ ဝမ်းသာပါတယ်'

ပြောရင်း ရယ်မောလိုက်ပြန်သည်။

စီးမာကူး၏ မျက်လုံးအစုံက ထူးခြားစွာ တိတ်ဆိတ်နေသော နန်းကုန်းယင်ထံသို့ ကျရောက်သွား၏။

'နန်းကုန်းယင် မင်းရဲ့ဆန္ဒကကော ဘယ်လိုလဲ'

နန်းကုန်းယင်က ခေါင်းမော့လိုက်သည်။

'ဆရာနဲ့ အစ်ကိုကြီးဝမ်းတို့က သဘောကျနေပြီပဲ၊ ကျွန်တော် ဘာပြောစရာ လိုသေးလို့လဲ'

စကားဆုံးသည်နှင့် ခြောက်ကပ်ကပ် ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

စီးမာကူးက သူ့အား ကြည့်ကာ သက်ပြင်းတစ်ချက် ကျိတ်ချလိုက်သည်။

'အင်း....ငါ့တပည့်တွေ ခုလို တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ နားလည်မှုရှိကြတာကို ဆရာ ဝမ်းသာလို့ မဆုံးပါဘူး၊ ဒီပျံလွှားသိုင်းသင်တန်းကျောင်း အောင်မြင်ကျော်ကြားမှုက ငါ့တပည့်တွေရဲ့ ကြိုးစားဆောင်ရွက်မှုတွေကြောင့်ပါပဲ၊ ကဲ....ရှေ့မထွက်ခင် ဆရာက မင်းတို့ကို ညစာစားပွဲနဲ့ ဂုဏ်ပြုဧည့်ခံပါတယ်'

ပြောရင်း အရက်ခွက်ကို မြှောက်လိုက်၏။



ဝမ်းကျင်းဟုန်တို့ လေးယောက်ကလည်း မိမိတို့၏အရက်ခွက်ကို ပြိုင်တူမြှောက်ကာ ဆရာကြီး၏ အရက်ခွက်နှင့် တိုက်လိုက်ကြသည်။

အရက်ခွက်ငါးခွက် ဆုံမိသွားသောအခါ...

'ကမ်းပေ'

ဟု ပြိုင်တူ အော်ဟစ်လိုက်ကြပြီး၊ အရက်များကို မော့သောက်လိုက်ကြ၏။

စီးမာကူးက အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်ချရင်း ရယ်မောလိုက်သည်။

'သန်ဘက်ခါ ကျွေးမင်ပေနဲ့ စုမာဝမ်းမေတို့ကို ဆရာ ကိုယ်တိုင် မင်္ဂလာဆောင်ပေးမယ်၊ ဒါကြောင့် ကျွေးမင်ပေနဲ့ စုမာဝမ်းမေတို့က လိုအပ်တာတွေကို ယေခြမ်းကြဖို့ စီစဉ်ကြပါ၊ ဝမ်းကျင်းဟုန်....မင်းက လူယာန်းမြို့တစ်မြို့လုံးမှာရှိတဲ့ သိုင်းလောကသားတွေနဲ့ မိတ်ဆွေတွေကိုလိုက်ဖိတ်ဖို့ တာဝန်ယူပါ'

ဝမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ ဆရာ၊ ကျွန်တော် မနက်မိုးလင်းတာနဲ့ မိတ်ဆွေတွေကို လိုက်ဖိတ်လိုက်ပါမယ်'

စီးမာကူးက နန်းကုန်းယင်ဘက်သို့ လှည့်လိုက်သည်။

'နန်းကုန်းယင်ကတော့ မင်္ဂလာကိစ္စအတွက် စီစဉ်စရာရှိတာတွေကို စီစဉ်ဖို့ တာဝန်ယူပါ'

နန်းကုန်းယင်က ဦးညွှတ်လိုက်၏။

'စိတ်ချပါ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



စီးမားကူးက ကျေနပ်သဘောကျစွာ ပြုံးလိုက်သည်။

ထို့နောက်....

ကျွေးမင်ပေ့အား ကြည့်ကာ ပြောလိုက်၏။

'ကျွေးမင်ပေ့....မင်းရဲ့ မင်္ဂလာပွဲအတွက် ဆရာအ ဆရာ အမြဲတမ်း ကိုင်ဆောင်နေကျဖြစ်တဲ့ ကျောက်စိမ်းဓားမြောင်ကို လက်ဖွဲ့လိုက်မယ်'

ပြောပြီးသည်နှင့် ခါးတွင်ချိတ်ဆွဲထားသော ကျောက်စိမ်းဓားမြောင်ကို ဖြုတ်ယူ[illegible] ကျွေးမင်ပေ့အား လှမ်းပေးလိုက်သည်။

ကျွေးမင်ပေ့က ကျောက်စိမ်းဓားမြောင်အား လက်နှစ်ဖက်ဖြင့် တရိုတသေ လှမ်းယူလိုက်၏။

'ကျေးဇူးတင်ပါတယ် ဆရာ'

စီးမားကူးက ပြုံးလိုက်သည်။

'ကျွေးမင်ပေ့.... မင်္ဂလာပွဲအတွက် အသေးစိတ် စီစဉ်ရအောင် ညအိပ်ရာမဝင်ခင် ဆရာ့အခန်းကို လာခဲ့ပါ'

ကျွေးမင်ပေ့က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ပါ ဆရာ'

စီးမားကူးက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

'ကဲ....မင်းတို့စားသောက်ပြီး နေခဲ့ကြပါ၊ ဆရာအနားယူလိုက်ဦးမယ်'

ပြောပြီးသည်နှင့် ညှော်ခန်းမအတွင်းမှ ထွက်ခွာသွားလေတော့သည်။



ယခု...

ညှော်ခန်းမထဲ၌ ဝမ်းကျောင်းဟုန်၊ နန်းကုန်းယင်၊ ကျွေးမင်ပေ့နှင့် စုမာဝမ်းမေတို့ လေးယောက်သာ ကျန်ရှိနေခဲ့၏။

ဝမ်းကျောင်းဟုန်က အရက်ခွက်သောက်ရင်း စကားဖောင်ဖွဲ့နေသည်။

သူသည် ကျွေးမင်ပေ့နှင့် စုမာဝမ်းမေတို့၏ မင်္ဂလာပွဲအတွက် အလွန်ပျော်ရွှင်နေမိသည် မဟုတ်ပါလော။

ထိုနည်းတူစွာပင်....

ကျွေးမင်ပေ့နှင့် စုမာဝမ်းမေတို့မှာလည်း အလွန်ဝမ်းသာစွာ ပျော်ရွှင်နေကြ၏။

သို့သော်....

နန်းကုန်းယင်ကမူ မပျော်ရွှင်နိုင်ပါချေ။

သူ၏ရင်ထဲတွင် ကြေကွဲဝမ်းနည်းမှုကို ခံစားနေရသည်။

ယင်းကြောင့်....

ထိုင်ရာမှထကာ ခန်းမအပြင်ဘက်သို့ထွက်ရန် ဟန်ပြင်လိုက်၏။

ဝမ်းကျောင်းဟုန်က သူ့အားမော့ကြည့်လိုက်၏။

'ညီလေး....မင်းဘယ်သွားမလို့လဲ၊ အပြင်မှာ နှင်းတွေ [illegible]ကျနေတယ်'

နန်းကုန်းယင်က မချိပြုံးပြုံးလိုက်၏။

'ကျွန်တော် အရက်သောက်တာ နည်းနည်းများသွားလို့ ခေါင်းတော်တော်မူးနေတယ်၊ ဒါကြောင့် [illegible]ခံပြီး အမူးဖြေလိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျင်းတုန်က ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား။ ငါ့ညီလတ်ကတော့လူထူးလူဆန်း တစ်ယောက်ပဲ'

ကျေးမင်းဝေ့ကလည်း ရယ်မောကာပြောလိုက်၏။

'အစ်ကိုလတ်...မြန်မြန်အမူးဖြေလိုက်ပါ၊ ပြီးရင် ကျွန်တော်တို့ မင်္ဂလာကိစ္စဆွေးနွေးရအောင် ပြန်လာခဲ့ပါ'

နန်းကုန်းယင်က ခေါင်းတစ်ချက် ညိတ်လိုက်၏။

ထို့နောက်...

တံခါးဖွင့်၍ ခြံဝင်းအပြင်ဘက်သို့ ထွက်လာခဲ့လေတော့သည်။

❖

ညသည် အိုမင်းရင့်ရော်နေ၏။

နှင်းမြူများသည် ရစ်ဝဲသွားခြင်း မရှိသေးပါ။

နန်းကုန်းယင်သည် နှင်းမြူများကြားတွင် ခေါင်းငိုက်စိုက်ကာ လျှောက်သွမ်းနေမိသည်။



ညောင်ခန်းမကြီးထဲမှ လျှံထွက်လာသော ဝမ်းကျင်းတုန်၊ ကျေးမင်းဝေ နှင့်စုမာဝမ်းတို့၏ ရယ်မောသံများသည် နှင်းမြူများကို ထိုးဖောက်ကာ တစ်ချက်တစ်ချက် လွင့်ပျံလာ၏။

ထိုရယ်သံများသည် သူ၏နှလုံးသားအား ဓားပါးပါးဖြင့် ဆွနေသည့်အလား ခံစားနေရသည်။

'စုမာဝမ်းမေ ကျုပ်လူမှန်းသိတတ်စ အရွယ်ကတည်းကစပြီး မင်းအပေါ် သံယောဇဉ်ငြိတွယ်ခဲ့တယ်၊ တစ်နေ့နေ့ကျရင် ဆရာကြီးဆီမှာခွင့်တောင်းပြီး မင်းကိုလက်ထပ်ယူနိုင်လိမ့်မယ်လို့မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် အဲဒီမျှော်လင့်ချက်တွေဟာ အခုတော့ နှင်းမြူတွေလိုပဲ ဝေဝါးပျောက်ကွယ်သွားတော့မှာပါလား'

ပြောရင်း သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးဆင်းကျလာ၏။

ရုတ်တရက်...

သူ၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွားလေသည်။

'မဖြစ်ဘူး...လုံးဝမဖြစ်ဘူး၊ ငါသူ့ကို လက်လွှတ်ဆုံးရှုံးခံနိုင်ဘူး'

သူက အံကိုတင်းတင်းကြိတ်လိုက်၏။

'ကျေးမင်းဝေ...ငါ အသက်ရှင်နေသမျှ မင်း ညီမလေးကို ဘယ်တော့မှ ပေါင်းသင်းခွင့် မရစေရဘူး'

ပြောရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင်...

သူ၏မျက်ဝန်းအစုံမှာလည်း ကောက်ကျစ် စဉ်းလဲသည့် ဟန်မူရာများ ပေါ်ပေါက်လာလေတော့သည်။

ညသည် ပို၍ပို၍နက်ရှိုင်းလာ၏။

ရယ်မောသံများဖြင့် သောသောညံနေခဲ့သော ဖျော်လွှားသိုင်းသင်တန်းကျောင်းသည်အမှောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေခဲ့ပြီ ဖြစ်သည်။

ဝမ်းကျင်းဟုန်သည် ခြေလှမ်းဒယိမ်းဒယိုင်ဖြင့် မိမိ၏အခန်းထဲသို့ ဝင်ရောက်လာ၏။

သူသည် ခုတင်ပေါ်သို့လှဲအိပ်ချလိုက်ပြီးမှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သည့်အလား ငေါက်ခနဲ ထထိုင်လိုက်သည်။

'ညီလေးကျောကို ဆရာဘ သူ့အခန်းထဲလာဖို့ ခေါ်ထားတယ်၊ ဒီကောင် အရမ်းမူးနေပြီ၊ သတိမှရရဲ့လားမသိဘူး'

ဟု တစ်ယောက်တည်း ရေရွတ်လိုက်၏။

ယင်းနောက်...



အခန်းတံခါးကိုဖွင့်ကာ အပြင်ဘက်သို့ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင်...

လူရိပ်တစ်ရိပ်သည် စီးမာကျူး၏အခန်းဆီသို့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရ၏။

ဝမ်းကျင်းဟုန်မှာ အရက်မူးနေသောကြောင့် မျက်လုံးများ ပြာဝေနေသည်။

ယင်းကြောင့်...

ထိုလူမှာ မည်သူမည်ဝါဖြစ်ကြောင်း မခွဲခြားနိုင်ပေချေ။

မည်သို့ဆိုစေ...

ထိုလူသည် ကျောမင်ဖေပင် ဖြစ်သည်ဟု သူကယူဆလိုက်သည်။

ယင်းသို့ ယူဆမိလိုက်သည်နှင့် သူက သဘောကျစွာပြုံးလိုက်သည်။

'ကျော ညီလေးက တကယ်ဝီရိယကောင်းတာကိုး'

ပြောပြီး မိမိအခန်းထဲသို့ပြန်ဝင်ကာ ခုတင်ပေါ်သို့ လှဲချလိုက်၏။

ယင်းတခဏအချိန်လေးမှာပင်...

စူးရှသော အော်ဟစ်သံတစ်ချက်သည် ညအမှောင်ထုကို ထိုးဖောက်ကာ ထွက်ပေါ်လာလေသည်။

'အား...'

ထိုအော်သံကြောင့် ဝမ်းကျင်းဟုန်၏အမူးများ လွင့်စဉ်ပျောက်ကွယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား....

ယင်းအော်သံသည် မိမိ၏ဆရာစီးမာကူး၏ အသံပင်ဖြစ်နေသည် မဟုတ်ပါလော။

ထို့ကြောင့်....

ဝမ်းကျင်းဟုန်သည် ခုတင်ပေါ်မှခုန်ထလိုက်ကာ ဆရာဖြစ်သူ၏အခန်းဆီသို့ ပြေးလွှားသွားလေတော့သည်။

❁

ဝမ်းကျင်းဟုန်သည် ဆရာဖြစ်သူ၏ အခန်းထဲသို့ ပြေးလွှားဝင်ရောက်လိုက်၏။

ရုတ်တရက်....

သူ၏ ခြေလှမ်းအစုံမှာ ရပ်တန့်ကာကြက်သေ သေသွားမိလေသည်။

အကြောင်းကား....

ဆရာဖြစ်သူ စီးမာကူးသည် ကြမ်းပြင်ပေါ်တွင်လဲကျနေသည်ကို တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်၏။

သူ၏ရင်ဝတွင် ဓားမြှောင်တစ်လက်စိုက်ဝင်နေသည်။



ယင်းဓားမြှောင်မှာ ကျောက်စိမ်းဓားမြှောင်ပင် ဖြစ်သည်။

ကျေးမင်ပေကလက်တစ်ဖက်ဖြင့် ဆရာကြီးအားပွေ့ချီထားပြီး ကျန်လက်တစ်ဖက်ဖြင့် ရင်ဝတွင် စိုက်ဝင်နေသော ကျောက်စိမ်း ဓားမြှောင်အား ဆွဲထုတ်ရန်ဟန်ပြင်နေသည်။

တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် ဝမ်းကျင်းဟုန်၏ ခန္ဓာကိုယ်မှာ အေးစက်တောင့်တင်းသွား၏။

ထိုအချိန်မှာပင်....

နန်းကုန်းယင်နှင့် စုမာဝမ်းမေတို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြလေသည်။

ဆရာကြီးစီးမာကူးက ကျေးမင်ပေ့အားကြည့်ရင်းအားယူကာ ပြောလိုက်၏။

'ကျေး....ကျေးမင်ပေ့၊ မင်း—မင်းလူသတ်သမား'

သူက စကားကိုဆုံးအောင် မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေသည်။

ကျေးမင်ပေ့၏ရင်ထဲတွင် အလွန်ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ကို ခံစားလိုက်ရ၏။

'ဆရာ....'

သူက အသံကုန်အော်ဟစ်လိုက်သည်။

ဆရာဖြစ်သူသည် သူ့အား လူသတ်သမားကိုအမိဖမ်းရန်မှာကြားလိုသည့်စကားကိုပင်ဆုံးအောင်မပြောနိုင်ဘဲသေဆုံးသွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော့မင်းဝေ က အံကိုတင်းတင်းကြိတ်လိုက်သည်။

'စိတ်ချပါဆရာ။ ကျွန်တော်လူသတ်သမားကို မိအောင်ဖမ်းပါ့မယ်'

ထိုစဉ်မှာပင်....

ကျယ်လောင်သော ရယ်မောသံတစ်ချက်ထွက်ပေါ်လာသည်။

'ဟား....ဟား....ဟား'

ကျော့မင်းဝေ က အသံလာရာဘက်သို့လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

သူ့အား လှောင်ပြောင် ရယ်မောနေသော နန်းကုန်းယင်ကိုတွေ့လိုက်ရ၏။

ထို့ပြင်.... ။

နန်းကုန်းယင်၏အနီးတွင် သူ့အားစူးစူးရှရှ စိုက်ကြည့်နေကြသော ဝမ်းကျင်းဟုန်နှင့်စုမားဝမ်းမေတို့ကို တွေ့လိုက်ရသည်။

နန်းကုန်းယင်က ရယ်မောနေရာမှရပ်တန့်ကာ ကျော့မင်းဝေ အား စိုက်ကြည့်ရင်း ပြောလိုက်၏။

'မင်းဟာ တော်တော် ဟန်ဆောင်ကောင်းတဲ့ လူပဲ၊ ဒီလောက် လက်ပူး လက်ကြပ်မိနေတာတောင် ဘာပြင်းချင်သေးသလဲ'

ထိုစကားကြောင့် ကျော့မင်းဝေ ၏ခန္ဓာကိုယ်မှာ တုန်ခါသွားသည်။



'အစ်ကိုလတ် ဘယ်လိုပြောလိုက်တာလဲ'

နန်းကုန်းယင်က တင်းမာခက်ထန်သောလေသံဖြင့်ပြောလိုက်၏။

'မင်း ငါ့ကို အစ်ကိုလတ်လို့ ခေါ်စရာမလိုဘူး၊ မင်းဟာ ဆရာ့ကိုသတ်တဲ့ လူသတ်သမားပဲ'

ကျော့မင်းဝေ ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

'အစ်ကိုလတ် အထင်မှားနေပြီ၊ ကျွန်တော် ရှင်းပြ....'

သူ၏စကားမဆုံးမီ စုမားဝမ်းမေက ဒေါသတကြီးဖြင့်ပြောလိုက်၏။

'ဘာမှ ရှင်းပြနေစရာမလိုဘူး၊ ရှင်ဟာ လူယုတ်မာပဲ'

ကျော့မင်းဝေ လက်ကာပြလိုက်သည်။

'ညီမ....ညီမ အစ်ကို့ကို ဒီလိုမပြောပါနဲ့'

ဝမ်းကျင်းဟုန်က အံကြိတ်လိုက်၏။

'ညီလေးကျော့....ဆရာဟာ ကိုယ့်အပေါ်ကို ဘယ်လောက်မေတ္တာစေတနာတွေထားခဲ့တယ်ဆိုတာ မင်းသိပါတယ်ကွာ။ မင်းမို့လို့ ခုလို ရက်ရက်စက်စက် လုပ်ရက်တယ်'

ကျော့မင်းဝေ ၏ ခန္ဓာကိုယ်မှာ တုန်တုန်ယင်ယင် ဖြစ်လာသည်။

'အစ်ကိုကြီးဝမ်း....ဆရာ့ကို ကျွန်တော် မသတ်ဘူး'

နန်းကုန်းယင်က မဲ့ပြုံးပြုံးလိုက်၏။

'ဆရာ့ရဲ့ ရင်ဝမှာ စိုက်နေတဲ့ဓားဟာ ကျောက်စိမ်းဓားမြှောင်ပဲ၊ ဒီကျောက်စိမ်းဓားမြှောင်ကို ဆရာ့ဆောင်မှာ ဆရာက မင်းကိုပေးခဲ့တာမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကျေးမင်ပေ့က တုန်ယင်သောလေသံဖြင့် ပြောလိုက်၏။

'ကျွန်… ကျွန်တော် စောစောက အရက်သောက်တာ များသွားလို့ အခန်းထဲ ရောက်တာနဲ့ ကျောက်စိမ်းဓားကို စားပွဲပေါ်တင်ပြီး အိပ်ပျော်သွားခဲ့တယ်၊ တရေးနိုးမှ ဆရာနဲ့ သွားတွေ့ဖို့ သတိရတာနဲ့ ထွက်လာခဲ့တာ၊ ကျွန်တော့် ဆီမှာ ကျောက်စိမ်းဓား မပါလာခဲ့ဘူး၊ ဆရာ့အခန်း ရောက်ခါနီးမှာ ဆရာ့အော်သံကြားလို့ ပြေးဝင်လာခဲ့တာပဲ'

စုမာဝမ်းခမက နှာခေါင်းရှုံ့လိုက်၏။

'ရှင်က နားထောင်လို့ကောင်းအောင် လိမ်ညာပြောဆို တတ်သားပဲ၊ ဒါပေမယ့် ကျွန်မက ရှင့်ရဲ့စကားကို မယုံဘူး ရှင့်'

ကျေးမင်ပေ့က အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်သည်။

'ညီ…ညီမ အစ်ကိုက အမှန်အတိုင်း ပြောပြနေတာပါ'

စုမာဝမ်းခမက မျက်နှာကို မဲ့လိုက်၏။

'ရှင်ဟာ ကိုယ့်ဆရာကိုတောင် ပြန်ပြီး သတ်ဖြတ်ဝံ့တဲ့ လူယုတ်မာတစ်ယောက်ပဲ၊ ကျွန်မ ရှင့်ကိုသတ်ရမှ ကျေနပ်မယ်'

ပြောပြောဆိုဆိုဖြင့် ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ ကျေးမင်ပေ့အား တိုက်ခိုက်လိုက်သည်။

ထိုအခါ…

ဝမ်းကျင်းဟုန်နှင့် နန်းကုန်းယင်တို့ကလည်း မနေသာတော့ ဝင်ရောက်တိုက်ခိုက်လိုက်ကြ၏။



ကျေးမင်ပေ့က ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချ လိုက်သည်။

ထို့နောက်…

ဆရာဖြစ်သူ စီးမာကူး၏အလောင်းရှေ့တွင် ဒူးထောက် ထိုင်ချလိုက်၏။

'ဆရာ…ဆရာ့ကို ကျွန်တော် မသတ်ဘူးဆိုတာ ဆရာ သိပါတယ်၊ ဒါပေမယ့် အစ်ကိုကြီး၊ အစ်ကိုလတ်နဲ့ ညီမ လေးတို့က ကျွန်တော့်ကို အသင်မှားနေကြတယ်၊ သူတို့ ကျွန်တော့်ကို သတ်ချင်ရင် သတ်ကြပါစေ၊ ကျွန်တော် ဆရာ့ရှေ့မှာပဲ အသေခံပြပါ့မယ်'

စကားဆုံးသည်နှင့် ခေါင်းကို ငိုက်စိုက်ချထားလိုက်၏။

သူ၏အပြုအမူကြောင့် ဝမ်းကျင်းဟုန်တို့ သုံးယောက်၏ တိုက်ခိုက်မှုမှာ ရပ်တန့်သွားသည်။

စုမာဝမ်းခမက ကျေးမင်ပေ့၏ ခေါင်းပေါ်သို့ ဓားဖြင့် မိုးထားလိုက်သည်။

'ရှင့်အပြစ်ကို ရှင်ဝန်ခံမလား'

ကျေးမင်ပေ့က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက် ၏။

'ဝန်ခံစရာမလိုဘူး၊ ကျုပ်ပြောတဲ့စကားကို မယုံရင် မင်း ကျုပ်ကို ခုချက်ချင်း သတ်လိုက်ပါ'

သူ၏စကားကြောင့် စုမာဝမ်းခမ၏ခန္ဓာကိုယ်မှာ တုန်ခါ သွားသည်။

'ရှင် ဆရာ့ကို တကယ်မသတ်ဘူးပေါ့'

www.burmeseclassic.com

www.burmeseclassic.com

ကွေးမင်ပေ့က ခေါင်းငုံ့ထားရင်းမှ ပြောလိုက်၏။

'ကျုပ်မှာ ဒီလောက် ယုတ်မာရက်စက်တဲ့ စိတ်ဓါတ် မရှိတာ မင်း သိသိဆုံးပါ'

စုမာဝမ်းမေမှာ တွေဝေသွားသည်။

နန်းကုန်းယင်က ကြားဖြတ်ပြောလိုက်၏။

'သူပြောတာကို မယုံနဲ့ ညီမလေး။ ဆရာကိုယ်တိုင်က သူဟာ လူသတ်သမားလို့ ပြောသွားတာ ကြားတယ်မဟုတ်လား'

စုမာဝမ်းမေက ကွေးမင်ပေ့အား စိုက်ကြည့်လိုက်သည်။

'ရှင် မှန်မှန်ပြောစမ်းပါ'

ကွေးမင်ပေ့က အံကိုတင်းတင်းကြိတ်လိုက်၏။

'မင်းမယုံရင် ကျုပ်ကို သတ်နိုင်တယ်'

စုမာဝမ်းမေက မျက်မှောင်ကြုတ်လိုက်သည်။

'ရှင် သက်သေပြနိုင်ပါ့မလား'

ကွေးမင်ပေ့က ခေါင်းခါယမ်းလိုက်၏။

'ကျုပ်မှာ သက်သေပြစရာမရှိဘူး။ ကျုပ်ကို အချိန်ပေးပါ၊ လူသတ်သမားကို မိအောင် ဖမ်းပြပါ့မယ်'

နန်းကုန်းယင်က ကြားဖြတ်ပြောလိုက်သည်။

'သူ့ကိုလွှတ်ပေးလို့ ဘယ်ဖြစ်မလဲ၊ လွတ်ထွက်ပြေးသွားမှာပေါ့'

ကွေးမင်ပေ့က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်၏။



'ကျုပ် ဆရာ့အလောင်းရှေ့မှာ ကတိသစ္စာပြုပါမယ်၊ ကျုပ်ကို တစ်လလောက် အချိန်ပေးပါ၊ တစ်လပြည့်လို့မှ လူသတ်သမားကိုဖမ်းမမိဘူးဆိုရင် ကျုပ်ကိုသတ်နိုင်ကြပါပြီ'

ဝမ်းကျင်းဟုန်က ဝင်ရောက်ပြောဆိုလိုက်သည်။

'သူ့ရဲ့တောင်းဆိုမှုကို လိုက်လျောသင့်ပါတယ် ညီမလေး။ တရားခံ ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျ မသိသေးတဲ့ စိတ်လိုက်မာန်ပါလုပ်ပြီးမှ နောင်တစ်ချိန်မှာ နောင်တရနေရမယ့်အဖြစ်မျိုး မဖြစ်စေချင်ဘူး၊ ဒါကြောင့် သူ့ကို တစ်လလောက် အချိန်ပေးလိုက်ပါ'

စုမာဝမ်းမေသာ သက်ပြင်းချလိုက်၏။

ပြီးမှ....

ကွေးမင်ပေ့အား ကြည့်ကာ ခက်ထန်သော လေသံဖြင့် ပြောလိုက်သည်။

'ကောင်းပြီ၊ ရှင့်ကတိအတိုင်းတစ်လအတွင်းလူသတ်တရားခံကို ဖော်ထုတ်ပေးတော့၊ တစ်လပြည့်လို့မှ မဖော်ထုတ်နိုင်ရင် ရှင့်ရဲ့အသက်နဲ့ခန္ဓာအိုးစားကွဲပြီသာမှတ်တော့'

ကွေးမင်ပေ့က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ ကျုပ်ကို အခုလိုသက်ညှာလိုက်တဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ တစ်လပြည့်တဲ့နေ့ကျုပ်ရောက်အောင် ပြန်လာခဲ့မယ်'

စကားဆုံးသည်နှင့် အခန်းအပြင်ဘက်သို့ပြေးလွှားထွက်ခွာသွားလေတော့သည်။

✿

www.burmeseclassic.com

www.burmeseclassic.com



တချိန်မှာ၊ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ကုန်ဆုံးသွားသောအချိန်များနောက်သို့ ရက်၊ လ၊ နှစ်များ လိုက်ပါသွားကြသည်။

ဤသို့ဖြင့်....

ရာသီစက်ဝန်းလည်ပတ်ခဲ့ရ၏။

ယခုဆိုလျှင် ရာသီစက်ဝန်းလည်ပတ်ခဲ့သည်မှာ ဆယ်နှစ်တိတိကြာမြင့်ခဲ့ပြီဖြစ်သည်။

ဆယ်နှစ်ဆိုသည့်အချိန်ကာလသည် လူသားတို့၏ဘဝများအား အမျိုးမျိုးအဖုံဖုံပြောင်းလွဲပစ်နိုင်စွမ်းရှိသည့်အချိန်ကာလပင်ဖြစ်၏။

သို့သော်....

✿

# အခန်း (၂)

## ရန်ကြွေး

မရဏတောင်....

မရဏတောင်သည် လူသူအရောက်အပေါက်နည်းသော တောင်တစ်လုံးဖြစ်၏။

တောင်တိပ်တွင် ညီညာပြန့်ပြူးသော မြေပြင်များရှိပြီး၊ တောနှစ်ဖက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများ ရှိသည်။

ယင်းကြောင့်....

သိုင်းလောကသားများသည် ရန်ငြိုးရန်စများ ဖြေရှင်းရာတွင်လည်းကောင်း၊ သိုင်းပညာ ယှဉ်ပြိုင်ရန်အတွက်လည်းကောင်း မရဏတောင်ထိပ်ကိုသာ ရွေးချယ်လေ့ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့်....

မရဏတောင်သည် သိုင်းလောကသားများ အတွက် အရေးပါအရာရောက်သော နေရာတစ်ခုဖြစ်သည်။

သိုင်းလောကသားများသည်သူ့သကိုယ်သရင်ဆိုင်ဖြေရှင်းစရာကိစ္စများရှိပြီဆိုပါက မရဏတောင်သို့ ရောက်ရှိလာတတ်စမြဲဖြစ်၏။

ယင်းကြောင့်....

မရဏတောင်သို့ လူသူတစ်စုံတစ်ယောက် ရောက်ရှိလာပြီဆိုပါက မကြာမီတောင်ပေါ်တွင်ပြင်းထန်သောတိုက်ပွဲတစ်ခုဖြစ်ပွားလာတော့မည်မှာ မသေချာနေလေသည်။

မရဏတောင်ထိပ်ပေါ်တွင်အောင်မြင်ကျော်ကြားမှုများရရှိသွားသလို ဤတောင်ထိပ်ပေါ်တွင် သေးမြေကျကာ အသက်စွန့်သွားကြရသူများလည်း မနည်းလှပါချေ။

မရဏတောင်ပေါ်တွင် ရန်ငြိုးတရားများကွယ်ပျောက်ကာ မေတ္တာတရားငြိမ်းချမ်းမှုကိုရှာဖွေသူဟူ၍ မရှိချေ။

ယင်းကြောင့်....

ထိုတောင်အား သိုင်းလောကသားတို့က မရဏတောင်ဟု ခေါ်မှတ်ပြုခဲ့ကြခြင်းပင်ဖြစ်ပေတော့သည်။

❀



လပြည့်ဝန်းသည် တောင်းကင်ပေါ်တွင် ထိန်ထိန်သာနေ၏။

အဖြူရောင် တိမ်မျှင်တန်းများသည် လဝန်းကြီးအား ဇာပဝါပါးပါးဖြင့် ကာရံထားသကဲ့သို့ ရှိနေသည်။

သို့သော်....

တိမ်မျှင်တန်းများသည် အေးမြသည့် အလင်းရောင်ကို အနှောင့်အယှက်ပြုခြင်းငှာ မစွမ်းသာချေ။

လရောင်ကြောင့် မရဏတောင်ထိပ်ပေါ်ရှိညီညာပြန့်ပြူးသောမြေပြင်ကို ထင်ရှားစွာ တွေ့မြင်နိုင်၏။

ယနေ့သည် လပြည့်ညဖြစ်သည်။

မရဏတောင်တစ်ခုလုံး လရောင်အောက်တွင် အေးချမ်းငြိမ်သက်နေ၏။

ဝန်းကျင်ဇာတ်ဝိုင်တွင်ပေါက်ရောက်နေကြသော သစ်ပင်ချုံနွယ်များမှာ နှင်းရည်ဆမ်းထားသောကြောင့် လရောင်အောက်တွင် ပြိုးပြက်ဝင်းလက်သောအရောင်များထွက်ပေါ်လာသည်။

ပိုးကောင်ငယ်လေးများ၏တကျည်ကျည် အော်မြည်သံသည် လေနှင့်အတူ လွင့်ပျံနေ၏။

ရုတ်တရက်....

အော်မြည်နေသော ပိုးကောင်လေးများ၏ အသံများ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

တဆယ်တည်းမှာပင်....

www.burmeseclassic.com

www.burmeseclassic.com


သစ်ပင်ချုံနွယ်များကို တစ်စုံတစ်ယောက်က တိုးဝှေ့လာသောအသံထွက်ပေါ်လာ၏။

မသေချာစွာကြည့်ရှုမည်ဆိုပါက သစ်ပင် ချုံနွယ်များကို ကျော်လွှားရင်း လူတစ်ယောက် တောင်ပေါ်သို့ တက်လာသည်ကို လရောင်ကြောင့် တွေ့မြင်ရမည် ဖြစ်သည်။

တောင်ပေါ်လေ၏ တိုက်ခတ်မှုကြောင့်ထိုလူ၏ အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်လှုပ်ရှားနေကြ၏။

ထို့ပြင်....

ဦးခေါင်းပေါ်မှ ဆံကေသာများလည်း လေနှင့်အတူ လွင့်ပျံ့နေကြသည်။

လရောင်ကြောင့် ထိုသူအား ကောင်းစွာမြင်တွေ့နေရ၏။

ထိုလူသည် အသက် နှစ်ဆယ်ခန့်သာရှိသော လူရွယ်တစ်ယောက်ဖြစ်ပြီး အဖြူရောင် အဝတ်အစားများကို ဝတ်ဆင်ထားသည်။

လူရွယ်၏ခန္ဓာကိုယ်မှာ သန်မာတောင့်တင်းပြီး မျက်နှာမှာ ယောကျ်ားပီသစွာ ချောမောခန့်ညားလှ၏။

လူရွယ်၏ခြေထောက်တွင် ခရီးဝေးသွားသူများ အများစုဆုံး အသုံးပြုလေ့ရှိသော ကြိုးသိုင်း နွားသားရေဖိနပ်ကို ဝတ်ဆင်ထားသည်။

ယခု....

လူရွယ်သည် တောင်ထိပ်ပေါ်သို့ ရောက်ရှိသွားပြီဖြစ်၏။ အေးမြသောလေများ ဝှေ့ယမ်း တိုက်ခတ်နေသည်။

သို့သော်....

လူရွယ်၏နဖူးပေါ်တွင် ချွေးများစို့နေ၏။

သူသည် အလွန်ခက်ထန်ကြမ်းကြုတ်သော ထမ်းခေါင်းကို ဖြတ်ကျော်လာရသည် မဟုတ်ပါလား။

သို့သော်....

လူရွယ်၏မျက်နှာပေါ်တွင် ပင်ပန်းနွမ်းနယ်သည့် အရိပ်အယောင်များကို စိုးစဉ်းမျှပင် မတွေ့ရချေ။

ထို့ပြင်....

တောင်ပေါ်လေ တိုက်ခတ်မှုကိုသော် လည်းကောင်း အေးမြမှုကိုသော်လည်းကောင်း လုံးဝဂရုမစိုက်ပဲ ချေး မှန်ပါသည်။

မကြာမီ အသက်သေရတော့မည့် လူတစ်ယောက်သည် မည်သည့်အရာကိုမျှ ကြောက်ရွံ့ထိတ်လန့်စရာ လိုမည်မဟုတ်ချေ။

လူတစ်ယောက်၏ ဘဝတစ်သက်တာတွင် ကြောက်ရွံ့ထိတ်လန့်ဖွယ် အကောင်းဆုံးဖြစ်သော သေမင်းကိုမင်အန်တုဝံ့သော လူတစ်ယောက်သည် အခြားမည်သည့် အရာများကို စိုးရိမ်ကြောင့်ကြနေရပါမည်နည်း။

လူရွယ်သည် တောင်ထိပ်မြေကွက်လပ်သို့ ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်၏။

သူသည် လက်ထဲတွင် ကိုင်ဆောင်လာသော အနီရောင် အထုပ်ကို ငုံ့ကြည့်လိုက်သည်။

ထို့နောက်....

www.burmeseclassic.com



မြေပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ အထုပ်ကလေးကို သူ၏ရှေ့တွင် ချထားလိုက်၏။

လူရွယ်သည် တစ်စုံတစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန်အတွက် မရဏတောင်ထိပ်ပေါ်သို့ ရောက်ရှိလာခြင်းဖြစ်သည်ဆိုခြင်းကို အထူးဆိုဖွယ်ရာ မရှိချေ။

အမှန်တွင်...

ယှဉ်ပြိုင်ပွဲတစ်ခုမှာ ပတ်ဝန်းကျင် အခြေအနေ၊ မလေတိုက်ခတ်မှုနှင့် မြေအနေအထားတို့ကို လေ့လာ အကဲခတ်ကြည့်သင့်ပေသည်။

တစ်ခါတစ်ရံ...

လက်ရည်ညီမျှနေသော တိုက်ပွဲ၌ မြေအနေအထားနှင့် ပတ်ဝန်းကျင် အနေအထားတို့က အဆုံးအဖြတ် ပေးသွားတတ်သည် မဟုတ်ပါလား။

သို့သော်...

လူရွယ်သည် ထိုအချက်ကို ထမင်ပင်လျစ်လျူရှုထားလိုက်သည်။

သူ့အနေဖြင့် မြေပထဝီအနေအထား၊ မလေ့လာရန်မလိုအပ်တော့ချေ။

ကျိုနေရာတွင် ထာဝရလဲလျောင်းရမည့်သူအဖို့ မြေပထဝီအနေအထားသည် မည်သို့အရေးပါမည်နည်း။

လူရွယ်က မိုးတောင်းကင်တွင် ထိန်ထိန်သာနေသော လမင်းကြီးကို မော့ကြည့်လိုက်သည်။



သို့သော်...

သူ၏အမြင်အာရုံတွင် ရွှန်းမြနှာသာနေသည့် လပြည့်ဝန်းကိုမမြင်ဘဲ ဆရာဖြစ်သူက ဒိမိအား တာဝန်ပေးအပ်ပုံများကို ပြန်မြင်ယောင်လာပေတော့သည်။

❖

နံနက်ခင်း၏ နေခြည်များသည် တောင်ကုန်းကလေးအပေါ်သို့ ထိုးကျနေ၏။

ရာသီဥတုမှာ ကြည်လင်သာယာနေသည်။

တောင်ကင်ပေါ်တွင် အစာရှာရန် ပျံသန်းနေကြသော ငှက်ငယ်အချို့ကို တွေ့ရ၏။

တောင်ခြေတွင် အလေ့ကျပေါက်နေသော ရောင်စုံပန်းခင်းကြီးပေါ်တွင် ရောင်စုံလိပ်ပြာငယ်များ ပျံဝဲနေကြလေသည်။

ဝန်းကျင်တစ်ခုလုံးသည် ဆေးရေးမမီသည့် သဘာဝပန်းချီကား တစ်ချပ်သဖွယ် ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှ၏။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကုန်းပေါ်တွင်ရှိနေသူ နှစ်ယောက်မှာမူ သဘာဝ၏အလှအပကို သိမြင်ခံစားကြရဟန် မတူချေ။

သူတို့သည် ပွက်ပွက်ဆူနေသော ရေနွေးအိုးကိုသာ အံဩပြာယ်မဲ့ ငေးစိုက်ကြည့်နေကြသည်။

ထောင်ကုန်းပေါ်တွင် ရှိနေသူနှစ်ယောက်မှာ လူရွယ်များဖြစ်ကြ၏။

တစ်ယောက်မှာ အသက် သုံးဆယ်ကျော်ခန့်ရှိပြီး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏မျက်နှာမှာ ချောမောခန့်ညားလှသည်။

အထူးသဖြင့်....

သူ၏ တည်ကြည် ရင့်ကျက်သော ဟန်အမူအရာ ယောကျ်ားပီသမှုကို ပို၍ပေါ်လွင်စေ၏။

ကျန်တစ်ယောက်မှာမူ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိ လူရွယ်တစ်ယောက် ဖြစ်သည်။

သူ၏မျက်နှာမှာ နုနယ်ချောမောသော်လည်း ခိုင်မာသော မေးရိုးများကြောင့် အလုပ်တစ်ခုကို ဇွဲဝီရိယစိုက်ထုတ်ကာ မပြတ်မနေ လုပ်ဆောင်တတ်သူတစ်ယောက် ဖြစ်ကြောင်း သိသာနိုင်၏။

လူရွယ်နှစ်ယောက်သည် လက်တစ်ကမ်းအကွာတွင် မျက်နှာချင်းဆိုင် ထိုင်နေကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်၏အလယ်တွင် မီးဖိုတစ်ခုရှိနေ၏။



မီးဖိုပေါ်တွင်တင်ထားသော ရေနွေးအိုးမှာ ပွက်ပွက်ဆူနေပြီ ဖြစ်သည်။

လူရွယ်နှစ်ယောက်သည် ရေနွေးအိုးကိုမမြင်ကြဘဲအတွေး ကိုယ်စီဖြင့် ငြိမ်သက်နေကြခြင်းသာ ဖြစ်သည်။

သူတို့သည် မီးဖိုထဲသို့ ထင်းများ ထပ်ထည့်ခြင်း မပြုဘဲ ငြိမ်သက်စွာ ထိုင်နေခဲ့ကြသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယင်းကြောင့်....

မီးဖိုအတွင်း ထင်းများကုန်ကာ မီးသေသွားလေသည်။

ထိုအခါမှ....

အပြာရောင်ဝတ်စုံ ဝတ်ထင်ထားသောလူရွယ်မှာ သတိ ပြန်လည် ဝင်ရောက်လာ၏။

သူသည် အနီးတွင်စုပုံထားသော ထင်းခြောက်များကို ကောက်ယူကာ မီးပုံထဲသို့ထည့်လိုက်သည်။

ထို့နောက်....

ပါးစပ်ဖြင့်ဟူးခနဲမှုတ်လိုက်ရာ မီးတောက်တစ်ခု ဟုန်းခနဲထွက်လာ၏။

ယင်းအချိန်တွင်....

အဖြူရောင်ဝတ်လူရွယ်၏ မျက်လုံးအစုံမှာ ရေနွေးအိုးပေါ်မှ အပြာရောင်ဝတ် လူရွယ်ထံသို့ ကျရောက်လာပြီဖြစ်သည်။

အတန်ကြာမှ....

တိုးညင်းသောလေသံဖြင့် ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'လေ့ထင်းစုန်'

အပြာရောင်ဝတ်လူရွယ်က ခေါင်းကိုဆတ်ခနဲ မော့လိုက်သည်။

'အမိန့်ရှိပါ ဆရာ'

အဖြူရောင် ဝတ်ဆင်ထားသောလူရွယ်က လေ့ထင်းစုန်ဆိုသော အပြာရောင်ဝတ်ဆင်ထားသူ လူရွယ်အား စိုက်ကြည့်ကာ မေးလိုက်၏။

'လေ့ထင်းစုန်...မင်း ငါပြောတာတွေကို သေသေချာချာ မှတ်မိရဲ့လား'

လေ့ထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့...မှတ်မိပါတယ် ဆရာ'

အဖြူရောင်ဝတ်လူရွယ်က သူ့အားအကဲခတ်ကာ မေးလိုက်၏။

'ကောင်းပြီ၊ ဒါဖြင့် မင်းငါခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်နိုင်ပါ့မလား'

လေ့ထင်းစုန်မှာ ရုတ်တရက် အဖြေမပေးနိုင်ပါချေ။ အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။

အဖြူရောင်ဝတ်ဆင်ထားသူက သက်ပြင်းချလိုက်၏။

'မင်း ပိုပြီးမှတ်မိအောင် ငါထပ်ပြောမယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ငါချိန်းဆိုခဲ့တဲ့ ယှဉ်ပြိုင်ပွဲအတွက် ငါကိုယ်စား မင်းသွားပြီး ယှဉ်ပြိုင်ရမယ်၊ မင်းကို ငါတတ်တဲ့ သိုင်းပညာမှန်သမျှ အိတ်သွန်ဖာမှောက် သင်ကြားပေးခဲ့ပြီးပြီ၊ အခုဆိုရင် မင်းက ငါ့ရဲ့သိုင်းပညာအဆင့် တန်းတူ



နီးပါး ရှိနေပြီ၊ ဒါကြောင့် မင်းရင်ဆိုင်ရမယ့် ရန်သူကို ကျိန်းသေအနိုင်ရမှာပဲ၊ ဒါပေမယ့် အနိုင်မယူရဘူး၊ မင်းအနိုင်ရပြီလို့သိတာနဲ့ တစ်ပြိုင်နက် ချက်ချင်း အရှုံးပေးလိုက်ရမယ်'

သူက စကားကို ရပ်တန့်ထားလိုက်သည်။

အတန်ကြာမှ....

လေ့ထင်းစုန်အား အကဲခတ်ကြည့်ကာ မေးလိုက်၏။

'မင်း ငါခိုင်းတဲ့အတိုင်း လုပ်နိုင်ပါ့လား'

လေ့ထင်းစုန်က သက်ပြင်းချလိုက်သည်။

ထို့နောက်....

အဖြူရောင်ဝတ်လူရွယ်အား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်၏.

'ဆရာ့ကို ကျွန်တော် တစ်ခုလောက် မေးပါရစေ'

အဖြူရောင်ဝတ်လူရွယ်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ....မေးပါ'

ထိုသို့ ခွင့်ပြုလိုက်သော်လည်း လေ့ထင်းစုန်မှာ မေးရန် မဝံ့မရဲဖြစ်နေ၏။

အဖြူရောင်ဝတ်လူရွယ်က ပြုံးလိုက်သည်။

'မင်းကို ဘာကြောင့်အရှုံးပေးခိုင်းရသလဲဆိုတာ သိချင်နေတယ်မဟုတ်လား'

လေ့ထင်းစုန်မှာ အံ့အားသင့်သွား၏။

သူက အဖြူရောင်ဝတ်လူရွယ်အား စိုက်ကြည့်ကာ မဝံ့မရဲဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘တုတ်ပါတယ် ဆရာ’

အဖြူရောင်ဝတ်လူရွယ်က သက်ပြင်းချလိုက်၏။

ထို့နောက်....

ရီဝေသော မျက်လုံးအစုံဖြင့် လွှေထင်းစုန်အားကြည့်ကာ ပြောလိုက်သည်။

‘ရန်ကြွေးဆိုတဲ့ အဓိပ္ပာယ်ကို မင်းနားလည်သလား’

လွှေထင်းစုန်မှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူ့အနေဖြင့် ရန်ကြွေးဆိုသော စကား၏ အဓိပ္ပာယ်ကို သိသလိုလို မသိသလိုလို ဖြစ်နေသည်။

ယင်းကြောင့်....

သူက မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်နေ၏။

ထိုစဉ်မှာပင်....

အဖြူရောင်ဝတ်လူရွယ်က ရှင်းပြလိုက်သည်။

‘နားလည်လွယ်အောင်ပြောရရင် ရန်ကြွေးဆိုတာ ရန်ကို ရန်ချင်း တုံ့နှင်းတာလို့ ပြောရမှာပေါ့၊ လူတွေဟာ တစ်ဦးကိုတစ်ဦး မေတ္တာထားဖို့ ချစ်ခင်ကြင်နာဖို့ မလွယ်ကြပေမယ့် တစ်ဦးနဲ့တစ်ဦး ရန်ငြိုးထားဖို့တော့ အင်မတန်လွယ်ကြတယ်ကွယ့်’

သူ၏စကားမှာ လေးနက်လွန်းလှ၏။

ယင်းကြောင့်....

လွှေထင်းစုန်က ဂရုတစိုက်ပင် ငြိမ်သက်စွာ နားထောင်နေသည်။

အဖြူရောင်ဝတ်လူရွယ်က ဆက်ပြောလိုက်၏။



‘လောကလူသားတွေဟာ ချစ်ရှည်ဖို့ ခက်သလောက် မုန်းရှည်ဖို့တော့ အလွန်လွယ်တတ်ကြတယ်ကွယ့်၊ ဒါကြောင့်ပဲ ရန်ကြွေးဆိုတာ ရှိလာတာပဲ၊ အခု မင်း ယှဉ်ပြိုင်ရမယ့်လူက လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ငါ့အပေါ် ရန်ငြိုးထားခဲ့တဲ့သူရဲ့ တပည့်ပဲ၊ မင်းကသာ သူ့ကို အရှုံးပေးလိုက်ရင် သူနဲ့ ငါတို့ရဲ့ ရန်ကြွေးဟာ အဲဒီအချိန်မှာပဲ အဆုံးသတ်သွားလိမ့်မယ်လို့ ငါယူဆတယ်’

လွှေထင်းစုန်မှာ ရင်ထိတ်သွားသည်။

သိုင်းလောကမှ ယှဉ်ပြိုင်ပွဲများအကြောင်းကို သူကောင်းစွာ သိရှိထား၏။

သိုင်းသမားများသည် အနည်းနှင့်အများ ရက်စက်ကြမ်းကြုတ်သည့် စိတ်သဘောထားရှိကြသည်။

အရှုံးအနိုင် ဆုံးဖြတ်ခြင်းထက် သူသေကိုယ်သေ ယှဉ်ပြိုင်ရန် ပို၍ စိတ်အားထက်သန်ကြသူများ ဖြစ်၏။

ယခု....

သူရင်ဆိုင်ရမည့်သူမှာ စိတ်သဘောထားပြည့်ဝသူဖြစ်လျှင် စိတ်ပူစရာမလိုချေ။

အကယ်၍....

စိတ်သဘောထား ယုတ်ညံ့၍ ယုတ်မာကောက်ကျစ်သူ ဖြစ်နေပါလျှင် လွှေထင်းစုန်မှာ ဆက်၍ မတွေးဝံ့တော့ချေ။

သူသည် ဆရာဖြစ်သူ၏ အမိန့်အတိုင်း ရန်သူကို အရှုံးပေးရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းကြောင့်....

သူ့အတွက် အသေချာဆုံး ခရီးလမ်းမှာ မရဏခရီးပင် ဖြစ်ပေလိမ့်မည်။

လှထင်းစုန်မှာ ဟန်မဆောင်နိုင်တော့ပါချေ။

သူက ဆရာဖြစ်သူအား ကြည့်ကာ ခေါ်လိုက်၏။

'ဆရာ'

အဖြူရောင်ဝတ်လူရွယ်က သူ့အား စိုက်ကြည့်လိုက်သည်။

'မင်း ဘာမေးချင်လို့လဲ'

လှထင်းစုန်က မဝံ့မရဲဖြင့် မေးလိုက်၏။

'တစ်ယောက်နဲ့တစ်ယောက် သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်နေတဲ့အခါ ကိုယ်က အရှုံးပေးလိုက်ရင် ရန်သူရဲ့ သတ်ချက်ကြောင့် သေဆုံးရမှာပေါ့'

အဖြူရောင်ဝတ်လူရွယ်က ရယ်မောလိုက်သည်။

ပြီးမှ....

သူက လှထင်းစုန်ကို စိုက်ကြည့်ကာ မေးလိုက်၏။

'ဘာလဲ....မင်းက သေရမှာကို စိုးရိမ်နေတယ်ပေါ့'

လှထင်းစုန်က ပါးစပ်ပိတ်ထားလိုက်သည်။

အဖြူရောင်ဝတ်လူရွယ်က ဆက်ပြောလိုက်၏။

'ဒီအတွက် မင်း စိတ်မပူနဲ့၊ မင်းနဲ့ ယှဉ်ပြိုင်မယ့်လူဟာ တော်ရုံထန်ရုံ သိုင်းသမားတစ်ယောက် မဟုတ်ဘူးဆိုတာ သေချာတယ်၊ သူလဲ မင်းလိုပဲ အဆင့်မြင့် သိုင်းသမား



တစ်ယောက် ဖြစ်နေမှာပဲ၊ ဒါကြောင့် တိုက်ပွဲမှာ [illegible] အရှုံးပေးလိုက်ရင် ရိပ်မိသွားမှာပေါ့၊ သူက မင်း [illegible] တိုက်ခိုက်လိမ့်မယ်လို့ ငါမထင်ဘူး'

လှထင်းစုန်မှာ တွေဝေသွားသည်။

'သူက ရှေ့ဆက်တိုက်ခိုက်လာရင်ကော....'

အဖြူရောင်ဝတ်လူရွယ်မှာ နှုတ်ဆိတ်သွား၏။

သူ့အနေဖြင့် လှထင်းစုန် ထင်သကဲ့သို့ ဖြစ်မလာနိုင်ဟု ယုံကြည်ထားသည်။

အကယ်၍....

ရန်သူအား အရှုံးပေးကာ အသက်စွန့်ရမည် ဆိုပါလျှင် မိမိ အပင်ပန်းခံ၍ သိုင်းပညာသင်ကြားထားခဲ့သည်မှာ မည်သို့ အဓိပ္ပာယ် ရှိတော့ပါမည်နည်း။

အဖြူရောင်ဝတ် လူရွယ်က လှထင်းစုန်၏ ခံစားမှုကို ရိပ်မိလိုက်၏။

ယင်းကြောင့်....

သူက သက်ပြင်းချကာ ပြောလိုက်သည်။

'လှထင်းစုန် ငါ့ရဲ့ ဘဝတစ်သက်တာမှာ ဘယ်တုန်းကမှ ကတိရားကို ယုံကြည်အားကိုးပြီး အလုပ်တစ်ခုကို မလုပ်ခဲ့ဖူးဘူး။ ဒါပေမယ့် အခုတစ်ကြိမ်တော့ ငါဟာ ကံတရားကို အားကိုးလိုက်ပြီ၊ ငါ့စကားကို နားထောင်ရင် မင်းအသက် သေချင်မှ သေသွားနိုင်တယ်၊ ဒါကြောင့် ငါပေး

www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့တာဝန်ကို မင်းလုပ်မယ် မလုပ်နိုင်ဘူး ဆိုတာကို သေသေချာချာ စဉ်စားစေချင်တယ်၊ မင်း ငြင်းပယ်မယ် ဆိုရင်လဲ ငါက စိတ်မဆိုးပါဘူး'

လှေထင်းစုန်မှာ တွေဝေသွား၏။

သူ၏အသက်မှာ နှစ်ဆယ်ခန့်သာ ရှိသေးသည်။

လူ့ဘဝတွင် အလွန်ငယ်ရွယ်သေးသည့် လူသား တစ်ယောက် ဖြစ်၏။

လူ့ဘဝ၏သာယာ ပျော်ရွှင်မှုကိုအစွမ်းကုန်ခံစားနိုင်သည့် အရွယ်ပင် ဖြစ်သည်။

ဤအရွယ်တွင်လူ့ဘဝကိုကျောခိုင်းစွန့်ခွာရမည်မှာအလွန် ဝမ်းနည်းဖွယ် ကောင်းလှ၏။

ရုတ်တရက်....

လှေထင်းစုန်မှာ မိမိ၏ ငယ်ဘဝကို ပြန်လည်သတိရ လာသည်။

သူ့အသက် ဆယ်နှစ်အရွယ်တွင် သူ၏ မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြ၏။

ဆွေမျိုးညာတိ မရှိသောကြောင့် နိုင့်ထက်ကလူ ပြုမူသူ များ၏ လက်ချက်ဖြင့် အိုးအိမ်နှင့်ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရ သည်။

စုတ်ပြတ်ညစ်ထေးသော အဝတ်အစားဖြင့် လမ်းတကာ လျှောက်ကာ လေလွင့်နေရသည့်ဘဝသို့ ရောက်ခဲ့ရ၏။

ငယ်ရွယ်သော ကလေးတစ်ယောက်အတွက် သမုဒ္ဒရာ မှ်မ်းထစ်ထွာကို မည်သို့ရှာဖွေ ဖြည့်တင်းနိုင်မည်နည်း။



လှေထင်းစုန်အစာအစာတရပြတ်ကာတောလမ်းတလေး ဆစ်ခုပေါ်တွင် လဲကျနေစဉ်ဆရာဖြစ်သူက တွေ့ရှိကာကယ် ဆယ်ခဲ့ခြင်းဖြစ်သည်။

ယင်းကြောင့်....

ဆရာဖြစ်သူ၏ကျေးဇူးမှာ မိမိအပေါ်တွင်အဘိုင်းအဆ မျှ ကြီးမားလှ၏။

အကယ်၍....

ဆရာဖြစ်သူကသာ မိမိအားကယ်တင်ခြင်း မပြုခဲ့ပါလျှင် နှစ်ပေါင်းများစွာကတည်းက သူ သေဆုံးခဲ့ပြီး ဖြစ်ပေလိမ့် မည်။

သူ ယင်းသို့တွေးတောနေစဉ်မှာပင်ဆရာဖြစ်သူ၏ စကားစ သံသွှ်ပေါ်လာပြန်၏။

'လှေဆင်းစုန် ငါကမင်းကိုတစ်နေ့အသေခံခိုင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုယ်ကျိုးအတွက်အသုံးချဖို့ ကျွေးမွေးပြုစု စောင့်ရှောက်ပြီး သိုင်းပညာသင်ကြားပေးခဲ့တာမဟုတ်ဘူး၊ ခါတော့မင်းနားလည်စေချင်တယ်၊ မင်းစိတ်ထဲကကျေကျေ နပ်နပ်လက်ခံနိုင်မှ ယှဉ်ပြိုင်ပွဲကိုသွားပါ၊ ဒါမှ မဟုတ်ရင် တော့....'

သူ၏စကားမဆုံးမီ လှေဆင်းစုန်ကဘွိုင်ရာမှ ဆတ်ခနဲထ လာ ပြောလိုက်၏။

'ကျွန်တော်သွားပါ့မယ်ဆရာ'

အဖြေရောင်ဝင်သွှ့ယ်ကသူ့ အားစိုက် ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်ဝန်းအစုံတွင် ထူးခြားသည့် အရိပ်အယောင်များ ယှက်သန်းနေ၏။

'မင်း မသွားနိုင်တယ်ဆိုတာ မေ့သွားပြီလား'

လှေထင်းစုန်က တည်ကြည်သောမျက်နှာထားဖြင့်ပြော လိုက်သည်။

'ကျွန်တော်သိပါတယ်ဆရာ။ ဒါပေမယ့်ကျွန်တော်ဒီယှဉ်ပြိုင်ပွဲကို မဖြစ်မနေသွားပါမယ်လို့ ကတိပေးပါတယ်ဆရာ'

အဖြူရောင်ဝတ် လူရွယ်၏နှုတ်ခမ်းမှာ တစ်ချက်တုန်ခါသွား၏။

ထို့ပြင်....

လှေထင်းစုန်အား စိုက်ကြည့်နေသောသူ၏မျက်ဝန်းအစုံတွင် မျက်ရည်ကြည်များ ဝေ့ဝဲလာလေသည်။

သူက တုန်ယင်သောလေသံဖြင့် မေးလိုက်၏။

'မင်း....မင်း တကယ်ပြောတာလား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'တကယ်ပါဆရာ'

အဖြူရောင်ဝတ် လူရွယ်၏ ပခုံးနှစ်ဖက်အား ဆုပ်ကိုင်လိုက်၏။

'မင်းက အင်မတန် ချီးကျူးဖို့ကောင်းတဲ့ တပည့်တစ်ယောက်ပါပဲ၊ ငါ့တစ်သက်မှာ မင်းလိုတပည့်တစ်ယောက် ရရှိနိုင်လိမ့်မယ်လို့ မထင်မိခဲ့ဘူး'

သူ၏အသံမှာ တုန်ယင်နေသည်။

ထို့ပြင်....



မျက်ဝန်းထဲမှ မျက်ရည်ကြည်များမှာလည်း ပါးပြင်ပေါ်သို့ စီးကျလာ၏။

လှေထင်းစုန်မှာ ဆရာဖြစ်သူအား ကြည့်ကာ ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

ယင်းကြောင့်....

သူက ခေါင်းကို အောက်သို့ငုံ့ချလိုက်၏။

သူ့အနေဖြင့် ဆရာဖြစ်သူအတွက်အသက်စွန့်ဆောင်ရွက်ရမည်ကို ဂုဏ်ယူမိလေသည်။

သူ၏ရင်ထဲတွင် ဝမ်းသာပီတိကြောင့် လှိုက်လှိုက်လှဲလှဲ ခံစားနေရ၏။

အဖြူရောင်ဝတ်ဆင်ထားသောလူရွယ်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

'ငါ မင်းကို ဆရာဆိုတဲ့အမိန့်အာဏာ ကျေးဇူး ဆရာ ဆိုတာတွေချည်နှောင်ပြီး အတင်းအကျပ်စေခိုင်းတာမဟုတ်ပါဘူး၊ မင်းကိုယ်တိုင် ကျေကျေနပ်နပ်သဘောတူမှ လက်ခံပါ'

လှေထင်းစုန်က ခေါင်းကိုဆတ်ခနဲညိတ်လိုက်၏။

'ကျွန်တော် ကျေကျေနပ်နပ်လက်ခံတာပါဆရာ'

အဖြူရောင်ဝတ်ဆင်ထားသောလူရွယ်ကပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ မင်းဖိုမှာခဏစောင့်နေဦး၊'

စကားဆုံးသည်နှင့် နေရာမှ လျှင်မြန်စွာ ပြေးထွက်သွား သည်၊

မကြာပါချေ၊

သူ၏လက်ထဲတွင် အထုပ်ကလေးတစ်ထုပ်ကိုကိုင်ကာပြန် လည်ရောက်ရှိလာသည်၊

ယင်းအထုပ်ကလေးမှာ ဟောင်းနွမ်းနေပြီ ဖြစ်သော အနီရောင်ပိုးပဝါစဖြင့်ထုပ်ထားသောအထုပ်ကလေး ဖြစ်၏၊

အဖြူရောင်ဝတ်လူရွယ်က အထုပ်ကလေးကို လှေထင်း စုန်အား လှမ်းပေးလိုက်သည်၊

'ရော့….ဒီပစ္စည်းဟာ မင်းအသွက်အသုံးဝင်လိမ့်မယ်'

လှေထင်းစုန်က အထုပ်ကလေးကို တရိုတသေဖြင့်လှမ်း ယူလိုက်၏၊

အဖြူရောင်ဝတ်လူက ခေါင်းကိုခြေဆုံးခေါင်းဆုံးကြည့် ကာ ပြောလိုက်သည်၊

'မင်း….ငါ့ဆီကိုပြန်လာလိမ့်မယ် ဆိုတာ ငါတစ်ထစ်ချ ယုံကြည်ပါတယ်ကွာ၊ ကဲ….အချိန်ရှိတုန်းမင်းသွားတော့'

လှေထင်းစုန်က အဖြူရောင်ဝတ်လူရွယ်၏ရှေ့တွင် ဒူး ထောက်ထိုင်ချလိုက်၏၊



ထို့နောက်….

မြေပြင်ပေါ်တွင် လက်နှစ်ဖက်ထောက်ကာ သုံးကြိမ် သုံးခါညီညွတ်လိုက်သည်၊

ပြီးမှ….

အဖြူရောင်ဝတ်လူရွယ်အား ခေါင်းမော့ကြည့်လိုက်၏၊

'ကျွန်တော်ဆရာ့ဆီကို မရောက်ရောက်အောင် ပြန်လာ ပါမယ်၊ ဆရာ့ရဲ့ရန်ကြွေးကို ပြေလည်အောင်အပြီးတိုင်ဖြေ ရှင်းခဲ့ပါမယ်လို့ကတိပေးပါတယ် ဆရာ'

စကားဆုံးသည်နှင့် မြေပေါ်မှထကာ အဖြူရောင်ဝတ် လူရွယ်အား ကျောခိုင်းလိုက်သည်၊

ထို့နောက်….

နေ့ကြောခလာလိုသော ခြေလှမ်းများဖြင့် တောင်ကုန်း ပေါ်မှထွက်ခွာသွားလေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### နှလုံးသား ဝေဒနာ

လပြည့်ဝန်းသည် တစ်စထက်တစ်စ မြင့်တက်လာ၏။

ခုနစ်စဉ်ကြယ်မှာလည်း အမြီးထောင်နေပြီဖြစ်သည်။

သို့သော်....

မရဏတောင်ထိပ်ပေါ်ရှိ လူရွယ်မှာ ယခုထက်တိုင် မလှုပ်မယှက် ထိုင်နေဆဲဖြစ်၏။

ထိုလူရွယ်မှာ အခြားလူမဟုတ်ချေ။

ဆရာဖြစ်သူ၏ ရန်ကြွေးအား အပြီးသတ် ဖြေရှင်းရန် ရောက်ရှိလာသည့် လေ့ထင်းစုန်ပင်ဖြစ်သည်။

လေ့ထင်းစုန်သည် မြေပြင်ပေါ်တွင် ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက် ထိုင်နေ၏။



သူ၏မျက်နှာမှာ ဟန်မူရာ ကင်းမဲ့နေသည်။

ရုတ်တရက်....

သူက ကောင်းကင်ပေါ်သို့ ဆတ်ခနဲ မော့ကြည့်လိုက်၏။

လပြည့်ဝန်းသည် ကောင်းကင်အလယ်ဗဟိုသို့ ရောက်ရှိနေပြီဖြစ်သည်။

ဤသို့ဆိုလျှင်....

သူနှင့် ရင်ဆိုင်ရမည့်လူသည် မကြာမီ ရောက်ရှိလာတော့မည်ဖြစ်၏။

ထိုအခါ....

သူသည် မိမိ၏အသက်ကို အရင်းတည်၍ ကံကြမ္မာနှင့် လောင်းကစားရချေတော့မည်။

ထိုလောင်းကစားပွဲတွင် မိမိအနိုင်ရရှိမည်လော၊

သို့မဟုတ် အရှုံးနှင့် ရင်ဆိုင်ရမည်လော၊

မည်သို့ဆိုစေ သူ့အနေဖြင့် ထိုယှဉ်ပြိုင်ပွဲအား ရှောင်လွှဲနိုင်လိမ့်မည်မဟုတ်ချေ။

ရုတ်တရက်....

သူ၏မျက်လုံးအစုံတွင် လူဘစ်ဒယာဂ၏ ရုပ်သွင်ကို မြင်ယောင်လာမိ၏။

www.burmeseclassic.com



ချော့မောလှပသော မိန်းကလေးတစ်ယောက်၏ရုပ်သွင် ဖြစ်သည်။

ထိုမိန်းကလေးသည် လူ၏ နှလုံးသားအား သိမ်းကြုံး ယူငင်သွားသော မိန်းကလေးဖြစ်၏။

သူသည် ထိုမိန်းကလေးနှင့် မမျှော်လင့်ဘဲ ဆုံစည်းခဲ့ရသည်။

သို့သော်....

နောက်ထပ် ဆုံနိုင်ခွင့် ရှိတော့မည်မဟုတ်ချေ။

တွေးရင်း သူ၏ရင်ထဲတွင် လေးလံတင်းကျပ်လာ၏။

ယင်းအခိုက်....

တောင်ပေါ်သို့ ပြေးတက်လာသော လူရိပ်သုံးခုကို တွေ့မြင်လိုက်ရသည်။

လှေထင်းစုန်တာ မျက်မှောင်ကြုတ်လိုက်၏။

သူနှင့်ရှင်ဆိုင်ရန် ချိန်းဆိုထားသူမှာ တစ်ယောက်တည်းသာ ဖြစ်သည်။

ယခု....

အဘယ်ကြောင့် လူသုံးယောက်ရောက်ရှိလာရပါသနည်း။

ထိုလူများသည် သူနှင့် ချိန်းဆိုထားသူ ဖြစ်ချင်မှဖြစ်ပေလိမ့်မည်။



ယင်းသို့ စဉ်းစားမိသည်နှင့် လှေထင်းစုန်တာ ထိုင်ရာမှ ခုန်ထလိုက်၏။

ထို့နောက်....

မလှမ်းမကမ်းတွင်ရှိနေသော ကျောက်တုံးတစ်တုံးနောက်သို့ ပြေးလွှားခုန်ဝင်ကာ ပုန်းကွယ်လိုက်သည်။

မကြာပါချေ။

ပြေးလွှားလာနေသော လူရိပ်သုံးခုသည် တောင်ပေါ်သို့ ရောက်ရှိလာကြ၏။

သူတို့သည် မြေကွက်လပ်သို့ ခပ်သွက်သွက် လျှောက်လာကြသည်။

မြေကွက်လပ်အလယ်သို့ ရောက်သောအခါ လရောင်ကြောင့် ထိုလူသုံးယောက်အား ထင်ရှားစွာ တွေ့မြင်လိုက်ရ၏။

ထိုအခါ....

သူ၏ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားလေတော့သည်။

✿

www.burmeseclassic.com



လူသုံးယောက်သည် မြေကွက်လပ်အလယ်သို့ ရောက်ရှိလာကြပြီဖြစ်၏။

ထိုလူသုံးယောက်မှာ ချောမောလှပပြီး ငယ်ရွယ်နုနယ်သော မိန်းကလေးသုံးယောက် ဖြစ်ကြသည်။

မိန်းကလေးနှစ်ယောက်မှာ အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာ အစိမ်းရောင်ဝတ်ဆင်ထား၏။

ထိုမိန်းကလေးသုံးယောက်သည် ကျောတွင် ခါးကိုယ်စီလွယ်ပိုးထားကြသည်။

မြေကွက်လပ်အလယ်သို့ရောက်သည်နှင့် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခြေလှမ်းရပ်တန့်လိုက်သည်။

ထိုအခါ...

အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးနှစ်ယောက်က သူမ၏ ဝဲယာတစ်ဖက်တစ်ချက်စီတွင် ခြံရံကာ အကာအကွယ်ပြုထားလိုက်ကြ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်၏ မျက်နှာများပေါ်တွင် စိုးရိမ်ပူပန်နေသော ဟန်မူရာများ အထင်းသား ပေါ်လွင်နေသည်။

အဖြူရောင်ဝတ်မိန်းကလေးတစ်ယောက်က အစိမ်းရောင်ဝတ် မိန်းကလေးအား ကြည့်ကာ ပြောလိုက်၏။



'သခင်မလေး...ဘယ်သူမှလဲ မရောက်သေးပါလား'

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေး၏ မျက်နှာပေါ်တွင် စိတ်ရှုပ်သော ဟန်မူရာများ ဖြစ်ပေါ်လာသည်။

သူမ ခေါင်းကို ဆတ်ခနဲညိတ်လိုက်၏။

'ဟုတ်တယ်၊ အမှန်တော့ ရောက်ဖို့ကောင်းနေပြီ'

အဖြူရောင်ဝတ် မိန်းကလေးက သူမ၏ ထင်မြင်ချက်ကို ပြောလိုက်သည်။

'သူတို့ဘက်က ကတိမတည်ဘူးထင်တယ်'

အစိမ်းရောင်ဝတ် မိန်းကလေးက ခေါင်းကို ခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး၊ သူတို့ဘက်က လာကိုလာမှာပါ'

အဖြူရောင်ဝတ် မိန်းကလေးက ထပ်မေးလိုက်သည်။

'တကယ်လို့ သူတို့ဘက်က မလာရင်ကော...'

အစိမ်းရောင်ဝတ် မိန်းကလေး စိတ်မရှည်နိုင်တော့ချေ။

သူမက ဒေါသတကြီးဖြင့် ပြောလိုက်၏။

'ရွှေခင်ဟုန်း...ညည်းပါးစပ်ပိတ်ပြီး စောင့်အောင့်ကို ဆင်းသွားတော့'

ရွှေခင်ဟုန်းဆိုသော မိန်းကလေးက ခေါင်းငုံ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်စိန်ကလေးတစ်ယောက်က ကြားမှဝင်တောင်းပန်လိုက်၏။

'သခင်မလေး၊ သူက စိုးရိမ်လို့'

သခင်မလေးဆိုသော အစိမ်းရောင်ဝတ် မိန်းကလေးက လက်ကာပြလိုက်သည်။

'ရှောင်ရှမ်း....မင်းဆက်မပြောနဲ့တော့၊ ကဲ....သန်းခေါင်ယံအချိန်ရောက်ပြီ၊ ညည်းတို့နှစ်ယောက်စလုံး ဒီကထွက်သွားပေတော့၊ ပြီးရင် ငါမှာတဲ့အတိုင်း လုပ်ဖို့မမေ့နဲ့'

ရှောင်ဟုန်နှင့် ရှောင်ရှမ်းဆိုသော မိန်းကလေးနှစ်ယောက်က ပါးစပ်ပိတ်ထားကြ၏။

သခင်မလေးက ဆက်ပြောလိုက်သည်။

'မနက်ဖြန်မောင်းသုံးချက်တီး အချိန်လောက်ရောက်ရင် တောင်ပေါ်ကို အခေါင်းတစ်လုံး သယ်လာရမယ်၊ နားလည်ကြလား'

ရှောင်ဟုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်....ဟုတ်ကဲ့'

သခင်မလေးက တည်ကြည်သော မျက်နှာထားဖြင့်ဆက်ပြောလိုက်သည်။

'ဒီတောင်ပေါ်မှာ လူနှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါ နှစ်ယောက်စလုံး အသက်ရှင်လျက် ထွက်သွားရတယ်



ဆိုတာ ဘယ်တုန်းကမှမရှိခဲ့ဘူး၊ တစ်ယောက်ယောက်က [illegible] သေဆုံးပြီး ကျန်ခဲ့ရတာချည်းပဲ၊ ဒါကြောင့်လဲ ဒီတောင်ကို မရဏတောင်လို့ ခေါ်တာပေါ့'

ရှောင်ရှမ်းက စိုးရိမ်တကြီး ပြောလိုက်၏။

'သခင်မလေး'

သခင်မလေးက လက်ကာပြလိုက်သည်။

'ညည်းတို့ ငါ့အတွက်ဘာမှမပူကြပါနဲ့၊ ညည်းတို့က ငါ့ရဲ့ သိုင်းပညာကို မယုံကြည်ကြဘူးလား၊ ညည်းတို့ ငါ့အတွက် စိတ်ပူတယ်ဆိုတာ ငါ့ကိုအထင်သေးတာပဲ'

ရှောင်ရှမ်းမှာ ပါးစပ်ပိတ်သွား၏။

ရှောင်ဟုန်က ဝင်ပြောလိုက်သည်။

'သခင်မလေး....ကျွန်မတို့ကို ဒီတောင်ပေါ်မှာ နေခွင့်ပေးပါ၊ တကယ်လို့များ ရန်သူများက အကောက်ကြံလာရင်....'

သခင်မလေးက ကြားဖြတ်ပြောလိုက်၏။

'ရန်သူက အကောက်ကြံရင်တော့ ညည်းတို့ယူလာတဲ့ အခေါင်းဟာ ငါ့အတွက်ဖြစ်ရမှာပေါ့၊ ညည်းတို့ တောင်ပေါ်မှာနေစရာမလိုဘူး၊ ငါသေရင် ငါ့အလောင်းကို ဆရာ့ဆီကို ပြန်သယ်သွားကြဖို့ပဲလိုတယ်'

ရှောင်ဟုန်နှင့် ရှောင်ရှမ်းမှာ မျက်နှာ ပျက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင်....

သခင်မလေးက လက်ခုပ် ယမ်းပြလိုက်၏။

'ကဲ....သွားကြတော့'

ရှောင်ဟုန်နှင့် ရှောင်ရှမ်းတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းပြိုင်တူ ချလိုက်ကြသည်။

ထို့နောက်....

သခင်မလေးအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျွန်မတို့ကို ခွင့်လွှတ်ပါ သခင်မလေး'

စကားဆုံးသည်နှင့် ခေါင်းငိုက်စိုက်ချကာ တောင်ပေါ်မှ ပြေးဆင်းသွားကြလေသည်။

သူမတို့၏ နောက်ကျောကိုကြည့်ကာ သခင်မလေးက သက်ပြင်းချလိုက်၏။

သူမ၏ရင်တွင်း၌ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ် ခံစားလာရသည်။

ယခု....

သူမသည် ဆရာဖြစ်သူ၏ရန်ကြွေးကို အပြီးတိုင်ရှင်းလင်းပစ်ရမည် ဖြစ်၏။

သို့သော်....



သူမအနေဖြင့် ရန်သူကို အနိုင်ယူ တိုက်ခိုက်နိုင်ပါမည်လော။

သခင်မလေးမှာ အတွေးများဖြင့် ငေါင်ိုင်နေမိသည်။

ရုတ်တရက်....

သူမ၏အနောက်ဘက်မှ လှုပ်ရှားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သခင်မလေးမှာ ရင်ထိတ်သွားပြီး နောက်သို့ တပျာတယာ လှည့်ကြည့်လိုက်သည်။

ထိုအခါ....

ကျောက်တုံးတစ်တုံးနောက်ကွယ်မှ လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူအား တွေ့လိုက်ရသည်နှင့် သခင်မလေး၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ကာ....

'လှေထင်းစုန်'

ဟု လွှတ်ခနဲရေရွတ်လိုက်မိလေတော့သည်။

www.burmeseclassic.com



လှေထင်းစုန်းက သခင်မလေးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်၏။

လရောင်ကြောင့် လှေသင်းစုန်နှင့် သခင်မလေးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ထင်ထင်ရှားရှား မြင်တွေ့နေကြရသည်။

သခင်မလေး၏မျက်နှာပေါ်တွင် အံ့အားသင့်ခြင်း၊ ဝေခွဲမရခြင်း၊ စသည့်ရိပ်အယောင်များ လွှမ်းမိုးနေ၏။

လှေထင်းစုန်၏ မျက်နှာတွင်မူ မယုံကြည်နိုင်ခြင်း၊ နာကျင်ကြေကွဲခြင်း၊ စသည့်ခံဝေဒနာများ ဖြတ်သန်းနေသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် စကားမဆိုမိကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာ စိုက်ကြည့်နေမိကြ၏။

အတန်ကြာမှ....

သခင်မလေးက တိတ်ဆိတ်ငြိမ်သက်မှုကို စတင်ဖြိုခွဲလိုက်သည်။

'ရှင်....ရှင်ဒီကို ဘာလာလုပ်တာလဲ'

လှေထင်းစုန်က သူမအားပြန်မေးလိုက်၏။

'ခင်ဗျားကကော'

သခင်မလေးက သက်ပြင်းချလိုက်သည်။



'ကျွန်မက ကိစ္စရှိလို့ လာတာပါ၊ ရှင်ကကော'

လှေထင်းစုန်က စိတ်မပါသောလေသံဖြင့် ပြောလိုက်သည်။

'ကျုပ် ဒီတောင်ပေါ်မှာ လူတစ်ယောက်နဲ့ ချိန်းထားလို့ပါ'

ထိုစကားကြောင့် သခင်မလေး၏ မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

'ဘာ....လူတစ်ယောက်နဲ့ချိန်းထားလို့ ဟုတ်လား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

သခင်မလေးက အာလာတကြီးဖြင့် မေးလိုက်၏။

'ဘယ်သူနဲ့လဲ'

လှေထင်းစုန်က အဖြေမပေးသေးဘဲ သခင်မလေးအား စိုက်ကြည့်နေ၏။

ယခု....

သူ၏ရင်ထဲတွင် စိုးရိမ်ပူပန်မှုများ ကြီးစိုးနေပြီဖြစ်သည်။

သူက စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်၏။

'ခင်ဗျားကကော ဘာကိစ္စရှိနေလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

သခင်မလေးက သက်ပြင်းချလိုက်သည်။

'ကျွန်မကလဲ လူတစ်ယောက်နဲ့ ချိန်းထားလို့ပါပဲ'

လှေထင်းစုန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

'ဗျာ....'

သူက ထိတ်လန့်တကြားဖြင့် နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်လိုက်သည်။

ချက်ချင်းပင်....

သူက ခေါင်းကို သွက်သွက်ခါယမ်းကာ ပြောလိုက်၏။

'မဖြစ်နိုင်ဘူး....မဖြစ်နိုင်ဘူး၊ ကျုပ်တွေ့ရမယ့် လူဟာ မင်းမဖြစ်နိုင်ဘူး'

သခင်မလေးက ပါးစပ်ပိတ်ထားလိုက်သည်။

သူမ၏မျက်ဝန်းအစုံကမူ လှေထင်းစုန်အား ငေးကြည့်နေ၏။

လှေထင်းစုန်၏နဖူးပေါ်မှ ချွေးများစီးကျလာလေသည်။

သူက စိတ်လှုပ်ရှားမှုကို ထိန်းချုပ်လိုက်၏။

'ခင်....ခင်ဗျား'

မည်သို့ဆက်ပြောရမှန်းမသိဘဲ စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။



သခင်မလေးက သက်ပြင်းချလိုက်၏။

'ဒီတောင်ပေါ်မှာ ငါးလပိုင်း လပြည့်နေ့ညသန်းခေါင်ယံအချိန်မှာ လူတစ်ယောက်နဲ့တွေ့ဖို့ ကျွန်မချိန်းထားခဲ့တယ်၊ ရှင်ကရော ဒီနေ့ဒီရက် ဒီအချိန်ပဲမဟုတ်လား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သခင်မလေးက ချိုပြုံးပြုံးလိုက်၏။

'ဒါဖြင့် ရှင်နေပြီပဲ၊ ကျွန်မတွေ့ဖို့ချိန်းထားတာ ရှင်ပဲဖြစ်ရမယ်'

လှေထင်းစုန်က ခေါင်းကိုသွက်သွက် ခါယမ်းလိုက်သည်။

'မဟုတ်ဘူး....မဟုတ်ဘူး၊ ကျုပ်မဟုတ်ဘူး'

သခင်မလေးက မျက်မှောင်ကြုတ်လိုက်၏။

'ဒါဖြင့်ဘယ်သူလဲ၊ ရှင်ကရော ဘယ်သူနဲ့ချိန်းထားသလဲ၊ ကျွန်မတို့ ဒီလောက်တိုက်တိုက်ဆိုင်ဆိုင် လာပြီး[illegible]နိုင်ဘူး'

လှေထင်းစုန်က ခေါင်းငိုက်စိုက် ချထားလိုက်သည်။

ယခု....

သူသည် အလွန်ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းသည့် အဖြစ်အပျက်များနှင့် ရင်ဆိုင်နေရပြီ ဖြစ်၏။

မည်သည့်အခါကမျှ မတွေးမိထင်မိသည့် အဖြစ်အပျက်များမှာ မျက်လှည့်ဆန်စွာ ဖြစ်ပေါ်လာချေပြီ။

www.burmeseclassic.com

www.burmeseclassic.com

လှထင်းစုန် ငေးငိုင်နေစဉ်မှာ သခင်မလေးအသံအ ထွက်ပေါ်လာလေသည်။

'ရှင်ဟာ ရှင့်ဆရာအတွက် ဒီတောင်ပေါ်ကို ရောက်လာ တာ မဟုတ်လား'

လှထင်းစုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

သခင်မလေးက ထပ်မေးလိုက်သည်၊

'ရှင့်ဆရာက ဘယ်သူလဲ'

လှထင်းစုန်က သက်ပြင်းချလိုက်၏၊

'မေတ္တာရှင် သိုင်းသမားပါ၊ ခင်ဗျားသိလိုလား'

ထိုစကားကြောင့် သခင်မလေး၏ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွားသည်၊

သူမက မယုံကြည်နိုင်စွာဖြင့် ရေရွတ်လိုက်၏။

'မေတ္တာရှင် သိုင်းသမား ဟုတ်လား'

လှထင်းစုန်က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်'

သခင်မလေး၏မျက်နှာမှာ သိသိသာသာပင် ပျက်သွား သည်၊

'ရှင် ကျွန်မဆရာကိုကော သိသလား'

လှထင်းစုန်က ခေါင်းခါယမ်းလိုက်သည်။

'မသိပါဘူး'

သခင်မလေးက လူ့အားစိုက်ကြည့်လိုက်သည်၊



'ကျွန်မဟာ ကျွန်မဆရာရဲ့ရန်ကြွေးကို ပေးဆပ်ဖို့ရောက် လာတာပါ'

လှထင်းစုန်၏မျက်လုံးအစုံမှာ ပြူးကျယ်သွား၏၊

'ဗျာ....'

သခင်မလေးက သက်ပြင်းချကာ ပြောလိုက်သည်၊

'ကျွန်မဟာ ပန်းမာလာစံအိမ် သခင်မလေး ဆင်းခေ ချန်ပါ၊ ကျွန်မရဲ့ဆရာကတော့ နှင်းတောင်ဒေဝီလို့ ခေါ်ပါ တယ်ရှင်'

နှင်းတောင်ဒေဝီဟူသော အမည်ကိုကြားလိုက်ရသည်နှင့် လှထင်းစုန်မှာ ထခုန်မိမတတ် တုန်လှုပ်ချောက်ချားသွား သည်၊

နှင်းတောင်ဒေဝီသည် သူ၏ဆရာ မေတ္တာရှင်သိုင်းသမား အား ယှဉ်ပြိုင်တိုက်ခိုက်ရန် ချိန်းဆိုထားခဲ့သည် မဟုတ်ပါ လော၊

လှထင်းစုန်မှာ ဆောက်တည်ရာ မရလောက်အောင် ဝမ်းနည်းကြေကွဲနေမိသည်။

ဆင်းခေချန်က ဆက်ပြောလိုက်၏၊

'လွန်ခဲ့တဲ့ ဆယ်နှစ်က ကျွန်မဆရာရဲ့ မပြီးပြတ်သေးတဲ့ ရန်ကြွေးကို အပြီးတိုင်အဆုံးသတ်ဖို့ ကျွန်မလာခဲ့တာပါရှင်'

လူမ၏အသံမှာ တုန်ခါနေသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားဆုံးသည်နှင့် ဝန်းကျင်တစ်ခုလုံးမှာ ခြောက်ခြားဖွယ်ကောင်းလေစက်အောင်ပင် တိတ်ဆိတ် ငြိမ်သက်သွား၏။

လှေထင်းစုန်နှင့် ဆင်းဝေ့ရန်တို့မှာ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြသည်။

ယင်းသို့စိုက်ကြည့်နေကြရင်းမှသူတို့နှစ်ဦး ဆုံတွေ့ခဲ့ပုံများကို ပြန်သည်မြင်ယောင်လာမိကြလေတော့သည်။

အခန်း (၄)

လပြည့်ဝန်းနှင့် ကြယ်နှစ်ပွင့်

လုံစန်းမြို့။

လုံစန်းမြို့သည် ခကာမြို့ကလေးတစ်မြို့ဖြစ်သည်။

တော့မြို့ကနေလှေးဟုဆိုသော်လည်း လမ်းပန်း ဆက်သွယ်ရေးအချက်အချာကျသောနေရာတွင်တည်ရှိသဖြင့် စည်ကားသိုက်မြိုက်လှသည်။

ကုန်သည်ပွဲစားများသည်လည်းကောင်း၊ ခရီးသည်များသည် လည်းကောင်း ၊ အနည်းနှင့်အများဆိုသလို လုံစန်းမြို့ အလေးတွင်ခရီးတစ်ထောက်နားပြီးမှ လိုရာခရီးကို ဆက်လက်ထွက်ခွာလေ့ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့်....

လိုစန်းမြို့ကလေးသည် နှစ်ပေါင်းနှစ်ဆယ်အတွင်းမြို့ကြီး တစ်မြို့နှင့်မခြား စည်စည်ကားကားဖြစ်လာလေသည်။

ယနေ့....

ညနေဆည်းဆာချိန်တွင်လိုစန်းမြို့တွင်းသို့ အဝတ်အစား များပေကျံနေသောလူတစ်ယောက် ဝင်ရောက်လာ၏။

ထိုလူသည် လက်ထဲတွင် ဟောင်းနွမ်း နေသော အနီ ရောင် ပိုးပဝါဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကို ကိုင် ဆောင်လာသည်။

ထိုလူမှာ လေ့ထင်းစုန်ပင်ဖြစ်၏။

လေ့ထင်းစုန်လိုစန်းမြို့ကလေးထဲသို့ ရောက်ခဲ့သော အခါ နေဝင်သွားပြီဖြစ်သည်။

ယင်းကြောင့်....

သူက တည်းခိုခန်းမှအခန်းတစ်ခန်းငှားရမ်း၍ အိပ်စက် အနားယူရန် ဆုံးဖြတ်လိုက်၏။

လိုစန်းမြို့ကလေးတွင် တည်းခိုခန်း သုံးလေးခုမျှသာ ရှိ သည်။

ယခုရက်ပိုင်းအတွင်း ကုန်သည်များအများအပြားရောက် ရှိလာခြင်းကြောင့်တည်းခိုခန်းအားလုံးလိုလိုပင် လူပြည့်နေ သည်။

လေ့ထင်းစုန်မှာ အခက်တွေ့သွားသည်။

သို့သော်....



အခန်းလွတ်များရှိနေသေးသော တည်းခိုခန်း တစ်ခု အား သူက ရှာဖွေတွေ့ရှိလိုက်၏။

ထိုတည်းခိုခန်းသည် တည်းခိုခ အလွန် ဈေးကြီးသော ကြောင့် လူတိုင်းတည်းခိုခြင်းမပြုနိုင်ကြချေ။

သို့သော်....

ဈေးကြီးသည်မှာ လေ့ထင်းစုန်အတွက် အရေးမကြီးပါ ချေ။

ဆရာဖြစ်သူက သူ့အား ယှဉ်ပြိုင်ပွဲသို့သွားစဉ် လမ်းခရီး၌သုံးစွဲရန် ငွေကြေး အလုံအလောက် ထုတ်ပေးလိုက်သည် မဟုတ်ပါလား။

အမှန်တွင် ဆရာဖြစ်သူက သူ့အား အသွားအပြန်စရိတ် ပေးလိုက်ခြင်းဖြစ်သည်။

သို့သော်....

သူ့အတွက် အပြန်လမ်းရှိမည်မဟုတ်ဟု လေ့ထင်းစုန်က ယုံကြည်ထားသောကြောင့် လမ်းတွင်ပါသမျှ ငွေကုန် အောင်သုံးစွဲသွားရန် ဆုံးဖြတ်ထား၏။

ယင်းကြောင့်....

သူက ဈေးအလွန်ကြီးသော တည်းခိုခန်းဆီသို့ ဦးတည် လျှောက်လှမ်းသွားလေသည်။

တည်းခိုခန်း ရှေ့တွင်....

'စိတ်တိုင်းကျတည်းခိုခန်း'

ဟူသောဆိုင်းဘုတ်ကိုချိတ်ဆွဲထား၏။

www.burmeseclassic.com

www.burmeseclassic.com

တည်းခိုခန်းတံခါးပေါက်၏ ဝဲယာတစ်ဖက်တစ်ချက်စီတွင် လူသန်ကြီးနှစ်ယောက် စောင့်ကြပ်နေကြသည်။

တည်းခိုခန်းသို့ လူဆိုးလူရမ်းကားများလာရောက်နှောင့်ယှက်လျှင် ဟန့်တားရန် ဆိုင်ရှင်ကသူတို့အား ငှားရမ်းထားခြင်းဖြစ်၏။

လေထင်စုန်သည် လူသန်ကြီးနှစ်ယောက်ကို တစ်ချက်ကြည့်ကာ တည်းခိုခန်းထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။

သို့သော်....

အဝတ်အစားများ ညစ်ပတ်ပေကျံနေသော လေထင်စုန်အား လူသန်ကြီးနှစ်ယောက်က ဟန့်တားလိုက်၏။

'ရပ်လိုက်....'

လေထင်စုန်က သူတို့နှစ်ယောက်အား နားမလည်နိုင်စွာဖြင့်ကြည့်လိုက်သည်။

'ဗျာ...ဘာဖြစ်လို့လဲ'

လူသန်ကြီးနှစ်ယောက်ကသူ့အား ခြေဆုံးခေါင်းဆုံးစိုက်ကြည့်လိုက်၏။

ထို့နောက်....

နှာခေါင်းရှုံ့ကာ အော်ငေါက်လိုက်ကြသည်။

'ဟေ့....မင်းဒီနေရာက မြန်မြန်ထွက်သွားစမ်း'

လေထင်စုန်မှာ အံ့အားသင့်သွား၏။

ထိုလူများသည် အဘယ်ကြောင့် သူ့အား မောင်းထုတ်နေရပါသနည်း။

သူကနားမလည်နိုင်စွာဖြင့် မေးလိုက်သည်။



'ဒါတည်းခိုခန်းမဟုတ်ဘူးလား'

လူသန်ကြီးတစ်ယောက်က ခါးထောက်ကာ ပြောလိုက်သည်။

'အေး...တည်းခိုခန်းတော့ဟုတ်တယ်၊ ဒါပေမယ့် မင်းလိုလူမျိုးကို လက်မခံဘူး'

လေထင်စုန်မှာ အံ့အားသင့်သွားသည်။

'ဗျာ...ကျွန်တော့်ကိုလက်မခံဘူးဟုတ်လား၊ ဘာဖြစ်လို့လဲ'

အခြား လူသန်ကြီး တစ်ယောက်က ဒေါသတကြီးဖြင့် ပြောလိုက်၏။

'စကားမရှည်နဲ့ မြန်မြန်ထွက်သွားစမ်း'

ပြောရင်းရိုက်ပုတ်မောင်းထုတ်ရန် ရှေ့သို့ တိုးလာလေသည်။

လေထင်စုန်မှာ ရင်ထိတ်သွားပြီး နောက်သို့ ကမန်းကတန်း ဆုတ်လိုက်၏။

ထိုစဉ်မှာပင်....

လမ်းမပေါ်မှ မြင်းလှည်းတစ်စီး အရှိန်ပြင်းစွာ မောင်းလာသည့်အသံကို ကြားလိုက်ရသည်။

လူသန်ကြီးနှစ်ယောက်မှာ အနည်းငယ် တွံ့ဆိုင်းဆိုင်း ဖြစ်သွား၏။

ယင်းအချိန်မှာပင်....

မြင်းလှည်းသည် စိတ်တိုင်းကျတည်းခိုခန်းရှေ့သို့ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမှာ အလွန်ထွားကျိုင်းသန်မာ၍ လှပသော မြင်းလေးကောင်ဆွဲသည့် မြင်းလှည်းဖြစ်၏။

မြင်းလှည်းကို ကြည့်ခြင်းအားဖြင့် မြင်းလှည်းပိုင်ရှင်မှာ အလွန်ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း သိသာနိုင်လေသည်။

မြင်းလှည်းသည် စိတ်တိုင်းကျတည်းခိုခန်းရှေ့တွင်ရပ်တန့်လိုက်၏။

မကြာပါချေ။

မြင်းလှည်းတံခါး ပွင့်သွားပြီး မြင်းလှည်းပေါ်မှ မိန်းကလေးနှစ်ယောက် ခုန်ဆင်းလာကြသည်။

ထိုမိန်းကလေး နှစ်ယောက်မှာ အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားကြပြီး အသက်အရွယ်အားဖြင့် ဆယ့်ရှစ်နှစ်ခန့်သာရှိမည်ဟု ခန့်မှန်းရ၏။

မိန်းကလေးနှစ်ယောက်သည် မြင်းလှည်းပေါ်မှ ခုန်ဆင်းပြီးသည်နှင့် တစ်ယောက်က မြင်းလှည်းအနီးတွင် အသင့်ရပ်တန့်လိုက်၏။

ကျန်တစ်ယောက်မှာမူ စိတ်တိုင်းကျတည်းခိုခန်း တံခါးပေါက်ဆီသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းလာလေသည်။

ယင်းမိန်းကလေးသည် လူသန်ကြီး နှစ်ယောက်က လမ်းပိတ်ထားသည်ကို ဂရုမစိုက်ဘဲ ခပ်တည်တည် လျှောက်လှမ်းသွားခြင်းဖြစ်၏။



မိန်းကလေးနှစ်ယောက်လုံး၏ ခပ်တင်းတင်းမျက်နှာများကိုကြည့်၍ မာနအလွန်ကြီးသူများဖြစ်ကြောင်း သိသာနိုင်ပေသည်။

အစိမ်းရောင်ဝတ် မိန်းကလေး လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရသည်နှင့် လှေထင်းစုန်အား လမ်းပိတ်ထားသော လူသန်ကြီးနှစ်ယောက်က ချက်ချင်းပင် လမ်းဖယ်ပေးလိုက်ကြ၏။

ထို့ပြင်....

သူတို့က လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်ရင်း မေးလိုက်သည်။

'မိန်းကလေးတို့က ဒီမှာ တည်းခိုကြမလို့လား၊ ဒီမြို့မှာတော့ ကျွန်တော်တို့စိတ်တိုင်းကျတည်းခိုခန်းဟာ အကောင်းဆုံးပါပဲ ခင်ဗျာ'

လှေထင်းစုန်မှာ ပါးစပ်အဟောင်းသားဖြစ်သွား၏။

လူသန်ကြီး နှစ်ယောက်သည် သူ့အပေါ်တွင် ခက်ထန်မောက်မာစွာ ဆက်ဆံခဲ့ကြသည်။

သို့သော်....

ယခု မိန်းကလေးများအပေါ်တွင် ဆက်ဆံပုံမှာ ယဉ်ကျေးသိမ်မွေ့လှ၏။

ဤသို့ဆိုလျှင်....

စိတ်တိုင်းကျတည်းခိုခန်းသည်မိန်းကလေးများအတွက်တည်းခိုရန် ဖွင့်လှစ်ထားခြင်းပေလော။

www.burmeseclassic.com

www.burmeseclassic.com



လူ စဉ်းစားတွေးတောနေစဉ်မှာပင် အစိမ်းရောင်ဝတ် မိန်းကလေး၏စကားသံ ထွက်ပေါ်လာလေသည်။

'အခန်းလွတ် နှစ်ခန်း အမြန်ဆုံး ရှင်းထားလိုက်ပါ။ လေးကောင်းခလသန့်ရပြီး အလင်းရောင်ကောင်းကောင်းရတဲ့ အခန်းမျိုးဖြစ်ရမယ်'

ပြောရင်း ငွေတုံးကလေးတစ်တုံးကို နှိုက်ကာ လူသန်ကြီးအား ပေးလိုက်၏။

လူသန်ကြီးက ငွေတုံးကလေးအား လက်နှစ်ဖက်ဖြင့် ရိုသေစွာ လှမ်းယူလိုက်သည်။

'စိတ်ချပါခင်ဗျာ၊ အခုချက်ချင်း စီစဉ်လိုက်ပါ့မယ်'

ပြောပြီးသည်နှင့် ဆိုင်အတွင်းဘက်သို့ လှည့်ကာ လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။

ထို့နောက်...

မိန်းကလေး ဝင်သာရေးရန် ကိုယ်ကိုယို့၍ လက်ယမ်းပြလိုက်သည်။

သို့သော်...

မိန်းကလေးက တည်ခိုခန်းထဲသို့ ဝင်ရောက်သွားခြင်း မပြုပါချေ။

လှပချောမော မြင်းလှည်းရှိရာသို့ ပြန်လည် လျှောက်လှမ်းသွား၏။

မြင်းလှည်းအနီးသို့ ရောက်သောအခါ ခြေမပါ်သို့ ဒူးထောက်ချလိုက်သည်။

'သခင်မလေးရှင့်... တည်းခိုဖို့ အဆင်သင့် ဖြစ်နေပါပြီ'



သူမ၏စကားကြောင့် မြင်းလှည်းအတွင်း၌ နေသော အမျိုးသမီးရှိနေကြောင်း လေ့ထင်းစုန်က သိရှိလိုက်၏။

လှပချောမောပြီး မာန်မာနခက်ထန်သော မိန်းကလေး နှစ်ယောက်၏ သခင်မလေးသည် မည်သို့သော လူစားမျိုး ဖြစ်ပါသနည်း။

လေ့ထင်းစုန်မှာ ထိုမိန်းကလေးများအပေါ်တွင် စိတ်ဝင်စားသွားမိသည်။

ယင်းကြောင့်...

သူက လှည့်ထွက်သွားခြင်းမပြုဘဲ တံခါးပေါက်နှင့် မနီးမဝေးတွင်ရပ်ကာ အကဲခတ် ကြည့်နေမိလေသည်။

ရုတ်တရက်...

မြင်းလှည်းမှ ဝါးယင်းလိပ် လှုပ်ရှားသွား၏။

တင်ဆဲဆဲတည်းမှာပင်...

အတွင်းဘက်မှ မိန်းကလေးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုမိန်းကလေးမှာ အသက်ဆယ့်ကိုးနှစ်ခန့်ရှိပြီး ရွှေဝါရောင် အဝတ်အစားများကို ဝတ်ဆင်ထား၏။

သူမသည် အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူမ၏ အလှအပနှင့်ယှဉ်လျှင် အစိမ်းရောင်ဝတ်ဆင်ထားကြသော မိန်းကလေးများမှာ လပြည့်ဝန်းအနီး၌ကြယ်ပွင့်ကလေးများပမာ မှေးမှိန်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းကလေးကို မြင်တွေ့လိုက်ရသည်နှင့် လွှထင်းစုန်မှာ ကြက်သေသေသွားသည်။

သူ၏ဘဝတစ်သက်တာတွင် ဤမျှ ချောမောလှပလွန်းသော မိန်းကလေးမျိုးကို မတွေ့ခဲ့ဖူးချေ။

မိန်းကလေးကို ငေးကြည့်ရင်း သူ၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များကို ခံစားလိုက်ရ၏။

ရွှေဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက သူ့အား တစ်ချက် စိုက်ကြည့်လိုက်ပြီး အစိမ်းရောင်ဝတ် မိန်းကလေးနှစ်ယောက် ခြံရံကာ တည်းခိုခန်းထဲသို့ ဝင်ရောက်သွားလေသည်။

မိန်းကလေး တည်းခိုခန်းထဲသို့ ဝင်ရောက်သွားမှ လွှထင်းစုန်မှာ သတိဝင်လာ၏။

သူက တည်းခိုခန်းဆီသို့ ပြန်လည် လျှောက်လှမ်းလာလိုက်သည်။

သူ့အား မြင်သည်နှင့် လူသန်ကြီးနှစ်ယောက်က အော်ငေါက်လိုက်ကြပြန်၏။

'မင်း လာပြန်ပြီလား'

လွှထင်းစုန်က ခပ်တည်တည်ပင် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ်လဲ တည်းခိုမလို့'

လူသန်ကြီးတစ်ယောက်က မျက်မှောင်ကြုတ်လိုက်၏။

'မင်းမှာ ငွေပါလို့လား'

လွှထင်းစုန်က မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက်....



အင်္ကျီအိတ်ထဲမှ ငွေတုံးနှစ်တုံးကို နှိုက်ယူ၍ လူသန်ကြီးအား လှမ်းပေးလိုက်၏။

'ရော့.... ဒါဟာ ခင်ဗျားတို့ တည်းခိုခရဲ့ နှစ်ဆပဲ၊ ဒါဆိုရင် ကျုပ် ဒီမှာတည်းခိုလို့ ရပြီမဟုတ်လား'

လူသန်ကြီးနှစ်ယောက်မှာ ပျာပျာသလဲ ဖြစ်သွား၏။

'ရပါပြီခင်ဗျာ....ကြွပါ'

လွှထင်းစုန်က သက်ပြင်းချလိုက်၏။

ထို့နောက်....

တည်းခိုခန်းထဲသို့ လှမ်းဝင်ရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ်မှာပင်....

လူသန်ကြီးတစ်ယောက်က သူ၏အနီးသို့ချဉ်းကပ်လာကာ ပြောလိုက်သည်။

'ဆရာလေး....အထဲမှာ လူကြီးလူကောင်းတွေ ချည်းပဲ ရှိပါတယ်၊ ဒါကြောင့် ဒီမှာတည်းမယ်ဆိုရင် အကောင်းဆုံး အဝတ်အစားတွေ ဝယ်ဝတ်ဖို့ မမေ့ပါနဲ့၊ ဆရာလေးရဲ့ ကိုယ်ပေါ်က အဝတ်အစားတွေက ညစ်ပတ်ပေကျံ နေတော့ လူတိုင်း နှာခေါင်းရှုံ့ကြပါလိမ့်မယ်၊ အထူးသဖြင့် မိန်းမလေးတွေဆိုပါတော့'

လွှထင်းစုန်မှာ မျက်လုံးပြူးသွား၏။

လူသန်ကြီးနှစ်ယောက်က တီးတိုးရယ်မောလိုက်ကြသည်။

လွှထင်းစုန်က ရယ်မောသံကို ဥပေက္ခာပြုကာ တည်းခိုခန်းအဆောင်သို့ လှမ်းဝင်သွားလေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com

'စိတ်ကိုင်းကျွ တည်းခိုခန်း'

စိတ်ကိုင်းကျွ တည်းခိုခန်းသည် အလွန် အဆက်တန်းကျသော တည်းခိုခန်းတစ်ခုဖြစ်၏။

တည်းခိုခန်းတစ်ခုလုံး အဖိုးတန်ပစ္စည်းများဖြင့် တန်ဆာဆင်ထားသည်။

အိမ်ထောင်ပရိဘောဂများမှအစ စား သောက် ဖွယ်ရာအဆုံး တည်းခိုသူများအတွက် လိုလေသေးမရှိအောင် စီစဉ်ပေးထား၏။

လွှထင်းစုန်သည် လူသန်ကြီးတစ်ယောက် လိုက်လံပြသသော အခန်းထဲသို့ ဝင်ရောက်လိုက်သည်။

အခန်းမှာ သန့်ရှင်းသပ်ရပ်လှ၏။

ခုတင်ပေါ်တွင် ပိုးဖဲကတ္တီပါများဖြင့်ချုပ်လုပ်ထားသော အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်တို့ဖြင့် အိပ်ရက်စရာမရှိအောင် စီမံထားသည်။

ထို့ပြင်....

အခန်းထဲတွင် ပန်းအိုးများ၊ ပန်းချီကားများ၊ အမွေးပွကော်ဇောများ၊ စာခန်းဆီးများဖြင့် ခမ်းနားလှပစွာ ဆင်ယင်ထား၏။

အခန်းထဲသို့ ရောက်လာသည်နှင့် လွှထင်းစုန်မှာ သိမ်ငယ်သွားသလို ခံစားလိုက်ရသည်။

သူသည် ငယ်စဉ်ကတည်းက ဆင်းရဲဒုက္ခရောက်ခဲ့ရသူဖြစ်၏။



ဆရာဖြစ်သူ မေတ္တာရှင်သိုင်းသမား၏ ကယ်ဆယ်ခြင်းခံရပြီးသည့်နောက်တွင်လည်း လူသူအရောက်အပေါက်နည်းပါးရာ တောင်ကုန်းကစ်ခုတွင် နေထိုင်ကြီးပြင်းခဲ့ရသည်။

ယင်းကြောင့်....

လွှထင်းစုန်မှာ လူမှုပေါင်းသင်းဆက်ဆံရေး နယ်ပယ်တွင် အုံမခင်ခွင်မကျ ဖြစ်နေခဲ့၏။

သို့သော်....

ဆရာဖြစ်သူ မေတ္တာရှင်သိုင်းသမားက သူ့အား သိုင်းလောကအကြောင်း လူ့လောကအကြောင်းများအားအကုန်စုံ စာသုအကြွယ်ဝအောင် အခါမလပ် ပြောဆိုသင်ကြားခဲ့သည်။

လွှထင်းစုန်မှာ ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်သည့်အလျောက် လေ့လာမှတ်သားနိုင်ခဲ့၏။

ယင်းကြောင့်....

ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရန်အဝတ်အစားအသစ်တစ်စုံ ဝယ်ယူရန် လိုအပ်ကြောင်း သူကသိရှိနားလည်လိုက်သည်။

ထို့ပြင်....

သူရင်ဆိုင်ရမည့် ချိန်းဆိုပွဲအချိန် ရောက်ရန်လည်း ရက်အနည်းငယ် လိုနေသေး၏။

ချိန်းဆိုထားသည့် နေရာသို့လည်း ခရီးဆက်ရဦးမည်ဖြစ်သည်။

ယင်းကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



လှေထင်းစုန်က လူသန်ကြီးအား ငွေပေါကစ အဝတ်အစားများ ဝယ်ယူခိုင်းလိုက်လေတော့သည်။

နေရောင် လုံးဝကွယ်ပျောက်သွားပြီ ဖြစ်၏။

ဝန်းကျင်တစ်ခုလုံးအား အမှောင်ထုက စိုးမိုးမင်းမူထားသည်။

စိတ်ဘုံင်းကျဘည်းခိုခန်းဘွင်မှ မီးရောင်များဖြင့်ထိန်ထိန်လင်းနေ၏။

လှေထင်းစုန်သည် ညစ်ပတ်နေသော အဝတ်အစားများဖြင့် အိပ်စက်အနားမယူလိုသေးချေ။

ယင်းကြောင့်....

သူက ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။

ထို့နောက်....

သူက လက်ထဲတွင် ကိုင်ထားသောအထုပ်ကို ကြမ်းပြင်ပေါ်သို့ ချလိုက်၏။

ထိုအထုပ်သည် သူ ခရီးထွက်ကာနီးတွင် ဆရာဖြစ်သူက သူ့အားပေးအပ်လိုက်သော အထုပ်ပင်ဖြစ်သည်။



လှေထင်းစုန်သည် ထိုအထုပ်ထဲတွင် မည်သည့် ပစ္စည်းနသည်ကို သိချင်လာမိ၏။

ယင်းကြောင့်....

သူက အထုပ်ကို အသာအယာ ဖြေလိုက်သည်။

ထိုအခါ....

အထုပ်ထဲမှ အရောင်တဖျပ်ဖျပ် လက်နေသော ဓားတစ်ကို တွေ့လိုက်ရ၏။

မီးအိမ်မှအလင်းရောင်ကြောင့် ဓားအိမ်မှပြိုးပြိုးပြက်ပြက်သင်းရောင်များ ထွက်ပေါ်နေသည်။

ဓားမှာ ဓားမြှောင်ပုံစံပင် ဖြစ်၏။

ဓားအိမ်နှင့် ဓားလက်ကိုင်ရိုးအား ရွှေသားစစ်စစ်ဖြင့်ထုပ်ထားပြီး အရည်အသွေး ကောင်းမွန်သော ကျောက်မျာများဖြင့် စီခြယ်ထား၏။

လှေထင်းစုန်က ဓားရိုးကိုဆုပ်ကိုင်ကာ တဖြည်းဖြည်းထုတ်လိုက်၏။

ဓားသည် ဓားအိမ်ထဲမှ ညင်သာစွာထွက်ပေါ်လာသည်။

ဓားသွား ထွက်ပေါ်လာသည်နှင့် ဝန်းကျင်တစ်ဝိုက်သိုဖန့်ဖန့်အလင်းရောင်များ ဖြာထွက်လာပြီး အေးစိမ့်အငွေ့အသက်များ ထွက်ပေါ်လာ၏။

လှေထင်းစုန်က ဓားရိုးကို လက်ထဲတွင်ဆုတ်ကာ သုံးလေးမျှ ဝေ့ယမ်းကြည့်လိုက်သည်။

ထိုအခါ....

www.burmeseclassic.com

www.burmeseclassic.com



ပြိုးပြက်ဝင်းလက်မသော အလင်းရောင်များ ထွက်ပေါ်လာပြီး နဂါးတစ်ကောင် ခေါင်းဆိုက် လှုပ်ရှားနေသကဲ့သို့ အစိမ်းရောင်မားရိမ်များ ထွက်ပေါ်လာ၏။

ထို့ပြင်....

ခေါင်းအုံအောက်မှသော အငွေ့အသက်က ကြက်သီးမွေးညင်းများပင် ထသွားသည်။

လွေထင်းစုန်မှာ အလွန်အမင်း အံ့အားသင့်သွား၏။

အကြောင်းက...

ထိုခေါင်းမြှောင်သည် အလွန်အဖိုးတန်သော ဓားတော တစ်ချက် ဖြစ်နေကြောင်း သိရှိလိုက်သောကြောင့် ဖြစ်သည်။

ယင်းအခိုက်...

သူ၏နားထဲသို့ ပေါ့ပါးသောခြေလှမ်းများ တိုးဝင်လာသည်ကို ကြားလိုက်ရ၏။

လွေထင်းစုန်က ခေါင်းကိုခါးအိမ်ထဲသို့ ကပျာကယာထိုးသွင်းလိုက်သည်။

ထို့နောက်...

အနီရောင်ပိုးပဝါဖြင့် ပြန်၍ထုပ်ထားလိုက်၏။

မကြာပါချေ။

တံခါးခေါက်သံ ထွက်ပေါ်လာခဲ့သည်။

'ခေါက်...ခေါက်'

လွေထင်းစုန်က လှမ်းပြောလိုက်သည်။

'တံခါးစေ့ထားတယ်၊ ဝင်လာခဲ့ပါ'

သူ၏စကားဆုံးသည်နှင့် အခန်းတံခါး ပွင့်ဟသွားသည်။

တစ်ဆက်တည်းပင်....

အထုပ်များ ပွေ့ပိုက်ထားသော လူတစ်ယောက် အခန်းထဲသို့ ဝင်ရောက်လာ၏။

ထိုလူမှာ လွေထင်းစုန်က အဝတ်အစားများ ဝယ်ခိုင်းလိုက်သော လူသန်ကြီးပင် ဖြစ်သည်။

လူသန်ကြီးက ကြမ်းပြင်ပေါ်တွင်ထိုင်နေသော လွေထင်းစုန်အား ကြည့်ကာ အံ့ဩသွား၏။

'ဟာ...ဆရာလေး၊ ကြမ်းပြင်ပေါ် ဘာထိုင်လုပ်နေတာလဲ'

လွေထင်းစုန်က ထိုင်ရာမှ ကပျာကယာ ထလိုက်သည်။

လူသန်ကြီးက ပွေ့ပိုက်ထားသော အထုပ်များအား လွေထင်းစုန်၏လက်ထဲသို့ ထည့်ပေးလိုက်၏။

'ဒီမှာ...ဆရာလေးမှာလိုက်တဲ့ ပစ္စည်းတွေ၊ ကဲ...ကျုပ်တာဝန်ရှိသေးလို့ သွားလိုက်ဦးမယ်'

စကားဆုံးသည်နှင့် အခန်းထဲမှ ပြန်လည်ထွက်ခွာသွားသည်။

လွေထင်းစုန်မှာ အထုပ်အပိုးများကို ပွေ့ပိုက်ကာ ငေးငိုင်ရင်း ကျန်ရစ်ခဲ့ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်ပြီဖြစ်၏၊

လောကကြီးတစ်ခုလုံး အမှောင်ထုအောက်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်၊

စိတ်တိုင်းကျ တည်းခိုခန်းတွင်မူ မီးများဖြင့် လင်းထိန်နေသည်၊

လူသံသူသံ စကားပြောသံများဖြင့် ဆူညံနေဆဲဖြစ်သည်၊

သို့သော်....

တည်းခိုခန်း၏တံခါးမှာ ပိတ်ထားလိုက်ပြီဖြစ်၏၊

ယနေ့အတွက် နောက်ထပ်ဧည့်သည် လက်မခံတော့ပါ ချေ၊

တံခါးပိတ်လိုက်ပြီ ဖြစ်သောကြောင့် လူသန်ကြီး နှစ်ယောက်မှာ ရှိမနေတော့ပါချေ၊

တည်းခိုခန်းနောက်ဘက်ရှိ သူတို့၏အခန်းထဲသို့ ပြန်လည်ရောက်ရှိနေကြပြီ ဖြစ်သည်၊

လူသန်ကြီးနှစ်ယောက်သည် အခန်းအလယ်ရှိ စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ထိုင်နေကြ၏၊

သူတို့နှစ်ယောက်၏အမည်မှာ ယိစန်းနှင့် ယိကျင်းတို့ဖြစ်ကြသည်၊

လေ့ထင်းစုန်အားအဝတ်အစားများ ဝယ်ပေးခဲ့သည့် လူသန်ကြီးမှာ ယိကျင်းဖြစ်၏၊

ယိကျင်း၏မျက်နှာမှာ လေးနက်တည်ကြည်နေသည်၊

သူသည် တစ်စုံတစ်ခုအား လေးလေးနက်နက် စဉ်းစားတွေးတောနေကြောင်း အထင်းသားပေါ်လွင်နေ၏၊



ခဏတရက်....

ယိစန်းက တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သည်၊

'ဟေ့....ယိကျင်း၊ မင်းဘာတွေ ဒီလောက်တောင် စဉ်းစားနေတာလဲ'

ယိကျင်းက ချက်ချင်း အဖြေမပေးပါချေ၊

အတန်ကြာမှ....

သူက သက်ပြင်းတစ်ချက် ချလိုက်သည်၊

ပြီးမှ....

ယိစန်းကိုကြည့်ကာ ပြောလိုက်၏၊

'ငါအခုတွေ့ စဉ်းစားနေတယ်ဆိုတာ မင်းမရိပ်မိဘူးလား'

ယိစန်းက ပြုံးလိုက်သည်၊

'မင်းက ဟိုလေ့ထင်းစုန်ဆိုတဲ့ အရူးမလည်တကောင်လေးရဲ့ အကြောင်းကို စဉ်းစားနေတာ မဟုတ်လား'

ယိကျင်းက ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်'

ယိစန်းက မျက်မှောင်ကြုတ်လိုက်သည်၊

'ဆိုစမ်းပါဦး....ဒီကောင်လေးမှာ ဘာများစိတ်ဝင်စားစရာ ရှိနေလို့လဲ'

ယိကျင်းက သူ၏ခေါင်းကိုပုတ်ကာ ပြောလိုက်၏၊

'ဟ....သိပ်ရှိတာပေါ့ကွ၊ သူဟာ တည်းခိုခန်းအတွက် လူများပေးတဲ့ငွေထက် နှစ်ဆပိုပေးခဲ့တယ်လေ'

ယိစန်းက မျက်မှောင်ကြုတ်လိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်...သူ့မှာ ငွေတွေ အများကြီးပါလာတယ်လို့ မင်းက ထင်နေသလို့လား'

ယိုကျှင်းက မဲ့ပြုံးပြုံးလိုက်၏၊

'ငွေမဟုတ်ဘူး၊ ရွှေကွ'

ယိစန်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏၊

'ဘာ...ရွှေဟုတ်လား'

ယိုကျှင်းက ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်'

ယိစန်းက အလောတကြီး မေးလိုက်သည်၊

'သူ့ဆီမှာ ငွေတွေအများကြီး ပါလာတယ်ပေါ့'

ယိုကျှင်းက ခေါင်းညိတ်လိုက်ပြန်၏၊

'ဟုတ်တယ်'

ယိစန်းမှာ ငေးတွေသွားသည်၊

အတန်ကြာမှ...

သူက ယိုကျှင်းအား စိုက်ကြည့်ကာ မေးလိုက်၏၊

'သေချာရဲ့လား'

ယိုကျှင်းက ပြုံးလိုက်သည်၊

'သိပ်သေချာတာပေါ့၊ ငါကိုယ်တိုင် မျက်မြင် တပ်အပ် တွေ့ခဲ့တာ'

ယိစန်း၏မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပလာ၏၊

ယိုကျှင်းက ဆက်ပြောလိုက်သည်၊



'ဒီကောင်လေးရဲ့ သက်ထဲမှာ ကိုင်ထားတဲ့အထုပ်ကို တွေ့တယ် မဟုတ်လား'

ယိစန်းက ခေါင်းညိတ်လိုက်၏၊

'အေး...တွေ့သားပဲ'

ယိုကျှင်းကပြုံးကာ ပြောလိုက်သည်၊

'အဲဒီအထုပ်ထဲမှာ ရွှေတွေရှိလိမ့်မယ်'

ထိုစကားကြောင့် ယိစန်းမှာ စိတ်ပျက်လက်ပျက် ဖြစ်သွား၏၊

'ရှိလိမ့်မယ် ဟုတ်လား၊ ဒါဆို ရှိတယ်ဆိုတာ မသေချာဘူးပေါ့'

ယိုကျှင်းက တက်ကြွသော လေသံဖြင့် ပြောလိုက်သည်၊

'ရွှေမဟုတ်ဘူးဆိုရင်မှ အဖိုးတန်ပစ္စည်းပဲ ဖြစ်မယ်ဆိုတာကတော့ ကျိန်းသေပဲ၊ ငါ အဝတ်အစား သွားပို့တုန်းက သူ့အထုပ်ကို ဖွင့်ကြည့်နေတယ်ထင်တယ်၊ ငါရောက်သွားမှ ကမန်းကတန်းနဲ့ ပြန်သိမ်းလိုက်တာ တွေ့တယ်'

ယိစန်းက အနည်းငယ် စဉ်းစားလိုက်၏၊

သူတို့သည် ဤနေရာတွင် အစေခံအလုပ် လုပ်နေရ၍ဖြင့် ကြီးပွားချမ်းသာမည် မဟုတ်ချေ၊

သူတို့သည် အကောင်းဆုံးအရက်ကို သောက်လိုသည်၊

အလှဆုံး မိန်းကလေးများနှင့် တွဲလို၏၊

ထို့ပြင်...

အကောင်းဆုံး အစားအစာများ၊ အဝတ်အထည်များဖြင့် အဆင့်တန်းကျကျ နေထိုင်လိုကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဤဆန္ဒသည် သူတို့နှစ်ယောက်၏ရင်တွင်း၌ ကိန်းအောင်း နေခဲ့သည်မှာ ကြာပြီဖြစ်၏။

ယခု....

သူတို့၏ဆန္ဒ ပြည့်ဝစေရန် အခွင့်အရေးတစ်ရပ် ဖန်လာပြီ ဖြစ်သည်။

သူတို့အနေဖြင့် လက်နေးနေပါမည်လော။

အကြံကောင်းလျှင် စစ်ချက်ဆိုသကဲ့သို့ လေ့ထင်းစုန်ထိမ့် ပစ္စည်းများကိုအရယူနိုင်လျှင် သူတို့ရည်ရွယ်ချက် ပြည့်မြောက် ပေတော့မည်။

ဤသို့ဆိုလျှင်....

သူတို့သည် အဘယ်ကြောင့် တုံ့ဆိုင်း နေရပါမည်နည်း။

ယိကျွင်းက ယိစန်းကို စိုက်ကြည့်လိုက်၏။

'ငါဘာကြောင့် ဒီလိုပြောနေတယ်ဆိုတာ မင်းသဘော ပေါက်ရဲ့လား'

ယိစန်းက အားရပါးရ ပြုံးလိုက်သည်။

'ဟား....ဟား။ သိပ်သဘောပေါက်တာပေါ့ကွ။ ကဲ.... ဘယ်လိုလဲ ဒီနေ့ညပဲ အလုပ်စကြမလား'

ယိကျွင်းက အနည်းငယ် စဉ်းစားလိုက်၏။

ပြီးမှ....

ခေါင်းညိတ်ကာ ပြောလိုက်သည်။

'အေး....ဒီညပဲ စကြမယ်'

သူတို့စကားမဆုံးမီ အပြင်ဘက်မှ အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။



'ဘာတွေလုပ်နေကြမှာလဲ'

စကားဆုံးသည်နှင့် အခန်းထဲသို့လူတစ်ယောက်လှမ်းဝင် လာသည်ကို တွေ့လိုက်ရသည်။

ထိုလူကို တွေ့လိုက်ရသည်နှင့် ယိစန်းနှင့် ယိကျွင်းတို့၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားကြ၏။

ချက်ချင်းပင်....

ထိတ်လန့်တုန်လှုပ်မှုကြောင့် သူတို့၏ ခြေဖျားလက်ဖျားများ အေးစက်သွားကြလေတော့သည်။

✿

အခန်းထဲသို့ လူတစ်ယောက် လှမ်းဝင်လာ၏။

ထိုလူမှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိသောလူတစ်ယောက် ဖြစ်သည်။

အသက်လေးဆယ်ခန့်ရှိပြီး အနက်ရောင် အဝတ်အစား များ ဝတ်ဆင်ထား၏။

အသားအရည်မှာ လူသေကောင်ကဲ့သို့ ဖြူဖတ်ဖြူရော် ဖြစ်နေပြီး မျက်နှာမှာဟန်မူရာကင်းမဲ့နေသည်။

မည်သူမဆို....

www.burmeseclassic.com

www.burmeseclassic.com



ညအချိန်တွင် သူ့အားတွေ့မြင်လိုက်ရပါက ထိတ်လန့်တုန်လှုပ်သွားမည်သာ ဖြစ်၏။

အထူးသဖြင့်....

ရဲရဲနီနေသော မျက်လုံးများကြောင့် မကောင်းဆိုးရွားတစ်ကောင်နှင့်ပင် တူနေသေးသည်။

ထိုလူဝင်လာသည်ကို တွေ့သည်နှင့် ယိစန်းနှင့်ယိကျင်းတို့က ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်...

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ကြသည်။

'တာဝန်ခံကြီး၊ စွန်ကာမ်ကို ဂါရဝပြုပါတယ်'

မှန်ပါသည်။

ထိုလူမှာ စိတ်တိုင်းကျဧည့်ခိုခန်း၏ တာဝန်ခံ စွန်ကာမ်ပင် ဖြစ်၏။

ဆိုင်ပိုင်ရှင်က သူ့အား အစစအရာရာ လွှဲအပ်ထားသောကြောင့် စိတ်တိုင်းကျဧည့်ခိုခန်းတွင် အာဏာအရှိဆုံး လူတစ်ယောက်ဟု ဆိုရပေမည်။

စွန်ကာမ်သည် လက်နှစ်ဖက်ကို နောက်ပစ်ကာ အခန်းတွင်းသို့ အေးအေးဆေးဆေး လှမ်းဝင်လာလေသည်။

သူသည် ယိစန်းနှင့်ယိကျင်းတို့ ရှိနေသည်ကိုပင် ဂရုမထားဘဲ ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ရောက်ထိုင်ချလိုက်၏။

ပြီးမှ...

ယိစန်းနှင့် ယိကျင်းတို့ကိုကြည့်ကာ မေးလိုက်သည်။



'မင်းတို့ ဘာတွေတိုင်ပင်နေကြတာလဲ'

ယိစန်းနှင့်ယိကျင်းတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

ယင်းကြောင့်...

ယိကျင်းက ဟန်ဆောင်ပြုံးကာ ပြောလိုက်၏။

'ဟို...ဟို၊ ကျွန်တော်တို့က ညမွှေးပန်းဂေဟာကိုသွားဖို့ တိုင်ပင်နေကြတာပါ'

ညမွှေးပန်း ဂေဟာဆိုသည်မှာ ကြေးတန်းစားမယ်များ စုရုံးရာနေရာတစ်ခု ဖြစ်သည်။

စွန်ကာမ်က ပြုံးလိုက်၏။

'မင်းတို့နှစ်ယောက်စလုံး သွားလို့တော့ ဘယ်ဖြစ်မလဲ၊ တစ်ယောက်ယောက်တော့ ကျန်ရစ်ခဲ့မှ ဖြစ်မှာပေါ့'

ယိစန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်တို့နှစ်ယောက် ဘယ်သူကျန်ရစ်ခဲ့ရမယ်ဆိုတာ ဆုံးဖြတ်ဖို့အတွက် အလောင်းအစား လုပ်ဖို့ တိုင်ပင်နေကြတာပါ'

ထိုစကားကြောင့် စွန်ကာမ်၏မျက်နှာပေါ်မှ အပြုံးများ ကွယ်ပျောက်သွား၏။

သူက ယိစန်းကို စူးစူးရဲရဲကြည့်ကာ မေးလိုက်သည်။

'မင်းတို့ပြောတဲ့စကားတွေထဲမှာ လွှထင်းစုန်ဆိုတဲ့ လူတစ်ယောက်အကြောင်းပါတယ်၊ သူက ဘယ်သူလဲ'

ထိုစကားကြောင့် ယိစန်းနှင့် ယိကျင်းတို့မှာ မျက်နှာပျက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့အနေဖြင့် စွန်ကမ်အား လိမ်ညာပြောဆိုရန် မငြဲကြချေ။

ယင်းကြောင့်...

ယိစန်းက သက်ပြင်းချကာ ပြောလိုက်သည်။

'လေထင်းစုန်ဆိုတာ တည်းခိုခန်းမှ တည်းခိုခန်းခကို လူများထက် နှစ်ဆပိုပေးပြီး တည်းခိုနေတဲ့ တောသားလေးကို ပြောတာပါ'

စွန်ကမ်၏ မျက်ခုံးအစုံမှာ အပေါ်သို့ မြင့်တက်သွား၏။

'အာ... သူက တည်းခိုခန်းခကို နှစ်ဆပေးတယ် ဟုတ်လား'

ယိစန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

စွန်ကမ်၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွား၏။

'ဒါဆိုရင် သူ့ဆီမှာ ငွေတော်တော်များများ ပါလာနိုင်တယ်'

ယိစန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့...ကျွန်တော်တို့လဲ ဒီလိုပဲ ယူဆပါတယ်'

စွန်ကမ်က အနည်းငယ် စဉ်းစားလိုက်၏။

အတန်ကြာမှ...

သူက ယိစန်းနှင့် ယိကျင်းတို့အား စိုက်ကြည့်ကာ ပြောလိုက်သည်။



'သေသေချာချာ နားထောင်ကြစမ်း၊ မင်းတို့ သူ့ကိုတွေ့ရဲ့ လျှို့ဝှက် လောင်းကစားဝိုင်းကို ရောက်လာအောင် စည်းရုံးသိမ်းသွင်းရမယ် ကြားလား'

ထိုစကားကြောင့် ယိကျင်းမှာ စိတ်ခေတ်ကျဆင်းသွား၏။

သို့သော်...

သူ့အနေဖြင့် စွန်ကမ်အား ကလန်ကဆန် မလုပ်ဝံ့ပါချေ။

ယင်းကြောင့်...

ခေါင်းညိတ်ကာ ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ကြိုးစားပါ့မယ်'

စွန်ကမ်က သဘောကျစွာ ပြုံးလိုက်၏။

'ဒီကနေ့ ငါ့ဆီကို ငွေပေးမယ့်လူတွေ တော်တော်များများ ရောက်လာကြတာပဲ၊ တစ်ယောက်မှ လွတ်မထွက်သွားဖို့က အရေးကြီးတယ်၊ တစ်ယောက်ယောက်များ လွတ်သွားရင် ဘယ်လောက်နစ်နာမလဲဆိုတာ တွေးကြည့်စမ်းပါ။ အဲ... ငါသွားမယ်၊ မင်းတို့နှစ်ယောက် ငါပေးတဲ့တာဝန်ကို ထမ်းဆောင်နိုင်ကြလိမ့်မယ်လို့ ငါယုံကြည်တယ်'

စကားဆုံးသည်နှင့် အခန်းတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

စွန်ကမ် အခန်းအပြင်ဘက်သို့ ရောက်ရှိသွားသည်နှင့် ယိစန်းနှင့် ယိကျင်းတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ယိကျောင်းက ယိစန်းအား မကျေမနပ်ဖြင့် ပြောလိုက်သည်။

'ကဲ...ကို ဘယ်လိုလုပ်ကြမလဲ၊ မင်း လျှောက်ပြောနေတာနဲ့ စွန့်ကမ်က လွှေထင်းစုန်ကို စိတ်ဝင်စားနေပြီ'

ယိစန်းက ခေါင်းတစ်ချက်ကွန့်လိုက်၏။

'စွန့်ကမ်ရဲ့အကြောင်းကို မင်းလဲ သိသားပဲ၊ ငါတို့ပြောတဲ့စကားတွေအားလုံး သူ ကြားဘူးလို့ ပြောနိုင်မလား'

ယိကျောင်းက ပါးစပ်ပိတ်ထားလိုက်သည်။

ယိစန်းက ဆက်ပြောလိုက်၏။

'တို့တစ်တွေက စွန့်ကမ်ကို လှည့်စားလို့မှ မရတော့ သူ နိုင်းတဲ့အတိုင်း လုပ်ရုံပေါ့'

ယိကျောင်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

'ဒါဖြင့် ငါတို့အတွက်...'

သူ၏စကားမဆုံးမီ ယိစန်းက လက်ကာပြလိုက်၏။

'မင်း စိတ်မပူပါနဲ့၊ တို့အတွက် အချိန်ရှိပါသေးတယ်'

ယိကျောင်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာလဲ...မင်းမှာ အကြံရှိနေလို့လား'

ယိစန်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ စွန့်ကမ်က လွှေထင်းစုန်ကို စည်းရုံးဖို့ တို့ကို တာဝန်ပေးခဲ့ပြီးပြီ မဟုတ်လား၊ တို့ကသာ သူ့ကို စည်းရုံးနိုင်ရင် စွန့်ကမ်လဲ အကျိုးရှိမယ်၊ တို့လဲ အကျိုးရှိမှာပေါ့'

ယိကျောင်းမှာ စိတ်ဝင်စားသွားသည်။

သူ အငမ်းမရ မေးလိုက်၏။



'မင်းက ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားလို့လဲ'

ယိစန်းက ပြုံးလိုက်သည်။

'အချိန်တန်ရင် မင်းသိရမှာပေါ့ကွာ'

ယိစန်း၏စကားကြောင့် ယိကျောင်း၏စိတ်ထဲတွင် မချင့်မရဲ ဖြစ်သွားရလေတော့သည်။

ညဉ့်နက်လာပြီဖြစ်၏။

ဖွင့်ထားသော ပြတင်းတံခါးပေါက်မှတစ်ဆင့် အခန်းတွင်းသို့ လေနုအေးများ တိုးဝှေ့ဝင်ရောက်လာသည်။

လွှေထင်းစုန်သည် မှန်ရှေ့တွင် ရပ်နေ၏။

ယခု...

သူ၏ကိုယ်ပေါ်တွင် ညစ်ပတ်ပေကျံနေသော အဝတ်အစားများ ရှိမနေတော့ပါချေ။

သစ်လွင်တောက်ပသော ပိုးဖဲအဝတ်အစားများက နေရာယူထားကြပြီ ဖြစ်သည်။

ယင်း ပိုးဖဲအင်္ကျီအဝတ်အစားများသည် သူဌေးသူကြွယ်များသာ ဝတ်ဆင်နိုင်ကြသော အဝတ်အစားများပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လှေ့ထင်းစုန်သည် မှန်ထဲတွင် ပေါ်နေသော သူ၏ပုံရိပ်ကို ကျေနပ်နှစ်သိမ့်စွာ ကြည့်ရှုနေသည်။

ကျုံအဝတ်အစားများ မဝတ်ဆင်မီ သူက တစ်ကိုယ်လုံးအား ရေနွေးဖြင့် ဆေးကြောသုတ်သင်ခဲ့၏။

ယင်းကြောင့်...

သူ၏ခန္ဓာကိုယ်သည် ချေးနံ့များဖြင့် နံစော်နေခြင်း မရှိတော့ချေ။

ရုတ်တရက်...

သူသည် တည်းခိုခန်းအပြင်ဘက်တွင် တွေ့ခဲ့ရသည့် မြင်းလှည်းပေါ်မှ သခင်မလေးဆိုသည့် မိန်းကလေးအား သတိရလိုက်မိသည်။

သူသည် ထိုမိန်းကလေးအား စွဲလမ်းငြိတွယ်ခဲ့ပြီဖြစ်၏။

လှေ့ထင်းစုန်၏ ရင်ထဲတွင် ထိုမိန်းကလေးနှင့် ထပ်မံတွေ့လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာသည်။

ထိုစဉ်မှာပင်...

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'ခေါက်...ခေါက်...ခေါက်'

လှေ့ထင်းစုန်မှာ အံ့အားသင့်သွားသည်။

ယခုအချိန်တွင် မည်သူကများ တံခါးလာခေါက်ပါသနည်း။

သို့သော်...

သူက တွေဝေစဉ်းစားနေခြင်းမရှိဘဲ တံခါးကို သွားရောက်ဖွင့်ပေးလိုက်၏။



တံခါးပွင့်သွားသောအခါ အပြင်ဘက်တွင် လူသန်ကြီးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူသန်ကြီးမှာ ယိစန်းဖြစ်၏။

ယိစန်း၏ လက်ထဲတွင် လင်ဗန်းတစ်ချပ် ကိုင်ဆောင်ထားသည်။

လင်ဗန်းထဲတွင်မူ စားသောက်ဖွယ်ရာများနှင့် အရက်များ ပါလာ၏။

စားသောက်ဖွယ်ရာများမှာ စုံလင်ပြီး စားချင့်စဖွယ် အငွေ့တထောင်းထောင်း ထနေပေသည်။

လှေ့ထင်းစုန်က မျက်ခမောင်ကြုတ်လိုက်၏။

'ကျုပ်အတွက် စားသောက်စရာ လာပို့တာလား'

ယိစန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လှေ့ထင်းစုန်မှာ အံ့အားသင့်သွား၏။

'ကျုပ် မမှာထားပါဘူး'

ယိစန်းက ပြုံးလိုက်သည်။

'ကျွန်တော်တို့တည်းခိုခန်းက တည်းခိုတဲ့ သူတွေအတွက် စားသောက်ဖို့ပါ စီစဉ်ပေးပါတယ်၊ ဆရာလေးရောက်လာကတည်းက စားသောက်စရာအတွက် ကျသင့်ငွေကိုယူထားပြီးပါပြီ၊ ဒါကြောင့် လာပို့ပေးရတာပါ'

လှေ့ထင်းစုန်မှာ သဘောကျသွားသည်။

စားသောက်ဖွယ်ရာများမှ မွှေးပျံ့သော ရနံ့ကြောင့် သူ၏ဝမ်းဗိုက်ထဲမှ ဆာလောင်မွတ်သိပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့်....

သူက ခေါင်းကိုဆတ်ခနဲညိတ်ကာ ပြောလိုက်သည်။

'ကောင်းပြီ အထဲကိုယူလာခဲ့ပါ'

ယိစန်းက အားရပါးရပြုံးကာ အခန်းတွင်းသို့ လှမ်းဝင်လိုက်၏။

အခန်းတွင်းသို့ ရောက်သောအခါ လင်ဗန်းကို စားပွဲပေါ်သို့ တင်လိုက်သည်။

ထို့နောက်....

ကုလားထိုင်တစ်လုံးကို လှေထင်းစုန်ရှေ့တွင် ချပေးလိုက်သည်။

'ဆရာလေး ထိုင်ပါ'

လှေထင်းစုန်က ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

ယိစန်းက လှေထင်းစုန်အား ကြည့်ကာ ခေါ်လိုက်၏။

'ဆရာလေး'

လှေထင်းစုန်က သူ့အား မော့ကြည့်လိုက်သည်။

'ခင်ဗျား ဘာပြောချင်လို့လဲ'

ယိစန်းက ပြုံးလိုက်၏။

'ဆရာလေးက ကျုပ်ရဲ့ညီလေးကို အဝတ်အစားတွေ ဝယ်ခိုင်းခဲ့တယ်ဆို၊ သူဝယ်လာတာတွေကို သဘောကျရဲ့လား'

လှေထင်းစုန်မှာ အံ့ဩသွားသည်။

'ဟင်... ခင်ဗျားတို့က ညီအစ်ကိုလား'

ယိစန်းက ခေါင်းညိတ်လိုက်၏။



'ဟုတ်ပါတယ်'

လှေထင်းစုန်က ပြုံးလိုက်သည်။

'ဒါဆိုရင် သူ့ကို ကျုပ်က ကျေးဇူးတင်ပါတယ်လို့ပြောလိုက်ပါဗျာ၊ သူဝယ်လာတာတွေက ကျုပ်နဲ့တိုင်းပြီး ချုပ်ထားသလားထင်ရအောင် အံကိုက်ဖြစ်နေတယ်'

ယိစန်းက သဘောကျစွာ ရယ်မောလိုက်၏။

'ဟဲ...ဟဲ၊ သူက မျက်မှန်းသိပ်ကောင်းတာဗျ၊ သူက ဆရာလေးရဲ့ ခန္ဓာကိုယ်အနေအထားကို တိုင်းထွာနိုင်ရုံမကဘူး၊ ဆရာလေးဟာ အင်မတန် စိတ်ကောင်းရှိတယ်၊ ငွေကိုလဲ ဖောဖောသီသီ သုံးစွဲနိုင်တယ်၊ ဒါပေမယ့် ဆရာလေးဟာ အကြောင်းတစ်ခုခုကြောင့် စိတ်ဆင်းရဲနေရတယ်ဆိုတာ သူ ခန့်မှန်းမိတယ်ဗျာ'

လှေထင်းစုန်မှာ ရင်ထိတ်သွားသည်။

ယိစန်း၏ညီဆိုသူမှာ လူကဲခတ် အလွန်တော်သူ တစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား။

လှေထင်းစုန် အနည်းငယ်မျက်နှာပျက်သွားသည်ကို တွေ့လိုက်ရသောအခါ သူ့စကားမှာ အမှန်နှင့်နီးစပ်သွားပြီဖြစ်ကြောင်း ယိစန်းက သဘောပေါက်လိုက်၏။

သူ၏စိတ်ထဲမှာ တက်ကြွလာလေသည်။

ထို့စဉ်မှာပင်....

လှေထင်းစုန်က သက်ပြင်းချကာ ပြောလိုက်သည်။

'ခင်ဗျားညီက မဆိုးဘူး၊ ဒါပေမယ့် ကျုပ်မှာ ဘာမှစိတ်ဆင်းရဲစရာ မရှိပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com

ယိစန်းမှာ လက်မလျှော့ပါချေ။

သူက တက်ကြွသောလေသံဖြင့် ပြောလိုက်၏။

'အို…ဘာပဲဖြစ်ဖြစ် စိတ်တိုင်းကျတည်းခိုခန်းကို ရောက်လာတဲ့လူမှန်သမျှ စိတ်ဆင်းရဲစရာတွေ ပြေပျောက်ပြီး စိတ်ချမ်းသာစေရမယ်၊ ဆရာလေးအတွက် စိတ်အပန်းဖြေစရာတွေ ဒီမှာအများကြီးရှိပါတယ်'

လွှထင်းစုန်မှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူက ယိစန်းအား နားမလည်နိုင်စွာဖြင့် စိုက်ကြည့်လိုက်သည်။

'ခင်ဗျားက ဘာကိုဆိုလိုတာလဲဗျ'

ယိစန်းက ပြုံးလိုက်သည်။

'ကျုပ်တို့ တည်းခိုခန်းမှာ အကောင်းဆုံး စားသောက်စရာတွေနဲ့ အကောင်းဆုံးအရက်တွေ ရှိတယ်၊ တကယ်လို့ ဆရာလေး သဘောကျမယ်ဆိုရင် ချောမောလှပတဲ့ မိန်းကလေးတွေကို အဖော်အဖြစ်ခေါ်ပေးနိုင်ပဲတယ်၊ ပြီးတော့…'

သူ၏စကားမဆုံးမီ လွှထင်းစုန်က လက်ကာပြလိုက်၏။

'ဒါတွေကို ကျုပ်စိတ်မဝင်စားပါဘူးဗျာ'

လွှထင်းစုန်က ငြင်းဆန်လိုက်သော်လည်း ယိစန်းက စိတ်မပျက်ပါချေ၊ သူကပြုံးကာ ဆက်ပြောလိုက်၏။

'မဟုတ်သေးဘူးလေ ဆရာလေးရဲ့၊ စိတ်ညစ်စရာတွေ ပျောက်သွားစေမယ့် နည်းလမ်းတွေ အများကြီးရှိပါတယ်၊ ငွေရေးကြေးရေးကြောင့် စိတ်ညစ်နေသလား၊ မပူပါနဲ့၊ ဒီနေရာမှာ လျှို့ဝှက် လောင်းကစားဝိုင်းတွေရှိတယ်၊ ဆရာ



လေးကံကောင်းရင် တစ်ညတည်းနဲ့ သူဌေးဖြစ်သွားနိုင်တယ်'

လွှထင်းစုန်က ခေါင်းခါယမ်းလိုက်ပြန်၏။

'လောင်းကစားအာလဲ ကျုပ်စိတ်မဝင်စားပါဘူးဗျ'

ယိစန်းက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'မဟုတ်သေးဘူးလေ၊ ခဏလောက်ဖြစ်ဖြစ် ဆရာလေးသွားကြည့်ရင် ကောင်းမယ်၊ ကျုပ်ပြောသလို ပျော်စရာတွေ တွေ့လာမှာအမှန်ပဲ'

လွှထင်းစုန်မှာ စိတ်ရှုပ်သွား၏။

သူက စိတ်မပါတပါဖြင့် မေးလိုက်သည်။

'လောင်းကစားဝိုင်းမှာ လူတစ်တော် များသလားဗျ'

ယိစန်းက ခေါင်းညိတ်လိုက်၏။

'ဒီတည်းခိုခန်းမှာရှိတဲ့ လူသုံးပုံနှစ်ပုံလောက်ဟာ လောင်းကစားဝိုင်းကို ရောက်နေကြပါပြီ၊ သူတို့လဲ သူဌေးဖြစ်ချင်ကြတယ် မဟုတ်လား'

လွှထင်းစုန်မှာ တွေဝေသွားသည်။

သူက အင်္ကျီအိတ်ထဲသို့ မသိမသာ စမ်းကြည့်လိုက်၏။

အိတ်ထဲတွင် ငွေတုံးကလေးများနှင့် ငွေလွှဲလက်မှတ်များ အထင်လိုက်ရှိနေသေးသည်။

ဆရာဖြစ်သူက သူ့အား လမ်းခရီးတွင် လိုလေသေးမရှိ သုံးစွဲနိုင်ရန် စီစဉ်ပေးလိုက်ခြင်း ဖြစ်၏။

ယင်းငွေများသည် သူ၏ အသွားအပြန် ခရီးစရိတ်အတွက် ကောင်းစွာလုံလောက်ပေသည်၊ သို့သော်…

www.burmeseclassic.com

www.burmeseclassic.com

လွှထင်းစုန်အနေဖြင့် မိမိအတွက် အပြန်ခရီးအတွက် ငွေကြေးချန်ထားရန် မလိုဟု ယူဆထား၏။

အကြောင်းကား....

သူ့အနေဖြင့် ရန်သူကိုနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ မည်သည့်နည်းနှင့်မဆို အရှုံးခံပေးရမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ရန်ကြွေးဖြေရှင်းရာ၌ မိမိက အရှုံးပေးလိုက်ပါက အသက်နှင့်ခန္ဓာ ခွဲခွာရမည့်မှာ ကျိန်းသေသင့် မဟုတ်ပါလား။

ဤသို့ဆိုလျှင်....

သူ့ထံတွင်ရှိနေသော ငွေကြေးနှင့်ငွေလွှဲလက်မှတ်များမှာ သူ့အတွက် မည်သို့မျှ အသုံးဝင်တော့မည် မဟုတ်ချေ။

ယင်းကြောင့်....

မိမိထံတွင်ပါလာသော ငွေများအား အကုန်လုံးသို့ထဲ ရန် လွှထင်းစုန်ကဆုံးဖြတ်လိုက်၏။

ထိုစဉ်မှာပင် ယိစန်း၏စကားသံ ထွက်ပေါ်လာပြန် သည်။

'ဆရာလေးနဲ့ ရှေ့ဆင့်နောက်ဆင့် ရောက်လာတဲ့ မိန်းကလေးတွေဟာပင် လောင်းကစားဝိုင်းကို ရောက်နေပြီဗျ'

ထိုစကားကြောင့် လွှထင်းစုန်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ချက်ချင်းပင် သူက ခေါင်းညိတ်ကာ ပြောလိုက်သည်။



'ကောင်းပြီ၊ ကျုပ် လောင်းကစားဝိုင်းကို သွားမယ်၊ ခင်ဗျားလိုက်ပို့ပါ'

ယိစန်းက ပြုံးလိုက်၏။

ယခု....

သူသည် စွန့်ကာမ်ပေးလိုက်သော တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ချေပြီ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### ခေါင်းတုံးပေါ်ထိုင်ကူတီ

လောင်းကစားခန်းမ။

လောင်းကစားခန်းမသည် စိတ်တိုင်းကျ တည်းခိုခန်း၏ ဝဲဘက်ရှိ သီးခြားအဆောင်တစ်ခုတွင် တည်ရှိ၏။

ထိုအဆောင်ထဲတွင် မီးများထိန်ထိန်လင်းနေပြီး စကားသံများ ဆူညံစွာ ထွက်ပေါ်နေသည်။

ဤနေရာတွင် ကြေးပြားတစ်ပြားမှစ၍ ငွေသောင်းနှင့် သိန်းနှင့်ချီကာ လောင်းကစားနိုင်သော ကစားဝိုင်းများ ရှိနေ၏။

ယင်းကြောင့်....



ဤနေရာတွင် အလွန်ချမ်းသာသောသူဌေး၊ ဘဝမှအဝတ်တစ်ထည် ကိုယ်တစ်ခုသာ ကျန်တော့သည့် အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့သွားသူများ ရှိခဲ့ကြသည်။

သို့သော်....

ဤနေရာမှ ချမ်းသာ ကြွယ်ဝသွားသူဟူ၍ လုံးဝမရှိခဲ့ဖူးပါချေ။

အကြောင်းကား....

လောင်းကစားဝိုင်း တည်ထောင်သူများက လာရောက်လောင်းကစားသူများ လိမ်လည်လှည့်ဖြားကာ လောင်းကစား-တတ်ခြင်းကြောင့် ဖြစ်၏။

ယခု....

လောင်းကစားခန်းမထဲသို့ လူရွယ်တစ်ယောက် ဝင်ရောက်လာသည်။

မေလှထင်းစိန်ပင် ဖြစ်၏။

သူသည် ယခင်ပြောသကဲ့သို့ ချမ်းသာ ကြွယ်ဝလို၍ ရောက်ရှိလာခြင်း မဟုတ်ချေ။

ချမ်းသာကြွယ်ဝခြင်းနှင့် ဆင်းရဲခြင်းတို့သည် သူ့ဘဝအတွက် မည်သို့မျှအဓိပ္ပာယ်ရှိတော့မည် မဟုတ်ပါချေ။

သူသည် တစ်ခုတည်းသော နောက်ဆုံးမျှော်လင့်ချက်ဖြင့် လောင်းကစားခန်းမသို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်သည်။

ယင်းမျှော်လင့်ချက်မှာ သူ့ခွဲလန်း၊ မြတ်နိုး ခဲ့ရသော မိန်းကလေးအား နောက်ထပ်တစ်ကြိမ် ပြန်လည်တွေ့ဆုံရန် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်....

'ဟော....'

ပျော်ရွှင်စွာ အော်ဟစ်လိုက်သော အသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

လောင်းကစားဒိုင်က ထိုးသားများအား အလျော်ပေး လိုက်သောကြောင့် ဝမ်းသာအားရ အော်ဟစ်လိုက်သော အသံများပင် ဖြစ်သည်။

စိတ်တိုင်းကျ တည်းခိုခန်းသည် လောင်းကစားခန်းမကို လျှို့ဝှက်စွာ တိတ်တဆိတ် ဖွင့်လှစ်ထားခြင်း ဖြစ်၏။

သို့သော်....

လောင်းကစားဝိုင်းများမှထွက်ပေါ်လာသော ဆူညံသည့် အသံများကို ဖုံးအုပ်ထားနိုင်စွမ်း မရှိပါချေ။

ဤအတွက် တည်းခိုခန်းပိုင်ရှင်က စိတ်ပူလိမ့်မည် မဟုတ် ပါချေ။

အကြောင်းကား....

သူသည် အကျင့်ပျက်သောလုံစနီ မြို့တော်ဝန်နှင့် အလွန် ရင်းနှီးသော မိတ်ဆွေဖြစ်နေခြင်းကြောင့် ဖြစ်သည်။

သူသည် မြို့တော်ဝန်အား လက်ဆောင်ပစ္စည်းများ အမြဲ မပြတ်ပို့ပေးခြင်းအားဖြင့် သူ၏ လောင်းကစားဝိုင်းကိုပို၍ လွတ်လပ်စေ၏။

လောင်းကစား ခန်းမထဲတွင် လောင်းကစားဝိုင်းများ လေးငါးဝိုင်းခန့် ရှိနေသည်။



လောင်းကစားဝိုင်းတိုင်းတွင်လည်း လူများ ဝိုင်းအုံကာ လောင်းကစား နေကြ၏။

လှေထင်းစုန့်သည် လောင်းကစားခန်းမထဲသို့ ခြေချမိ သည်နှင့် သခင်မလေးဆိုသည့် မိန်းကလေးအား မျက်လုံး ဝေ့ယမ်းကာ ရှာဖွေကြည့်လိုက်သည်။

သခင်မလေးဆိုသည့် မိန်းကလေးသည် သူ၏ အဖော် မိန်းကလေးနှစ်ယောက်နှင့်အတူ လောင်းကစားဝိုင်းတစ်ဝိုင်း တွင် ရှိနေ၏။

သူမထိုင်နေသော လောင်းကစားဝိုင်းတွင် လူ ဆယ် ယောက်ခန့် ရှိနေပေသည်။

လောင်းကစား ခန်းမတွင်းရှိ လောင်းကစားဝိုင်းများ အနက် လူ မနည်းဆုံး လောင်းကစားဝိုင်းတစ်ခုပင် ဖြစ်၏။

လှေထင်းစုန့်က ထိုလောင်းကစားဝိုင်းရှိရာသို့ လျှောက် သွားရန် ဟန်ပြင်လိုက်သည်။

ထိုအခါ....

သူနှင့်အတူ လိုက်ပါလာသော ယိစန်းက သူ့အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

'ဆရာလေး....ဘယ်ကိုသွားမလို့လဲဗျ'

လှေထင်းစုန့်က သခင်မလေး ထိုင်နေသော လောင်းက စားဝိုင်းကို လက်ညှိုးထိုးပြလိုက်သည်။

'ကျုပ်သွားပြီး လောင်းကစားမယ်လေ'

ယိစန်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ...ဆရာလေး၊ အဲဒီဝိုင်းက ကြေး အင်မတန်များ တယ်ဗျ'

လေ့ထင်းစုန်က မျက်မှောင်ကြုတ်လိုက်သည်။

'လောင်းကြေး ဘယ်လောက်ရှိလို့လဲ'

ယိစန်းက လက်တစ်ချောင်း ထောင်ပြလိုက်၏။

'အနည်းဆုံး တစ်ခါလောင်းရင် တစ်ထောင် လောင်းရပါတယ်'

လေ့ထင်းစုန်က ပြုံးလိုက်သည်။

'အများဆုံးတကော....'

ယိစန်းက သူ့အား အကဲခတ်ကြည့်ကာ ပြောလိုက်၏။

'ဆရာလေး ကြိုက်သလောက် လောင်းနိုင်ပါတယ်'

လေ့ထင်းစုန်က သူ့အား စိုက်ကြည့်လိုက်သည်။

'ကျုပ်က တစ်လှည့်ကို ငွေတစ်သိန်း လောင်းမယ်ဆိုရင်ကော....'

ယိစန်းက ခေါင်းညိတ်လိုက်၏။

'သူတို့က ဝမ်းသာအားရ လက်ခံကြမှာ'

လေ့ထင်းစုန်က မျက်မှောင်ကြုတ်လိုက်သည်။

'ဘာကြောင့် ဝမ်းသာကြမှာလဲ၊ သူတို့က ကျိန်းသေ နိုင်မယ်လို့ တွက်ဆထားလို့လား'

ယိစန်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ လောင်းကစားတဲ့လူတွေဟာ ရှုံးကြတာများပါတယ်၊ ဒိုင်ကတော့ တစ်ခါမှ မရှုံးသေးဘူးဗျ'



ယိစန်းက လေ့ထင်းစုန်အား ကြေကြီးကြီး လောင်းကစားခြင်းမပြုရန် သွယ်ဝိုက်၍ သတိပေးလိုက်ခြင်းဖြစ်သည်။

လေ့ထင်းစုန်တွင် ငွေများများကျန်နေမှ သူတို့အတွက် မျှော်လင့်ချက်ရှိမည် မဟုတ်ပါလား။

လေ့ထင်းစုန်က ပြုံးလိုက်၏။

လောင်းကစားဒိုင်သည် မတရားနည်းလမ်းများကို အသုံးပြုကာ ထိုးသားများထံမှငွေကို အရယူနေခြင်းဖြစ်ကြောင်း သူက သဘောပေါက်လိုက်သည်။

ထိုအခါ....

မတရားမှုကို ခေါင်းငုံ့မခံတတ်သော စိတ်ထားက သူ၏ နှင်ထဲတွင် ခေါင်းပြူလာလေ၏။

ယင်းကြောင့်....

သူက လောင်းကစားဒိုင်အား ဆုံးမရန် ဆုံးဖြတ်လိုက်သည်။

သူက ယိစန်းအား ပြုံးပြလိုက်၏။

'ကောင်းတယ်၊ ကျုပ်ကလဲ ဒီလိုဝိုင်းမျိုး သဘောကျသာ'

စကားဆုံးသည်နှင့် ကစားဝိုင်းဆီသို့ တန်းဘန်းမတ်မတ် လျှောက်သွားလေသည်။

ယိစန်းက ဟန့်တားရန် ဟန်ပြင်လိုက်၏။

သို့သော်....

ကစားဝိုင်းဘက်နေရာမှ သူတို့အား အကဲခတ်နေသော မျက်ဝန်းအစုံကို တွေ့လိုက်ရသဖြင့် ကိုယ်ရှိန်သတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု....

လှေထင်းစုန်ထဲတွင် ငွေအမြောက်အမြား ရှိနေသည်ဟူသော သူ၏ယုံကြည်ချက်မှာ ပို၍ခိုင်မာလာ၏။

သို့သော်....

လှေထင်းစုန်ထဲမှ ငွေများမှာ သူ့အတွက် မဟုတ်တော့ချေ!

စွန်ကမ်အတွက် ဖြစ်နေရပြီ မဟုတ်ပါလား။

ထိုစဉ်မှာပင်....

သူ၏ပခုံးကို တစ်စုံတစ်ယောက်က လာရောက်ဆုပ်ကိုင်လိုက်သည်။

ယိစန်းမှာ ထိတ်လန့်စွာ ခေါင်းမော့ကြည့်လိုက်၏။

ထိုအခါ....

ယိကျုင်းဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ယိစန်းက ယိကျုင်းအား စိတ်ပျက်အားလျော့သောလေသံဖြင့် ပြောလိုက်၏။

'လှေထင်းစုန်ဆီက ငွေတွေကို စွန်ကမ်ရသွားတော့မယ်ကွ....'

ယိကျုင်းက မဲ့ပြုံးပြုံးလိုက်သည်။

'သူက မလှေထင်းစုန်ရဲ့ အိတ်ထဲက ငွေတွေကိုပဲ ရမှာပါကွာ'

ယိစန်းက မျက်မှောင်ကြုတ်လိုက်၏။

'မင်းက ဘာကိုဆိုလိုတာလဲ'

ယိကျုင်းက ပြုံးလိုက်သည်။



'မင်းတယ်ထဲ အာလိုက်တာ၊ လှေထင်းစုန်ရဲ့ အခန်းထဲမှာ ကျန်နေခဲ့တဲ့ ပစ္စည်းတွေက ကိုအတွက်ပဲပေါ့'

ထိုစကားကြောင့် ယိစန်း၏ မျက်နှာမှာ ဝင်းလက်သွား၏။

သူက ယိစန်း၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

'ဟုတ်သားပဲ၊ ငါ ဒါကို သတိမထားမိဘူး'

သူတို့နှစ်ယောက်သည် ပတ်ဝန်းကျင်အား မသိမသာ အကဲခတ်ကြည့်ရှုလိုက်၏။

သူတို့အား မည်သူတစ်ဦး ဂရုမစိုက်သည်ကို တွေ့ရမှ လောင်းကစားခန်းမှ မယောင်မလည်ဖြင့် ထွက်ခွာသွားလေတော့သည်။

လောင်းကစားခန်းမတစ်ခုလုံး ဆူညံနေကြ၏။

သို့သော်....

တစ်နေရာသည်းသော လောင်းကစားဝိုင်းမှမူ ငြိမ်သက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကောင်းကစားဝိုင်းသည် အဆောင်၏ အတွင်းပိုင်း ထောင့်စွန်းတွင်ရှိ၏။

အလွန်ကြီးမားသော စားပွဲရှည်တစ်ဖက်တွင် လောင်းကစားဒိုင်နှင့် ငွေကိုင်သူများ ရှိနေကြသည်။

ထိုသူများနှင့် မျက်နှာချင်းဆိုင်တွင် လောင်းကစားသူများ ထိုင်နေကြ၏။

စားပွဲပေါ်တွင် ငွေလွှဲလက်မှတ်များ၊ ငွေတုံးများ အစုလိုက် အပုံလိုက်ရှိနေသည်။

လှေထင်းစုန်သည် လွတ်နေသော ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

သူထိုင်ချသော ကုလားထိုင်မှာ သခင်မလေး ဆိုသော မိန်းကလေးနှင့် ကပ်လျက်ထိုင်ခုံ ဖြစ်နေသည်။

လှေထင်းစုန် ထိုင်ချလိုက်သောအခါ သခင်မလေး၏ ရုံရွှေဘော် မိန်းကလေးနှစ်ယောက်က မနှစ်မြို့သလို လှမ်းကြည့်လိုက်ကြ၏။

သို့သော်....

သခင်မလေးကမူ လှေထင်းစုန်အား ဂရုစိုက်ဟန်မပြဘဲ အန်စာတုံးအပေါ်၌သာ စိတ်ဝင်စားနေသည်။

ထိုအချိန်မှာပင်....

ကစားဝိုင်းမှာ အသံတစ်ဖန် ပြန်စနေပြီဖြစ်ကြောင်း ကြွေလိုက်ရ၏။

ဒိုင်လုပ်သူက အားလုံးကို တစ်ချက် ဝေ့ယမ်းကြည့်လိုက်သည်။



'ကဲ.... အားလုံး ကြိုက်သလောက် ထိုးနိုင်ပါတယ်ဗျာ'

သူ၏စကားဆုံးသည်နှင့် ထိုးသားများက မိမိတို့၏ရှေ့တွင် ငွေလွှဲလက်မှတ်များ၊ ငွေတုံးများကို စုပုံလိုက်ကြ၏။

သို့သော်....

လှေထင်းစုန်ကမူ ငွေပုံခြင်း မရှိသေးပါချေ။

ဒိုင်လုပ်သူက လှေထင်းစုန်အား ကြည့်ကာ မေးလိုက်သည်။

'မိတ်ဆွေ...ဘယ်လောက်ထိုးမှာလဲ'

လှေထင်းစုန်က ပြုံးလိုက်၏။

'တစ်ဝိုင်းလုံးထိုးတဲ့ငွေကို ကျုပ်က ထိုးတယ်လို့ သဘောထားလိုက်ပါ၊ ကျုပ်နိုင်ရင် အဲဒီငွေနဲ့ ညီမျှတဲ့ငွေ ကျုပ်ကို လျော်ရမယ်၊ ကျုပ်ရှုံးရင်တော့ အားလုံးပေါင်းတဲ့ ငွေနဲ့ညီတဲ့ တန်ဖိုးကို ကျုပ်လျော်မယ်'

ဒိုင်လုပ်သူမှာ မျက်နှာပျက်သွားသည်။

တစ်ဝိုင်းလုံး ထိုးထားသောငွေမှာ အလွန်များပြားနေသည် မဟုတ်ပါလား။

သူက လှေထင်းစုန်ကို အကဲခတ်ကြည့်လိုက်၏။

'ခင်ဗျားမှာ ငွေပါရဲ့လား'

လှေထင်းစုန်၏ မျက်နှာမှာ နီရဲသွားသည်။

'ငွေမရှိရင် ကျုပ် ဒီကိုလာပါ့မလား၊ တော်ပြီ....ကျုပ်ကို မယုံမှတော့....'

သူ၏စကားမဆုံးမီ အခြေအနေကို စောင့်ကြည့်နေသော ရွှန်ကမ်က ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်…. လူပြောသလို လယ်ခံလိုက်ပါ၊ ငွေအကြောင်း မမေးမှုပါနဲ့'

တစ်ဆက်တည်းပင်….

သူက လှေထင်းစုန်အား တောင်းပန်လိုက်သည်။

'စိတ်မရှိပါနဲ့ဗျာ၊ သူတို့အစား ကျုပ်တောင်းပန်ပါတယ်'

လှေထင်းစုန်က မျက်မှောင်ကြုတ်လိုက်၏။

'ခင်ဗျားက ဘယ်သူလဲ'

စွန်ကာမ်က လက်နှင့်လက်ဆုပ်ထား၍ ဦးညွှတ်လိုက်သည်။

'ကျုပ်က ဒီတည်းခိုခန်းရဲ့ အာမခံပါ'

လှေထင်းစုန်က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

အမှန်တော့….

သူ့ထံတွင် ရှိနေသော ငွေမှာ လမ်းခရီးစာရိတ်လောက်သာ ပြည့်စုံရုံသာ ရှိနိုင်သော်လည်း ကောင်းကောင်းနေ လုံလောက်ခြင်း မရှိပါချေ။

သို့သော်….

သူက မေးရေး လိမ်ညာလှည့်ဖြား၍ လူအများ၏ငွေများကို ရယူနေသော လူများအား ချုံ့မှုန်အတွက် ဝင်ရောက် ကာကွယ်ခြင်းသာဖြစ်၏။

ဒိုင်လုပ်သူက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားနဲ့ကျုပ် အရင်ကစားကြည့် ရအောင်'

စကားဆုံးသည်နှင့် အန်စာတုံးများကို ခွက်တွင်ထည့်၍ ခေါက်လိုက်၏။



ထို့နောက်….

လှေထင်းစုန်အား လှမ်းပေးလိုက်သည်။

'ကဲ…မိတ်ဆွေ ကံစမ်းကြည့်ရအောင်'

လှေထင်းစုန်က ခွက်ကိုယူကာ အန်စာတုံးများအား စိုက်ကြည့်လိုက်၏။

ထိုအခါ….

အမြင်အာရုံ စူးရှသော လှေထင်းစုန်၏ မျက်လုံးများက အန်စာတုံးကလေးများအား သိလိုက်ဖြင့် မြင်ဖြင်အားသည်ကို တွေ့လိုက်ရသည်။

ရှောင်ဝင်အသေအချာသူအနေဖြင့် ပြည်မှုကဲ့ ကောင်းပေသော ဒိုင်လုပ်သူ ကစားပွဲအလက်ဆက် ကြမ်းပြင်ပေါ် သံကိုယ်ဘစ်ခုဖြင့် သိသလို ကာနာနေမည်ဖြစ်ရာ မည်သည့်အခါမျှ ဒိုင်လုပ်သူ ရှုံးနိုင်မည်မဟုတ်ပေချေ။

ဥပမာ….

လှေထင်းစုန်က ခွက်အမှောက်ကိုဖွင့်လိုက်သောအခါ အန်စာတုံးမှာ ခြောက်ပေါ်နေသည် ဆိုပါစို့။

ခွက်ကိုလှန်လိုက်လျှင် ခြောက်ပေါ်သွားမည်သာ ဖြစ်၏။

သို့သော်…

ဒိုင်လုပ်သူက စားပွဲအောက်မှ သံလိုက်ဖြင့် ဆွဲလိုက်သည့်အခါ အန်စာတုံး ခုန်ကြပြီး အပွင့်တစ်ပွင့် ဖြစ်သွားပေမည်။

ထိုအခါ….

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်လုပ်သူ၏အလှည့်တွင် ကံဆိုး၍ အပွင့်တစ်ကျလျှင်ပင် လှထင်းစိန်နှင့် တိုက်နေမည်ဖြစ်၏။

ယင်းကြောင့်....

ဒိုင်လုပ်သူမှာ အရှုံးနှင့် အနိုင်သာ ရှိပေသည်။

လှထင်းစိန်က ယနေ့အနေကို သဘောပေါက်သွားသည်နှင့် အသံမဲ့အယာ ပြုံးလိုက်၏။

ထို့နောက်....

အန်စာတုံးကလေး[illegible]ကို ခွက်ထဲသို့ထည့်၍ ခေါက်လိုက်သည်။

'ကဲ...ကျုပ် ဘယ်လောက်ကတောင်းသလဲ၊ ကြည့်ကြပါ'

ပြောပြောဆိုဆိုဖြင့် ခွက်ကိုစားပွဲပေါ်သို့ မှောက်ချလိုက်၏။

ထိုအချိန်တွင်....

ဒိုင်လုပ်သူ၏နံဘေးတွင်ထိုင်နေသော လူတစ်ယောက်၏ လက်တစ်ဖက်က စားပွဲအောက်သို့ မသိမသာ လျှိုဝင်သွားသည်။

ကိုသူ၏လက်ထဲတွင် သံလိုက်တုံးတစ်တုံးရှိနေ၏။

သူက သံလိုက်ဖြင့် စားပွဲအောက်ကို ထပ်မည်အပြုတွင် သန်မာသောလက်တစ်ဖက်က သူ၏လက်ကို ပြုတ်တူဖြင့်ဆုပ်ကိုင်လိုက်သည်။

ထိုသူ၏မျက်နှာမှာ ရှုံ့မဲ့သွား၏။



သူ၏လက်ထဲမှ သံလိုက်တုံးကလေးမှာလည်း အောက်သို့ လွတ်ကျသွားလေသည်။

ယင်းအဖြစ်အပျက်ကို ဒိုင်လုပ်သူက လုံးဝ ရိပ်မိ သိရှိခြင်း မရှိချေ။

သူက ပြုံးရွှင်သောမျက်နှာဖြင့် ပြောလိုက်၏။

'ကဲ...ဖွင့်မယ်'

ပြောပြီး မှောက်ထားသောခွက်ကလေးကို လှန်လိုက်သည်။

ထိုအခါ....

အန်စာတုံးမျက်နှာပြင်ပေါ်တွင် အပွင့်ငယ်ခြောက်ပွင့် ရှိနေသည်ကို တွေ့လိုက်ရ၏။

ဒိုင်လုပ်သူမှာ မျက်နှာပျက်သွားသည်။

သူက သူ၏နံဘေးမှအဖော်အား လှမ်းကြည့်လိုက်၏။

အဖော်ဖြစ်သူမှာ မျက်နှာရှုံ့မဲ့နေပြီး ဒိုင်လုပ်သူအား မသိမသာခေါင်းခါယမ်းပြလိုက်သည်။

လှထင်းစိန်က အားရပါးရပြုံးလိုက်၏။

'ကဲ... ကျုပ်အလှည့်တော့ပြီးပြီ၊ ခင်ဗျားအလှည့်ပဲကျန်တော့တယ်'

ဒိုင်လုပ်သူမှာ မနေနိုင်တော့ပါချေ။

သူက အန်စာကိုခေါက်ကာ ဖွင့်လိုက်သည်။

'တစ်'

လှထင်းစိန်က ဝမ်းသာအားရသောသံဖြင့် အော်ဟစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။

ဒိုင်လုပ်သူမှာ အပွင့်အသေးဆုံး ထစ်ကျနေသည်။

သူ၏မျက်နှာမှာ မည်းမှောင်သွား၏။

သူက လှေထင်းစုန်အား ဘန်ဝိုင်းလုံး ထိုးသားသည့် ငွေနှင့်ညီမျှသော ငွေကို ပေးလျော်လိုက်ရသည်။

စွန့်စားမှုနှင့် ဒိုင်လုပ်သူတို့၏ အခြေအနေကို နားလည်သဘောပေါက်ခြင်းမရှိမီ လှေထင်းစုန်နှင့် ထိုးသားများ၏ ကောင်းဆိုးချီးကြောင်း ဒိုင်လုပ်သူမှာ သုံးကြိမ်သုံးခါဆက် ဖွင့်ခဲ့၏။

ဒိုင်လုပ်သူမှာ အလှည့်တိုင်းလိုလိုပင် အပွင့်အသေးဆုံး ထစ်ကျနေပြီး ဘန်ဝိုင်းလုံးကို ပေးလျော်နေရလေသည်။

လှေထင်းစုန်က အလျော်ရသောငွေများကို သိမ်းဆည်းခြင်းမပြုဘဲ ထိုငွေများနှင့် ဘန်ဝိုင်းလုံးထိုးသားသော ငွေများကို ပေါင်းထိုးလိုက်၏။

ဤသို့ဖြင့် သုံးကြိမ်သုံးသည့်ဘီတီ အနိုင်ရပြီးသော အခါ လှေထင်းစုန်၏ရှေ့တွင် ငွေထုံးများ၊ ငွေလွှဲလက်မှတ်များ တောင်ပုံနေလေတော့သည်။

ဒိုင်လုပ်သူ၏မျက်နှာမှာ မည်းမှောင်နေ၏။

သူသည် စိတ်တိုင်းကျ ကည်းခိုနိုင်၊ ဖွင့်သည့်အချိန်မှစ၍ ယခုအချိန်အထိ ဤကဲ့သို့ ဆုံးရှုံးနစ်နာခြင်း မရှိခဲ့ဘူးချေ။

သို့သော်....

ယခု လှေထင်းစုန်နှင့် တွေ့ကာ ငွေအမြောက်အမြား ဆုံးရှုံးနစ်နာခဲ့ပြီဖြစ်သည်။



ယင်းကြောင့်....

သူက လှေထင်းစုန်အား မယုံသင်္ကာဖြစ်လာ၏။

စွန့်စားမှုက ဒိုင်လုပ်သူနှင့်တေးမှလူကို မျက်ရိပ်ပြ အချက်ပြသည့် ခေါ်ထုတ်လိုက်သည်။

ထိုအခါ....

လှေထင်းစုန်က သူ၏ရှေ့တွင် ရှိသမျှ ငွေများကို ရှေ့သို့တွန်းပို့လိုက်၏။

'ဒီတစ်ခါ ကျုပ်အကုန်ထိုးမယ်'

ဒိုင်လုပ်သူ၏မျက်နှာတွင် တွေးဆောင်တင်းမဲ့သွားသည်။

သူက လှေထင်းစုန်ကို ကြည့်ကာ အထိတ်တသန့်ဖြင့် ပြောလိုက်၏။

'ခင်....ခင်ဗျားက ဒီငွေတွေကို အကုန်လုံးထိုးမယ်ဟုတ်လား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ဒိုင်လုပ်သူက မျက်နှာပျက်သွား၏။

'ဆရာသေးထိုးတဲ့ငွေက သိပ်များလွန်းနေတယ်၊ လျှော့ပေါ့ဗျာ'

လှေထင်းစုန်က မျက်မှောင်ကြုတ်လိုက်သည်။

'စည်းကမ်းရှေ့မဲ့သို့ပါဘူး၊ အောင်... ခင်ဗျားတို့က လက်မခံနိုင်လို့လား၊ ခင်ဗျားတို့ဆီမှာ ငွေဘယ်လောက်များများ ပေါင်းကစားနိုင်တယ်ဆို'

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်လုပ်သူမှာ မဘာတ်သစရတော့ဘဲ ခေါင်းညိတ်လိုက်ရ၏။

ထိုအလှည့်တွင် လွှထင်းစုန်က ခြောက်ပွင့်ပင်ကျသည်။

ဒိုင်လုပ်သူမှာ အပွင့်အသေးဆုံး ထက်ပွင့်သာရှိနေပြန်၏။

ဒိုင်လုပ်သူက တုန်တုန်ယင်ယင်ဖြင့် လောင်းကြေးငွေများကို ပေးလျော်လိုက်ရလေသည်။

လွှထင်းစုန်က ပြုံးရွှင်သောမျက်နှာဖြင့် စားပွဲပေါ်မှ ငွေများကို သိမ်းကြုံးယူလိုက်၏။

ပြီးမှ....

သူက လောင်းကစားဝိုင်းဒိုင်အားကြည့်ခဲ့ ပြောလိုက်သည်။

'ဗိုလ်နေ ခင်ဗျား ကံမကောင်းဘူး ကျုပ်က ကံကောင်းတယ်'

ပြောပြီးသည်နှင့် အခန်းထဲမှထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်၏။

ရုတ်တရက်....

သူက ခြေလှမ်းကိုရပ်တန့်ကာ သခင်မလေး ဆိုသည့် မိန်းကလေးဘက်သို့ လှည့်ကြည့်လိုက်သည်။

သို့သော်....

သခင်မလေးသည် သူ့ထက်ဦးအောင် အခန်းထဲမှ ထွက်ခွာသွားပြီဖြစ်၏။



လွှထင်းစုန်က သက်ပြင်းချလိုက်သည်။

ထို့နောက်....

မလောင်းကစားခန်းမထဲမှ လေးလံသော ခြေလှမ်းများဖြင့် ထွက်လာခဲ့လေတော့သည်။

လွှထင်းစုန်သည် သူ၏အခန်းထဲသို့ ပြန်ရောက်လာပြီဖြစ်၏။

အခန်းထဲသို့ ခြေချမိသည်နှင့် သူ၏ခန္ဓာကိုယ်မှာ အေးစက်တောင့်တင်းသွားသလို ခံစားလိုက်ရပေသည်။

အကြောင်းကား....

သူ၏အခန်းအား တစ်စုံတစ်ယောက်က မွှေနှောက်ရှာဖွေထားသဖြင့် အခန်းတစ်ခုလုံး ရှုပ်ပွနေပြီး သူ၏ အနီရောင်အထုပ်ကလေး ပျောက်ဆုံးနေသည်ကို တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်၏။

လွှထင်းစုန်မှာ ထိတ်လန့်တုန်လှုပ်သွားသည်။

ယခု....

www.burmeseclassic.com

www.burmeseclassic.com

ဆရာဖြစ်သူက အမှတ်တရပေးထားသော ပဝါသည် ပျောက်ဆုံးသွားပြီ ဖြစ်၏။

ထိုကိစ္စမှာ တည်းခိုခန်းတာဝန်ခံတွင် တာဝန်ရှိသည်ဟု သူဆလိုက်သည်။

ယင်းကြောင့်....

သူက တာဝန်ခံနှင့်တွေ့ဆုံရန် အခန်းထဲမှ ထွက်ခွာရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင်....

တံခါးခေါက်သံက လုံးချက် ထွက်ပေါ်လာလေသည်။

'ခေါက်....ခေါက်....ခေါက်'

လှထင်စုန်က တံခါးဖွင့်ပေးလိုက်၏။

တံခါးပွင့်သွားသည်နှင့် အခန်းထဲသို့လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူမှာ တည်းခိုခန်းတာဝန်ခံ စွန်ကာမ်ပင်ဖြစ်၏။

လှထင်စုန်မှာ အံ့အားသင့်သွားသည်။

'အတော်ပဲ၊ ကျုပ်တောင် ခင်ဗျားဆီကိုလာမလို့'

စွန်ကာမ်က မျက်မှောင်ကြုတ်လိုက်၏။

'ခင်ဗျားက ဘာကြောင့်တွေ့ချင်ရတာလဲ'



လှထင်စုန်က အခန်းထဲသို့ လက်ကိုဖြန့်ယမ်းပြလိုက်သည်။

'ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ ကျုပ်အခန်းထဲကို သူခိုးဝင်မွှေသွားတယ်'

စွန်ကာမ်၏မျက်နှာ‌အစုံမှ အံ့ဩသို့ ပြောင်းလဲသွား၏။

'ဘာ....သူခိုးဝင်သွားတယ် ဟုတ်လား'

လှထင်စုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

စွန်ကာမ်က ခေါင်းကိုသွက်သွက်ခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး၊ ကျုပ်တို့တည်းခိုခန်းမှာ အစောင့်တွေရှိတယ်၊ သူခိုးဝင်တယ်ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'

လှထင်စုန်မှာ မကျေနပ်ဖြစ်သွားသည်။

'အခန်းတစ်ခုလုံး ရှုပ်ပွနေတာကို တွေ့တာတောင် ခင်ဗျားက ငြင်းချင်သေးတာလား၊ ဘာလဲ....အခန်းတစ်ခုလုံး ရှုပ်ပွအောင် ကျုပ်က လုပ်ထားတယ်လို့များ ခင်ဗျားက ထင်နေသလား'

စွန်ကာမ်က သက်ပြင်းချလိုက်၏။

'သူခိုးက ဘယ်တုန်းကဝင်တာလဲ'

လှထင်စုန်က စွန်ကာမ်အား အကဲခတ်ကြည့်ကာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကျုပ်လောင်းကစားဝိုင်းကို ရောက်နေတဲ့ အချိန်ကပါ’

စွန်ကမ် ခေါင်းညိတ်လိုက်၏။

‘ဟုတ်ပြီ၊ ခင်ဗျားပစ္စည်းထဲက ဘာတွေပျောက်သွားသေးသလဲ’

လှေထင်းစုန်က ခေါင်းညိတ်လိုက်သည်။

‘ပျောက်တာပေါ့၊ ကျုပ်အတွက် အင်မတန်အရေးကြီးတဲ့ ပစ္စည်းတစ်ခုပါသွားတယ်’

စွန်ကမ်က စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

‘ဘာပစ္စည်းမျိုးလဲ’

လှေထင်းစုန်က သူ့အား စေ့စေ့ကြည့်ကာ မေးလိုက်သည်။

‘ကျုပ်ပြောပြရင် ခင်ဗျားက တွေ့အောင်ပြန်ရှာပေးနိုင်မှာမို့လား’

စွန်ကမ်မှာ မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

လှေထင်းစုန်က အံကြိတ်လိုက်သည်။

‘ဒီကိစ္စမှာ ခင်ဗျားတာဝန်ရှိတယ်၊ ကျုပ်ပစ္စည်း ပြန်မရရင် ခင်ဗျားမသက်သာဘူးဆိုတာ မှတ်ထားပါ’

စွန်ကမ်၏မျက်နှာမှာ နီရဲသွား၏။



‘ခင်ဗျားက ကျုပ်ကိုစွပ်စွဲတာလား’

လှေထင်းစုန်က မဲ့ပြုံးပြုံးလိုက်သည်။

‘ခင်ဗျားတို့ တည်းခိုခန်းမှာ အစောင့်တွေရှိလျက်နဲ့ သူခိုးဝင်လာတာ ဘာသဘောလဲ၊ ဒီသူခိုးဟာ ခင်ဗျားတို့တည်းခိုခန်းက အတွင်းလူပဲဖြစ်မှာပေါ့’

စွန်ကမ်က ပါးစပ်ပိတ်သွားလိုက်၏။

အတန်ကြာမှ...

သူက သက်ပြင်းချကာ မေးလိုက်သည်။

‘ပျောက်သွားတဲ့ပစ္စည်းဟာ ခင်ဗျားအတွက် တော်တော်အရေးကြီးသလား’

လှေထင်းစုန်က ခေါင်းကို အသာခနဲညိတ်လိုက်၏။

‘ဟာ... သိပ်အရေးကြီးတာပေါ့’

စွန်ကမ်က လှေထင်းစုန်အား ကြည့်ကာ မေးလိုက်သည်။

‘ကျုပ်သိခွင့်ရရင် သိပါရစေ’

လှေထင်းစုန်က သက်ပြင်းချလိုက်၏။

‘ဓားတစ်ချောင်းပါ’

စွန်ကမ်မှာ အံ့အားသင့်သွားသည်။

‘ဓားတစ်ချောင်း ဟုတ်လား’

www.burmeseclassic.com

www.burmeseclassic.com



လှထင်းစုန်က ခေါင်းညိတ်လိုက်ပြန်၏။

'အဲဒီခေါ်းကာ ကျုပ်ပိုင်တဲ့ပစ္စည်း မဟုတ်ဘူးဗျ။ သူတစ်ပါး ရဲ့ပစ္စည်း၊ ကျုပ်ကြောင့် ပျောက်ဆုံးသွားလို့ မဖြစ်ဘူး၊ ဒါကြောင့် ကျုပ်မှာ ပြန်ပြီးရှာဖွေရမယ်'

စွန်ကာမ်က အနည်းငယ်စဉ်းစားလိုက်သည်။

'မကောင်းပြီ၊ ဒီကိစ္စကို ခဏထားလိုက်ပါ၊ ကျုပ်အား ကြောင့် ခင်ဗျားဆီ ပြောနေသလဲဆိုတာကို ပြောပြပါရစေ'

လှထင်းစုန်မှာ ယခုမှသတိရသွား၏။

'ဟုတ်သားပဲ၊ ဆိုစမ်းပါဦး...ခင်ဗျားလာရတဲ့ ကိစ္စကို'

စွန်ကာမ်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

'ကျုပ်တို့တည်းခိုခန်းက ရှုံးသွားတဲ့ငွေတွေကို ပြန်လိုချင်လို့ပါ'

လှထင်းစုန်က နှာခေါင်းရှုံ့လိုက်၏။

'ဘာလဲ...မိုးပြုတ်ကျတဲ့သဘောလား၊ ခင်ဗျားက ဘုန်းကြီးထက် ဆိုးနေပါလား၊ ခင်ဗျားတို့တည်းခိုခန်းမှာ သူခိုးဓားပြတွေချည်းပဲရှိသလား'

ထိုစကားကြောင့် စွန်ကာမ်၏မျက်နှာမှာ နီရဲသွားသည်။ သူက ဒေါသတကြီးဖြင့် ပြောလိုက်၏။

'ခင်ဗျား ကျုပ်လူတစ်ယောက်ရဲ့ လက်ထဲက သံလိုက်တုံးကို လုသွားပြီး အနိုင်ရအောင်လုပ်ခဲ့တယ်ဆိုတာ ကျုပ်မသိဘူးများ မှတ်နေသလား'



လှထင်းစုန်က မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားတို့ဆီကော ဘာကြောင့် မတရားအနိုင်ယူချင်တာလဲ၊ ယူမျှားဆိုက အနိုင်ရတဲ့အခါ ငြိမ်နေပြီး ရှုံးတဲ့အခါ မခံမရပ်နိုင်အောင်ဖြစ်တာ တရားသလား၊ ခင်ဗျားတို့ငွေတွေကို ကျုပ် တစ်ပြားမှ ပြန်မပေးနိုင်ဘူး၊ ခင်ဗျား အခန်းထဲက အမြန်ဆုံးထွက်သွားပေတော့'

စွန်ကာမ်က ကောက်ကျစ်စဉ်းလဲသော အပြုံးဖြင့် ပြုံးကာ မေးလိုက်၏။

'ခင်ဗျား ပြန်မပေးဘူးပေါ့'

လှထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

စွန်ကာန်က သူ့အား စူးစူးစိုက်စိုက်ကြည့်လိုက်၏။

'ကျုပ်က ဖြစ်တဲ့နည်းနဲ့ အရယူမယ်ဆိုရင်ရော'

လှထင်းစုန်က ခနဲ့တဲ့တဲ့အသံဖြင့် ပြောလိုက်သည်။

'စမ်းကြည့်ပေါ့'

စွန်ကာမ်က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ...ခင်ဗျား ဘယ်လောက် ခေါင်းမာနိုင်မလဲ ဆိုတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးသည်နှင့် လက်နှစ်ဖက်ကိုဆန့်ထုတ်ကာ လှထင်းစုန်အား တိုက်ခိုက်လိုက်လေသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



မလှထင်းစုန်သည် သူ့၏ရှေ့မှ ရုတ်တရက် ပျောက်ကွယ်သွား၏။

စွန်ကာစ်မှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိုစဉ်မှာပင်....

သူ၏နောက်ကျောမှ ကြီးမားသော အင်အားတစ်ခုက သူ၏ခေါင်းပေါ်သို့ ပိကျလာသကဲ့သို့ ခံစားလိုက်ရ၏။

စွန်ကာစ်၏ခန္ဓာကိုယ်ကြီး ကျောက်ရုပ်ပမာ မလှုပ်မယှက်ဖြစ်သွားလေသည်။

သူ့အနေဖြင့် ရှောင်တိမ်း၍လည်း မရနိုင်တော့ချေ။

ယင်းကြောင့်....

ထိတ်လန့်တကြားဖြင့် ကမန်းကတန်း အော်ပန်လိုက်၏။

'မလုပ်ပါနဲ့'

သူ၏စကားအဆုံးတွင် လှထင်းစုန်၏ တိုးညင်းသော ရယ်မောသံ ထွက်ပေါ်လာ၏။

သူ၏ ခေါင်းပေါ်သို့ ပိကျလာသော ပြင်းထန်သည့် အင်အားမှာလည်း ရုတ်တရက်ကွယ်ပျောက်သွား၏။

စွန်ကာစ်၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များစီးကျလာသည်။

အကယ်၍....

လှထင်းစုန်ကသာ သတ်ချင်ဆိုပါလျှင် ယခုအချိန်ဆိုလျှင် သူသည် လူသေတစ်ယောက်ဖြစ်နေလောက်ပြီ ဖြစ်၏။



လှထင်းစုန်သည် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသော ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နေကြောင်းကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီဖြစ်သည်။

ထိုစဉ်မှာပင်....

လှထင်းစုန်၏စကားသံ ထွက်ပေါ်လာ၏။

'ခင်ဗျားအသက်ကို ချမ်းသာပေးလိုက်မယ်၊ ဒါပေမယ့် ကျုပ်အနိုင်ရထားတဲ့ငွေတွေကိုတော့ ပြန်မပေးနိုင်ဘူး၊ မရှိဆင်းရဲတဲ့လူတွေ၊ ဒုက္ခရောက်နေတဲ့လူတွေကို ကူညီရမယ်'

ထိုစကားကြောင့် စွန်ကာစ်၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

'ခင်ဗျားအနိုင်ရထားတဲ့ငွေဟာ သိန်းနှစ်ဆယ်လောက်ရှိတယ်၊ ဒီငွေတွေနဲ့ခင်ဗျားဘဝတစ်လျှောက်လုံး အေးအေးဆေးဆေး နေသွားနိုင်တယ်ဗျ'

လှထင်းစုန်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်၏။

'ကျုပ်က ငွေမက်တဲ့လူတစ်ယောက်မဟုတ်ဘူးဗျ'

စွန်ကာစ်က သက်ပြင်းချလိုက်သည်။

'ဒါဖြင့် ဒီငွေတွေကို ကျုပ်ကိုခွဲပေးပါဗျာ၊ ဒီလောက် ငွေတွေရှိသွားတယ်ဆိုတာ တည်းခိုခန်းပိုင်ရှင် သိသွားရင် ကျုပ်အဖို့ မလွယ်ဘူးဗျ'

လှထင်းစုန်က ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် ကျုပ်ဒါတွေဂရုမစိုက်ဘူး၊ အရေးကြီးတာက ပျောက်သွားတဲ့ကျုပ်ဓားကို သုံးရက်အတွင်း ရှာအောင် ပြန်ရှာပေးပါ၊ ကျုပ်ဓားပြန်မရရင် ခင်ဗျားမသက်သာဘူး၊ တဲ့...ခင်ဗျားသွားတော့'

သူ၏စကားဆုံးသည်နှင့် စွန်ကာမ်ဘည် အခန်းထဲမှ လျှင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

❀

အခန်းထဲတွင် မီးရောင်များ ထိန်လင်းနေ၏။

အခန်းထဲရှိစားပွဲပေါ်တွင် ငနီရောင်ပိုးပဝါဖြင့် ထုပ်ထားသော အထုပ်ကလေး ရှိနေသည်။

ထိုအထုပ်အား ယိစန်းနှင့် ယိကျင်းတို့က တပ်မက်ခဲ့သော မျက်လုံးများဖြင့် စိုက်ကြည့်နေကြ၏။

အတန်ကြာမှ...

ယိစန်းက အထုပ်ကို ဖြည်ကြည့်လိုက်သည်။

အထုပ်ထဲတွင် ငွေတုံးကလေးများနှင့် ဓားမြှောင် တစ်လက်ကို တွေ့လိုက်ရ၏။



ထိုဓားမြှောင်ကိုတွေ့လိုက်ရသည်နှင့် ယိစန်းနှင့်ယိကျင်းတို့၏မျက်နှာများမှာ ဝင်းလက်သွားကြလေသည်။

ယိကျင်းက ဓားမြှောင်ကို လက်ဖြင့်ဆုပ်ကိုင်ကြည့်လိုက်သည်။

'ဒါ...ဒါ ရွှေအစစ်ပဲ'

ယိစန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်...အရိုးနဲ့ဓားအိမ်မှာ စီခြယ်ထားတဲ့ကျောက်တွေက ကျောက်စိမ်းအစစ်တွေပဲ'

ယိကျင်းက ယိစန်းကို စိုက်ကြည့်ပြီး၊

'ကဲ...တို့ ဘာဆက်လုပ်ကြမလဲ'

ယိစန်းက ပြုံးလိုက်သည်။

'လွယ်ပါကွယ်၊ အခုရက် နှစ်ရက် ယောက်ခေးမ တို့ရှာဖွေပျောက်နေကြတာပေါ့၊ သူ့တည်းခိုခန်းက ထွက်သွားတာနဲ့ ငါတို့လဲ အလုပ်ကထွက်ပြီး ထွက်ကြတာပေါ့'

ယိကျင်းက ခေါင်းညိတ်လိုက်၏။

'ကောင်းတယ်၊ အဲဒီအစီအစဉ် သိပ်ကောင်းတယ်'

ထိုစဉ်မှာပင်...

သူတို့အခန်းရှိရာသို့ ဦးတည်လာနေသော ခြေသံများကို ကြားလိုက်ရသည်နှင့်...

ယိကျင်းက နှုတ်ခမ်းတွင် လက်ညှိုးကပ်၍ လေသံတိုးတိုးဖြင့် သတိပေးလိုက်၏။

'ရှူး၊ တိုးတိုး၊ လူလာနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် ဓားမြောင်ကို ပိုးပဝါဖြင့် ပြန်လည်
ထုပ်လိုက်သည်။

ထို့နောက်....

အထုပ်ကို စားပွဲခုံအောက်သို့ လျှို့မြန်စွာ ထိုးသွင်း
လိုက်၏။

ယင်းအချိန်မှာပင်....

အခန်းတံခါးပွင့်ဟသွားပြီးအခန်းတွင်းသို့လူတစ်ယောက်
လှမ်းဝင်လာလေသည်။

ထိုလူမှာ စွန်ကမ်းပင်ဖြစ်၏။

စွန်ကမ်းက ယိစန်းတို့အား အကဲခတ်ကြည့်ကာ မေး
လိုက်၏။

'မင်းတို့နှစ်ယောက် ဘာတွေတိုင်ပင်နေကြတာလဲ'

ယိကျွင်းက အထန်ထစ် အငေါ့ငေါ့ဖြင့် ပြောလိုက်၏။

'ဘာ....ဘာမှမတိုင်ပင်ပါဘူးဗျာ'

စွန်ကမ်းက တင်းမာသော မျက်နှာထားဖြင့် သူတို့အား
စူးစိုက်ကြည့်လိုက်၏။

'ဒီနေ့ည တည်းခိုခန်းရဲ့ လုံခြုံရေးကို ဘယ်သူတာဝန်ယူ
ထားသလဲ'

ယိကျွင်းက အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်သည်။



'ကျွန်...ကျွန်တော်တို့ပါ'

စွန်ကမ်းက လူ့အား ရှုးရှုးရှဲရှဲ စိုက်ကြည့်လိုက်၏။

'လုံခြုံရေးအတွက် မင်း ဘယ်လိုစီစဉ်ထားသလဲ'

ယိကျွင်းက သွက်လက်စွာပင် ပြောလိုက်သည်။

'တည်းခိုခန်းရှေ့မှာ ကင်းပုန်းသုံးခု ချထားပါတယ်၊
တည်းခိုခန်း ခြံဝင်းပတ်လည်မှာတော့ အစောင့်ဆယ်ယောက်
ထက်မနည်း ချထားပါတယ်'

စွန်ကမ်းက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

'ကောင်းပြီ ဒါဖြင့် တည်းခိုခန်းရဲ့ လုံခြုံရေးကို မင်း
တာဝန်ယူနိုင်ပါ့မလား'

ယိစန်းက ခိုင်ခိုင်မာမာ ဝင်ပြောလိုက်သည်။

'တာဝန်ယူနိုင်ပါတယ်၊ ဘယ်လူဆိုမှ တည်းခိုခန်းကို
အနှောင့်အယှက် မပေးစေရပါဘူး'

စွန်ကမ်းက သဘောကျစွာ ပြုံးလိုက်၏။

ထို့နောက်....

သူက ယိစန်းအား အဓိပ္ပာယ်ပါပါ စိုက်ကြည့်လိုက်၏။

'မင်း သေချာတယ်နော်'

ယိစန်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့....သေချာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

စွန်ကမ်က သူ့အား စိုက်ကြည့်လိုက်ပြန်သည်။

'တကယ်လို့များ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ရင်ကော....'

ယိစန်းနှင့် ယိကျင်းတို့မှာ ရင်ထိတ်သွားကြ၏။

စွန်ကမ်က ဆက်ပြောလိုက်သည်။

'ဥပမာ တည်းခိုခန်းမှာ တည်းခိုနေတဲ့ လူတစ်ယောက်ရဲ့ အဖိုးတန်ပစ္စည်း အခိုးခံရတယ် ဆိုရင်ပေါ့ကွာ'

ယိစန်း၏ ရင်ထဲတွင် ထိတ်လန့်တုန်လှုပ်သွား၏။

သို့သော်....

သူက ဣန္ဒြေမပျက်ပင် ပြောလိုက်သည်။

'တည်းခိုခန်းထဲကို သူခိုးဝင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တစ်ယောက်ယောက်ရဲ့ပစ္စည်း အခိုးခံရပြီဆိုရင် ချက်ချင်းမိရမှာပါ၊ ဒါပေမယ့် တစ်ခုတော့ရှိပါတယ်'

စွန်ကမ်က ခေါင်းညိတ်လိုက်၏။

'ပြောပါဦး'

ယိစန်းက ဆက်ပြောလိုက်သည်။

'ဒီမှာစောင့်ကြပ်နေကြတဲ့ သိုင်းသမားတွေက ဒုတိယတန်းစား သိုင်းသမားတွေပါ၊ ဒါကြောင့် သိုင်းပညာ ထိပ်တန်းအဆင့်ရှိတဲ့ သူခိုးတစ်ယောက် ဝင်လာရင် ဘယ်လိုမှ ဟန့်တားနိုင်ကြမယ် မထင်ပါဘူး'

စွန်ကမ်က ရယ်မောလိုက်၏။

'ဟုတ်တယ်၊ မင်းပြောတာကို လက်ခံတယ်၊ ဒါပေမယ့် မင်းသတိမပြုမိတဲ့ အချက်တစ်ချက် ရှိသေးတယ်'



ယိကျင်းက စိတ်ဝင်စားစွာဖြင့် ဝင်ရောက်မေးမြန်းလိုက်သည်။

'ဘာများလဲဗျ'

စွန်ကမ်က ပြုံးလိုက်၏။

'ဥပမာ အတွင်းသူခိုး ဆိုပါတော့၊ တို့လူတစ်ယောက်ယောက်က ခိုးယူမယ်ဆိုရင်ကော....'

ယိကျင်းက ပါးစပ်ပိတ်သွားလိုက်သည်။

သူသည် စွန်ကမ်အား ကြည့်ကာ ကြောက်ရွံ့သွား၏။

ထို့နည်းတူစွာပင်....

ယိစန်းမှာလည်း ထိတ်လန့်သွားလေသည်။

သို့သော်....

သူက ဟန်ဆောင်ကာ မေးလိုက်၏။

'ဒါထက် အာဝန်ခံကြီးက ဘာကြောင့် အခုလို မေးရတာလဲ၊ တည်းခိုခန်းမှာ ခိုးမှုဖြစ်နေလို့လား'

စွန်ကမ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ယိစန်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

'ဟင်...ဒုက္ခပါပဲ၊ ဘယ်သူ့ပစ္စည်း ခိုးသွားတာလဲ'

စွန်ကမ်က သူတို့နှစ်ယောက်အား စေ့စေ့ကြည့်လိုက်၏။

'လွှေထင်းစုန်ရဲ့ ပစ္စည်းပါ၊ ဒီကနေ့ည တည်းခိုခန်းရဲ့ လုံခြုံရေးဟာ မင်းတို့မှာ တာဝန်ရှိနေတော့ ဒီကိစ္စ မင်းတို့ ခေါင်းပေါ်ကို ပုံကျနေပြီ၊ ပြေလည်အောင် မဖြေရှင်းနိုင်ဘူးဆိုရင် မင်းတို့သုံး ကျူး ချောင်ခနာတိုက်ကိုလိုက်သွားရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ယိစန်းနှင့် ယိကျော်တို့၏ ရင်ထဲတွင် အေးစက်သွား၏။

ကျူးချောင်ဆိုသူမှာ လေဝင်းကစားဒိုင်နံဘေးတွင် ထိုင်ကာ ယပ်လိုက်ဖြင့် အနက်စေ့တုံးအား လိုအပ်သလို ရွှေ့ပြောင်းကစားနေသည့်လူပင် ဖြစ်သည်။

ယခု....

ကျူးချောင်သည် စွန်ကမ်၏သတ်ချက်ဖြင့် သေဆုံးသွားခဲ့ပြီမဟုတ်ပါလား။

## အခန်း (၆)

### ငရဲယမယ်

ညဉ့်နက်ပြီဖြစ်၏။

ဓလာကကြီးတစ်ခုလုံး အမှောင်ထုအောက်တွင် တိတ်ဆိတ် ငြိမ်သက်နေသည်။

သို့သော်....

စိင်ကိုင်းကျူးသည့်မိုခန်း၏ အခန်းတစ်ခုထဲတွင် မီးရောင်များလင်းနေ၏။

ထိုအခန်းထဲတွင် အလှအပများဖြင့် တန်ဆာဆင်ထားပြီး မွှေးကြိုင်သောရနံ့များ သင်းပျံ့နေသည်။

အခန်းအလယ်ရှိစားပွဲတွင် ရွှေဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းမငယ်လေးက ငြိမ်သက်စွာထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

သူမဏ်ရှေ့တွင် အစိမ်းရောင် ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်က မလှုပ်မယှက်ရပ်နေကြသည်။

ရွှေဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်ကို ဝေ့ယမ်းကြည့်လိုက်၏။

'ညည်းတို့ ဘယ်သိုသဘောရသလဲ'

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်က အဖြေမပေးကြပါချေ။

ရွှေဝါရောင် ဝတ်ဆင်ထားသော မိန်းကလေးက မျက်မှောင်ကြုတ်လိုက်သည်။

'ရွှောင်ဟုန်...ဝါမေးတာ ကြားရဲ့လား'

ဝဲဘက်တွင်ရပ်နေသော အစိမ်းရောင်ဝတ် မိန်းကလေးက သူမအား ဦးညွှတ်လိုက်၏။

'ကျွန်မစိတ်ထင်ပြောရရင် ဒီလူဟာသိုင်းဘန်းသိုင်းသမားတစ်ယောက် ဖြစ်မယ်ထင်ပါတယ်'

ရွှေဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါလဲ ဒီလိုပဲယူဆတယ်'

တစ်ဆက်တည်းမှာပင်....



သူမက ယာဘက်တွင်ရှိနေသော အစိမ်းရောင် မိန်းကလေးဘက်သို့ လှည့်ကာမေးလိုက်၏။

'ရွှေဇင်ရှမ်း၊ ညည်းကောဘာ'

ယာဘက်တွင်ရှိနေသော မိန်းကလေးက ဦးညွှတ်လိုက်သည်။

'သူက လောင်းကစားမှုကျွမ်းကျင်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ လောင်းကစားဒိုင်က လိမ်နေတာတွေလို မင်ချင်တာနဲ့ ဝင်ပြီးဆုံးမတာပေါ့'

ရွှေဝါရောင်ဝတ်မိန်းကလေးက ပြုံးလိုက်၏။

'သူ့ညာဖက်ကတော့ မဆိုးဘူး၊ ဒါပေမယ့် သူ့ကိုတိုက်ခိုက်ပြီး ကူညီတာ သူမသိဘူးထင်တယ်'

ရွှောင်ဟုန်ဆိုသော မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် သခင်မလေး၊ ဟိုလူ့ကို ကျွန်မ စေးပွဲအောက်က ခေါင်းနှိမ့်ထောက်ထားတာ မလှုပ်နိုင်တာ၊ တကယ်လို့သာ ကျွန်မက သူ့ကို ခေါင်းနှိမ့်ထောက်မထားဘူးဆိုရင် သူဟာ လောင်းကစားဒိုင်ကို အရှုံးပြလိုက်မှာ သေချာတယ်၊ ဒါဆိုရင် ဘခြေအနေဟာ ရှုပ်ထွေးသွားမှာပဲ'

ရွှေဝါရောင်ဝတ်မိန်းကလေးက ခေါင်းကိုဆတ်ဆတ် ညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း...ထူးတော့ထူးတယ်၊ ဒီလူဟာ ငါတို့တွေ့ဖူးတဲ့လူတွေနဲ့ နည်းနည်းမှမတူဘူး၊ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ လူဟာဖြစ်ရမယ်ကွာ'

ထိုစကားကြောင့် ရွှေခင်ဟုန်နှင့် ရွှေခင်ရှမ်းတို့က သဘောကျစွာ ပြုံးလိုက်ကြ၏။

ရွှေဝါရောင်ဝတ်မိန်းကလေး၏ မျက်နှာမှာ ပန်းနုရောင် သမ်းသွားသည်။

'ညည်းတို့က ဘာဖြစ်လို့ ပြုံးနေကြတာလဲ၊ သေချင်း ကစားဝိုင်းမှာ ငါတို့ပဲရှုံးတယ်၊ ပြီးတော့ တို့ကြောင့် သူ အနိုင်ရတာ၊ ဒါကြောင့် သူနိုင်ခဲ့တဲ့ငွေတစ်ဝက်သိအိကို ငါ တို့ပြန်ရမှဖြစ်မယ်'

ရွှေခင်ဟုန်နှင့် ရွှေခင်ရှမ်းတို့မှာ [illegible] သွား၏။

'ကျွန်မတို့က ဘယ်လိုလုပ်ရမှာလဲ'

ရွှေဝါရောင်ဝတ် မိန်းကလေးက တည်ကြည်သေချာသော မျက် နှာထားဖြင့် ပြောလိုက်သည်။

'ပထမ သူဘယ်သူလဲဆိုတာ သိအောင်စုံစမ်းပါ၊ ပြီး တော့မှ ငွေတွေကိုပြန်ရအောင် ယူခဲ့ရမယ်'

ရွှေခင်ဟုန်နှင့် ရွှေခင်ရှမ်းတို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။



ထိုနေစဉ်...

ရွှေဝါရောင်မိန်းကလေးအား ဦးညွှတ်ကာ...

'တုတ်ကဲ့...အမိန့်အတိုင်းပါ သခင်မလေး'

ဟု ပြိုင်တူ ပြောလိုက်ကြလေတော့သည်။

၂

✿

ည ပိုမို၍ အိုမင်း ရင့်ရော်လာ၏။

အေးစိမ့်သော လေနုအေးများက တသုန်သုန် တိုက်ခတ် လျက်ရှိသည်။

အပြင်ဘက်တွင် အေးမြလှသလောက် အခန်းတွင်း၌မူ နွေးနွေးထွေးထွေး ရှိနေ၏။

သို့သော်...

ယိုစန်းနှင့်ယိဘူင်းတို့မှာ နွေးထွေးမှုကို မခံစားရပါချေ။

သူတို့၏မျက်နှာများမှာ ဖြူဖပ်ဖြူရော် ဖြစ်နေကြသည်။

သူတို့၏ရှေ့တွင် [illegible] ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စွန်ကာမ်သည် တင်းမခေါက်ယန်သော မျက်နှာထားဖြင့် ယိစန်းနှင့်ယိကျင်းတို့အား စိုက်ကြည့်နေသည်။

အတန်ကြာမှ....

သူက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်၏။

'ကဲ....ဘယ်လိုလဲ၊ မင်းတို့ငါ့ကို ပြေစပြစရာရှိလိမ့်မယ် ထင်တယ်'

ယိကျင်းက ကပျာကယာ ခေါင်းခါယမ်းလိုက်သည်။

'မ....မရှိပါဘူး'

စွန်ကာမ်က မျက်မှောင်ကြုတ်လိုက်သည်။

'သေချာရဲ့လား'

ယိကျင်းက ခေါင်းညိတ်လိုက်သည်။

'သေချာပါတယ်'

စွန်ကာမ်က မဲ့ပြုံးပြုံးလိုက်၏။

'ကောင်းပြီ၊ ဒါဖြင့် စားပွဲခုံအောက်က ဗန္ဒုသီးကိုထုတ်လိုက်ပါ'

ထိုစကားကြောင့် ယိစန်းနှင့် ယိကျင်းတို့၏ ခန္ဓာကိုယ်မှာ တုန်ခါသွားကြသည်။

သူတို့အနေဖြင့် မည်သို့မျှမတတ်နိုင်ကြတော့ပါချေ။

ထို့ကြောင့်....



ယိကျင်းက စားပွဲခုံအောက်မှ အနီရောင်အထုပ်ကို နှိုက်ယူပေးလိုက်၏။

စွန်ကာမ်က သဘောကျစွာ ပြုံးလိုက်သည်။

'မင်းမဆိုးဘူး'

ပြောပြီး အထုပ်ကိုလှမ်းယူလိုက်၏။

ထို့နောက်....

အထုပ်ကို စိတ်ဝင်စားစွာဖြင့် ဖွင့်ကြည့်လိုက်လေသည်။

အထုပ်ထဲမှ ခေါ်ခေါ်မြှောင်ကိုတွေ့လိုက်ရသောအခါ သူ၏မျက်လုံးအစုံတွင် ထူးခြားသည့်အရိပ်အယောင်များ ထွက်ပေါ်လာ၏။

ယင်းခေါ်ခေါ်မြှောင်သည် တန်ဖိုးမဖြတ်နိုင်သော ဗန္ဒုသီးတစ်ခုဖြစ်ကြောင်း သူ ကောင်းစွာ သိရှိလိုက်သည်မဟုတ်ပါလား။

သူက ယိစန်းနှင့်ယိကျင်းကိုကြည့်ကာ ပြောလိုက်သည်။

'မင်းတို့တော်တယ်၊ ဒီဗန္ဒုသီးကို မင်းတို့ယူထားလို့မဖြစ်ဘူး၊ တည်းခိုခန်းပိုင်ရှင် လက်ထဲရောက်အောင် အပ်ရမယ်၊ မင်းတို့ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းခံရမှာပါ'

ယိစန်းနှင့်ယိကျင်းတို့မှာ အံ့အားသင့်သွားကြ၏။

'ခင်....ခင်ဗျား ဘာကယ်ပြောတာလဲ'

www.burmeseclassic.com



စွန်ကာမ်က ခေါင်းညိတ်လိုက်သည်။

'တကယ်ပေါ့'

ယိစန်းက မယုံမရဲဖြင့် မေးလိုက်၏။

'ကျုပ်တို့ကို အရေးမယူတော့ဘူးလား'

စွန်ကာမ်က ခေါင်းခါယမ်းလိုက်သည်။

'ဘာဖြစ်လို့ အရေးယူရမှာလဲ၊ မင်းတို့က ငါ့စကားနားထောင်ပြီး ပစ္စည်းထုတ်ပေးတာပဲ မဟုတ်လား'

ယိကျင်းက ဝင်မေးလိုက်၏။

'ဒါဖြင့် ဒီပစ္စည်းတွေ လှေထင်းစုန်ကို ပြန်မပေးဘူးပေါ့'

စွန်ကာမ်က ခေါင်းခါယမ်းလိုက်ပြန်သည်။

'မပေးဘူး'

ယိစန်းက စိုးရိမ်ပူပန်စွာဖြင့် ပြောလိုက်၏။

'ပစ္စည်းပြန်မရရင် သူက ကျုပ်တို့ကို ရန်ရှာမယ်ထင်တယ်'

စွန်ကာမ်က စိုးရိမ်ပူပန်စွာဖြင့် ပြုံးလိုက်သည်။

'မပူပါနဲ့၊ သူ့ကို ဘယ်ပုံလုပ်ရမယ်ဆိုတာ ငါ စဉ်းစားပြီးသားပါ'



သူဆိုလိုသော စကားအဓိပ္ပာယ်ကို ယိစန်းနှင့်ယိကျင်းတို့က နားလည်လိုက်ကြ၏။

စွန်ကာမ်သည် မိမိတို့ရရှိထားသော ဓားမြှောင်ကို အငိုက်စီးတာ လောင်းကစားဝိုင်းမှ ရှုံးနိမ့်သွားသော ငွေများကို ပြန်ရရန် လှေထင်းစုန်အား သုတ်သင် ရှင်းလင်းပစ်တော့မည် မဟုတ်ပါလား။

စွန်ကာမ်က ဆက်ပြောလိုက်သည်။

'မနက်မိုးလင်းတာနဲ့ ငါက ဟန်ဆောင် [illegible] လုပ်မယ်၊ ပြီးတော့ တည်းခိုခန်းပိုင်ရှင်ဆီကို အကြောင်းကြားပြီး တိုက်ဆိုက်လို့လွှတ်ခိုင်းမယ်၊ သူလွှတ်လိုက်တဲ့လူ ရောက်လာရင် လှေထင်းစုန်က ဘာမှပြောနိုင်တော့မှာ မဟုတ်ဘူး'

သူက ယိစန်းနှင့်ယိကျင်းတို့အား အေးတိအေးစက်ကြည့်ကာ ပြောလိုက်၏။

'မင်းတို့သွဲပါးစပ်ပိတ်ထားကြ၊ ငါလုပ်တာကိုကြည့်ပြီး အခြေအနေအရ လှုပ်ရှားကြရမယ်၊ လှေထင်းစုန်ကို ပေါ့ပေါ့တန်တန် သဘောထားလို့မရဘူး၊ သူလွတ်သွားလို့ မဖြစ်ဘူး၊ ငါပြောတာ သဘောပေါက်တယ် မဟုတ်လား'

ယိစန်းနှင့်ယိကျင်းတို့က ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

'ဟုတ်ကဲ့...သဘောပေါက်ပါပြီ'

စွန်ကာမ်က သဘောကျစွာ ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ....ဒါဖြင့် ငါသွားမယ်'

ပြောရင်း ဓားမြှောင်ကို အနီရောင်ပိုးပဝါစဖြင့် ရစ်ပတ်လိုက်သည်။

ကို့ နောက်....

အနီရောင်အထုပ်ကို ဂရုတစိုက်ကိုင်ကာ အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

✿

ညအမှောင်မှာ ပိုမိုသိပ်သည်းလာ၏။

အမှောင်ထုအောက်တွင် ရှောင်ဟုန်နှင့် ရှောင်ရှမ်းတို့ နှစ်ယောက်မှာ တိတ်တဆိတ်လှုပ်ရှားနေကြသည်။

သူတို့နှစ်ယောက်သည် အနက်ရောင် ကိုယ်ကျပ်အင်္ကျီများကို ဝတ်ဆင်ထားကြပြီး မျက်နှာဖုံးများ စွပ်ထားကြသည်။

သူတို့သည် လွှထင်းစုန်အခန်းအား လာရောက်စောင့်ကြည့်ကြခြင်းဖြစ်သည်။



လွှထင်းစုန်၏အခန်းထဲတွင် ဝါကျင့်ကျင့်မီးရောင်ထွက်ပေါ်နေ၏။

မီးရောင်ကြောင့် လွှထင်းစုန်သည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို တွေ့လိုက်ကြရသည်။

သူ၏မျက်နှာပေါ်တွင် စိတ်ရှုပ်သည့်ဟန်မူရာများ အထင်းသားပေါ်ပေါက်နေ၏။

မကြာပါချေ။

လွှထင်းစုန်က မီးအိမ်မှမီးကို ငြိမ်းသတ်လိုက်သည်။

လွှထင်းစုန်မှာ အိပ်စက်အနားယူတော့မည်ဟု ရှောင်ရှမ်းတို့က ထင်မှတ်လိုက်၏။

ယင်းကြောင့်....

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ သူတို့အခန်းသို့ပြန်ရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ်မှာပင်....

လွှထင်းစုန်၏ အခန်းပြတင်းပေါက် ပွင့်ဟသွားကာ လူရိပ်တစ်ရိပ် ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ရှောင်ဟုန်နှင့် ရှောင်ရှမ်းမှာ အံ့အားသင့်သွားသည်။

ရှောင်ဟုန်က ရှောင်ရှမ်းဘက်သို့လှည့်ကာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'လူးဆန်လိုက်တာ၊ ညကြီးအချိန်မလော် သူဘယ်သွားမလို့ပါလိမ့်'

ရှောင်ရှမ်းက တီးတိုးသံတိမ်ပေးလိုက်သည်။

'ရှူး၊ တိုးတိုး....စကားမပြောနဲ့'

ရှောင်ဟုန်က ပါးစပ်ပိတ်ထားလိုက်၏။

ထိုစဉ်မှာပင်....

လေ့ထင်းစုန်သည် တည်းခိုခန်းအနောက်ဘက်သို့ လှစ်ခနဲ ပြေးထွက်သွားလေသည်။

ရှောင်ရှမ်းနှင့် ရှောင်ဟုန်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ထို့နောက်....

ပြိုင်တူ ခေါင်းညိတ်လိုက်ကြပြီး၊ လေ့ထင်းစုန်နောက်သို့ ပြေးလွှားလိုက်ပါသွားကြလေတော့သည်။



လောကကြီးတစ်ခုလုံး ပိန်းပိတ်အောင်မှောင်မည်းနေ၏။

လေ့ထင်းစုန်သည် အမှောင်ထုအောက်တွင် ပြေးလွှားနေသည်။

သူသည် ပြတင်းပေါက်အပြင်ဘက်သို့လာ ခုန်ထွက်ခဲ့ရ၏။

မည်သည့်နေရာသို့ သွားရမည်မှန်း မသိသေးပါချေ။

သူက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ တည်းခိုခန်းနောက်ဘက်တွင် မီးရောင်လင်းထိန်နေသည်ကို တွေ့လိုက်ရသည်။

ယင်းကြောင့်....

သူက မီးရောင်ထွက်ပေါ်နေရာဘက်သို့ဦးတည်ပြေးလွှားနေခြင်းဖြစ်၏။

မီးရောင်မှာ ယိစန်းနှင့် ယိကျင်းတို့၏ အခန်းမှ ထွက်ပေါ်နေခြင်းဖြစ်သည်။

အခန်းအနီးသို့ရောက်သောအခါ လေ့ထင်းစုန်က အခြေမခင်ရိမ်ကို အကာအကွယ်ပြုကာ အခန်းထဲသို့ ချောင်းကြည့်လိုက်၏။

အခန်းထဲတွင် ယိကျင်း တစ်ယောက်တည်း ငြိမ်သက်စွာထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

လေ့ထင်းစုန်သည် ယိကျင်းတို့ ညီအစ်ကိုအပေါ် သံသယကင်းကင်း ဖြစ်နေမိ၏။

www.burmeseclassic.com

ယင်းကြောင့်....

သူက ယိုကျင်းအား တွေ့ဆုံခွင့်မြန်းရန်အတွက် အခန်းထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။

သူ၏လှုပ်ရှားမှုများအား ရှောင်ဟုန်နှင့် ရှောင်ရှမ်းတို့က မနီးမဝေးမှ မျက်စိတောင်မခတ် စိုက်ကြည့်လျက်ရှိနေ၏။

ထိုခဏမှာပင်....

'သူခိုး၊ဟိုး...သူခိုး'

ကျယ်လောင်စွာ အော်ဟစ်လိုက်သော အသံများ ထွက်ပေါ်လာသည်။

ရှောင်ဟုန်နှင့် ရှောင်ရှမ်းတို့မှာ ရင်ထိတ်သွား၏။

သူမတို့က အသံထွက်ပေါ်လာရာဘက်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ....

တည်းခိုခန်း ခြံဝင်းအတွင်း၌ မီးတုတ်ကိုင်ဆောင်ထားသော အစောင့်အကြပ်များ ပြေးလွှားနေကြသည်ကို တွေ့လိုက်ရ၏။

ယိုကျင်း၏ အခန်းထဲသို့ဝင်ရန် ဟန်ပြင်နေသော လေ့ထင်းစုန်၏ ခြေလှမ်းများ ရပ်တန့်သွားလေသည်။



သူသည် ရှုပ်ထွေးသွားသော အခြေအနေကြောင့် အခန်းထဲသို့ မဝင်တော့ဘဲ လာလမ်းအတိုင်း ပြန်လည် ပြေးသွား သွား၏။

လေ့ထင်းစုန်ပြန်လှည့်သွားသည်နှင့် ရှောင်ဟုန်က ရှောင်ရှမ်းဘက်သို့လှည့်ကာ ပြောလိုက်သည်။

'ကဲ...သူပြန်သွားပြီဆိုတော့ ငါတို့လဲ ပြန်ကြစို့'

ရှောင်ရှမ်းက ခေါင်းညိတ်ပြလိုက်၏။

ထို့နောက်....

သူတို့နှစ်ယောက်သည် ပုန်းကွယ်ရာမှ ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

တစ်ညတာ ကုန်ဆုံးသွားပြီဖြစ်၏။

ညအချိန်ကုန်ဆုံးသွားသည်နှင့် နေ့သစ်တစ်နေ့ စတင်ဖြစ်ပွားလာသည်။

နေရောင်အောက်တွင် စိတ်တိုင်းကျတည်းခိုခန်းဟု ရေးထားသော ဆိုင်းဘုတ်မှာ ခံ့ညားစွာ တည်ရှိနေ၏။

www.burmeseclassic.com



ထူးခြားသည်မှာ....

နေ့စဉ် ဖွင့်လှစ်ထားခဲ့သော စိတ်တိုင်းကျတည်းခိုခန်း၏ ပြတင်းတံခါးမှာ နေမြင့်လာသည့်တိုင်အောင် ပိတ်ထားခြင်း ပင်ဖြစ်သည်။

ပို၍ထူးခြားသည်မှာ....

တည်းခိုခန်း၏ ပြတင်းတံခါးတွင်လည်းကောင်း၊ ပြတင်းအောက်၌လည်းကောင်း အစောင့်အကြပ်များ၊ ထူထပ်စွာ ချထားခြင်းပင်ဖြစ်၏။

ယင်းကြောင့်....

စိတ်တိုင်းကျတည်းခိုခန်းတွင် ထူးခြားမှုတစ်စုံတစ်ရာရှိနေပြီဖြစ်ကြောင်း သိသာနိုင်ပေသည်။

မည်သို့သော ထူးခြားချက်များပါနည်း။

စိတ်တိုင်းကျတည်းခိုခန်းတွင် တည်းခိုသူပေါင်း သုံးဆယ့်ငါးယောက်မျှ ရှိနေ၏။

ယခု....

အားလုံးသောတည်းခိုသူများသည် တည်းခိုခန်း၏ခန်းမဆောင်သို့ စုရုံးရောက်ရှိနေကြပြီ ဖြစ်သည်။



သူတို့သည် ရှန်ထမ်း၏ မေတ္တာရပ်ခံမှုကြောင့် ရောက်ရှိလာကြခြင်းဖြစ်၏။

တည်းခိုသူများထဲတွင် သိုင်းလောကသားများ၊ ကုန်သည်ပွဲစားများ၊ သောင်းတစားရန် ရောက်ရှိလာကြသည့်သူဌေးများ စသည့် လူတန်းစားပေါင်းစုံ ပါဝင်လေသည်။

လေ့ထင်းစုန်သည် ခန်းမဆောင်၏ ဝဲဘက်ထောင့်တွင် ထိုင်နေ၏။

သူနှင့် မလှမ်းမကမ်းတွင် သခင်မလေးနှင့် ရှဲရွှေတော်နှစ်ယောက် ထိုင်နေကြသည်။

မကြာပါချေ။

ခန်းမ၏ ဟစ်ဖက်တွင်ရှိသော အသင့်ပြင်ဆင်ထားသည့် ခုံမြင့်ပေါ်သို့ ရှန်ကမ်ဘတ်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။

စင်မြင့်ပေါ်သို့ ရောက်သည်နှင့် သူက လက်တစ်ဖက်ကို ဝှေ့ယမ်းကာ ပြောလိုက်သည်။

"ကြွရောက်လာကြတဲ့ မိတ်ဆွေများခင်ဗျာ...အခုလိုစုရုံးဖို့ ခေါ်လိုက်ရတဲ့အတွက် အင်မတန်မှပဲ အားတုံ့အားနာဖြစ်မိပါတယ်။ ဒါပေမယ့် မခေါ်မဖြစ်လို့ ခေါ်ရတာပါ။ ကျုပ်တို့ တည်းခိုခန်းမှာ တည်းခိုသူတွေအကြိုက် ဆောင်ရွက်ပေးနေရှိတာကြောင့် တည်းခိုသူတွေမှာ ပြဿနာတစ်ခုတစ်ရာ ဖြစ်ပေါ်လာရင် ကျုပ်တို့ကပဲ တာဝန်ယူဖြေရှင်းပေးနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လူက စကားကိုရပ်၍ အခန်းထဲသို့ ဝေ့ဝယ်ကြည့်လိုက်သည်။

အားလုံးသောလူများမှာ ငြိမ်သက်စွာနားထောင်နေကြသည်ကိုတွေ့မှ စကားကိုဆက်လိုက်သည်။

'အားလုံးသိကြတဲ့အတိုင်း၊ ကျုပ်တို့ရဲ့တည်းခိုခန်းမှာ လုံခြုံရေးအစီအစဉ်တွေ တင်းတင်းကျပ်ကျပ် ချမှတ်ဆောင်ရွက်နေတဲ့ကြားထဲက သူခိုးတစ်ယောက်ဟာ တည်းခိုခန်းထဲကို ကျူးကျော်ဝင်ရောက်လာခဲ့ပါတယ်'

ထိုစကားကြောင့် ငြိမ်သက်စွာနားထောင်နေကြသူများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ရုတ်တရက်....

လူတစ်ယောက်က မတ်တတ်ထရပ်ကာ မကျေမနပ်လေသံဖြင့် ပြောလိုက်သည်။

'ခင်ဗျားတို့ လုံခြုံရေးအစောင့်အကျပ်တွေ ချထားလျက်နဲ့ သူခိုးဝင်လာနိုင်တယ်ဆိုတာ ဘာသဘောလဲဗျ'

ထိုလူသည် အသက်လေးဆယ်ခန့်ရှိပြီး အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

[illegible]ကျောတွင် ဓားတစ်ချောင်းကို လွယ်ပိုးထားသည်။

စွန်ကမ်က ထိုလူအား လှမ်းကြည့်လိုက်၏။



'မိတ်ဆွေက သံမဏိဓား ချင်ဝေထင်တယ်'

အညိုရောင်ဝတ်ဆင်သူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်ချင်ဝေပါ'

စွန်ကမ်က လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

'သိုင်းလောကမှာကျော်ကြားနေတဲ့ သံမဏိဓားချင်ဝေကို ဂါရဝပြုပါတယ်'

ချင်ဝေက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်။

'ဘယ်လိုလဲ...ခင်ဗျားတို့ တည်းခိုခန်းကို သူခိုးဝင်မလာအောင် မတားဆီးနိုင်ကြဘူးလား'

စွန်ကမ်က သက်ပြင်းချလိုက်၏။

'ကျုပ်တို့ သိသိချင်းရှာဖွေပါတယ်၊ ဒါပေမယ့် သူခိုးလွတ်မြောက်သွားပါတယ်ဗျာ'

ချင်ဝေက မျက်မှောင်ကြုတ်လိုက်သည်။

'သူခိုးက ခင်ဗျားတို့ လောင်းကစားဝိုင်းက ငွေတွေကို ယူချင်လို့ ရောက်လာတာမဟုတ်လား'

စွန်ကမ်က ပခုံးတစ်ချက်တွန့်လိုက်၏။

'ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်လာတယ် ဆိုတာတော့ မပြောတတ်ပါဘူး၊ ကျုပ်တို့ဆီမှာတည်းခိုနေတဲ့ ရွှေထင်းဆိုတဲ့ လူဆီကတော့ ပစ္စည်းနည်းနည်းပါပါး ခိုးယူ

www.burmeseclassic.com

www.burmeseclassic.com

သွားပါတယ်၊ ပြီးတော့ ကျုပ်တို့ဆီက ကျူးကျော်ချင်ဆိုဘဲ့သူကိုလဲ သတ်ဖြတ်သွားပါသေးတယ်'

ချင်ဝေက ထပ်မံမေးမြန်းလိုက်သည်၊

'ကျူးကျော်ချင်ဆိုတာ ဘယ်သူလဲ'

စွန်ကမ်က သက်ပြင်းချ ပိုက်၏၊

'လောင်းကစားဝိုင်းမှာ ငွေရှုံးသွားတဲ့လူပါ'

ထိုစကားကြောင့် လွှတင်းစုန်မှာ လောင်းကစားဝိုင်းတွင် သံလိုက်တိုး ကိုင်ဆောင်ထားသူအား သတိရသွားသည်၊

စွန်ကမ်က ဆက်ပြောလိုက်သည်၊

'လွှထင်းစုန်ဆိုတဲ့လူဆီကခိုးယူသွားတဲ့ပစ္စည်းက မများပါဘူး၊ ဒါပေမယ့် ကျုပ်တို့ရဲ့ဂုဏ်သိက္ခာ ကျဆင်းသွားနိုင်စေပါတယ်၊ ဒါကြောင့် တည်းခိုသူအားလုံး ဘာဆုံးရှုံးမှု ရှိလောက် ဘယ်မှာသွားအဲ့ ကိုယ့်အခန်းမှာကိုယ် နေကြ ပေးရပါမယ်၊ စုံစမ်းစစ်ဆေးမှုတွေ ပြီးသွားမှသာ အလိုရှိတဲ့နေရာကို သွားကြပါ'

ချင်မဝက မျက်မှောင်ကြုတ်လိုက်သည်၊

'တည်းခိုခန်းနေတဲ့လူတွေကို စစ်ဆေးကြည့်ချင်တယ်ဆိုတာ ဘာသဘောလဲဗျ'

စွန်ကမ်က ပခုံးကစ်ချက်တွန့် ပိုက်၏၊

'ရှင်းပါတယ်ဗျာ၊ ကျုပ်တို့ ပိုက်ရှာတဲ့အခါမှာ သူခိုးကို အရိပ်အယောင်တောင် မတွေ့ရသေးဘူး၊ ဒီအနီးအနားပတ်ဝန်းကျင်မှာပဲ ပျောက်ဆုံးသွားတယ်၊ ကျုပ်စိတ်အထင်ပြော



ရမယ်ဆိုရင် တည်းခိုခန်းမှာတည်းခိုနေတဲ့ လူတွေအထဲက တစ်ယောက်ယောက် ဖြစ်လိမ့်မယ်ထင်တယ်'

ထိုစကားကြောင့် နားထောင်နေကြသူများထဲမှ မကျေနပ် ကန့်ကွက်သံများ ထွက်ပေါ်လာသည်၊

စကားသံများ ပိုမိုကျယ်လောင်လာမှ စွန်ကန်က လက်နှစ်ဖက်ကို မြှောက်ယမ်းပြလိုက်၏၊

'အားလုံး နားထောင်ကြပါဗျ'

မကျေမနပ်ပြောဆိုနေကြသော စကားသံများမှာ ပြန်လည်တိတ်ဆိတ်သွားသည်၊

စွန်ကမ်က ကျယ်လောင်သောအသံဖြင့် ပြောဆိုလိုက်၏၊

'ကျုပ်ရဲ့ဆုံးဖြတ်ချက်က တရားမျှတတယ်ဆိုတာ ခင်ဗျားတို့ မကြာခင် သဘောပေါက်မှာပါ၊ ဒါကြောင့် ကျုပ်ရဲ့ဆုံးဖြတ်ချက်အတိုင်း တစ်ယောက်မကျန် နားထောင်ကြစေချင်ပါတယ်၊ အဲ....အားလုံးပဲပြန်နိုင်ပါပြီ၊ ကိုယ့်အခန်း ကိုယ်နေကြပါ၊ ကျုပ်တို့စုံစမ်းမှုတွေကို နံနက်စာ စားပြီးတဲ့အချိန်က စပါမယ်၊ အားလုံးကိုစုံစမ်းစစ်ဆေးပြီးမှ ဒီကထွက်သွားခွင့်ပြုနိုင်ပါမယ်၊ ဒါမှမဟုတ်ဘဲ ကိုယ့်ဆန္ဒနဲ့ကိုယ် ထွက်သွားချင်တယ်ဆိုရင် အဲဒီလူကို မသင်္ကာစရာ ကောင်းတဲ့သူအဖြစ် သတ်မှတ်ရပါလိမ့်မယ်'

လွှထင်းစုန်းက ပခုံးအစ်ချက်တွန့်လိုက်သည်၊

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှထကာ ထွက်ခွာသွား၏။

ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ကျန်လူများမှာလည်း တစ်ယောက်ပြီးတစ်ယောက် အခန်းထဲမှ ထွက်ခွာသွားကြလေတော့သည်။

တည်းခိုသူများသည် ကိုယ့်အခန်းသို့ကိုယ် ပြန်သွားကြသည်။

ရှောင်တွန်နှင့် ရှောင်ရှမ်းတို့ကလည်း သခင်မလေးကို ဝိုင်းခြံရံကာ အခန်းဆီသို့ ပြန်လာခဲ့ကြသည်။

လမ်းတွင် ရှောင်ဟုန် မကျေမနပ်ဖြင့် ပြောလိုက်၏။

'ဒီလူစကားပြောတာ တော်တော်မောက်မာတယ်၊ တို့ကသူ့ကိုကြောက်ပြီး ဒီကတွက်မသွားဘဲ နေရမှာလား။'

ရှောင်ရှမ်းကလည်း ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ သူ့ကိုကြောက်ရမှာလား'

သခင်မလေးက မဲ့ပြုံးပြုံးလိုက်သည်။

'တို့က ဘယ်သူ့ကို ကြောက်ရမှာလဲ၊ တို့သွားချင်ရင် အချိန်မရွေး သွားလို့ရတယ်၊ တို့ကို ဘယ်သူက တားဆီးနိုင်မှာလဲ'

ရှောင်ရှမ်းက ကျေနပ်အားရစွာဖြင့် ပြုံးလိုက်၏။

'ဒါဖြင့် ကျွန်မတို့ ထွက်ခွာသွားကြမယ်ပေါ့'

သခင်မလေးက ခေါင်းခါယမ်းလိုက်သည်။

'မသွားဘူး'



ရှောင်ရှမ်းမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဘာဖြစ်လို့လဲ သခင်မလေး'

သခင်မလေးက ပြုံးလိုက်သည်။

'ဘာဖြစ်ရမှာလဲ၊ တို့ထွက်သွားရင် သူတို့က တို့ကို သူခိုးဆိုပြီး အပြစ်တွေ ပုံချမှာပေါ့'

ရှောင်ဟုန်က အံကြိတ်ကာ ပြောလိုက်၏။

'သူတို့ ဒီလို လုပ်ချင်ရင် လုပ်ကြည့်စမ်းပေါ့၊ ကျွန်မတို့ အကြောင်း သိသွားမှာပေါ့'

သခင်မလေးက အနည်းငယ် စဉ်းစားလိုက်သည်။

'တို့ထွက်သွားရင် သူတို့က တို့ကို အပြစ်ပုံချမှာ သေချာတယ်၊ ဒီအချိန်မှာ သူတို့စကားကို နားယောင်ပြီး တို့ကို အနှောင့်အယှက်ပေးမယ့်လူတွေ အများကြီး ပေါ်လာနိုင်တယ်၊ ဘာမဟုတ်တဲ့ကိစ္စကြောင့် တို့ခရီးစဉ်ကို နှောင့်နှေးခံနိုင်ဘူး၊ အချိန်မီရောက်အောင် သွားရဦးမယ် မဟုတ်လား'

ရှောင်ဟုန်က စိုးရိမ်တကြီးဖြင့် ပြောလိုက်၏။

'သခင်မလေး....ကျွန်မတို့ နောက်ထပ် နှစ်ရက်လောက်ပဲ အချိန်ရတော့မယ်၊ သူတို့ စစ်ဆေးမေးမြန်းတာ နှစ်ရက်ကျော်မယ်ဆိုရင်တော့....'

သခင်မလေးက သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


'သူတို့စစ်ဆေးမယ်ဆိုရင် တို့ကို အရင်ဆုံးလာပြီးစစ်ဆေးပါစေ၊ တို့ကို စစ်ဆေးပြီးတာနဲ့ ခရီးဆက်ကြတာပေါ့'

ရှောင်ရှမ်းက ခေါင်းညိတ်လိုက်၏။

'ကောင်းတယ်...ကောင်းတယ်၊ ကျွန်မတို့ကို အရင်ဆုံးလာစစ်ဆေးပါလို့ သူတို့ကို သွားပြောရမယ်'

ပြောပြောဆိုဆိုဖြင့် သူမတာ နေရာမှ လှမ်းထွက်သွားသည်။

သခင်မလေးက သူမအား ဟန့်တားခြင်း မပြုပါချေ။

ရှေ့သို့ဆက်လျှောက်သွားကာ အခန်းသို့ရောက်သည့်အခါ တံခါးကို တွန်းဖွင့်ကာ လှမ်းဝင်သွားလေတော့သည်။

ဧည့်ခန်းမ....

ဧည့်ခန်းမအတွင်းမှလူများ ထွက်ခွာသွားကြပြီ ဖြစ်၏။ ဧည့်ခန်းအတွင်း၌ စွန်ကာမ်၊ ယိစန်းနှင့် ယိကျင်းတို့သာ ကျန်ရစ်ခဲ့သည်။

ယိကျင်းက စွန်ကာမ်ကိုကြည့်ကာ ပြောလိုက်၏။

'ကျွန်တော့်ကို တစ်ခုလောက် မေးခွင့်ပြုပါ'

စွန်ကာမ်က ခေါင်းညိတ်လိုက်သည်။

'မေးပါ'

ယိကျင်းက မဝံ့မရဲဖြင့် မေးလိုက်သည်။

'ညက သူခိုးဝင်လာတယ်ဆိုတာ မဟုတ်ဘူး ထင်တယ်'

စွန်ကာမ်ကပြုံးကာ ယိစန်းဘက်သို့ လှည့်လိုက်၏။

'ကဲ...ယိစန်း၊ မင်းပဲ ရှင်းပြလိုက်ပါ'

ယိစန်းက ရှင်းပြလိုက်သည်။

'ညက တာဝန်ခံကြီးရဲ့ အမိန့်အတိုင်း သူခိုးဝင်လာတယ်ဆိုပြီး အစောင့်အကြပ်တွေကိုပါ တပ်လှန့်လိုက်တယ်၊ ပြီးတော့ တစ်ခြံလုံးကိုလိုက်ပြီး ရှာခိုင်းလိုက်တယ်'

ယိကျင်းက မျက်ခုံးကြုတ်လိုက်၏။

'ဒါထက် ကျူးကျော်ကောင်ကော...'

စွန်ကာမ်က အေးတိအေးစက်ဖြင့် ပြောလိုက်သည်။

'သူ့ကို သူခိုးက သတ်သွားတာပေါ့'

ယိကျင်း၏ခန္ဓာကိုယ်မှာ တုန်ခါသွား၏။

စွန်ကာမ်က ဆက်ပြောလိုက်သည်။

'မကြာခင် တို့သစ်တော သူခိုးရှာရလိမ့်မယ်၊ အဲဒီအခါ သူခိုးကို တွေ့ရလိမ့်မယ်'

ယိကျင်းမှာ အံ့အားသင့်သွား၏။

'ဟင်...ဘယ်သူလဲ'

စွန်ကာမ်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘လှေထင်းစုန်ပေါ့’

ယိကျောင်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

‘မျာ….လှေထင်းစုန် တုတ်လား၊ သူက ပစ္စည်းတောင် အခိုးခံရသေးတာပဲ၊ သူ့ကို သူခိုးလို့ စွပ်စွဲရင် ဘယ်သူက ယုံမှာလဲ’

စွန်ကာမ်က လက်ကာပြလိုက်သည်။

‘သူဟာ လောင်…ဈေးဝိုင်းကငွေတွေကို ကျူးချောင်နဲ့ ပေါင်းပြီး လိမ်ယူတယ်၊ ပြီးတော့ ကျူးချောင်ကိုနှုတ်ပိတ်လိုက်တယ်၊ ငါတို့က သူခိုးဆိုပြီးလိုက်တော့ သူ လွတ်သွားတယ်၊ အဲဒီအခါမှာ သူ့အပေါ် သက်သေမကောင်းဖြစ်မှာ စိုးရိမ်ပြီး သူ့ပစ္စည်းအချို့ အခိုးခံရတယ် ပြောတာပေါ့လို့ ကြေညာလိုက်ရင် လှေထင်းစုန်က သူခိုးဖြစ်နေပြီပေါ့’

ယိကျောင်းမှာ တွေဝေသွား၏။

‘ဖြစ်ပါ့မလား၊ သူဟာ တော်တော်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ’

စွန်ကာမ်က ကောက်ကျစ်စဉ်းလဲစွာဖြင့် ပြုံးလိုက်သည်။

‘မပူပါနဲ့၊ မကြာခင် သူ့ကိုနိုင်မယ့်လူ ရောက်လာလိမ့်မယ်၊ လှေထင်းစုန်သေရင် သူခိုးသွားတဲ့ငွေတွေကို ပြန်ရမယ်၊ ပြီးတော့ သူ့ရဲ့ဈေးမြောင်လဲ့ရမယ်၊ မင်းတို့အတွက် ဆုငွေတွေလဲ ရဦးမယ်’

ယိကျောင်းက ပါးစပ်ပိတ်ထားလိုက်၏။

ခန်းမဆောင်တွင် လူအများ စုဝေးနေခိုက်စွန်ကာမ်က လူလွှတ်ကာ လှေထင်းစုန်၏အခန်းထဲသို့ သက်သေခံ ပစ္စည်း



များ တိတ်တဆိတ်သွားရောက် ထည့်ခိုင်းထားသည်မှာ ယုံမှားဖွယ်မရှိချေ။

လှေထင်းစုန်မှာ အပြစ်မရှိဘဲဒုက္ခရောက်ရပေတော့မည်။

ထိုစဉ်မှာပင်….

အခန်းအပြင်ဘက်မှ ခြေသံတစ်သံထွက်ပေါ်လာ၏။

စွန်ကာမ်၏ မျက်လုံးအစုံမှာ ဝင်းလက် တောက်ပသွားသည်။

‘ငါတို့စောင့်နေတဲ့လူ လာပြီထင်တယ်’

ယိစန်းနှင့်ယိကျောင်းတို့က တံခါးဆီသို့ စိတ်ဝင်တစားဖြင့် လှမ်းကြည့်လိုက်၏။

မကြာပါချေ။

တံခါးဝ၌ လူတစ်ယောက်ထွက်ပေါ်လာသည်။

ထိုလူကို တွေ့လိုက်ရသောအခါ ယိစန်းနှင့် ယိကျောင်းတို့၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

ထိုနည်းတူစွာပင်….

စွန်ကာမ်မှာလည်း ပါးစပ် အဲ့ဟောင်းသား ဖြစ်သွားသည်။

အကြောင်းကား….

ထိုလူမှာ သူတို့မျှော်လင့်နေသူ မဟုတ်သောကြောင့်ပင် ဖြစ်သည်။

‘လှေထင်းစုန်’

ယိစန်းက လှုတ်ခနဲရေရွတ်လိုက်သည်။

မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာသူမှာ လွှထင်းစုန်ပင် ဖြစ်၏။

လွှထင်းစုန်သည် စွန်ကမ်း၊ ယိစန်းနှင့် ယိကျွင်းတို့ကို အားတိအားစက်ကြည့်ကာ အခန်းထဲသို့ တစ်လှမ်းချင်းလှမ်း ဝင်လာနေလေတော့သည်။

ပဌမပိုင်း ပြီး၏။

(ဒုတိယပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# နန္ဒကျော်သူ

## သိန်းသရာနှောင်ကြိုး

(ဒုတိယပိုင်းဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၀)

### မရဏဧည့်သည်

နေဝန်းသည် တစ်စက်တစ်စ မြုပ်ကွယ်သွား၏။

နေရောင်ခြည်ကြောင့် လောကကြီးတစ်ခုလုံး [illegible] သွေးသွေးရှိလှသည်။

သို့သော်....

စိတ်တိုင်းကျ တည်းခိုခန်း၏ ဧည့်ခန်းမအတွင်းရှိ လေထု များမှာ အေးခဲသွားသည်ဟု ထင်မှတ်လိုက်ရ၏။

စွန်ကာမ်၊ ယိစန်းနှင့် ယိကျင်းဘို့၏ မျက်နှာများမှာ သွေးဆုတ် ဖြူရော်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား...

အခန်းအတွင်းသို့ လှေထင်းစုန်ရောက်ရှိလာခြင်းကြောင့်ပင် ဖြစ်၏။

လှေထင်းစုန်သည် မဖေးမဖေးမယ်မတ်ရပ်လျက် စွန်ကာမ်တို့ သုံးယောက်အား စူးစူး ရဲရဲစိုက်ကြည့်နေသည်။

သူ၏အကြည့်ကြောင့် စွန်ကာမ်တို့သုံးယောက်၏ ရင်ထဲတွင် ထက်မြက်သော အပေါ်ကားလေးများဖြင့် ထိုးဆွနေသကဲ့သို့ ခံစားနေကြရ၏။

အခန်း၊ တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်ခြင်းက လွှမ်းခြုံထားသည်။

အတန်ကြာမှ...

လှေထင်းစုန်က တိတ်ဆိတ်ငြိမ်သက်ခြင်းကို စတင် ဖြိုခွဲလိုက်၏။

'ကျုပ်ရဲ့ခေါ်ကို ပြန်ပေးပါ'

သူ၏စကားသံသည် ရေခဲတောင်မှ ထွက်ပေါ်လာသည့်အလား အေးစက်လွန်းလှသည်။

ထိုစကားကြောင့် စွန်ကာမ်မှာ ရင်ထိတ်သွား၏။

'မင်း...မင်း...ဘာပြောတာလဲ'

လှေထင်းစုန်က ဟန်မပျက်ကင်းမဲ့သော မျက်နှာထားဖြင့် ထပ်ပြောလိုက်သည်။

'ကျုပ်ခေါ် ပြန်ပေးပါ'

စွန်ကာမ်က မသိဟန်ဆောင်ရင်း နောက်ဆုတ်သွား၏။

ထို့...



သူသည် အခြေအနေကို နားလည်သဘောပေါက်သွားပြီ ဖြစ်သည်။

တည်းခိုခန်းသည် သူ၏ပိုင်နက်ဖြစ်သောကြောင့် လှေထင်းစုန်အား ပေါ့ပေါ့တန်တန်သဘောထားခဲ့၏။

သို့သော်...

လှေထင်းစုန်သည် သူတို့ထက်သွက်လက်စွာ လှုပ်ရှားကာ အခြေမှန်ကို ရိပ်မိသွားပြီဖြစ်သည်။

လှေထင်းစုန်က အေးတိအေးစက်ဖြင့် ပြောလိုက်ပြန်၏။

'ခင်ဗျားတို့ယုတ်မာပုံတွေကို ကျုပ်သိပြီးပြီ၊ ကျုပ်ခေါ်ကို ပြန်ပေးပါ'

စွန်ကာမ်က ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားခေါ်ကို ကျုပ်ခိုးတာမဟုတ်ဘူး'

လှေထင်းစုန်က မဲ့ပြုံးပြုံးလိုက်၏။

'ယိစန်းနဲ့ယိကျောင်းတို့ ခိုးသွားတယ်ဆိုတာ ကျုပ်သိပါတယ်၊ သူတို့ကို ခင်ဗျားပဲ ခိုးခိုင်းလိုက်တာမဟုတ်လား'

စွန်ကာမ်က ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ သူတို့သဘောနဲ့သူတို့ ခိုးယူလာကြတာပါ'

လှေထင်းစုန်က မျက်မှောင်ကြုတ်လိုက်၏။

'ဒါဖြင့် ခင်ဗျားက ဘာကြောင့်ယူထားရတာလဲ'

စွန်ကာမ်က ခေါင်းငုံ့လိုက်သည်။

'ကျုပ်လဲ လောဘမျိုးတာပဲဗျာ၊ တန်ဖိုးရှိတဲ့ပစ္စည်းကို လိုချင်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

လှထွေးစုန်က နှာခေါင်းရှုံ့လိုက်၏။

'ကျုပ်စေ့ရရင် သွားတော့မယ်၊ ဒါပေမယ့် နောက်တစ်ခါ ဒီကိုပြန်လာဦးမယ်၊ ကျုပ်ပြန်လာတဲ့အခါ မလောင်းစားဝိုင်းတွေကို ဖျက်သိမ်းပစ်မယ်'

စွန်ကာမ်က ပျာပျာသလဲ ပြောလိုက်သည်။

'လောင်းကစားဝိုင်းက ကျုပ်သဘောနဲ့လုပ်တာမဟုတ်ပါဘူး။ သူများခိုင်းလို့လုပ်ရတာပါ'

လှထွေးစုန်က ခေါင်းညိတ်လိုက်၏။

'ဒါတွေ ထားလိုက်ပါတော့၊ ကျုပ်ခေါ်ကို ပြန်ပေးမလား၊ မပေးဘူးလားဆိုတာသာပြောပါ၊ ကျုပ်ခေါ်ကိုပြန်မပေးချင်ဘူးဆိုရင် ခင်ဗျားအသက်ကိုအစားပေးရလိမ့်မယ်'

စွန်ကာမ်က သက်ပြင်းချလိုက်သည်။

'ပြန်ပေးပါမယ်ဗျာ'

လှထွေးစုန်က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ ဒါဖြင့် အခုထုတ်ပေးပါ'

စွန်ကာမ်က ပခုံးတစ်ချက်တွန့်လိုက်သည်။

'ခင်ဗျားထား ကျုပ်လက်ထဲမှာ ရှိမနေပါဘူး'

လှထွေးစုန်၏မျက်နှာမှာ တင်းမာသွား၏။

သူက ရှေ့သို့လှပ်တစ်ပြက်ခုန်တိုးကာ စွန်ကာမ်၏သက်ကို ဖမ်းဆွဲလိုက်သည်။

သို့သော်....

စွန်ကာမ်က လျှင်မြန်စွာ ရှောင်တိမ်းလိုက်သဖြင့် လှထွေးစုန်၏လက်မှ လွတ်ထွက်သွား၏။



သူ၏ရှေ့မှ စွန်ကာမ်ကွယ်ပျောက်သွားသည်နှင့် လှထွေးစုန်က သူ၏အနီးတွင်ရှိနေသော ယိစန်းအား ဖမ်းဆွဲထားလိုက်သည်။

စွန်ကာမ်မှာ ယိဘ်သန့်တုန်လှုပ်သွား၏။

'မင်း....မင်း'

သူ၏စကားမဆုံးမီ လှထွေးစုန်က တင်းမာခက်ထန်သော လေသံဖြင့် မေးလိုက်၏။

'ကျုပ်ခေါ်ကို ဘယ်မှာထားသလဲ'

စွန်ကာမ်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်၏။

'မြေ...မြေတိုက်ခန်းထဲမှာပါ'

လှထွေးစုန်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်ကို မြေတိုက်ခန်းရောက်အောင် လိုက်ပို့ပါ'

စွန်ကာမ်က ယိစန်းကို လက်ညှိုးညွှန်ပြလိုက်၏။

'မြေတိုက်ခန်းကို ဘယ်လိုသွားရတယ်ဆိုတာ သူသိပါတယ်'

'သူ့ကိုခေါ်သွားပါ'

လှထွေးစုန်က မျက်နှာကိုမဲ့လိုက်သည်။

'မလိုချင်ဘူး၊ ခင်ဗျားတို့သုံးယောက်စလုံး လိုက်ခဲ့ရမယ်၊ ထမ်းမှာအကောက်ကြံမယ် မစဉ်းစားနဲ့၊ ကျုပ်က လက်နှေးမှာမဟုတ်ဘူး'

စွန်ကာမ်က ပခုံးတစ်ချက်တွန့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပြီလေ…မြေတိုက်ခန်းထဲ သွားကြတာပေါ့၊ ယိစန်း မင်းဆီမှာ ဒသုပါတယ် မဟုတ်လား'

ယိစန်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မြေတိုက်ခန်းနှင့်ပတ်သက်၍ စွန်ကာမ်ကသာ တာဝန်ယူရသည်။

စွန်ကာမ်က သူ့အားအဘယ်ကြောင့် မေးမြန်းနေရပါသနည်း။

ယိစန်းမှာ နားမလည်သေးသည်။ နှုတ်မှ အဖြေမထွက်ဘဲ ခေါင်းညိတ်၍ လက်ခံ ဖြေလိုက်မိသည်။

'ရှိ…ရှိပါတယ်'

စွန်ကာမ်က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ ဒါဖြင့်သွားကြစို့'

ပြောရင်း လူရှင်းနေသော စကြံလမ်းကလေးအတိုင်း လျှောက်သွားသည်။

သူ၏နောက်မှ ယိကျွင်းလိုက်သွား၏။

ယိကျွင်း၏နောက်မှ လေ့ထင်းစုန်နှင့် ယိစန်းတို့က လိုက်ပါသွားကြသည်။

မကြာပါချေ။

သူတို့သည် တည်းခိုခန်း၏ အနောက်ဘက်ရှိ သိုသန့် အခန်းများရှိရာဘက်သို့ ရောက်ရှိလာကြ၏။

ယင်း သိုသန့်အခန်းများ၏ အလယ်တွင် သေးငယ်သော အခန်းကလေးတစ်ခု ရှိနေသည်။

စွန်ကာမ်က ယင်းအခန်းသေးအား ညွှန်ပြလိုက်၏။



'အဲဒီအခန်းထဲကဝင်မှ မြေတိုက်ခန်းကိုရောက်မယ်'

လေ့ထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ…ခင်ဗျားရှေ့ကဝင်သွားပါ'

စွန်ကာမ်က တံခါးကိုတွန်းဖွင့်ကာ အတွင်းသို့လှမ်းဝင်သွား၏။

အခန်းထဲတွင် သေးသေးကွင်းဖုံ အိုးဖုံးတစ်ခုရှိနေသည်။

စွန်ကာမ်က အိုးဖုံးကို ဆွဲဖွင့်လိုက်၏။

ထို့နောက်…

မသဲမကွဲ အသံတစ်ချက်ပြုရင်း အောက်သို့လျှောပ်တစ်ပြက် ခုန်ချလိုက်သည်။

တစ်ချိန်တည်းမှာပင်…

ယိစန်းနှင့် ယိကျွင်းတို့ကလည်း လေ့ထင်းစုန်လက်တွင်းမှ ရုန်းထွက်လိုက်ကြသည်။

တစ်ဆက်တည်းပင်…

ယိကျွင်းက လေ့ထင်းစုန်အား လျှပ်တပြက် တိုက်ခိုက်လိုက်သည်။

လေ့ထင်းစုန်မှာ ဒေါသထွက်သွား၏။

'မင်းတို့ သေချင်ကြပြီထင်တယ်'

ပြောရင်း ယိကျွင်း၏တိုက်ခိုက်မှုကို ခန္ဓာကိုယ်လှည့်၍ ရှောင်တိမ်းပေးလိုက်ပြီး ရုန်းထွက်နေသော ယိစန်းအား ဆောင့်တွန်းပစ်လိုက်သည်။

လေ့ထင်းစုန် တွန်းပစ်လိုက်သောအရှိန်ကြောင့် ယိစန်းမှာ အတွင်းဘက်သို့ လွင့်စဉ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လှေထင်းစုန်က နန္ဒာကိုယ်ကို ချာခနဲလှည့်လိုက်ပြီး ယိကျင်းအား ကြိမ်သည်တိုက်ခိုက်လိုက်သည်။

ထိအခါ....

'ဝုန်း...'

အသံနှင့်အတူ ယိကျင်းမှာ လှေထင်းစုန်၏ လက်ဝါး တစ်ချက်မိကာ အဝေးသို့လွင့်စဉ်သွား၏။

ယိကျင်းခံလိုက်ရသည်ကို မြင်လိုက်ရသောအခါ ယိစန်းမှာ ဒေါသခြောင်းခြောင်း ထွက်သွားသည်။

'မသေသေတော့'

ကြိမ်းဝါးရင်း လှေထင်းစုန်အား တစ်ဟုန်ထိုးခုန်အုပ်တိုက်ခိုက်လိုက်၏။

လှေထင်းစုန်က ယိစန်း၏တိုက်ခိုက်မှုအား အသာအယာရှောင်တိမ်းပေးလိုက်ပြီး ခြေထောက်တစ်ချက် ကန်ထုတ်လိုက်သည်။

'ဝုန်း...'

အရှိန်ပြင့်ခုန်အုပ်လာသော ယိစန်းမှာ လှေထင်းစုန်၏ ခြေထောက်ကန်ချက်မိပြီး ခြေကားရား လက်ကားရားဖြင့် လဲကျသွား၏။

ယိစန်းနှင့် ယိကျင်းတို့ ပြန်မထသာမီမှာပင် လှေထင်းစုန်က ပွင့်နေသောအံဖုံးတံခါးမှတစ်ဆင့် မှောင်မည်းနေသော မြေတိုက်ခန်းအတွင်းသို့ ခုန်ဆင်းလိုက်လေတော့၏။

❋



လှေထင်းစုန်သည် မြေတိုက်ခန်းထဲသို့ မိုက်မိုက်မဲမဲ ခုန်ဆင်းလိုက်၏။

သူမြေတိုက်ခန်းထဲသို့ ရောက်ရှိသွားသည်နှင့် အပေါ်ဘက်မှအံဖုံးတံခါးမှာ ပိတ်သွားလေသည်။

မည်သူက အံဖုံးတံခါးကို ပိတ်လိုက်ပါသနည်း။

ယိစန်းနှင့်ယိကျင်းတို့ မဖြစ်နိုင်ချေ။

အကြောင်းတော့....

သူတို့သည် လှေထင်းစုန်၏လက်ချက်ကြောင့် အတွင်းဒဏ်ရာ ရရှိသွားကြခြင်းကြောင့်ဖြစ်၏။

ယင်းကြောင့်....

မည်သည့်နည်းနှင့်မျှ လဲကျနေရာမှထကာ အံဖုံးတံခါးကို ပိတ်နိုင်လိမ့်မည်မဟုတ်ချေ။

စုန်တာမိ၏ ကြိုတင်စီစဉ်မှုများကြောင့်ပင် ဖြစ်ပေလိမ့်မည်။

အပေါ်ဘက်၌ ယိစန်းနှင့် ယိကျင်းတို့အပြင် စုန်တာမိ၏ အဖော်တစ်ယောက်ရှိနေမည်မှာ ကျိန်းသေပင် ဖြစ်သည်။

လှေထင်းစုန် တွေးတောနေစဉ်မှာပင် ဓောတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်၏။

'ဝှစ်...ဝှစ်'

တစ်ဆက်တည်းပင်....

သူ၏ရင်ဝဆီသို့ လက်နက်ပုန်းများ ပစ်လွှင့်လာသည်ကို လှေထင်းစုန်က ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှထင်းစုန်မှာ အမှောင်ထုထဲတွင် မျက်စိကျင့်သေး မရသေးပါချေ။

ယင်းကြောင့်....

နံဘေးသို့ခုန်ရှောင်ခြင်းမပြုဘဲ ကြမ်းပြင်ပေါ်သို့မှောက်ချလိုက်ရ၏။

သို့သော်....

မြေအောက်ခန်းထဲတွင် အမှန် တိတ်ဆိတ် ငြိမ်သက်နေသဖြင့် သူလှုပ်ရှားလိုက်တိုင်း အသံထွက်ပေါ်လာသည်။

ယင်းသို့ အသံထွက်ပေါ်လာခြင်းကပင် ရန်သူအား လက်နက်ပုန်းဖြင့်ပစ်ခတ်ရန် လမ်းညွှန်ပေးနေသကဲ့သို့ ဖြစ်၏။

လက်နက်ပုန်းများသည် သူ့ထံသို့ အဆက်မပြတ်ပစ်လွှင့်လာနေလေသည်။

လွှထင်းစုန် နဖူးပေါ်တွင် ချွေးများစို့လာ၏။

ယခု....

သူသည် ရန်သူ၏ထောင်ချောက်တွင်းသို့ သက်ဆင်းနေရပြီ မဟုတ်ပါလော။



ရှောင်ရှမ်းသည် စွန်ကမ်နှင့်တွေ့ဆုံရန်အတွက် ညှော်ခန်းမသို့ လျှမ်းလာခဲ့၏။

သူမသည် စွန်ကမ်အား တွေ့ပါက မိမိတို့အား အရင်ဆုံးစစ်ဆေး၍ သွားခွင့်ပြုရန် တောင်းဆိုမည်ဖြစ်သည်။

ညှော်ခန်းအနီးသို့ရောက်သောအခါ ညှော်ခန်းထဲမှ စကားသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရ၏။

စွန်ကမ်နှင့် လွှထင်းစုန်တို့ အချီအချ ပြောနေကြသော စကားများပင်ဖြစ်သည်။

ထိုစကားများကြောင့် စွန်ကမ်သည် လွှထင်းစုန်၏ ပစ္စည်းကို ခိုးယူဆောင်ပြီး ရှိသမျှအပြစ်များအား လွှထင်းစုန်အပေါ်သို့ ပုံချရန်ရည်ရွယ်ထားကြောင်း၊ လွှထင်းစုန် အနိုင်ရရှိထားသော လောင်းကစားဝိုင်းမှ ငွေများကိုလည်း ပြန်လည်ရယူလိုကြောင်း စသည်ဖြင့် အကြမ်းဖျင်းနားလည်သဘောပေါက်လိုက်၏။

ရှောင်ရှမ်းသည် ညှော်ခန်းတွင်းသို့မဝင်ဘဲ အပြင်မှ တိတ်တဆိတ်ချောင်း၍နားထောင်နေမိလေသည်။

လွှထင်းစုန်တို့ ထွက်သွားကြသည်ကို တွေ့သောအခါ နောက်မှ ခြေရာခံ၍ လိုက်လာခဲ့၏။

လွှထင်းစုန်ကို မြေတိုက်ခန်းရှိရာအခန်းထဲသို့ ဝင်သွားကြသောအခါတွင်မူ သူမသည် လိုက်ဝင်ရန် မဝံ့ရဲတော့ဘဲ အပြင်ဘက်ခပ်လှမ်းလှမ်းမှနေ၍ အခြေအနေကို အကဲခတ်ကြည့်နေလေသည်။

မကြာပါချေ။

www.burmeseclassic.com

www.burmeseclassic.com

အတွင်းဘက်မှတိုက်ခိုက်နေသောအသံများကို ကြားလိုက်ရ၏။

မှောင်ရှမ်းမှာ စိတ်လှုပ်ရှားသွားသည်။

လှေထင်းစုန်သည် လူကောင်း တစ်ယောက်ပင် ဖြစ်ကြောင်း သူမ ယုံကြည်သွားပြီဖြစ်၏။

သူမ လှုပ်ရှားရန် ဟန်ပြင်လိုက်စဉ်မှာပင် လူရိပ်သုံးခုက အခန်းထဲသို့ ပြေးဝင်သွားသည်ကို တွေ့လိုက်ရသည်။

ထိုလူများ၏ လှုပ်ရှားမှုမှာ လျင်မြန်လှသောကြောင့် မည်သူမည်ဝါဖြစ်ကြောင်း သဲကွဲစွာ မတွေ့လိုက်ရပါချေ။

ထိုအချိန်တွင် အတွင်းဖက်မှထွက်ပေါ်လာသော တိုက်ခိုက်သံများ ပျောက်ကွယ်သွား၏။

မှောင်ရှမ်းက အခြေအနေကိုသိလိုစိတ်ဖြင့် ဖြည်းဖြည်းစွာဖြင့် အခန်းအနီးသို့ ချဉ်းကပ်သွားပြီး အတွင်းဘက်သို့ ချောင်းကြည့်လိုက်သည်။

ထိုအခါ....

တည်းခိုခန်းတွင် စောင့်ကြပ်ရသော လူသန်ကြီး နှစ်ယောက်မှာ ကြမ်းပြင်ပေါ်တွင် လဲကျနေသည်ကိုတွေ့လိုက်ရ၏။

လှေထင်းစုန်၊ ရွှန်တာမ်နှင့် နောက်ထပ်ဝင်ရောက်သွားကြသည့် လူသုံးယောက်တို့ကိုလုံးဝတွေ့မြင်ရခြင်းမရှိတော့ချေ။

မှောင်ရှမ်းမှာ အံ့သြသွားပြီး အခန်းထဲသို့ လှမ်းဝင်လိုက်သည်။



အခန်း၏အလယ်တွင် အံဖုံးတစ်ခုရှိနေသည်ကို တွေ့လိုက်ရ၏။

မှောင်ရှမ်းမှာ သဘောပေါက်သွားသည်။

လှေထင်းစုန်သည် အံဖုံးတံခါးကိုဖွင့်ကာ မြေအောက်ဘက်သို့ဆင်းကာသွားခြင်းဖြစ်ပေလိမ့်မည်။

ယင်းသို့ တွေးမိသောကြောင့် သူမက အံဖုံးတံခါးကို ဆွဲဖွင့်ရန် ဟန်ပြင်လိုက်၏။

မျက်တရက်....

'သေချင်ပြီလား'

စူးရှသောအော်ငေါက်သံနှင့်အတူ အခန်းအပေါ်ဘက် ထုပ်တန်းပေါ်မှ လူရိပ်သုံးခု ခုန်ချလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများသည် ကြမ်းပြင်နှင့်ခြေထောက် ထိတွေ့မိလိုက်သည်နှင့် မှောင်ရှမ်းအားဝိုင်းရံကာ ခိုက်ကြ၏။

မှောင်ရှမ်းမှာလည်း မနေသာတော့ဘဲ ခါးတွင်ချိတ်ဆွဲထားသောဓားကိုထုတ်ကာ ပြန်လည် ခုခံတိုက်ခိုက်သည်။

သိုင်းကွက်သုံးလေးကွက်မျှ တိုက်ခိုက်ပြီးသည်နှင့် ထိုလူများမှာ ယက်ရှစဉ် ကြေးစား လူသတ်သမားများ ဖြစ်ကြောင်း မှောင်ရှမ်းက နားလည်လိုက်၏။

ယင်းကြောင့်....

သူမက သတိကြီးစွာထားရင်း ဖြည်းဖြည်းဆေးဆေး ပြန်လည်ခုခံတိုက်ခိုက်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့တိုက်ခိုက်နေရင်းပင် သူမအား အုံဖုံးတံခါးကို ဆွဲဖွင့်လိုက်၏။

ညိုသော်....

သူမနှင့် တိုက်ခိုက်နေသော လူသုံးယောက် အနက် တစ်ယောက်က အုံဖုံးတံခါးကို ပြန်လည်ပိတ်လိုက်သည်။

ထိုစဉ်မှာပင်....

မြေတိုက်ခန်းထဲမှ စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာ၏။

'အား....'

ထိုအော်သံကို ကြားလိုက်ရသည်နှင့် ရှောင်ရှမ်းမှာ ရင်ထိတ်သွားသည်။

ယင်းအသံသည် လှေထင်းစုန်၏အသံဖြစ်နေသည် မဟုတ်ပါလော။

✿

မြေတိုက်ခန်းတစ်ခုလုံး မှောင်မည်းနေ၏။



လှေထင်းစုန်သည် အလင်းမှ အမှောင်ထဲသို့ ဝင်ရောက်လာခဲ့ရသောကြောင့် မျက်စိများ ပြာဝေနေပြီး ပတ်ဝန်းကျင်ကို ကောင်းစွာ မတွေ့မြင်ရပါချေ။

သူသည် စိုထိုင်းသော မြေပေါ်တွင် လှဲလျက်သား လက်နက်ပုန်းများကို ရှောင်တိမ်းနေရ၏။

မည်သို့ဆိုစေ....

တစ်ချိန်ချိန်တွင် သူ၏ခန္ဓာကိုယ်သို့ လက်နက်ပုန်းများ လာရောက်ထိမှန်ခြင်း ခံရမည်မှာ ကျိန်းသေဖြစ်သည်။

ထိုသို့ တွေးမိသည်နှင့် လှေထင်းစုန်၏ နဖူးပေါ်မှ ချွေးများ စီးကျလာ၏။

ယင်းအချိန်မှာပင်....

အပေါ်ဘက်မှ အုံဖုံးတံခါး ပွင့်သွားသည်ကို တွေ့လိုက်ရသည်။

အုံဖုံးပွင့်သွားသောအခါ မြေတိုက်ခန်းထဲသို့ အလင်းရောင်များ ထိုးဝင်လာ၏။

ထိုအခါ....

မြေတိုက်ခန်း တစ်နေရာတွင် လူရိပ်တစ်ခု ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ယင်းလူမှာ စွန်ကာမ်ပင် ဖြစ်လေလိမ့်မည်။

ရုတ်တရက်....

လှေထင်းစုန်၏ ခေါင်းထဲတွင် အကြံဉာဏ်တစ်ခု ပေါ်ပေါက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအကြားတွင် ပေါ်ပေါက်လာသည်နှင့် လွှထင်းစုန်မှာ အချိန်မဆိုင်းတော့ချေ၊

'အား....'

သူက လက်နက်ပုန်း ထိမှန်သွားဟန်ဖြင့် စူးရှစွာ အော်ဟစ်တာ အသံငြိမ်နေပုံပင်သည်၊

စွန်ကာမ်မှာ ခတ္တဝေသွားပုံရ၏၊

လက်နက်ပုန်း ပစ်ခတ်မှုမှာ ရပ်တန့်သွားသည်၊

ယင်းအခိုက်....

လွှထင်းစုန်က အင်္ကျီအိတ်ထဲမှ ငွေတုံးတစ်တုံးကို နှိုက်ယူလိုက်ပြီး စွန်ကာမ်ရှိရာသို့ ပစ်ပေါက်လိုက်၏၊

'ဝှီး....'

လေတိုးသံနှင့်အတူ ငွေတုံးကလေးမှာ စွန်ကာမ်၏နဖူးတည့်တည့်သို့ ထိမှန်သွားလေသည်၊

'ဒုတ်....'

'အား....'

အရိုးခွဲ အက်ကွဲသွားသောအသံနှင့် စူးရှစွာအော်ဟစ်လိုက်သောအသံများ ဆက်တိုက်ထွက်ပေါ်လာ၏၊

ထို့နောက်....

မြေတိုက်ခန်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားသည်၊

အတန်ကြာမှ....

လွှထင်းစုန်က မတ်တတ်ရပ်လိုက်၏၊

တစ်ဖန်....



အင်္ကျီအိတ်ထဲတွင် အသင့်ပါလာသော မီးခြစ်ကျောက်ကို ထုတ်ယူကာ မီးထွန်းညှိလိုက်သည်၊

ထိုအခါ....

မြေပေါ်တွင်လဲကျနေသော သုံးယောက်သော စွန်ကာမ်၏အလောင်းကို တွေ့လိုက်ရလေတော့သည်၊

◆

တိုက်ပွဲမှာ တစ်ယောက်တစ်ခြား ပြင်းထန်လာ၏၊

ရှောင်ချွမ်း၏ခန္ဓာကိုယ်တွင် ဒဏ်ရာသုံးလေးချက်မျှ ရရှိထားပြီဖြစ်သည်၊

သို့သော်....

သူမကား အရှုံးမပေးသေးသဲ ရန်သူသုံးယောက်ကို ပြင်းပြင်းထန်ထန်တိုက်ခိုက်နေဆဲ ဖြစ်၏၊

ရုတ်တရက်....

မြေတိုက်ခန်း အဝင်ပေါက်တံခါး ပွင့်လာပြီး လူတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရသည်၊

ထိုလူမှာ လွှထင်းစုန်ပင်ဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲတွင် အနီရောင် ပိုးပဝါဖြင့် ရစ်ပတ်ထား သော အထုပ်တစ်ထုပ် ပါရှိလာသည်။

ယခု....

လေ့ထင်းစုန်သည် သူ၏ မေးမြေစင်ကို ပြန်လည်ရရှိခဲ့ပြီ ဖြစ်၏။

ရှောင်ရှမ်းမှာ ဝမ်းသာသွားသည်။

'ရှင်လှတ်လာပြီလား၊ ရှင်အပေါ်ကျက်လာရင် လုပ်ကြံ စောင့်နေတဲ့လူတွေကို ကျွန်မယှန်ထားလားတယ်၊ ရှင်ဘာမ မတိုးရိမ်နဲ့'

လေ့ထင်းစုန်က ပြုံးလိုက်၏။

'ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ လောင် ကားဝိုင်းမှာသစ်ကြိမ်၊ အခုဘစ်ကြိမ်ဆိုတော့ နှစ်ကြိမ် ရှိပါပြီ၊ ကျုပ်တစ်နေ့ကျရင် ကျေးဇူးပြန်ဆပ်ပါမယ်၊ကဲ. ခင်ဗျားနားလိုက်ပါဦး၊ ဒီလူတွေကို ကျုပ်ကိုယ်တိုင်ဆုံး ပါမယ်'

စကားဆုံးသည်နှင့် တိုက်ပွဲတွင်းသို့ ခုန်ဝင်လိုက်သည်

ရှောင်ရှမ်းနှင့် တိုက်ခိုက်နေသူသုံးယောက်မှာ စွန်ကမ် အကြောင်းကြားချက်ကြောင့် ရောက်ရှိလာကြသူများ ဖြ သည်။

ထိုလူများသည် တည်းခိုခန်းပိုင်ရှင်၏ လက်ရွေးစ ပြောစား သိုင်းသမားများ ဖြစ်ကြသည်။

သို့သော်....



လေ့ထင်းစုန်က ထိုလူများအား မည်သူမည်ဝါ ဖြစ်သည် ဆိုသည်ကို စိတ်မဝင်စားပါချေ။

သူစိတ်ဝင်စားသည်မှာ ထိုလူသုံးယောက်စလုံး မြေပြင် ပေါ်သို့ လဲကျသွားစေရန်သာ ဖြစ်၏။

ထိုလူများသည် သူ့အားကူညီခဲ့သော မိန်းကလေးအား ညှာမတာ ရက်စက်စွာတိုက်ခိုက်ခဲ့ကြသည် မဟုတ်ပါလား။

ယင်းကြောင့်....

သူက ထိုလူသုံးယောက်အား မြင်းပြင်းထန်ထန် တိုက် ခိုက်လိုက်သည်။

သူ၏ပြင်းထန်သော တိုက်ကွက်များကြောင့် ကြေးစား သုံးယောက်မှာ ထိတ်လန့်တုန်လှုပ်သွားကြ၏။

သူတို့သည် လေ့ထင်းစုန်အား အနိုင်ရမည်မဟုတ်ကြောင်း သဘောပေါက်ကြသည်။

ယင်းကြောင့်....

သူတို့က နောက်သို့ဆုတ်ရန် ဟန်ပြင်လိုက်ကြ၏။

သို့သော်....

လေ့ထင်းစုန်က နောက်သို့ ဆုတ်သွားရန်ပင် ခွင့်မပြုဘဲ စိတ်ဆို့တိုက်ခိုက်လိုက်၏။

လေ့ထင်းစုန်၏ တိုက်ခိုက်မှုကိုကြည့်ကာ ရှောင်ရှမ်းမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

လေ့ထင်းစုန်သာ မိမိတို့နှင့် ရန်သူဖြစ်ပါက ရင်ဆိုင်ရန် အလွန်ခက်ခဲလိမ့်မည်ဟု သူမတွေးတောဆမိလိုက်၏။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှင့် လွှထင်းစုန်မှာ ရန်သူဖြစ်စရာ အကြောင်း မရှိပါချေ။

လွှထင်းစုန်အား သူမတို့က နှစ်ကြိမ်တိုင်တိုင် ကူညီခဲ့သည် မဟုတ်ပါလား။

ရှောင်ရှမ်း ယင်းသို့တွေးတောနေစဉ်မှာပင်....

'အား....'

စူးရှသောအော်ဟစ်သံတစ်ချက် ထွက်ပေါ်လာပြီး ကြေးစားတစ်ယောက်မှာ မြေပေါ်သို့ လဲကျသွားလေသည်။

ကျန်နှစ်ယောက်မှာ ထိတ်လန့်သွားပြီး နောက်သို့ပြိုင်တူ ခုန်ဆုတ်လိုက်ကြ၏။

သို့သော်....

လွှထင်းစုန်၏ အလွှတ်မပေးသော လိုက်လံ တိုက်ခိုက်မှုကြောင့်....

'အား....'

'အမေ့....'

အော်သံများ ဆက်တိုက်ထွက်ပေါ်လာပြီး ထိုလူနှစ်ယောက်မှာ မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားကြလေသည်။



ယခု....

မြေပြင်ပေါ်တွင် လဲကျနေကြသူမှာ ငါးယောက်တိတိ ရှိနေပြီဖြစ်သည်။

ရှောင်ရှမ်းသည် လွှထင်းစုန်အား မယုံကြည်နိုင်စွာဖြင့် ကြည့်နေ၏။

သူမကို အသာစီးမှတိုက်ခိုက်ခဲ့သော ရန်သူသုံးယောက်အား လွှထင်းစုန်က တစ်ခဏအတွင်း အနိုင်ယူ တိုက်ခိုက်နိုင်လိုက်သည် မဟုတ်ပါလား။

ယင်းကြောင့်....

ရှောင်ရှမ်းမှာ လွှထင်းစုန်အား အထင်ကြီးလေးစားစိတ်များ ပေါ်ပေါက်လာလေသည်။

'ရှင်က ဘယ်ဆိုးလို့တုံး'

လွှထင်းစုန်က လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

'ကျုပ်ကိုကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

ရှောင်ရှမ်းက လက်ကာပြလိုက်သည်။

'ကိစ္စမရှိပါဘူး၊ ဒါနဲ့ကျွန်မတို့ ဒီနေရာကထွက်သွားကြ[illegible]င်တယ်'

လွှထင်းစုန်က ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့သွားလို့ မဖြစ်သေးဘူး'

ရွှေစင်ရှမ်းက မျက်မှောင်ကြုတ်လိုက်၏။

'ဘာဖြစ်လို့လဲ'

လွှထင်းစုန်က ပြုံးလိုက်၏။

'ကျုပ်တို့ ဒီအတိုင်းထွက်သွားရင် လူဆိုးတွေဖြစ်သွားမှာပေါ့'

ရွှေစင်ရှမ်းမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

'ရှင်....'

လွှထင်းစုန်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ရှင်းပြလိုက်၏။

'ကျုပ်တို့အနေနဲ့ ဒီလိုပြဿနာတွေကို တည်းခိုခန်းမှာရှိနေတဲ့လူတွေ သဘောပေါက်အောင် ဖြေရှင်းပြီးမှ ထွက်ခွာသွားလို့ ရမှာပေါ့၊ ဥပမာ ချင်ဝေလိုသူမျိုးပေါ့'

ရွှေစင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'ရှင်က သူ့ကိုရှင်းပြမယ် ဟုတ်လား'

လွှထင်းစုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ တည်းခိုခန်းမှာ တိုက်ခိုက်မှုတွေဖြစ်နေတာရယ်၊ စွန်ထမ်သေဆုံးသွားတာရယ်ကိုသာ လူတွေသိကုန်ရင်



ဘာကြောင့် အခုလိုဖြစ်ခဲ့တယ်ဆိုတာ စုံစမ်းလာကြမှာ သေချာတယ်'

ရွှေစင်ရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

'အို....ရှုပ်ပါတယ်၊ ဘယ်သူမှမသိအောင် ကျွန်မတို့ ဒီကနေ တိတ်တဆိတ်ကလေး ထွက်သွားကြတာပေါ့'

လွှထင်းစုန်က ပခုံး တစ်ချက်တွန့်ပြလိုက်၏။

'ခင်ဗျား ဒီလိုထွက်သွားလို့ ရမယ်ထင်နေသလား'

ရွှေစင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာဖြစ်လို့လဲ'

လွှထင်းစုန်က အဖြေမပေးပါချေ။

ထိုစဉ်မှာပင်....

အပြင်ဘက်မှ ပြေးလွှားလာကြသော ခြေသံများဆူညံစွာ ထွက်ပေါ်လာ၏။

မကြာပါချေ။

အခန်းတွင်းသို့ တည်းခိုသူများ ပြေးလွှားဝင်ရောက်လာကြသည်။

အားလုံးသောလူများသည် အရှုံ်ဆိုး အကျည်း တန်စွာ မြင်တွင်းကြောင့် ထိတ်လန့် တုန်လှုပ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော်…

သိမ်္ဗာဂီမဒါးချင်စဝမှာ အတွေ့အကြုံရင့်ကျက်သူ ဖြစ်သည့်အလျောက် လှေထင်းစုန်အား စုံစမ်းမေးမြန်းလိုက်လေသည်။

'ဘယ်လိုဖြစ်ကြတာလဲ'

ရှောင်ရှမ်းက နှုတ်ခေါင်းရှုံ့လိုက်၏။

'ဘာဖြစ်ရမှာလဲ၊ သူတို့ကလူယုတ်မာတွေပေါ့'

ချင်ဇေက မျက်မှောင်ကြုတ်လိုက်သည်။

'လူယုတ်မာတွေဟုတ်လား၊ မင်းက ဘာကြောင့် ဒီလိုပြောရတာလဲ၊ စွန်ကတမ်းကော'

ရှောင်ရှမ်းက လှေထင်းစုန်အား လှမ်းကြည့်လိုက်၏။

'စွန်ကပ်အကြောင်း ရှင်းပြလိုက်ပါ'

လှေထင်းစုန်က ခေါင်းညိတ်လိုက်လေသည်။

'စွန်ကမ်းကတော့ သေသွားပါပြီ'

ထိုစကားကြောင့် အားလုံးသောသူများမှာ ထိုက်ပန်း တုန်လှုပ်သွားကြ၏။

'ဟာ…'

'ဟယ်…'

'ဟင်…'

လှေထင်းစုန်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။



'ကျုပ် ခင်ဗျားကို အေးလည်း သဘောပေါက်အောင် ရှင်းပြမယ်၊ ပြီးမှ ကျုပ်ပြောတာဟုတ်မဟုတ် သူတို့ကို မေးကြည့်ကြပေါ့'

သူက ယိစန်းနှင့်ယိကျင်းတို့အားညွှန်ပြကာ ပြောလိုက်ခြင်း ဖြစ်၏။

ယိစန်းနှင့်ယိကျင်းတို့မှာ ခေါင်းရှုပြင်းထန်စွာ ရရှိထားပြီး သတိလစ်မေ့မြောနေကြသည်။

သို့သော်…

အသက်မသေသေးသည့်အတွက် လှေထင်းစုန်က သူတို့အား သက်သေအထောက်အထားအဖြစ် ထင်ပြလိုက်ခြင်း ဖြစ်၏။

သိမ်္ဗာဂီမဒါး ချင်ဇေက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ…ခင်ဗျား အရင်ရှင်းပြပေါ့'

လှေထင်းစုန်က သက်ပြင်းချလိုက်၏။

'ယိစန်းနဲ့ယိကျင်းတို့၊ ကျုပ်ဆီကငွေတွေနဲ့ အလှန်အဖိုးတန်တဲ့ ပစ္စည်းတစ်ခုကို ခိုးယူသွားကြတယ်၊ စွန်ကမ်းက မလောင်းကစားဝိုင်းမှာ ကျုပ်အနိုင်ရခဲ့တဲ့ငွေတွေကို ပြန်လိုချင်တယ်၊ ဒါကြောင့်သူတို့ဟာ ကျုပ်ကို သူခိုးဖြစ်အောင် ဖန်တီးဖို့စီစဉ်ထားတယ်၊ ပြီးတော့ ကျုပ်ကိုလုပ်ကြံပြီး ငွေတွေပြန်ယူဖို့ ကြံစည်ထားတယ်၊ ကျုပ်သိတာ မြန်ခဲ့လို့ပေါ့'

ချင်ဇေက ခေါင်းခေါင်းခါးခါး ချင့်ချိန်သော အသံဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားပြောတာ အမှန်တွေချည်းပဲလား'

လှေထင်းစုန်က ရှောင်ရှမ်းအား ညွှန်ပြလိုက်၏။

'ခင်ဗျားမယုံချင် သူ့ကိုမေးကြည့်နိုင်ပါတယ်'

ရှောင်ရှမ်းက ဝင်ရောက်ပြောဆိုလိုက်သည်။

'ဟုတ်တယ်....သူပြောတာ အားလုံးအမှန်တွေပဲရှင့်၊ စွန်အမ်ဟိုလူစုက အကောက်ကြဖို့ စီစဉ်နေတာတွေကို ကျွန်မကြားလို့ နောက်ကလိုက်ပြီး ချောင်းခဲ့တာ၊ သူတို့က ကျွန်မကိုတောင်ဝိုင်းပြီး လုပ်ကြကြသေးတယ်လေ'

ချင်ဝေက ရှောင်ရှမ်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

'ခင်ဗျားကဘယ်သူလဲ၊ ဘယ်အဖွဲ့ကလဲ'

ရုတ်တရက်....

အခန်းအပြင်ဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

'သူဘယ်အဖွဲ့ကလဲ၊ ဘယ်ဂိုဏ်းကလဲဆိုတာ ရှင်သိစရာမလိုဘူး၊ သူပြောတဲ့စကားကို အမှန်ပဲလို့ ရှင်ယူဆရမယ်'

စကားသံမှာ ချိုလွင်သာယာလှသော်သည်၊ အမိန့်သံဆန်နေ၏။

ယင်းကြောင့်....

ချင်ဝေက စိတ်တိုသွားပြီး အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ....

ချင်ဝေ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။



အကြောင်းကား....

အခန်းထဲသို့လှမ်းဝင်လာသော အသံရှင်မိန်းကလေးမှာ အလွန် ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ထိုမိန်းကလေးမှာ ရှောင်ရှမ်း၏သခင်မလေးပင် ဖြစ်၏။

သခင်မလေး၏နောက်မှ ရှောင်ဟုန်က ကပ်လျက်လိုက်ပါလာလေသည်။

ချင်ဝေ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

'ပန်းမာလာစံအိမ် သခင်မလေး'

သခင်မလေးက သူ့အားစိုက်ကြည့်လိုက်သည်။

'ကျွန်မ ဘယ်သူဘယ်ဝါဆိုတာကိုသိရင် ကျွန်မပြောတဲ့စကားကို လက်ခံလိမ့်မယ်ထင်တယ်'

ချင်ဝေက ပါးစပ်ပိတ်ထားလိုက်၏။

သခင်မလေးက ရှောင်ရှမ်းကိုကြည့်ကာ ပြောပြလိုက်သည်။

'ရှောင်ရှမ်း၊ တို့သွားကြစို့'

ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်ခွာသွား၏။

ရှောင်ရှမ်းက သူမ၏နောက်မှ ခပ်သွက်သွက်လိုက်ပါသွားလေသည်။

သခင်မလေးထွက်ခွာသွားမှ ချင်ဝေက လှေထင်းစုန်ဘက်သို့ လှမ်းကြည့်လိုက်၏။

ထိုအခါ....

www.burmeseclassic.com

www.burmeseclassic.com


သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။
ထူးခြားခြင်းကား…
အခန်းထဲတွင် လွှထင်းစုန်အား မတွေ့ရတော့သော ကြောင့် ဖြစ်၏။
ဧည့်သည်များမှာ မကျေမနပ်ဖြင့် ဆူဆူညံညံဖြစ်လာကြ သည်။
ချင်ဝေက လက်ကို ယမ်းပြလိုက်၏။
'ဒီတော့ဆွေတို့ကို ကျုပ်ပြောစရာစကားတစ်ခွန်းရှိပါတယ်။ ခဏလောက်သည်းခံပြီး နားထောင်ကြပါ'
ထိုစကားကြောင့် ဆူညံနေသောအသံများ တိတ်ဆိတ် ငြိမ်သက်သွားကြသည်။
ချင်ဝေက ချောင်းတစ်ချက်ဟန့်ကာ ပြောလိုက်၏။
'ကျုပ်တို့တစ်တွေ သူတို့ကိုသတိရလာအောင် ပြုစုပေးပြီး အဖြစ်မှန်ကိုမေးရမယ်။ လွှထင်းစုန်ပြောတာမှန်ရင် စွန်ကာမ် ဟာ သေသင့်သေထိုက်တဲ့လူပဲ။ သူတို့သာအဖြစ်မရှိဘူးဆိုရင် လွှထင်းစုန်ကို ကျုပ်ကိုယ်တိုင် လိုက်လံပြီး ဆုံးမပါ့မယ်လို့ ကတိပေးပါတယ်'
သူ၏စကားအဆုံး၌ လူအများတို့ သဘောကျသွားကြ သည်။
သူတို့သည် သတိလစ်နေသော ယိစန်းနှင့် ယိကျင်းတို့ သတိရလာမှ အဖြစ်မှန်ကို စုံစမ်းမေးမြန်းရန် ဆုံးဖြတ်လိုက် ကြလေတော့သည်။

✿



ရှောင်ဟုန် ရှောင်ရှမ်းနှင့် သခင်မလေးတို့သည် အခန်း ထဲသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်၏။
သခင်မလေးက ရှောင်ရှမ်းအား အကဲခတ်ကြည့်ကာ မေးလိုက်သည်။
'ညည်း ဘယ်လိုဖြစ်လာတာလဲ'
ရှောင်ရှမ်းက သူမတွေ့ကြုံခဲ့ရသောအဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်၏။
သူမ၏စကား ဆုံးသွားသောအခါ သခင်မလေးက မျက်မှောင်ကြုတ်လိုက်သည်။
'စွန်ကာမ်က လွှထင်းစုန်ရဲ့ ပစ္စည်းကို ခိုးသွားတယ်၊ ပြီးတော့ လွှထင်းစုန်ကို သူခိုးလို့စွပ်စွဲပြီး လောင်ကစား ဝိုင်းမှာ ရှုံးထားတဲ့ငွေတွေကို ပြန်ရအောင်လုပ်ဖို့ စီစဉ် ထားတယ်ဟုတ်လား'
ရှောင်ရှမ်းက ခေါင်းညိတ်လိုက်၏။
'ဟုတ်ပါတယ်၊ ပြီးတော့ အဲဒီလွှထင်းစုန်ကို သတ်ဖို့ ကြောက်စရာကောင်းတဲ့ လူသတ်သမား သုံးယောက်ကိုလဲ ခေါ်ထားသေးတယ်'
သခင်မလေးက သူမအား စေ့စေ့ ကြည့်လိုက်သည်။
'နောက်ဆုံးတော့ လွှထင်းစုန်က သူတို့ကိုအနိုင်ရရှိ သွားတယ်ပေါ့'
ရှောင်ရှမ်းက ခေါင်းညိတ်လိုက်ပြန်၏။
'ဟုတ်ပါတယ်'
သခင်မလေးက စူးစမ်းသောလေသံဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'လှထင်းစုန်ဟာ ဘယ်လိုလူစားမျိုးလဲ'

ရွှေခင်ရှမ်းက တွေးတွေးဆဆဖြင့် ပြောလိုက်၏။

'သူဟာ ရိုးသားဖြူစင်တဲ့ လူတစ်ယောက်ပါ၊ ဒါပေမယ့် သူ့ရဲ့ သိုင်းပညာဟာ အလွန်ကြောက်စရာ ကောင်းတယ်'

ထိုစဉ်မှာပင်....

ရွှေခင်ဟုန်၏ တေးသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'သခင်မလေး ဒီမှာ...'

သခင်မလေးနှင့် ရွှေခင်ရှမ်းတို့က အသံလာရာသို့ ပြေးသွားကြ၏။

ထိုအခါ....

စားပွဲပေါ်တွင် အထုပ်တစ်ထုပ်နှင့် စာ တစ် စောင် တင်လျက်သား ရှိနေသည်ကို တွေ့လိုက်ရလေသည်။

သခင်မလေးက မျက်မှောင်ကြုတ်လိုက်၏။

'ဒါ တို့ပစ္စည်းတွေ မဟုတ်ဘူး၊ ဘယ်သူကများအခန်းထဲ လာထည့်သွားတာလဲ'

ရွှေခင်ဟုန်က ခေါင်းခါယမ်း လိုက်သည်။

'မသိပါဘူး သခင်မလေး'

သခင်မလေးက အမိန့်ပေးလိုက်၏။

'စာကို ဖောက်ဖတ်ကြည့်စမ်း'

ရွှေခင်ရှမ်းက စာအိတ်ကိုယူကာ ဖောက်ဖတ်ကြည့်လိုက်သည်။

စာထဲတွင်....



သခင်မလေး....

ကျုပ်လောင်းကစားဝိုင်းက အနိုင်ရခဲ့တဲ့ငွေတွေကို ထားခဲ့ပါတယ်၊ ကျုပ်ကိုယ်စား ဒီငွေတွေကို အများကောင်းကျိုးအတွက် အသုံးချပေးပါ။ ကျုပ်ဟာ ကြွခင်သေရတော့မယ့် လူတစ်ယောက်ပါ၊ ဒါကြောင့် အများကောင်းကျိုးအတွက် ဆောင်ရွက်ချိန် မရှိပါဘူး၊ သခင်မလေးတာပဲဦးစီးပြီး စီစဉ်ဆောင်ရွက်ပေးပါလို့ တောင်းပန်ပါတယ်

လှထင်းစုန်

စာတွင်ပါသော အကြောင်းအရာများကြောင့် သခင်မလေးမှာ အံ့အားသင့်သွား၏။

သူက ရွှေခင်ရှမ်းအား အမိန့်ပေးလိုက်သည်။

'အထုပ်ကို ဖြည်ကြည့်စမ်း'

ရွှေခင်ရှမ်းကအထုပ်ကို ဖြည်ကြည့်လိုက်၏။

ထိုအခါ....

အထုပ်ထဲတွင် ငွေတုံးကလေးများ၊ ငွေလွှဲလက်မှတ်များ အထပ်လိုက်ရှိနေသည်ကို တွေ့လိုက်ရသည်။

သခင်မလေးမှာ တွေဝေသွား၏။

အတန်ကြာမှ....

သူမက ရွှေခင်ရှမ်းအားကြည့်ကာ မေးလိုက်သည်။

'ရွှေခင်ရှမ်း ညည်း လှထင်းစုန်ကို သေသေချာချာ အကဲခတ်မိရဲ့လား'

ရွှေခင်ရှမ်းက နားမလည်နိုင်စွာဖြင့် ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'သခင်မလေးက ဘာကိုဆိုလိုတာလဲ'

သခင်မလေးက အနည်းငယ် စဉ်းစား၍ ဆိုသည်။

'သူ့မှာ ရောဂါရှိပုံရသလား'

ရှောင်ရှမ်းက ခေါင်းခါ ယမ်းလိုက်၏။

'မရှိဘူး ထင်ပါတယ်'

သခင်မလေးက ထပ်မေး လိုက်သည်။

'သူ့မှာ အတွင်းဒဏ်ရာရထားပုံ ရှိသလား'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်ပြန်၏။

'မရှိပါဘူး'

သခင်မလေးမှာ မျက်ခမုန်ကြုတ်သွားသည်။

'ဒါဖြင့် သူက ဘာကြောင့်မကြာခင် သေရတော့မယ်လို့ ရေးထားတာလဲ'

ရှောင်ရှမ်းမှာ တွေဝေသွား၏။

'ဒါတော့ ကျွန်မလဲ မပြောတတ်ဘူး'

သခင်မလေးက သက်ပြင်းချလိုက်သည်။

'အင်း...သူဟာ အခေါက်ကို ဖိတ်ခင်းထားရာကောင်းတဲ့ လူတစ်ယောက်ပဲ၊ ကဲ...တို့ပစ္စည်းတွေ သိမ်းကြ၊ တို့လဲ ခုချက်ချင်း ခရီးထွက်ကြရအောင်'

ရှောင်ရှမ်းက ငွေထုပ်ကိုကြည့်ကာ မေးလိုက်၏။

'သခင်မလေးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'သူပြောသလို အများအကျိုးအတွက် တစ်ခုခု လုပ်ပေးကြတာပေါ့'



ရှောင်ဟုန်က ဝင်ပြောလိုက်၏။

'ကျွန်မတို့ ခရီးဆက်ရဦးမယ် မဟုတ်လား'

သခင်မလေးက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်လေ၊ ခရီးဆက်ပြီးမှ ဒီကိစ္စကို ဆောင်ရွက်ရမှာပေါ့'

ရှောင်ဟုန်နှင့် ရှောင်ရှမ်းတို့က ပါးစပ်ပိတ်ထားလိုက်ကြ၏။

ထို့နောက်...

သူမတို့၏ လက်များကမူ ပစ္စည်းများကို လျင်မြန်စွာ သိမ်းဆည်းလိုက်ကြသည်။

ထို့နောက်...

သုံးယောက်သား တည်းခိုခန်းထဲမှ ထွက်လာခဲ့ကြ၏။

ရှောင်ဟုန်က တည်းခိုခန်းအပြင်ဘက်တွင် လှပသော မြင်းလှည်းကို အသင့်ပြင်ဆင်ထားပြီး ဖြစ်သည်။

တည်းခိုခန်းတွင်ရှိလူများက သူမတို့အား ဟန့်တားခြင်း မပြုဝံ့ကြပါချေ။

သခင်မလေး၊ ရှောင်ဟုန်နှင့် ရှောင်ရှမ်းတို့က မြင်းလှည်းပေါ်သို့ ခပ်တည်တည်ပင် တက်သွားကြ၏။

ထို့နောက်...

မြင်းလှည်းအား မြို့ပြင်သို့ဦးတည်ကာ မောင်းနှင်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## လေလွင့်သိုင်းသမား

လဝန်းသည် တောင်းကင်အလယ်ဗဟိုသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ရှန်းမြမြလရောင်သည် လောကကြီးတစ်ခုလုံးအား လွှမ်းခြုံထားသည်။

လရောင်အောက်တွင် လွှေထင်းစုန်နှင့် ဆင်းခဝ့ရန်တို့သည် မျက်နှာချင်းဆိုင် ရပ်နေကြ၏။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

သို့သော်....



သူတို့သည် တစ်ယောက်ကိုတစ်ယောက် မြင်တွေ့ခြင်း မရှိတဲ့ သူတို့နှစ်ဦး ဆုံတွေ့ခဲ့ကြပုံများကို မြင်ယောင်နေမိကြခြင်း ဖြစ်၏။

အတန်ကြာမှ....

လွှေထင်းစုန်နှင့် ဆင်းခဝ့ရန်တို့မှာ သတိဝင်လာကြသည်။

ဆင်းခဝ့ရန်သည် လွှေထင်းစုန်နှင့်ပတ်သက်၍ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များ ခံစားရသော်လည်း မိမိနှင့် သူသေကိုယ်သေ ရင်ဆိုင်ရမည့်သူဖြစ်ကြောင်း သိလိုက်ရသောအခါ စိတ်ကိုအတတ်နိုင်ဆုံး ချုပ်တည်းထားလိုက်၏။

သို့သော်....

လွှေထင်းစုန်ကမူ ဤသို့မဟုတ်ပါချေ။

သူ့အနေဖြင့် ဆင်းခဝ့ရန်နှင့် တိုက်ခိုက်ခြင်း မပြုလိုချေ။

သူသည် ဆင်းခဝ့ရန်၏လက်ချက်ဖြင့် အသေခံရန်ဆုံးဖြတ်လိုက်သည်။

ထိုစဉ်မှာပင်....

ဆင်းခဝ့ရန်က လွှေထင်းစုန်ကိုစိုက်ကြည့်ကာ ပြောလိုက်သည်။

"ကဲ...ကျွန်မတို့ရန်ကြွေး ပြေရှင်းရအောင် ရှင့်ဓားကို ထုတ်ပေတော့"

ပြောပြောဆိုဆိုဖြင့် သူမက နောက်ကျောတွင် လွယ်ထိုး ထားသောဓားကို ဆွဲထုတ်လိုက်သည်။

လရောင်အောက်တွင် ဓားရောင်မှာ ဝင်းလက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

ဆင်းဝေရန်က ခါးကိုဝင့်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်....

လွှထင်းစုန်ကမူ တုတ်တုတ်မျှပင် မလှုပ်ပါချေ။

ဆင်းဝေရန်မှာ အံ့အားသင့်သွားရ၏။

'ရှင့်ခါးကို မထုတ်သေးဘူးလား'

လွှထင်းစုန်က ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ခင်ဗျားနဲ့ တိုက်ခိုက်ချင်ဘူး'

ဆင်းဝေရန်က မျက်မှောင်ကြုတ်လိုက်၏။

'ဘာဖြစ်လို့လဲ'

လွှထင်းစုန်က သက်ပြင်းချလိုက်သည်။

'ကျုပ် ခင်ဗျားကို မတိုက်ခိုက်ပါဘူး။ ခင်ဗျားရဲ့တိုက်ခိုက်မှုအောက်မှာပဲ အသက်အသေခံပါ့မယ်'

ထိုစကားကြောင့် ဆင်းဝေရန်၏ခန္ဓာကိုယ်မှာ တုန်ခါသွား၏။

မည်သို့ဆိုစေ....

သူမအနေဖြင့် လွှထင်းစုန်နှင့် တိုက်ခိုက်ရန်ကိစ္စအား ရှောင်လွှဲ၍မရနိုင်ပါချေ။

ယင်းကြောင့်....

သူမက အံကိုတင်းတင်းကြိတ်လိုက်သည်။

'ရှင်က ကျွန်မနဲ့ ရင်မဆိုင်ရဲဘူးလား'

လွှထင်းစုန်က ပါးစပ်ပိတ်ဆွံ့သွား၏။

ဆင်းဝေရန်က ဆက်ပြောလိုက်သည်။



'ဘာလဲ...ရှင့်ရဲ့ သိုင်းပညာဟာ ကျွန်မကို မယှဉ်နိုင်ဘူးလား'

လွှထင်းစုန်၏ခန္ဓာကိုယ်မှာ တုန်ခါသွား၏။

သို့သော်...

သူက မည်သည့်စကားမှ ပြန်မပြောချေ။

ဆင်းဝေရန်မှာ ဒေါသထွက်လာ၏။

ယင်းကြောင့်...

သူက နှုတ်ခမ်းကိုမဲ့ကာ ပြောလိုက်၏။

'ရှင် ကျွန်မကိုကြောက်နေတယ် ဟုတ်လား။ တကယ်တော့ ရှင့်ဆရာက ကျွန်မဆရာကို မနိုင်နိုင်ဘူးဆိုတာ ကြိုတင်သိထားပြီးသားပဲ၊ ရှင့်ဆရာရဲ့ သိုင်းပညာဟာ ဟန်ပြ လေကြီးရုံသက်သက်ပဲ ရှိတယ်မဟုတ်လား'

သူမက လွှထင်းစုန် မခံချင်ဖြစ်လာစေရန် တမင်သက်သက် ပြောလိုက်ခြင်းဖြစ်သည်။

လွှထင်းစုန်မှာ မိမိ၏ဆရာအား ထိခိုက်ပြောဆိုလာသောကြောင့် ခံပြင်းလာ၏။

သို့သော်...

သူက ယခုတိုင် ဆင်းဝေရန်အား တိုက်ခိုက်ရန်ဟန်မပြင်သေးပါချေ။

ဆင်းဝေရန်က မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်ကြောက်တယ်ဆိုရင် ရှင့်ရဲ့ခါးကိုထားပြီး ပြန်သွားပါ၊ ဒါဆိုရင် ရှင့်ဆရာကို ကျွန်မဆရာက ခွင့်လွှတ်နိုင်မှာပါ။

www.burmeseclassic.com



လွန်ခဲ့သည့်အသယ်နှစ်ယောက်ကလဲ ကျွန်မဆရာက ခွင့်လွှတ်ခဲ့လို့ ရှင့်ဆရာ အသက်ရှင်ခနေခဲ့ရတာပဲ'

ထိုစကားကြောင့် လေးသင်းစုန်၏ဦးခေါင်းမှာ ဆတ်ခနဲ ထောင်ထလာ၏။

'ဘယ်လို...ခင်ဗျားဆရာက ခွင့်လွှတ်လိုက်လို့ ကျုပ်ဆရာ အသက်ရှင်ခနေရတာ ဟုတ်လား'

ဆင်းဝေ ရန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လေးသင်းစုန်က ခေါင်းကို ဆွက်ဆွက်ခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး...လုံးဝမဖြစ်နိုင်ဘူး၊ ကျုပ်ဆရာရဲ့ သိုင်းပညာကို ကျုပ်ယုံကြည်တယ်'

ဆင်းဝေ ရန်က ရယ်မောလိုက်သည်။

'ဒါဖြင့် ရှင်ဘာကြောင့် မတိုက်ခိုက်ချင်ရတာလဲ'

လေးထင်းစုန်က ဆတ်ခြင်းချလိုက်သည်။

'ကျုပ် ခင်ဗျားနဲ့ မတိုက်ချင်တာဟာ ကျုပ် ခင်ဗျားအပေါ် သံယောဇဉ်ရှိနေလို့ပါ'

ထိုစကားကြောင့် ဆင်းဝေ ရန်၏ မျက်နှာမှာ ပန်းနုရောင်သမ်းသွားသည်။

'ရှင်...ရှင်ဘာပြောတာလဲ'

လေးသင်းစုန်က စိတ်ကိုတည်ငြိမ်အောင် ထိန်းချုပ်ကာ ပြောလိုက်၏။



'ဟုတ်တယ်၊ ကျုပ်ဟာ ခင်ဗျားကိုချစ်ပြီ၊ မြင်တွေ့လိုက်ရတည်းက ချစ်ခင်စွဲလန်းခဲ့ရတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ ကျုပ် မတိုက်ခိုက်ချင်ဘူး'

ဆင်းဝေ ရန်မှာ တွေဝေသွား၏။

အတန်ကြာမှ....

သူမက ခေါင်းကို တွင်တွင်ခါယမ်းကာ ပြောလိုက်၏။

'မဖြစ်ဘူး၊ ကျွန်မကိုမတိုက်ခိုက်လို့ လုံးဝမဖြစ်ဘူး၊ ရှင်နဲ့ ကျွန်မဟာ ဆရာတွေရဲ့ကိုယ်စား ဒီနေ့ဒီအချိန်မှာ ဆယ်နှစ်တာကာလက ရန်ကြွေးကို ဖြေရှင်းရလိမ့်မယ်၊ ထာတယ်လို့သာ ရှင်က တိုက်ခိုက်ဖို့ငြင်းဆန်ခဲ့ရင် ရှင့်ဆရာဟာ တစ်သက်လုံး သူများအပြော ခံရတော့မှာပဲ'

ထိုစကားကြောင့် လေးထင်းစုန်မှာ ခံပြင်းသွားသည်။ သူ၏ဆရာသည် သူ့ကြောင့် တစ်ပါးသူ၏ စော်ကားခြင်း ခံရမည်ကို လုံးဝမလိုလားပါချေ။

ထို့ကြောင့်....

သူက လေသံပြတ်ပြတ်ဖြင့် ပြောလိုက်၏။

'ခင်ဗျားမကျေနပ်ရင် ကျုပ်ကို ကြိုက်သလိုပြောနိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့ဆရာကိုတော့ မစော်ကားပါနဲ့'

ဆင်းဝေ ရန်က ရယ်မောလိုက်သည်။

'ကျွန်မ ရှင့်ဆရာကိုစော်ကားတာမဟုတ်ဘူး၊ ရှင်အတွက်ကြောင့် ရှင့်ဆရာသိက္ခာကျမှာကိုတော့ ကျိန်းသေပဲ'

လေးထင်းစုန်က မျက်မှောင်ကြုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


'ရှင်က ကျွန်မကိုရင်မဆိုင်ဘူးဆိုရင် ရှင်ဟာ အသုံးမကျ တဲ့ဘဲညှီနံ့ခံယောက်ျားဖြစ်သွားမှာပေါ့'

လွှထင်းစုန်က ပါးစပ်ပိတ်သွားလိုက်သည်။

ဆင်ဝေ့ရှန်က ဆက်ပြောလိုက်၏။

'အမှားခင်းဆိုက ရှင် ကျွန်မနဲ့ ပုံဆိုင်ပေးတာ'

လွှထင်းစုန်က သက်ပြင်းချလိုက်သည်။

ယခု....

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချလိုက်[ပြီ] ဖြစ်၏။

သူ၏ဆရာ၏ ဂုဏ်သိက္ခာ၊ မကျုံ့သင်းစစ်ရှန်နှင့် ဆရာ[၏] စကားကို မပြဝယ်မကျ နားထောင်သည့် တပည့်ကောင်း တစ်ယောက် ဖြစ်ခဲ့ရန်အတွက် ဆင်ဝေ့ရှန်နှင့် ရင်ဆိုင် တိုက်ခိုက်ရတော့မည်ဖြစ်သည်။

မည်သို့ဆိုစေ....

ဤတိုက်ပွဲတွင် ရှုံးနိမ့်ရမည့်သူမှာ သူသာဖြစ်၏။

ရှုံးနိမ့်ပြီးနောက် သူ့အနေဖြင့် အသက်ရှင် နေထိုင်ရ[န်] မဖြစ်နိုင်တော့ချေ။

သို့သော်....

တစ်ပါးသူ၏လက်ချက်ဖြင့် သေရခြင်းထက် မိမိချစ်ခ[င်] မြတ်နိုးရသော မိန်းကလေး၏လက်ချက်ဖြင့် သေဆုံးရသည်[က] ပိုကောင်းသည်မဟုတ်ပါလော။

လွှထင်းစုန်က လေးတွဲ့စွာ ပြောလိုက်သည်။

'ကောင်းပြီ...ကျုပ်ခင်ဗျားနဲ့ရင်ဆိုင်ပါ့မယ်'

ပြောပြီးသည်နှင့် လက်ထဲမှ အနီရောင် ပိုးပဝါအား ဖြည်လိုက်၏။

ထိုအခါ....

အတွင်းဘက်မှ ဓားတစ်ချောင်း ထွက်ပေါ်လာသည်။

ကျောက်စိမ်းမျက်၊ စီခြယ်ထားသော ဓားမြှောင်ပင်ဖြစ်သည်။

လွှထင်းစုန်က ဓားမြှောင်ကို မြှောက်ပြလိုက်သည်။

'ကျုပ် ဒီဓားမြှောင်နဲ့ပဲ ယှဉ်ပြိုင်ပါ့မယ်'

စကားဆုံးသည်နှင့် ဓားကို ဆွဲထုတ်လိုက်၏။

ဓားအိမ်ထဲမှဓား ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် စိမ်းဖန့်ဖန့် အလင်းရောင်နှင့်အတူ အေးစိမ့်သော အငွေ့အသက်က ပတ်ဝန်းကျင်တစ်ဝိုက်သို့ လွှမ်းခြုံ ပျံ့နှံ့သွားလေတော့သည်။

အေးစိမ့်သောလတာ ဓားသွားပမာ ထက်မြက်လျှက်။

သို့သော်....

လွှထင်းစုန်နှင့် ဆင်ဝေ့ရှန်မှာမူ ချမ်းအေးမှုကို ခံစားကြရဟန်မတူချေ။

သူတို့သည် ဓားကိုယ်စီကိုင်ဆောင်ထား၍ တစ်ယောက်ကို တစ်ယောက် မျက်တောင်မခတ်စိုက်ကြည့်နေကြလေသည်။

ယခု....

www.burmeseclassic.com

www.burmeseclassic.com



ဆရာနှစ်ယောက်၏ ဂုဏ်သိက္ခာသည် သူတို့နှစ်ယောက်၏ အပေါ်တွင် မူတည်နေပြီဖြစ်၏။

ရှစ်တရက်....

သခင်မလေးက ဓားကိုဝှေ့ယမ်းလိုက်၏။

'ကဲ....ခုချိန်ကစပြီး ကျွန်မဆရာရဲ့ ထက်မြက်တဲ့သိုင်းကွက်တွေကို ဖော်ထုတ်တိုက်ခိုက်တော့မယ်၊ ရှင် သတိသာ ထား နေပေတော့'

စကားဆုံးသည်နှင့် ရှေ့သို့ ခုန်ထွက်ကာ လွှတင်းစုန်အား တိုက်ခိုက်လိုက်၏။

သို့သော်....

လွှတင်းစုန်က ပြန်လည်တိုက်ခိုက်ခြင်းမပြုပါချေ။

သူ၏ဓားကိုကိုင်ရင်း ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက်ရပ်နေလေသည်။

ယင်းကြောင့်....

လျှပ်တစ်ပြက်ရောက်ရှိလာသော ဆင်းဝေ့ရန်၏ ဓား ချက်အား ရှောင်တိမ်းနိုင်ခြင်းမရှိပါချေ။

'အင်....'

မသဲမကွဲအသံနှင့်အတူ လွှတင်းစုန်မှာ နေရာသို့ ခြေ တစ်လှမ်းဆုတ်သွားရ၏။

လွှတင်းစုန်၏ ဝဲဘက် လက်မောင်းတွင် ဓားဒဏ်ရာ တစ်ချက် ရရှိသွားပြီဖြစ်သည်။

ဒဏ်ရာမှ သွေးများစီးကျလာ၏။

လွှတင်းစုန်မှာ အလွန်အံ့သြသွားသည်။

ဆင်းဝေ့ရန်၏ ဓားချက်သည် မယုံကြည်နိုင်လောက် အောင်ပင် လျင်မြန်နေသည်မဟုတ်ပါလား။

လွှတင်းစုန်က ပြန်လည်တိုက်ခိုက်ခြင်း မပြုသော ကြောင့် ဆင်းဝေ့ရန်က တိုက်ခိုက်မှုကို ချက်ချင်းရပ်တန့် လိုက်၏။

သူမက လွှတင်းစုန်အား မျက်ခမှုန်ကြုတ်ကာ မေး လိုက်သည်။

'ရှင် ဘာကြောင့် မခုခံတာလဲ'

လွှတင်းစုန်က ပါးစပ်ပိတ်ထားလိုက်၏။

ဆင်းဝေ့ရန်က ထပ်မေးလိုက်သည်။

'ရှင် သေရမှာမကြောက်ဘူးလား'

လွှတင်းစုန်က သက်ပြင်းချလိုက်၏။

'ခင်ဗျား ဆက်ပြီးတိုက်ခိုက်ပါဗျာ'

ပြောပြီး ဓားကို ဝှေ့ယမ်းတိုက်ခိုက်ရန် ဟန်ပြင်လိုက် သည်။

ဆင်းဝေ့ရန်က မဲ့ပြုံးပြုံးလိုက်၏။

'ကောင်းပြီ...ရှင် သတိထားပါ'

စကားဆုံးသည်နှင့် လွှတင်းစုန်အား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ပြန်သည်။

သို့သော်....

လွှတင်းစုန်က ပြန်လည်တိုက်ခိုက်ခြင်းလည်းမပြု ခုခံ ကာကွယ်ခြင်းလည်းမပြုဘဲ ငြိမ်သက်မြဲငြိမ်သက်နေမြဲ

'ဒုတ်'

www.burmeseclassic.com

www.burmeseclassic.com



သူ၏ယာဘက်လက်မောင်းတွင် ဓါးဒဏ်ရာ တစ်ချက် ရရှိသွားပြန်ပြီ ဖြစ်သည်။

ယခုတစ်ကြိမ်တွင်မူ မလွင်းစုံးမှာ မျက်နှာပျက်သွား၏။

အကြောင်းကား....

ဆင်းဝေ ရန်ကာ သူ့အား အသေမသတ်ဘဲ တမင်ညှာကာ ဓါးရှိန်လျှော့ချလိုက်ခြင်းကြောင့်ပင် ဖြစ်သည်။

ယင်းကြောင့်....

သူ၏ လက်မောင်းတွင် ဒဏ်ရာ ရရှိသွားသော်လည်း အသက်သေဆုံးခြင်း မရှိခဲ့ပါချေ။

ဆင်းဝေ ရန်ကာ သူ့အား မကျေမနပ်ဖြင့်ကြည့်လိုက်၏။

'ရှင် ဘာလုပ်နေတာလဲ'

မလွင်းစုံးက မည်သို့မျှတုံ့ပြန်ခြင်းမပြုဘဲ ငြိမ်သက်နေသည်။

ဆင်းဝေရန်ကာ နှာခေါင်းရှုံ့လိုက်၏။

'ကောင်းပြီ....ရှင်အရှုံးပေးတယ်ဆိုရင် ကျွန်မက ထွက်သွားရမှာပေါ့'

ပြောရင်း ဓါးကိုပြန်လည်သိမ်းဆည်းလိုက်၏။

ထိုနေ့ကား....

နေရာမှချာခနဲလှည့်ကာ ထွက်ခွာသွား၏။

လွင်းစုံးမှာ မနေသာတော့ပါချေ။

သူက ကမန်းကတန်း ဟန့်တားလိုက်သည်။

'ရပ်လိုက်'



ဆင်းဝေ ရန်ကာ သူ့အားလုံးဝဂရုမစိုက်ဘဲ ကျောခိုင်း ထွက်ခွာသွား၏။

မလွင်းစုံးက ကျယ်လောင်သော အသံဖြင့် အော်ဟစ် မေးမြန်းလိုက်သည်။

'ခင်....ခင်ဗျားဘယ်သွားမလို့လဲ'

ဆင်းဝေ ရန်ကာ လှည့်ပင်မကြည့်ချေ။

မလွင်းစုံးက အော်ခေါ်လိုက်၏။

'သခင်မလေး'

ဆင်းဝေ ရန်၏ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားသည်။

မလွင်းစုံးက နောက်မှချပြေးလိုက်သွားရင်း မေးလိုက် သည်။

'ခင်ဗျား ထွက်သွားမလို့လား'

ဆင်းဝေ ရန်ကာ သူ့အားလှည့်ကြည့်လိုက်သည်။

'ကျွန်မ ထွက်သွားဖို့ပဲရှိတော့တယ် မဟုတ်လား'

သူမ၏ မျက်နှာပေါ်တွင် ဖော်မပြနိုင်သော ဟန်မူရာ များ ပေါ်ပေါက်နေ၏။

လွင်းစုံးက ခေါင်းကိုတွင်တွင် ခါယမ်းလိုက်သည်။

'ခင်ဗျားထွက်သွားလို့ မဖြစ်ဘူး'

ဆင်းဝေ ရန်က မျက်မှောင်ကြုတ်လိုက်၏။

'ဘာဖြစ်လို့လဲ'

မလွင်းစုံးက ဟန်မူရာကင်းမဲ့သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'ခင်ဗျားထွက်သွားမယ်ဆိုရင် ကျုပ်ကိုသတ်ပစ်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဆင်းဝေ ရန်က မဲ့ပြုံးပြုံးလိုက်၏။

'ကျွန်မကိုခွင့်မရှိတဲ့လူကို သတ်မယ်မျှားထင်နေသလား။ တွန်း... ဝေးပါသေးတယ်၊ ရှင့်ဆရာတကော စည်းကမ်းချက်တွေ ပြောမပြခဲ့ဘူးလား'

လှေထင်းစုန်က သက်ပြင်းချလိုက်သည်။

ဆင်းဝေ ရန်သည် ရန်သူအပေါ်တွင် တစ်ဖက်သတ် အနိုင်မယူလိုသော စာရှသည့် စိတ်ထားရှိသူပင် မဟုတ်ပါလား။

လှေထင်းစုန်က အနည်းငယ် စဉ်းစားလိုက်၏။

အထန်ကြွမှ....

သူ၏ ဦးခေါင်းထဲတွင် အကြံဉာဏ်တစ်ခု ရရှိသွားသည်။

ထိုအကြံဉာဏ်မှာ ဆင်းဝေ ရန်နှင့်တိုက်ခိုက်ပြီး တိုက်ခိုက်မှုအရှိန်အဟုန် အမြင့်ဆုံးအချိန်သို့ရောက်မှ အလျှော့ပေးရန်ပင်ဖြစ်၏။

ထိုအခါ...

အရှိန်အမြင့်ဆုံး တိုက်ခိုက်မှုအတွက် အားကုန်ထုတ်သုံးနေသော ဆင်းဝေ ရန် အနေဖြင့် တိုက်ခိုက်မှုကိုအချိန်မီ ရပ်တန့်နိုင်မည် မဟုတ်ချေ။

လှေထင်းစုန်က ဆင်းဝေ ရန်ကို စူးစိုက်ကြည့်လိုက်သည်။

'ခင်ဗျားထွက်သွားစရာမလိုတော့ပါဘူး။ ကျုပ်ခင်ဗျားနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပါမယ်၊ ကျုပ်ဆရာရဲ့ သိုင်းပညာတွေက ဘယ်လောက် မြင့်မားတယ်ဆိုတာ ခင်ဗျား သိရမယ်'



ဆင်းဝေ ရန်၏ မျက်ခုံးအစုံမှာ နဖူးပေါ်သို့ မြင့်တက်သွား၏။

'ရှင်တကယ်ပြောတာလား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'တကယ်ပါ'

ဆင်းဝေ ရန်က အနည်းငယ်စဉ်းစားလိုက်၏။

'ကျွန်မလက်ချက်နဲ့ရှင်သေသွားရင် ကျွန်မ စိတ်မကောင်းမှာ မဟုတ်ဘူး၊ ဒါကြောင့် သူသေကိုယ်သေ မဟုတ်တဲ့ အနိုင်အရှုံး ပေါ်ရုံလောက်သာ ယှဉ်ပြိုင်ကြတာပေါ့ကွဲ... ရှင် ဘယ်လိုသဘောရသလဲ'

သူမ၏စကားကို လှေထင်းစုန်က သဘောတူလိုက်သည်။

'ကျုပ် သဘောတူပါတယ်'

ဆင်းဝေ ရန်က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ၊ ဒါဖြင့် ကျွန်မတို့ ယှဉ်ပြိုင်ကြတာပေါ့'

ပြောပြီး လှေထင်းစုန်နှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

ထို့နောက်...

လက်ကို ရှေ့သို့ဆန့်ထုတ်ကာ ခေါ်ဦး၏၊ လှေထင်းစုန်က ရင်ဝသို့ ချိန်ရွယ်ကာ တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ရုတ်တရက်...

'ယား...'

www.burmeseclassic.com

www.burmeseclassic.com



လှေထင်းစုန်က ဖြောင်းသံတစ်ချက်ဝေ့ကာ ရှေ့သို့ခုန်တိုး သွားပြီး ဆင်းခေါ့ရန်အား တိုက်ခိုက်လိုက်သည်။

ဆင်းခေါ့ရန်ကလည်း ဓားကိုဝှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက်သည် ထိပ်တန်းအဆင့်မြင့် သိုင်းသမား များ၏ ဘုရည်များ ဖြစ်ကြပေသည်။

ယင်းကြောင့်....

သူတို့ စတင်တိုက်ခိုက်လိုက်သည်နှင့် အလွန်ပြင်းထန်ပြီး ကြောက်မက်ဖွယ်ရာကောင်းသည့် တိုက်ပွဲတစ်ခု ဖြစ်ပေါ် လာ၏။

သူတို့နှစ်ယောက်သည် အလွန်ဆန်းပြားပြီး ထက်မြက် သော သိုင်းကွက်များကို အသီးသီး ဖော်ထုတ်လိုက်ကြ သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံး သွားသည်နှင့်အမျှ တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန် လာလေတော့သည်။

✿

ည[illegible]လာပြီ ဖြစ်၏။



လရောင်မှာ ပို၍အားကောင်းလာသည်ဟု ထင်မှတ် ရသည်။

လရောင်သည် မရဏဘောင်ခြေရှိ သစ်ပင်ချုံနွယ်များ ပေါ်သို့ ဖြာကျနေ၏။

ရုတ်တရက်....

သစ်ပင်ချုံနွယ်အချို့မှာ လေမတိုက်ဘဲ လှုပ်ရှားသွားကြ သည်။

မည်သည့်အကြောင်းကြောင့်ပါနည်း။

သေချာစွာ ကြည့်ရှုမည်ဆိုလျှင် လူတစ်ယောက်သည် သစ်ပင် ချုံနွယ်များကို တိုးဝှေ့ကာ ဘောင်ပေါ်သို့ တက် လာသည်ကို တွေ့မြင်ရမည်ဖြစ်၏။

ထိုလူသည် အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး မီးခိုးရောင် အဝတ်အစားများကို ဝတ်ဆင်ထားသည်။

သို့သော်....

သူ၏တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေပြီး အဝတ်အစား များ ညစ်နွမ်းပေကျံလျက်ရှိ၏။

ယင်းကြောင့်....

ထိုလူသည် ခရီးဝေးမှ လာရသူဖြစ်ကြောင်း သိသာနိုင် ပေသည်။

ထူးခြားသည်မှာ....

သူ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင် များ ထွက်ပေါ်နေခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ခုံတစ်ခုအတွက် အလွန်အမင်းစိုးရိမ်ပူပန်ကြောင့်ကြနေပုံရသည်။

အကြောင်းက...

ယူ၏နှုတ်မှ...

ငါမိမှ မိပါမလား၊ သူတို့ကိုအချိန်မီ တားဆီးနိုင်ပါ့မလား

တ တတွတ်တွတ် ရွတ်နေခြင်းကြောင့်ပင် ဖြစ်၏။

ဤသို့ဆိုလျှင်...

လိုလူသည် ငြိမ်းသူဖြစ်ပါသနည်း။

မည်သူ့အတွက်ကြောင့် စိုးရိမ်ကြောင့်ကြခြင်းကြီးစွာဖြင့် မနေ့ကကောင်းပေါ်သို့ တက်လာနေရပါသနည်း။

ညသည် တစ်စထက်တစ်စ အိုမင်းရင့်ရော်လာ၏။

မနေ့ကကောင်ထိပ်မှ တိုက်ပွဲမှာလည်း တစ်စထက်တစ်စ ပြင်းထန်လာသည်။

လှထင်းစုန်နှင့် ဆင်းခေ ရန်တို့သည် တစ်ယောက်နှင့်တစ်ယောက် သဲသဲမဲမဲ တိုက်ခိုက်နေကြ၏။

သူတို့နှစ်ယောက်လုံးသည် သိုင်းပညာထူးချွန်ထက်မြက်ကြသူများ ဖြစ်ကြပေသည်။

ထို့ကြောင့်...



သိုင်းကွက်တစ်ကွက်မှားလျှင် (သို့မဟုတ်)ပေါ့ဆမိလျှင် အချိန်မရွေး အသက်ဆုံးသွားနိုင်သော အခြေအနေတွင် ရောက်ရှိနေကြ၏။

လှထင်းစုန်၏ ဓားကွက်များမှာ အလွန်ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြင်းထန်လှပေသည်။

ဆင်းခေ ရန်မှာ လှထင်းစုန်အား ခေါခေါကကဲ့သို့ အထင်မသေးဝံ့တော့ပါချေ။

သူမသည် စိတ်ထဲမှကျိတ်၍ လှထင်းစုန်၏ သိုင်းပညာအား ချီးကျူးမိ၏။

မည်သို့ဆိုစေ...

သူမအနေဖြင့် လှထင်းစုန်အား ပြတ်ပြတ်သားသား အနိုင်ယူတိုက်ခိုက်ရမည်သာ ဖြစ်သည်။

သို့မှသာ သူမ၏ အပြန်ခရီးတွင် မျက်နှာပန်းလှမည် မဟုတ်ပါလော။

ဆင်းခေ ရန်တအံ့ကြိတ်ကာ ပြင်းပြင်းထန်ထန်ပြန်လည်တိုက်ခိုက်လိုက်၏။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ဓားသံများသည်သာ ထွက်ပေါ်လာလေသည်။

'ခြင်...'

'ခြင်...'

တိုက်ခိုက်မှုအရှိန် အမြင့်ဆုံးအချိန်သို့ ရောက်ရှိလာပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

လွှထင်းစုန်မှာ အာအက်စီးသို့ မသိမသာ ရောက်ရှိလာသည်။

သူ၏ခေါးကွက်များကော ဆင်းဝေရုန်၏ အသားအနွံ့ရယ်ကို ခြိမ်းခြောက်နေကြ၏။

ဆင်းဝေရုန်၏ နဖူးပေါ်တွင် ချွေးများစို့ရွှဲလာသည်။

လွှထင်းက အပြင်းထန်ဆုံး သိုင်းကွက်များကို ရွေးထုတ်ပြီး တိုက်ခိုက်သည်။

သို့သော်....

သူမ၏ တိုက်ခိုက်မှုမှာ ထိရောက်မှုမရှိပါချေ။

ယင်းကြောင့်....

သူက နောက်သို့ဆုတ်ရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ်မှာပင်....

လွှထင်းစုန်၏ ဓားမြှောင်က သူမ၏ရင်ဝသို့ တိုးဝင်လာလေသည်။

ဆင်းဝေရုန်မှာ ရှင်ထိတ်သွား၏။

သူမက အင်္ကျီအိတ်ထဲကို လက်နှိုက်ကာ လက်နက်ပုန်းများကို ထုတ်ယူလိုက်ပြီး လွှထင်းစုန်အား ပစ်ပေါက်ရန် ဟန်ပြင်လိုက်သည်။

ယခု....

သူတို့နှစ်ယောက်စလုံးသည် သေရေးရှင်ရေး အခြေအနေသို့ ရောက်ရှိနေကြပြီ ဖြစ်၏။



ဆင်းဝေရုန်က လက်နက်ပုန်းဖြင့် ပစ်ပေါက်နိုင်ခြင်းမရှိမီမှာပင် လွှထင်းစုန်၏ ဓားမြှောင်က သူမ၏ရင်ဝသို့ ထိုးဖောက် ဝင်ရောက်သွားမည်ဖြစ်သည်။

ထိုနည်းတူစွာပင်....

ဆင်းဝေရုန်ကလည်း ဓားထိုးခံရမည့်သွားသည့်တိုင် လွှထင်းစုန် လဲကျသွားစေရန် လက်နက်ပုန်းဖြင့် ပစ်ခတ်မည်သာ ဖြစ်၏။

ယင်းအခိုက်....

'ရပ်လိုက်....'

ကျယ်လောင်သော ဟန့်တားသံနှင့်အတူ လွှထင်းစုန်နှင့် ဆင်းဝေရုန်တို့အကြားသို့ လူရိပ်တစ်ခု ကျရောက်လာသည်။

တစ်ချိန်တည်းမှာပင်....

ထိုလူရိပ်က လွှထင်းစုန်နှင့် ဆင်းဝေရုန်တို့အား တွန်းထုတ်လိုက်၏။

'ဝုန်း....'

'ဝုန်း....'

ကျယ်လောင်သောအသံနှင့်အတူ လွှထင်းစုန်နှင့် ဆင်းဝေရုန်တို့မှာ အဝေးသို့ လွင့်စဉ်သွားကြသည်။

ချက်ချင်းပင်....

သူတို့နှစ်ယောက်က မြေပေါ်မှ လူးလိမ့်ထလိုက်၏။

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com

လူတို့အား ကြားဝင်ဟန့်တားသူအား ကြည့်လိုက်ကြသည်။

ထိုအခါ....

အသက် သုံးဆယ့်ငါးနှစ်ခန့်ရှိ မီးခိုးရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ထိုလူ၏မျက်နှာမှာ တည်ကြည်ခန့်ညားလှန်းလှသည်။

လှေသင်းစုန်က မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

'ခင်ဗျား ဘယ်သူလဲ'

ဆင်းဝေရန်ကလည်း မကျေမနပ်ဖြင့် မေးလိုက်သည်။

'ရှင် ဘာကြောင့် ကျွန်မတို့ကိစ္စမှာ ဝင်ရှုပ်ရတာလဲ'

မီးခိုးရောင်ဝတ်လူက ယော်ကာပြုံးလိုက်၏။

ထို့နောက်....

တည်ငြိမ်သောဟန်မူရာဖြင့် ပြောလိုက်သည်။

'ကျုပ်က မင်းတို့နှစ်ယောက်ရဲ့အသက်ကို ကယ်ဖို့ ရောက်လာတာပါ'

လှေထင်းစုန်မှာ အံ့အားသင့်သွား၏။

'ဗျာ...ခင်ဗျားက ကျွန်တော်တို့အတွက် ရောက်လာတာတဲ့လား'

မီးခိုးရောင်ဝတ်လူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လှေသင်းစုန်က ခေါင်းကိုခါယမ်းကာ ပြောလိုက်၏။

'ကျုပ်...ခင်ဗျားကို မသိဘူး'

ဆင်းဝေရန်ကလည်း ဝင်ပြောလိုက်သည်။



'ဟုတ်တယ်...ကျွန်မလဲ ရှင့်ကိုမသိဘူး'

မီးခိုးရောင်ဝတ်လူက ပြုံးလိုက်၏။

'မင်းတို့က ကျုပ်ကိုမသိပေမယ့် ကျုပ်ကတော့ မင်းတို့ကို သိတယ်ကွ'

တစ်ဆက်တည်းပင်....

သူက လှေသင်းစုန်အားကြည့်ကာ ပြောလိုက်သည်။

'မင်းက မေတ္တာရှင်သိုင်းသမားရဲ့တပည့် မဟုတ်လား'

ထိုစကားကြောင့် လှေထင်းစုန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

သူက မီးခိုးရောင်ဝတ်လူအား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

'ခင်...ခင်ဗျား'

မီးခိုးရောင်ဝတ် လူက ဆင်းဝေရန်ဘက်သို့ လှည့်လိုက်သည်။

'မင်းကရော နှင်းတောင်ဓေဝီရဲ့တပည့် မဟုတ်လား'

ဆင်းဝေရန်မျက်လုံးအစုံမှာ ဝိုင်းစက် ပြူးကျယ်သွားသည်။

မီးခိုးရောင်ဝတ်လူက ဆက်ပြောလိုက်၏။

'မင်းတို့နှစ်ယောက်ဟာ မေတ္တာရှင်သိုင်းသမားနဲ့ နှင်းတောင်ဓေဝီတို့ရဲ့ လွန်ခဲ့တဲ့ဆယ်နှစ်ကရန်ငြိုးကို လာပြီး ဖြေရှင်းကြတာမဟုတ်လား'

လှေထင်းစုန်နှင့် ဆင်းဝေရန်မှာ အံ့အားသင့်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မလှထင်းစုန်က မီးခိုးရောင်ဝတ်လူကို အကဲခတ် ကြည့်ကာ မေးလိုက်၏။

'ခင်ဗျားရဲ့နာမည်ကို သိပါရစေခင်ဗျာ'

မီးခိုးရောင်ဝတ်လူက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'လေလွင့်သိုင်းသမားပါ'

လှထင်းစုန်၏မျက်ခုံးများမှာ နဖူးပေါ်သို့ ရှိုင့်တက်သွားကြ၏။

'လေလွင့်သိုင်းသမား ဟုတ်လား'

မီးခိုးရောင်ဝတ်လူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ချက်ချင်းပင်....

မလှထင်းစုန်က လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

'ကျွန်တော့်ဆရာက လေလွင့်သိုင်းသမားကို မကြာခဏ ချီးကျူးပြောဆိုတတ်ပါတယ်၊ နာမည်ကို ကြားဖူးပေမယ့် လူကိုမမြင်ဘူးလို့ မသိတာကိုခွင့်လွှတ်ပါ'

ဆင်းဝေရှန် မှာလည်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လေလွင့်သိုင်းသမားအား ဆရာဖြစ်သူ နှင်းတောင်ဒေဝီ၏ပါးစပ်မှ မကြာခဏဆိုသလို ချီးကျူးပြောဆိုခဲ့သည်ကို သူမ မှတ်မိနေ၏။

နှင်းတောင်ဒေဝီ၏ပြောပြချက်အရ လေလွင့်သိုင်းသမားသည် သိုင်းလောကတွင် ခြေသလုံးအိမ်တိုင် လှည့်လည်တာ



မတောင်းသူပယ် ကောင်းသူကယ်လေ့ရှိသူတစ်ယောက်ဖြစ်ကြောင်း သိရှိခဲ့ရ၏။

ယင်းကြောင့်....

ဆင်းဝေရှန်မှာ မနေသာတော့ဘဲ လက်နှစ်ဖက်ကို ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

'လေလွင့်သိုင်းသမားကို ဂါရဝပြုပါတယ်၊ မသိလို့ပြောဆိုမိတာကို ခွင့်လွှတ်ပါရှင်'

လေလွင့်သိုင်းသမားက လက်ကာပြလိုက်၏။

'ကိစ္စမရှိပါဘူးကွယ်၊ မင်းတို့ကမှ ကျုပ်ကိုမသိကြတဲ့'

သူက သက်ပြင်းတစ်ချက်ချကာ ဆက်ပြောလိုက်သည်။

'မင်းတို့နှစ်ယောက်ကို ခုလိုအချိန်မီ ဟန့်တားနိုင်ခဲ့တဲ့အတွက် ကျုပ် ဝမ်းသာလို့မဆုံးပါဘူး၊ မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်သာ တစ်စုံတစ်ခု ဖြစ်သွားခဲ့ရင် ကျုပ်တစ်သက်လုံး စိတ်ဖြေလို့ရမှာမဟုတ်တော့ဘူး'

ဆင်းဝေရှန်က နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

'ဒါထက် ရှင်က ဘာကြောင့် ကျွန်မတို့ရဲ့ ယှဉ်ပြိုင်ပွဲကို ဟန့်တားရတာလဲ'

လေလွင့်သိုင်းသမားက သက်ပြင်းချလိုက်သည်။

'မင်းတို့ကို အချိန်မီ မဟန့်တားနိုင်ခဲ့ရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မေတ္တာရှင်သိုင်းသမားနဲ့ နှင်းတောင်ဒေဝီတို့ နောင်တရနေကြမှာစိုးရိမ်လို့ပါ'

ထိုစကားကြောင့် လှထင်းစုန်နှင့် ဆင်းဝေရှန်တို့မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'ရှင်'

အတန်ကြာမှ....

ဆင်းခဝေ ရန်က မျက်မှောင်ကြုတ်လိုက်သည်။

'ကျွန်မဆရာက နောင်တရလိမ့်မယ် ဟုတ်လား'

လေလွင့်သိုင်းသမားက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ဆင်းခဝေ ရန်က နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

'ဘာဖြစ်လို့လဲ'

လေလွင့်သိုင်းသမားက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'ရှင်းပါတယ်၊ သူတို့က ရန်သူတွေမှ မဟုတ်ကြဘဲကွယ်'

သူ၏စကားအား ဆင်းခဝေ ရန်မှာ လက်မခံနိုင်အောင် ပင်ဖြစ်သွားသည်။

သူမက ခေါင်းခါယမ်းလိုက်၏။

'ရှင်ပြောတာ မှားနေပြီရှင့်'

လေလွင့်သိုင်းသမားက သူမအား စိုက်ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ဆင်းခဝေ ရန်က သွက်လက်စွာ ပြောလိုက်၏။

'ကျွန်မဆရာနဲ့ မေတ္တာရှင်သိုင်းသမားတို့ဟာ ရန်သူတွေပါ၊ ကမ္ဘာ့ရန်လို့ဆိုရင် မမှားပါဘူး၊ ကျွန်မ ဆရာက မေတ္တာရှင် သိုင်းသမားကို သတ်ဖြစ်ချင် လောက်အောင် မုန်းတီးနေပါတယ်'



လေလွင့်သိုင်းသမားက ပြုံးလိုက်သည်။

သူက လေ့ထင်းစုန်အား လှမ်းကြည့်လိုက်၏။

'မင်းဆရာကရော'

လေ့ထင်းစုန်က ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော့်ဆရာက ဘာမှ ပြောမပြခဲ့ပါဘူးဗျာ'

လေလွင့်သိုင်းသမားက ထပ်မေးလိုက်၏။

'နှင်းတောင်ဒေဝီ ဆိုတာတော့ မင်း ကြားဖူးသလား'

လေ့ထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ဆရာ့ပြောသံ ကြားဖူးပါတယ်'

လေလွင့်သိုင်းသမားက မျက်မှောင်ကြုတ်လိုက်၏။

'နှင်းတောင်ဒေဝီဟာ မင်းဆရာရဲ့ ရန်သူဆိုတာ မင်း သိဘူးပေါ့'

လေ့ထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ် ကျွန်တော်မသိပါဘူး'

လေလွင့်သိုင်းသမားက ထအံ့သြဖြင့် ပြောလိုက်၏။

'နှင်းတောင်ဒေဝီက သူ့တပည့်ကို ရန်သူဘယ်သူဘယ်ဝါ ဆိုတာ ပြောမပြခဲ့တယ်၊ မင်းဆရာကတော့ မင်းကို ရန်သူ ဘယ်သူဘယ်ဝါဆိုတာ ပြောမပြခဲ့ဘူး ဒါဘာသဘောလဲ၊ ထူးဆန်းလိုက်တာ'

လေ့ထင်းစုန်က မချိပြုံးပြုံးလိုက်သည်။

'ကျွန်တော် ဒီထက်ထူးဆန်းတာ ပြောပြချင်ပါသေး တယ်'

www.burmeseclassic.com

www.burmeseclassic.com



လေလွင့်သိုင်းသမား၏ မျက်ခုံးအစုံမှာ အပေါ်သို့ မြင့်တက်သွား၏။

'ဟေ… ပြောစမ်းပါဦး'

လေ့ထင်းစုန်က ဆင်းဝေ့ရန်အား တစ်ချက်လှမ်းကြည့်လိုက်သည်။

ပြီးမှ…

တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'ကျွန်တော် ဗိမရှေ့ကတောင်ထိပ်ကို မလာခင် ဆရာဖေ တောင်းတစ်ခွန်း မှာကြားလိုက်ပါတယ်၊ အဲဒီမှာကြားချက် ကတော့ ရန်သူနဲ့ရင်ဆိုင်တွေ့တဲ့အခါမှာ အသာစီးရအောင် တိုက်ခိုက်ရမယ် ဆိုတာပါပဲ'

လေလွင့်သိုင်းသမားက ခေါင်းတစ်ချက် တွန့်လိုက်သည်။

'သိုင်းပညာ ယှဉ်ပြိုင်တဲ့နေရာမှာ ကိုယ်က အသာစီးရအောင်၊ အနိုင်ရအောင် ယှဉ်ပြိုင် တိုက်ခိုက်ရမှာပဲပေါ့၊ ဒါ ဘာထူးဆန်းလို့လဲ'

လေ့ထင်းစုန်က ခေါင်းညိတ်လိုက်၏။

'ဆန်းပါတယ်၊ ကျွန်တော့်ဆရာက အသာစီးရချိန်မှာ အရှုံးပေးဖို့ ပြောလိုက်တာပါတယ်'

ထိုစကားကြောင့် လေလွင့်သိုင်းသမား၏ မျက်လုံးအိမ်မှာ ပြူးကျယ်သွားလေသည်။

'ဟေ…'

သူက လေ့ထင်းစုန်အား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်၏။



'မင်းတကယ်ပြောတာလား'

လေ့ထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'တကယ်ပြောတာပါ'

လေလွင့်သိုင်းသမားက မျက်မှောင်ကြုတ်လိုက်၏။

'သူသေကိုယ်သေ ယှဉ်ပြိုင်ကြတဲ့အခါ ကိုယ်ကအရှုံးပေးလိုက်ရင် ရန်သူလက်ချက်နဲ့ သေရမယ်ဆိုတာ မင်းမသိဘူးလား'

လေ့ထင်းစုန်က မချိပြုံးပြုံးလိုက်သည်။

'ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ကျွန်တော် ရန်သူ့လက်ချက်နဲ့သေရမယ်ဆိုရင်တောင် ဆရာ့စကားကို မြေဝယ်မကျ နားထောင်ပါမယ်'

လေလွင့်သိုင်းသမားမှာ အံ့အားသင့်သွား၏။

'ဟေ… မင်းက ဆရာ့စကားကို နာခံထောင်မယ် ဟုတ်လား၊ မေတ္တာရှင့် သိုင်းသမားမှာ မင်းလိုတပည့်မျိုးရှိတာ ကံကောင်းလိုက်တာပဲ'

လေ့ထင်းစုန်က ခေါင်းငုံ့လိုက်သည်။

ဆင်းဝေ့ရန်မှာမူ မကျေမနပ် ဖြစ်သွား၏။

သူက လေ့ထင်းစုန်ကို စိုက်ကြည့်ကာ ပြောလိုက်သည်။

'ရှင်က အရှုံးပေးဖို့ ဆုံးဖြတ်ထားတယ်ဟုတ်လား၊ ရှင့်ဆရာက ကျွန်မရဲ့ရင်ဝကို ထိုးဖောက်သွားမှ ရှင်က လျှော့ပေးမှာလား'

လေ့ထင်းစုန်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ပါဘူး၊ ကျုပ်အချိန်မီရင်တန်ဖို့ ကြိုးစားခဲ့ပါတယ်၊ ခင်ဗျားလက်ချက်နဲ့ ကျုပ်သေပါစေ၊ ကျုပ်လက်ချက်နဲ့တော့ ခင်ဗျားအသက် မသေစေရပါဘူး'

ဆင်းဝေရန်က နှုတ်ခမ်းကိုမဲ့လိုက်သည်။

'ရှင့်ကိုကျွန်မ ကြောက်နေမယ်မှား၊ ထင်နေသလား'

လေလွင့်သိုင်းသမားက လက်ကာပြလိုက်၏။

'တော်ကြပါတော့၊ မင်းတို့နှစ်ယောက် ရန်ဖြစ်နေလို့ မပြီးသေးဘူး၊ မင်းတို့မှာ ရှေ့ဆက်လုပ်စရာကိစ္စတွေ အများကြီး ရှိသေးတယ်'

လွှထင်းစုန်က လူ့အသူ ကြည့်လိုက်သည်။

'ဒါဖြင့် ကျွန်တော်တို့ရဲ့ယှဉ်ပြိုင်မှုကို ရပ်တန့်လိုက်ရမှာပေါ့'

လေလွင့်သိုင်းသမားက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ဆင်းဝေရန်က မကျေမနပ်ဖြင့် ပြောလိုက်သည်။

'မဟုတ်ဘူး'

လေလွင့်သိုင်းသမားက သူမအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

'မင်းက ဆက်ပြီးယှဉ်ပြိုင်ချင်သေးတယ်ပေါ့ ဟုတ်လား'

ဆင်းဝေရန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်မတို့ အနိုင်အရှုံးမှ မပေါ်သေးတဲ့'

လေလွင့်သိုင်းသမားက မဲ့ပြုံးပြုံးလိုက်၏။



'အနိုင်အရှုံးပေါ်တဲ့အထိ ယှဉ်ပြိုင်မယ်ဆိုရင် မင်းတို့နှစ်ယောက်လုံး သေကုန်ကြလိမ့်မယ်'

ထိုစကားကြောင့် ဆင်းဝေရန်မှာ မျက်နှာပျက်သွားသည်။

လေလွင့်သိုင်းသမားက ဆက်ပြောလိုက်၏။

'မင်းတို့နှစ်ယောက်ဟာ လက်ရည်ညီမျှပါတယ်၊ ဒါကြောင့် မင်းတို့ပြိုင်ပွဲဟာ သရေပွဲပဲပေါ့'

ဆင်းဝေရန်က ခေါင်းကိုတွင်တွင်ခါယမ်းလိုက်သည်။

'မဖြစ်ဘူး၊ ကျွန်မ အနိုင်မရရင် သေမှဖြစ်မယ်'

လေလွင့်သိုင်းသမားမှာ အံ့အားသင့်သွား၏။

'ဘာဖြစ်လို့လဲ'

ဆင်းဝေရန်က လေသံပြတ်ပြတ်ဖြင့် ပြောလိုက်သည်။

'ကျွန်မ့်ဆရာက အနိုင်မရတဲ့ ပြန်မလာရဘူးလို့ မှာထားလို့ပါ'

လေလွင့်သိုင်းသမားက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'စိတ်ချ၊ ဒီကိစ္စကို ကျုပ်ကိုယ်တိုင် ဖြေရှင်းပေးမယ်၊ နောက်ပြီး သိုင်းလောကနဲ့ နှင်းတောင်ဂိုဏ်းတို့ရဲ့ ရန်ကြွေးဟာ မကြာခင်ပြေအေးသွားတော့မယ်လို့ မှတ်ထားကြပါ'

လွှထင်းစုန်က မျက်မှောင်ကြုတ်လိုက်သည်။

'ဒါဖြင့် ခင်ဗျားက ကြားဝင်စေ့စပ်ဖျန်ဖြေပေးမယ်ပေါ့'

လေလွင့်သိုင်းသမားက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

လှေထင်းစုန်က သူ့အားစိုက်ကြည့်လိုက်သည်။

'ဒါဖြင့် လွန်ခဲ့တဲ့ဆယ်နှစ်လောက်တုန်းက ဘာကြောင့် ကြွားဝင်ပြီး စေ့စပ်ဖျန်ဖြေပေးခဲ့တာလဲ၊ အဲဒီကတည်းက သာဖျန်ဖြေပေးမယ်ဆိုရင် အခုလို ဖြစ်လာမှာတောင်မဟုတ်ဘူး'

လေလွင့်သိုင်းသမားက သက်ပြင်းချလိုက်၏။

'ရှင်းရှင်းပြောရရင် ဒီကိစ္စ ဖြစ်ပွားခကာ ကသိုက ကျုပ် စေ့စပ် ဖျန်ဖြေပေးမလို့ပါ၊ ဒါပေမယ့် အဲဒီ အချိန်မှာ မတွေ့ရှင် သိုင်းသမားဟာ သိုင်းလောကထဲက ပျောက် ချင်းမလှ ပျောက်ကွယ်သွားတယ်၊ သူ့ကို နေရာအနှံ့ လိုက်ရှာပေမယ့် မတွေ့ခဲ့ရဘူး။ ဒါကြောင့် ကျုပ်က ဆယ်နှစ် လုံးလုံးစောင့်နေခဲ့ရတာပါ'

သူက စကားကို ရပ်တန့်လိုက်သည်။

ပြီးမှ....

လှေထင်းစုန်တို့အားတစ်ချက်ကြည့်ကာဆက်ပြောလိုက်၏။

'မင်းတို့ရဲ့ပြဿနာကို ကျုပ် ဖြေရှင်းပေးပါ့မယ်၊ ကျုပ်ရဲ့စကားကို ယုံကြပါ'

လှေထင်းစုန်က ချက်ချင်းပင် ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် သဘောတူလက်ခံပါတယ်'

ဆင်းဝေ့ရန်မှာ တွေဝေနေမိ၏။

လေလွင့်သိုင်းသမားက သူ့အား အကဲခတ် ကြည့်ရှု လိုက်သည်။



'မင်းဆရာ ဆူမှာကို မင်းက ကြောက်နေတာ မဟုတ်လား'

ဆင်းဝေ့ရန်က ပါးစပ်ပိတ်ထားလိုက်၏။

လေလွင့်သိုင်းသမားက ပြုံးလိုက်သည်။

'မင်းဆရာ အတွက် ငါတာဝန်ထားပါ၊ ငါ သူ့ကို ပြောပေးပါ့မယ်'

ဆင်းဝေ့ရန်က မဝံ့မရဲဖြင့် မေးလိုက်၏။

'သူ...သူ...လက်ခံပါ့မလား'

လေလွင့်သိုင်းသမားက ရယ်မောလိုက်သည်။

'ကျုပ်က သူတို့ရဲ့ ပြဿနာကို ဖြေရှင်းပေးမှာပဲ၊ သူက ဘာကြောင့်လက်မခံနိုင်ရမှာလဲ'

ဆင်းဝေ့ရန်က သက်ပြင်းချလိုက်၏။

'ကောင်းပြီလေ၊ ရှင်တာဝန်ယူတယ်ဆိုရင်လဲ ကျွန်မ ဆက်ပြီးမယှဉ်ပြိုင်တော့ပါဘူး'

လေလွင့်သိုင်းသမား၏မျက်နှာမှာ ပြုံးရွှင်သွား၏။

သူက လက်တစ်ချက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။

'အေး...ဒီလိုမှပေါ့၊ ကဲ...မင်းအချင်းပြန်နှင့် တို့ချောက်ကာ လိုက်သွားခဲ့မယ်'

'မင်းဆရာကမေးရင် ကျုပ်နာမည်ကို ပြောပြလိုက်၊ ကြာခင်ကျုပ်ရောက်လာလိမ့်မယ်၊ ကျုပ်ရောက်လာမှ ပေးမြန်းဖို့ပြောလိုက်၊ ကျုပ်ပြောတာ သဘောပေါက်တယ် မဟုတ်လား'

ဆင်းဝေ့ရန်က ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပြီ…ဒါဖြင့် ကျွန်မသွားမယ်'

စကားဆုံးသည်နှင့် သူမက လွှဆင်းစုန်ကို လှမ်းကြည့်လိုက်သည်။

ထိုအခါ…

လွှဆင်းစုန်က ရှုံ့မဲ့တောက်ပသော မျက်ဝန်းအစုံဖြင့် သူမအားစိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ဆင်းဝေ့ရန်၏မျက်နှာမှာ နီရဲသွားသည်။

သူမက ခေါင်းငုံ့လိုက်ပြီး မဲ့ချောင်အောက်သို့ ပြေးဆင်းသွား၏။

လွှဆင်းစုန်နှင့် လေလွင့်သိုင်းသမားမှာ ဆင်းဝေ့ရန်၏ နောက်ကျောကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

ဆင်းဝေ့ရန်သည် မရှကတောင်ထိပ်မှ ထွက်ခွာသွားပြီ ဖြစ်၏။

ထိုအခါမှ…

လွှဆင်းစုန်က လေလွင့်သိုင်းသမားဘက်သို့ လှည့်လိုက်သည်။

'သူ ပြန်သွားပြီ'

လေလွင့်သိုင်းသမားက ခေါင်းညိတ်လိုက်၏။



'အေး…ဟုတ်တယ်၊ သူ့အရာဆီ သူ ပြန်သွားရမှာပေါ့'

လွှဆင်းစုန်က သက်ပြင်းချလိုက်သည်။

'ဒါဖြင့် ကျွန်တော်လဲ ပြန်တော့မယ်'

လေလွင့်သိုင်းသမားက ခေါင်းခါယမ်းလိုက်၏။

'မင်းပြန်လို့ မဖြစ်သေးဘူး'

လွှဆင်းစုန်မှာ အံ့အားသင့်သွားသည်။

'ဗျာ'

လေလွင့်သိုင်းသမားက သူ့အား စိုက်ကြည့်လိုက်၏။

'မင်း ပြန်သွားရင် မင်းဆရာနဲ့ နှင်းတောင်ဇာဒီတို့ရဲ့ ရန်ကြွေးကို ကျုပ်က ဘယ်လိုဖြေရှင်းနိုင်မှာလဲ'

လွှဆင်းစုန်က မျက်မှောင်ကြုတ်လိုက်သည်။

'ကျွန်တော်နဲ့ ပတ်သက်နေလို့လား'

လေလွင့်သိုင်းသမားက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

လွှဆင်းစုန်က စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

'ဘယ်လိုပတ်သက်တာလဲ'

လေလွင့်သိုင်းသမားက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'မင်းဟာ မတ္တာရှင်သိုင်းသမားရဲ့ကိုယ်ပွားပဲ၊ ကျုပ်က သူ့ကို ရှာမတွေ့တဲ့အတွက် မဖြေရှင်းနိုင်တဲ့ကိစ္စတွေကို မင်းကိုအသုံးပြုပြီး ဖြေရှင်းရလိမ့်မယ်'

လွှဆင်းစုန်က မျက်ခုံးပင့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြေရှင်းမှာလဲ'

လေလွင့်သိုင်းသမားက ပြုံးလိုက်၏။

'မင်းနဲ့ကျုပ် နှင်းတောင်ဒေဝီကို သွားတွေ့ကြတာပေါ့'

လွှထင်းစုန်၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

သူက မငုံ့မရဲလေသံဖြင့် ပြောလိုက်၏။

'ဖြစ်ပါ့မလား၊ နှင်းတောင်ဒေဝီက ကျွန်တော့်ကို သတ်ချင်နေတာ မယုံမထင်ဘူး'

လေလွင့်သိုင်းသမားက အားပြင်းချလိုက်သည်။

'အော်....ဒါဟာ့အမှန်ပဲ၊ ဘာပဲဖြစ်ဖြစ် မင်းသာ ညာကိုအသုံးချတတ်တဲ့လူတစ်ယောက်ဖြစ်ရင် နှင်းတောင်ဒေဝီရဲ့စိတ်သား ပြောင်းသွားနိုင်လိမ့်မယ်'

လွှထင်းစုန်က တစ်စုံတစ်ခုကို စဉ်းစားမိလိုက်၏။

'ကျွန်တော် ကို တစ်ခုလောက်မေးခွင့်ပြုပါ'

လေလွင့်သိုင်းသမားက ခေါင်းညိတ်လိုက်သည်။

'မေးပါ'

လွှထင်းစုန်က သူ့အားစိုက်ကြည့်ကာ မေးလိုက်၏။

'ကျွန်တော့်ဆရာနဲ့ နှင်းတောင်ဒေဝီတို့ဟာ ဘာကြောင့် ရန်သူတွေဖြစ်နေကြတာလဲဗျ'

လေလွင့်သိုင်းသမားက မျက်မှောင် ကြုတ်လိုက်သည်။

'ဒီကိစ္စကို မင်းဆရာက မင်းကိုမပြောမပြဘူးလား'

လွှထင်းစုန်က ခေါင်းခါယမ်းလိုက်သည်။

'မပြောမပြပါဘူးခင်ဗျာ'

လေလွင့်သိုင်းသမားမှာ အံ့အားသင့်သွားသည်။



သူက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလိုက်၏။

'အင်း....တယ်လဲထူးဆန်းပါလား၊ ဒါက ဘာသဘောလဲ'

လွှထင်းစုန်က သူပြောလာမည့်စကားများအား ငြိမ်သက်စွာ နားစွင့်နေလေသည်။

အတန်ကြာမှ....

လေလွင့်သိုင်းသမားက သက်ပြင်းချကာ ပြောလိုက်၏။

'တကယ်တော့ မင်းဆရာ မေတ္တာရှင် သိုင်းသမားနဲ့ နှင်းတောင်ဒေဝီတို့ဟာ ရန်သူတွေ မဖြစ်ခင်က အင်မတန်ချစ်တဲ့ချစ်သူတွေပဲ'

ထိုစကားကြောင့် လွှထင်းစုန်မှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'ဗျာ....'

သူက လေလွင့်သိုင်းသမားအား မယုံရဲဖြင့် ကြည့်လိုက်သည်။

'သူတို့ဟာ ဆရာတူတပည့်တွေပဲကွယ့်၊ သူတို့ဟာ နှစ်ယောက်သားလက်ချင်းတွဲပြီး သိုင်းလောကထဲက မကောင်းမှုတွေကို တွန်းလှန်တိုက်ဖျက်ခဲ့ကြတယ်၊ ဒါပေမယ့် တစ်နေ့မှာတော့ လူတစ်ယောက်ရဲ့ စနက်မီးကြောင့် တစ်ယောက်နဲ့တစ်ယောက် အလွန်မုန်းတီးတဲ့ရန်သူတွေ ဖြစ်ကုန်ကြတော့တာပါပဲ'

လွှထင်းစုန်မှာ သိချင်လိုစိတ်များ ပြင်းပြလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်က အဲဒီအဖြစ်အပျက်တွေကို သိခွင့်ရှိရင် သိပါရစေခင်ဗျာ'

လေလွင့်သိုင်းသမားက သက်ပြင်းချ ဆိုလိုက်၏။

'အင်း....ကောင်းပြီ၊ ကျုပ်ပြောပြမယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်တာလောက်က လူယန်မြို့မှာ အလွန်ကျော်ကြားတဲ့ သိုင်းသင်တန်းကျောင်း တစ်ကျောင်းရှိခဲ့တယ်၊ အဲဒီသိုင်းသင်တန်းကျောင်းရဲ့ နာမည်က ပျံလွှား သိုင်းသင်တန်းကျောင်းပဲ'

လူက စကားကိုရပ်ကာ လေ့ထင်းစုန်အား တစ်ချက်ကြည့်လိုက်သည်။

လေ့ထင်းစုန်က စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့မှ....

'ပျံလွှားသိုင်းသင်တန်းကျောင်းရဲ့ ဆရာ စီးမာကူးဟာ အလွန် ကြည်ညို လေးစားဖွယ်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပေါ့၊ သူ့မှာ တပည့်လေးယောက် ရှိခဲ့တယ်၊ အဲဒီတပည့်တွေရဲ့ နာမည်ကတော့ ဝမ်းကျင်းဟွန်၊ နန်းကုန်ယင်၊ ကျွမ်းပေနဲ့ စုမာဝမ်းမတို့ပဲ'

ဟု အစချီကာ လွန်ခဲ့သည့်ဆယ်နှစ်ကျော်မှ ပျံလွှားသိုင်းသင်တန်းကျောင်းတွင် ဖြစ်ပျက်ခဲ့သည့် ကြေကွဲ လွမ်းမောဖွယ် ဒဏ္ဍာရီတစ်ပုဒ်ကို ပြောပြလိုက်လေတော့သည်။

## အခန်း (၄)

### နှင်းတောင်ဝေဝီနှင့် တွေ့ဆုံခြင်း

ညတစ်ည၏ အမှောင်မိုက်ဆုံးအချိန်များ ကျော်လွန်ခဲ့ပြီ ဖြစ်၏။

လဝန်းသည် အနောက်ဘက် မိုးကောင်းကင်သို့ တစ်စ တစ်စ နိမ့်ကျသွားသည်။

ကြေကွဲဖွယ်အတိတ်ဇာတ်လမ်းကို ပြောပြနေသည့် လေလွင့်သိုင်းသမား၏စကားသံများမှာ ရပ်တန့်သွားပြီ ဖြစ်၏။

ဝန်းကျင်တစ်ခုလုံး ခေတ္တမျှ တိတ်ဆိတ် ငြိမ်သက်သွားသည်။

အတန်ကြာမှ ...

လေ့ထင်းစုန်က တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းလိုက်၏။

www.burmeseclassic.com

'အဲဒီ ပျံလွှားသိုင်းသင်တန်းကျောင်းရဲ့ အဖြစ်အပျက်ဟာ ကျွန်တော့်ဆရာနဲ့ နှင်းတောင်ဒေဝီတို့ရဲ့ ရန်ငြိုးနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ'

မလေလှင့်သိုင်းသမားက ပြုံးလိုက်သည်။

'မင်း တော်တော် အရွယ်သေးတာပဲ၊ မင်းဆရာ မေတ္တာရှင်သိုင်းသမားဟာ ကျေးမင်းပေ့၊ နှင်းတောင်ဒေဝီဟာ စုမာဝမ်းမေပေါ့'

လွှထင်းစုန်မှာ [illegible]အားသင့်သွား၏။

'ဒီအကြောင်းတွေကို ခင်ဗျားက ဘယ်လိုသိနေတာလဲ'

လေလှင့်သိုင်းသမားက သူ့အားစိုက်ကြည့်လိုက်သည်။

'ကျုပ်ဟာ ပျံလွှားသိုင်းသင်တန်းကျောင်းက သင်တန်းသားလေးယောက်ထဲက တစ်ယောက်ဖြစ်ခဲ့လို့ပေါ့'

လွှထင်းစုန်မှာ ပို၍အံ့အားသင့်သွား၏။

'ဒါ...ဒါဖြင့်...'

သူ၏စကား မဆုံးမီမှာပင် လေလှင့် သိုင်းသမားက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်...ကျုပ်က ဝမ်းကျင်းဟုန်ပဲ'

လွှထင်းစုန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

'ဗျာ....'

'လေလှင့်သိုင်းသမားက ပြုံးလိုက်သည်။

'ဟုတ်တယ်၊ မင်းဆရာက ကျုပ်ကို လေလှင့်သိုင်းသမားလို့ခေါ်တာ နှုတ်ကျိုးနေပြီဆိုတော့ မင်းကမသိဘူးပေါ့'

လွှထင်းစုန်က မကျေမနပ်ဖြင့် ပြောလိုက်၏။



'ဦးပြောသလိုဆိုရင် ကျွန်တော့်ဆရာဟာ ကတိ... ...ပြေးသူ၊ သလို ဖြစ်နေတာပေါ့'

လေလှင့်သိုင်းသမားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

လွှထင်းစုန်က ခေါင်းခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး၊ ကျွန်တော့်ဆရာဟာ ကတိတည်တဲ့ ...သားမျိုး မဟုတ်ဘူး'

လေလှင့်သိုင်းသမား(ခေါ်)ဝမ်းကျင်းဟုန်က ဖြတ်သား...သာ လေသံဖြင့် ပြောလိုက်သည်။

'ကျုပ်ယုံကြည်တယ်'

လွှထင်းစုန်က မျက်ခုံးပင့် ကြည့်လိုက်၏။

'ဒါဖြင့်....'

ဝမ်းကျင်းဟုန်က ကြားဖြတ်ပြောလိုက်သည်။

'ကျုပ်နားလည်တယ်၊ အဲဒီက ရှင်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ အခုတော့ ရှင်းသလောက် ဖြစ်နေပါပြီ'

လွှထင်းစုန်က သက်ပြင်းချလိုက်၏။

'ကျေးဇူးပြုပြီး ကျွန်တော့်ကို ရှင်းပြပါလား၊ ခင်ဗျား'

ဝမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ မင်းကိုကျုပ်ရှင်းပြမယ်၊ မင်းကတစ်ဆင့် မင်းဆရာနဲ့ စုမာဝမ်းမေတို့ ပြေလည်အောင် ကြိုးစားပေးပါ'

လွှထင်းစုန်မှာ ဝမ်းသာသွား၏။

'ဟုတ်ကဲ့၊ ကျွန်တော်အဘတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်လို့ ကတိပေးပါတယ်'

www.burmeseclassic.com



ဝမ်းကျောင်းဟုန်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'ကောင်းပြီ၊ ဒါဆိုလဲ ကျုပ်ပြောပြရမှာပေါ့၊ ကျုပ်တို့ဟာ ဆရာကြီးစီမာကူး သေဆုံးပြီးတဲ့နောက် ပျံ့သွားသိုင်းသင်တန်းကျောင်းမှာပဲ စုရုံးနေထိုင်ခဲ့ကြတယ်၊ ဒါပေမယ့် သုံးရက်လောက်ကြာတဲ့အခါမှာ နန်းကုန်းယင် ထွက်ခွာသွားတယ်၊ အဲဒီအချိန်မှာ ကျောင်းပေလဲ မရှိတော့ဘူး....'

လှေထင်းစုန်က စဉ်းစားထောက် မေးလိုက်၏။

'ဦးနှဲ့စုမာ ဝမ်းခမ်တို့ရဲ့ ကျန်ခဲ့တယ် ဆိုပါတော့'

ဝမ်းကျောင်းဟုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းဆွေးနွေးပြီး ပြဿနာကို အဖြေရှာကြတယ်၊ အဲဒီအခါမှာ တို့သတိမပြုမိခဲ့တဲ့ အချက်တွေကို သွားတွေ့ခဲ့တယ်'

လှေထင်းစုန်မှာ စိတ်ဝင်စားလာ၏။

'ဘာများလဲ'

ဝမ်းကျောင်းဟုန်က အံကြိတ်လိုက်သည်။

'ကျုပ်မြင်လိုက်ရတဲ့ ဆရာ့အခန်းထဲကို ဝင်သွားတဲ့ လူဟာ ကျောင်းပေ မဖြစ်နိုင်ဘူး၊ အဲဒီလူက ကျောင်းပေအယောင်ဆောင်ပြီး ဆရာကြီးကို သတ်သွားတာပဲ'

လှေထင်းစုန်က မျက်ခုံးပင့်ကြည့်လိုက်၏။

'အဲဒီလူကကော ဘယ်သူလဲ'



ဝမ်းကျောင်းဟုန်က တင်းမာခက်ထန်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'အဲဒီအချိန်ကတော့ ကျုပ်လဲမသိပါဘူး၊ ဒါပေမဲ့ အခုတော့ သိနေပြီ'

လှေထင်းစုန်က အလောတကြီး မေးလိုက်၏။

'ဘယ်သူလဲဗျ'

ဝမ်းကျောင်းဟုန်က လေသံပြတ်ပြတ်ဖြင့် ပြောလိုက်သည်။

'နန်းကုန်းယင်ပေါ့'

လှေထင်းစုန်က အံကို တင်းတင်းကြိတ်လိုက်၏။

'ဟုတ်စေသတော့ တရားခံအစစ်အမှန်က နန်းကုန်းယင်ကိုး'

ဝမ်းကျောင်းဟုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လှေထင်းစုန်က သူ့အားကြည့်ကာ မေးလိုက်၏။

'တရားခံအစစ်ဟာ နန်းကုန်းယင်ဖြစ်တယ်လို့ ဘာကြောင့် သိရတာလဲ'

ဝမ်းကျောင်းဟုန်က ရှင်းပြလိုက်သည်။

'သူက တရားခံအစစ်အမှန်ကို လိုက်ရှာနေတဲ့ ကျောင်းပေကို ကြေးစားလူသတ်သမားတွေငှားပြီး လုပ်ကြံခိုင်းတယ်၊ ကျောင်းပေက ကြေးစားတစ်ယောက်ကို လက်ဖမ်းပြီးမေးတော့ နန်းကုန်းယင်ရဲ့ လက်ချက်ဆိုတာ သိသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



လွှထင်းစုန်က စိတ်ဝင်စားစွာဖြင့် နားထောင်နေ၏။

ဝမ်းကျင်းဟုန်က ဆက်ပြောလိုက်သည်။

'ဒါကြောင့် ကျွမ်းပေ့က ဗျိုလှားသိုင်း သင်တန်းကျောင်းကို ပြန်လာခဲ့တယ်၊ အဲဒီအချိန်မှာ ကျုပ်လဲ ခရီးထွက်သွားပြီဆိုတော့ သူက စုမာဝမ်းမေနဲ့ပဲတွေ့ခဲ့တယ်'

လွှထင်းစုန်က အလောတကြီးဖြင့် မေးလိုက်၏။

'ဒါဖြင့် သူက တရားခံဟာ ဘယ်သူဘယ်ဝါ ဆိုတာ မပြောပြဘူးလား'

ဝမ်းကျင်းဟုန်က သက်ပြင်းချလိုက်သည်။

'ကျွမ်းပေ့က တရားခံဘယ်သူဘယ်ဝါဆိုတာ စုမာဝမ်းမေကို မသိစေချင်ဘူး၊ ဒါကြောင့် အရိပ်အမြွက်လောက်ပဲ ပြောပြခဲ့တယ်၊ နန်းကုန်းယင်ဟာ သူတို့ရဲ့မေတ္တာလမ်းကို ဖြိုခွဲချင်လို့ ဆရာ့ကိုပြန်သတ်ရတယ်ဆိုတာ သူက ရိပ်မိသွားတာကိုး'

လွှထင်းစုန်က မျက်မှောင်ကြုတ်လိုက်၏။

'ဒါကို စုမာဝမ်းမေက ကော မရိပ်မိဘူးလား'

ဝမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်သည်။

'ရိပ်မိပါတယ်၊ ဒါပေမယ့် သူက မိန်းမသားဆိုတော့ ကျွမ်းပေ့ကို အထင်လွဲပြီး ပြေးဆိုခဲ့တာတွေ အတွက် ရှက်နေတယ်လေ၊ ဒါကြောင့် သူက ရှက်ရမ်းရမ်းပြီး ရန်တော့ပဲပြောတာပေါ့၊ အဲဒီတော့ ကျွမ်းပေ့လဲ စိတ်ဆိုးပြီး စုမာဝမ်းမေကို နာနာကြည်းကြည်း ပြောပစ်လိုက်တယ်။



အဲဒီအချိန်ကစပြီး သူတို့ဟာ ကမ္ဘာ့ရန်သူတွေလို ဖြစ်သွားကြတာပဲ'

လွှထင်းစုန်မှာ ခံပြင်းသွား၏။

သူကအံကိုတင်းတင်းကြိတ်ကာ မေးလိုက်သည်။

'စုမာဝမ်းမေက နန်းကုန်းယင်ကိုသွားပြီး ရှာတော့ဘူးလား'

ဝမ်းကျင်းဟုန်က ခေါင်းခါယမ်းလိုက်၏။

'မရှာဘူး'

လွှထင်းစုန်က မျက်မှောင်ကြုတ်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ဝမ်းကျင်းဟုန်က သက်ပြင်းချလိုက်၏။

'သူက မင်းဆရာကိုစိတ်နာသွားတာမို့ မင်းဆရာပြောတဲ့ စကားတွေကို မယုံတော့ဘူးလေ'

လွှထင်းစုန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဗျာ....'

ဝမ်းကျင်းဟုန်က ဆက်ပြောလိုက်၏။

'တကယ်တော့ တရားခံအစစ်အမှန်ဟာ နန်းကုန်းယင်ပဲ၊ ဒါပေမယ့်စုမာဝမ်းမေဟာ မင်းဆရာကိုသိပ်ပြီးမုန်းနေတော့ အမှန်ကိုအမှန်လို့ မမြင်နိုင်တော့ဘူး'

လွှထင်းစုန်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

'ဒါကြောင့် တရားခံဟာ ဆယ်နှစ်လုံးလုံး လွတ်နေတာပေါ့၊ ဦးလေးတော့ မဖော်ထုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျောင်းဟုန်က သက်ပြင်းချလိုက်၏၊

'ကျုပ် သူ့ကိုသွားရှာပါတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ သူက ကျုပ်ထက်ပိုပြီး သိုင်းပညာ အဆင့်မြင့်နေပြီးတော့ ကိုယှဉ်နိုင်လို့ ကျုပ် ဆုတ်ခွာခဲ့ရသေးတယ်'

လှေထင်းစုန်က အံကြိတ်လိုက်သည်၊

'အခု သူဘယ်မှာလဲ'

ဝမ်းကျောင်းဟုန်က ပြုံးလိုက်၏၊

'မင်း သူ့ကို သွားရှာမလို့လား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်'

ဝမ်းကျောင်းဟုန်၏မျက်နှာပေါ်တွင် ကျေနပ်အားရသော ဟန်မူရာများ ပေါ်ပေါက်လာ၏၊

သူက ဝမ်းသာအားရလေသံဖြင့် ပြောလိုက်သည်၊

'ကောင်းလိုက်လေကွာ၊ ကျုပ် မင်းကို လိုက်ရှာရကျိုးနပ်သွားပြီ၊ မင်းနဲ့ဆင်းဝေ့ရန်တို့သာ ပူးပေါင်းလိုက်ရင် နန်းကုန်းယင်ကို အနိုင်ရမှာသေချာပါတယ်'

လှေထင်းစုန်က မျက်မှောင်ကြုတ်လိုက်၏၊

'ကျွန်တော်က ဆင်းဝေ့ရန်နဲ့ ပူးပေါင်းရမယ် ဟုတ်လား'

ဝမ်းကျောင်းဟုန်က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်'

လှေထင်းစုန်က စိုးရိမ်ပူပန်စွာဖြင့် ပြောလိုက်၏၊

'မဖြစ်ဘူးထင်တယ်'

www.burmeseclassic.com



ဝမ်းကျောင်းဟုန်က သူ့အား စိုက်ကြည့်လိုက်သည်၊

'ဘာဖြစ်လို့လဲ'

လှေထင်းစုန်က သက်ပြင်းချကာ ပြောလိုက်၏၊

'သူက ကျွန်တော့်ကို ရန်သူလို သဘောထားနေတာ မဟုတ်လား'

ဝမ်းကျောင်းဟုန်က ပခုံးတစ်ချက်တွန့်လိုက်သည်၊

'နန်းကုန်းယင်ကိုသတ်ဖို့ ကျောင်းခေ့နဲ့ စုမာဝမ်းတို့သာ စိတ်ကူးရှိကြတာမဟုတ်ဘူး၊ ဒီလောမှာ မင်းတို့နှစ်ယောက် ပူးပေါင်းတိုက်ခိုက်မှ နန်းကုန်းယင်ကို အနိုင်ရနိုင်မယ်၊ သူ့လိုလူယုတ်မာကို ဒီအတိုင်းလွှတ်ထားလို့ ဘယ်ဖြစ်မလဲ'

လှေထင်းစုန်က ပါးစပ်ပိတ်ထားလိုက်၏၊

ယခု အခြေအနေအရ သူသည် ဆင်းဝေ့ရန်နှင့် ပြန်ဆုံနိုင်ခွင့် မျှော်လင့်ချက်ရှိနေပြီဖြစ်သည်၊

ယင်းကြောင့်....

လှေထင်းစုန်၏ရင်ထဲတွင် ဝမ်းသာကြည်နူးနေမိ၏၊

သို့သော်....

ဆင်းဝေ့ရန်က သူ့အား လိုလားမှာ ဆက်ဆံပါမည်လော။

ထို့ပြင်....

နှင်းတောင်ဒေဝီက သူ့အား ကြည်ဖြူလိုမည် မဟုတ်ချေ၊

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့တွေးမိသောကြောင့် လှေထင်းစုန်မှာ စိတ်ပျက်အားလျော့သွားသည်။

ထိုစဉ်မှာပင်...

ဝမ်းကျွင်းဟုန်၏စကားသံ ထွက်ပေါ်လာ၏။

'ကျုပ်က ကြားဝင်ခေ စပ်ပေးမယ်၊ မင်းလဲ ကြိုးစားပါ၊ ခင်တို့အဆင်ပြေသွားမယ်ဆိုရင် လှူယုတ်မှာ နန်းကျုံယင်ဟာ ပြေးစရာနေရာရှိမှာမဟုတ်တော့ဘူး'

လှေထင်းစုန်က စိတ်ပျက်လက်ပျက် လေသံဖြင့် မေးလိုက်သည်။

'ကျွန်တော်က ဘယ်လိုကြိုးစားရမှာလဲ'

ဝမ်းကျွင်းဟုန်က ပြုံးလိုက်သည်။

'လွယ်ပါတယ်၊ ကျုပ်ပြောသလို လိုက်လုပ်ပေါ့'

လှေထင်းစုန်က မျက်မှောင်ကြုတ်လိုက်သည်။

'အစီအစဉ်ကိုကြိုပြီး သိထားခွင့်မရှိဘူးလား။ ဒါမှ လုပ်ကိုင်တဲ့နေရာမှာ အဆင်ပြေမှာပေါ့'

ဝမ်းကျွင်းဟုန်က သက်ပြင်းချလိုက်၏။

'အစီအစဉ်ကို ကျုပ်လဲကြိုပြောလို့ မရသေးဘူး။ အခြေအနေကိုကြည့်ပြီး စီစဉ်ရမယ့်သဘော ရှိတယ်'

လှေထင်းစုန်မှာ ရင်လေးသွားသည်။

သူတို့သည် နှင်းတောင်ဒေဝီနှင့် သွားရောက်တွေ့ဆုံပါက အန္တရာယ်များနိုင်သောကြောင့်၏။

ယင်းကြောင့်....



ဝမ်းကျွင်းဟုန်က အခြေအနေအရ ကြည့်စီစဉ်မည်ဟု ပြောခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

လှေထင်းစုန်က သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်သည်။

'ကောင်းပါပြီ၊ ကျွန်တော် အခြေအနေကိုကြည့်ပြီး ထွက်ရွှားပါမယ်'

ဝမ်းကျွင်းဟုန်မှာ ဝမ်းသာသွားသည်။

'အေး....မင်းက နားလည်သဘောပေါက် လွယ်သားပဲ၊ ကဲ....အချိန်ရှိတုန်း တို့သွားကြစို့'

လှေထင်းစုန်က ဝမ်းကျွင်းဟုန်အားကြည့်ကာ မေးလိုက်သည်။

'နှင်းတောင်ဒေဝီဆီကို သွားမယ်ဟုတ်လား'

ဝမ်းကျွင်းဟုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ဆင်းခဝရန်ကို သွားခေါ်ရဦးမယ် မဟုတ်လား'

လှေထင်းစုန်က သဘောကျစွာပြုံးလိုက်၏။

သူ၏ရင်ထဲတွင် ပေါ့ပေါ့လန်းဆန်းသွားသည်။

မကြာမီ....သူချစ်ခင်စွဲလန်းခဲ့ရသော မိန်းကလေးနှင့် ပြန်လည်တွေ့ဆုံရဦးမည် မဟုတ်ပါလား။

ယင်းကြောင့်....

လှေထင်းစုန်၏ ခန္ဓာကိုယ်ထဲတွင် မမြင်ရသော အင်အားများ တိုးပွားလာသကဲ့သို့ ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြီးလေးသော တာဝန်ကြီးတစ်ခုက သူ၏ပခုံး ပေါ်သို့ကျရောက်လာပြီဖြစ်သည်။ ဆရာကြီးဖြစ်သူနှင့် နှင်းတောင် ဒေဝီတို့ပြောသည့်ရန် သူ့အစွမ်းကုန်ကြိုးစားရတော့မည်မဟုတ် ပါလား။

သူ့အနေဖြင့် ထိုတာဝန်ကို ကျေပွန်အောင် ထမ်းဆောင် နိုင်ပါ့မလား ဆိုသည့် အတွေးတို့ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလိုက်၏။

ထို့နောက် သူသည် [illegible]မ်းကျောင်းဟုန်နှင့်အတူ မရဏတောင် ပေါ်မှ ထွက်ခွာလာခဲ့ကြလေတော့သည်။

✿

နှင်းပွင့်တောင်ကြား။

နှင်းပွင့်တောင်ကြားသည် သိုင်းလောကတွင် အလွန် ကျော်ကြားသော နေရာတစ်ခု ဖြစ်၏။

ထိုနေရာတစ်ဝိုက်တွင် နှင်းပွင့်များ ထူထပ်စွာ ကျဆင်း လေ့ရှိသောကြောင့် ဝန်းကျင်တစ်ဝိုက်ရှိ တောင်များတွင် နှင်းများဖုံးလွှမ်းလျက်ရှိသည်။

ယင်းကြောင့်....

ထိုနေရာကို နှင်းပွင့်တောင်ကြားဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

နှင်းပွင့်တောင်ကြားပိုင်ရှင်မှာ နှင်းတောင်ဒေဝီ ဖြစ်၏။



နှင်းတောင်ဒေဝီတွင် တပည့်များစွာရှိသည့်အနက် မိုး မာလေးစံအိမ် သခင်မလေး ဆင်းဝေရန်မှာ သိုင်းပညာ အတော်ဆုံးဖြစ်၏။

နှင်းတောင်ဒေဝီသည် ဆင်းဝေရန်အား အလွန်ချစ်ခင် သောကြောင့် သိုင်းပညာများအား ဆရာ့ဝါးမချန် သင်ကြား ပေးခဲ့သည်။

ယင်းကြောင့်....

ဆင်းဝေရန်သည် သူမ၏တပည့်များအနက် သိုင်းပညာ အထက်မြက်ဆုံး ဖြစ်ခဲ့ရ၏။

ယခု....

နှင်းပွင့်တောင်ကြားတွင် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။

နှင်းပွင့်တောင်ကြားဂေဟာရှေ့တွင် အဖိုးတန်မြင်းလှည်း တစ်စီး ရပ်တန့်ထား၏။

ယင်းမြင်းလှည်းမှာ မိုးမာလေးစံအိမ် သခင်မလေး ဆင်း ဝေရန်၏ မြင်းလှည်းပင်ဖြစ်သည်။

ဆင်းဝေရန်သည် မရဏတောင်ပေါ်မှ ဆင်းလာ ပြီးနောက် နှင်းပွင့်တောင်ကြားသို့ ဦးတည်လာခဲ့ခြင်း ဖြစ် သည်။

နှင်းပွင့်ဂေဟာတွင် ဆရာဖြစ်သူ နှင်းတောင်ဒေဝီက သူမ အား အသင့်စောင့်ကြိုနေသည်။

ဆင်းဝေရန် ပြန်ရောက်လာသည်နှင့် နှင်းတောင်ဒေဝီ က စိတ်လှုပ်ရှားစွာ ဆီးကြိုမေးမြန်းလိုက်၏။

ဆင်းဝေရန် ညည်းနိုင်ခဲ့တယ် မဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



ဆင်းဝေရန်က မည်သို့မျှ အဖြေမပေးချေ။

သူမက ခေါင်းငုံ့ထားလိုက်သည်။

နှင်းတောင်ဝေဝီက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာလဲ...ညည်းရှုံးသွားလို့လား'

ဆင်းဝေရန်က ခေါင်းခါယမ်းလိုက်သည်။

'မရှုံးပါဘူး ရှင်'

နှင်းတောင်ဝေဝီမှာ စိတ်မရှည်နိုင်တော့ချေ။

'ဟေ့...မရှုံးမနိုင်ရမှာပေါ့'

ဆင်းဝေရန်က ပါးစပ်ပိတ်ထားလိုက်၏။

သူမအဖို့ဖြင့် ဆရာဖြစ်သူအား မည်သို့ရှင်းပြရမည်မသိ ဖြစ်နေလေသည်။

နှင်းတောင်ဝေဝီက သူမအားစိုက်ကြည့်လိုက်၏။

'ရှုံးလဲမရှုံး၊နိုင်လဲမနိုင်ဘူးဆိုတော့ သရေပွဲပေါ့'

ဆင်းဝေရန်က ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်'

ထိုစကားကြောင့် နှင်းတောင်ဝေဝီ၏မျက်နှာပေါ်တွင် စိတ်ပျက်သွားသည့် ဟန်မူရာများ အထင်းသားပေါ်ပေါက်လာ၏။

သူမက သက်ပြင်းရှည်ကြီး တစ်ချက်ချကာ ပြောလိုက်သည်။

'အင်း...ဆယ်နှစ်အတွင်းမှာ ငါ့ရဲ့သိုင်းပညာဟာ ထူးခြားပြီး တိုးတက်မှုမရှိသေးပါလား'

ဆင်းဝေရန်မှာ တုတ်တုတ်မျှပင် မလှုပ်ဝံ့ချေ။



ဆရာဖြစ်သူက သူမအား ဆူပူကြိမ်းမောင်းမည်ကို စိုးရိမ်ထိတ်လန့်နေမိ၏။

သို့သော်...

ဆရာဖြစ်သူက မိမိအားမဆူဘဲ စိတ်ဓာတ်ကျသည့်စကား သံသာ ထွက်ပေါ်လာသောကြောင့် ဆင်းဝေရန်မှာ စိတ်မကောင်း ဖြစ်သွားမိသည်။

သူမက နှင်းတောင်ဝေဝီကို မော့ကြည့်လိုက်၏။

'ဆရာ'

နှင်းတောင်ဝေဝီက သူမအားငုံ့ကြည့်လိုက်သည်။

'ညည်းဘာပြောချင်လို့လဲ'

ဆင်းဝေရန်က မဝံ့မရဲဖြင့် ပြောလိုက်၏။

'အမှန်ပြောရရင် တိုက်ပွဲမှာ ကျွန်မနိုင်ချေ ရှိပါတယ်၊ ဒါပေမယ့်...'

သူမ၏စကားမဆုံးမီ နှင်းတောင်ဝေဝီက ကြားဖြတ်မေးလိုက်သည်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဆင်းဝေရန်က တိုးတိမ်သောလေသံဖြင့် ပြောလိုက်၏။

'လူတစ်ယောက်က ကြားဝင်ဟန့်တားလို့ပါ'

နှင်းတောင်ဝေဝီမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဘယ်သူကဝင်ပြီး ဟန့်တားတာလဲ'

ဆင်းဝေရန်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်၏။

'လေ...လေလွင့်သိုင်းသမားပါ'

နှင်းတောင်ဝေဝီမှာ အလွန်အမင်း အံ့အားသင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ...'

သူက ဆင်းခေ့ရန်၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်၏။

'ပြောစမ်း...ဒေလလှိုင်သိုင်းသမားက ဝင်ပြီး ဟန့်တားတာယ် ဟုတ်သား'

ဆင်းခေ့ရန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

နှင်းတောင်ဒေဝီက အလောတကြီး မေးလိုက်၏။

'သူက ရန်သူ့ဘက်က ဝင်ကူပြီး ဟန့်တားခဲ့တာလား'

ဆင်းခေ့ရန်က ခေါင်းခါပြလိုက်သည်။

'ဒီလိုတော့ မဟုတ်ပါဘူး'

နှင်းတောင်ဒေဝီက သူမအား စိုက်ကြည့်လိုက်၏။

'ရှင်းရှင်းပြောစမ်းပါ'

ဆင်းခေ့ရန်က အဖြစ်အပျက်ကို အစအဆုံး ရှင်းပြလိုက်သည်။

သူမ၏စကားအဆုံးတွင် နှင်းတောင်ဒေဝီက မျက်မှောင်ကြုတ်လိုက်၏။

'လေလှိုင်သိုင်းသမားက တိုက်ပွဲဆက်ဖြစ်ရင် နှစ်ဘက်စလုံး သေကုန်လိမ့်မယ်လို့ ပြောတယ် ဟုတ်လား'

ဆင်းခေ့ရန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

နှင်းတောင်ဒေဝီက အနည်းငယ် စဉ်းစားလိုက်၏။

'ဒါဖြင့် သူက ညည်းရဲ့သိုင်းပညာရော ဟိုဘက်က သိုင်းပညာကိုပါ လက်ခံတယ်ဆိုပါတော့'



ဆင်းခေ့ရန်က ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်ပါတယ်'

နှင်းတောင်ဒေဝီမှာ တွေဝေသွား၏။

ဆင်းခေ့ရန်က ဆက်ပြောလိုက်သည်။

'သူက မကြာခင် ဆရာ့ကိုလာပြီး ရှင်းပြမယ်လို့ ပြောပါတယ်'

နှင်းတောင်ဒေဝီက အံကြိတ်လိုက်၏။

'လာစမ်းပါစေ...သူလာတော့ ငါ့အကြောင်း သိသွားမှာပေါ့'

သူမ၏ ဟန်ပန်ကိုကြည့်ရသည်မှာ ဒေါသထွက်နေပုံရ၏။

ဆင်းခေ့ရန်မှာ ငြိမ်သက်သွား၏။

လေလှိုင်သိုင်းသမားက မကြာမီ နှင်းပွင့်တောင်ကြားသို့ လိုက်လာခဲ့မည်ဟု သူမအား ပြောလိုက်သည်။

ဟိုအခါ...

သူသည် လေ့ထင်းစုန်ကိုပါ ခေါ်ဆောင်လာမည်မှာ ကျိန်းသေဖြစ်၏။

ယခု...

ဆင်းခေ့ရန်မှာ လေ့ထင်းစုန်အပေါ်တွင် သံယောဇဉ်ငြိတွယ်နေပြီဖြစ်သည်။

ယင်းကြောင့်...

ဆရာဖြစ်သူနှင့် လေ့ထင်းစုန်တို့အား ပြဿနာမဖြစ်စေလိုပါချေ။

www.burmeseclassic.com

ယင်းသို့ ရှုတွေးတောနေစဉ်မှာပင် နှင်းတောင်ဒေဝီ၏ စကားသံ ထွက်ပေါ်လာလေသည်။

'သူလာရင် လွေထင်းစုန်ဆိုတဲ့လူလဲ ပါလာမယ်ထင်တယ်'

ဆင်းဝေရှန်က ပါးစပ်ပိတ်ထားလိုက်၏။

နှင်းတောင်ဒေဝီက ဆက်ပြောလိုက်သည်။

'လွေထင်းစုန်ဆိုတဲ့လူ ပါလာရင် ပိုကောင်းတယ်'

ထိုစကားကြောင့် ဆင်းဝေရှန်မှာ လွေထင်းစုန်အတွက် စိုးရိမ်ပူပန်သွားမိ၏။

သူမသည် လေလွင့်သိုင်းသမားနှင့်အတူ လွေထင်းစုန် လိုက်ပါလာခဲ့ပါစေနှင့်ဟု ကျိတ်၍ဆုတောင်းနေမိသည်။

သို့သော်....

သူမ၏ဆုတောင်း ပြည့်ဝမည် မဟုတ်ကြောင်းကို သူမ ကောင်းစွာ နားလည်ထား၏။

အကယ်၍....

လွေထင်းစုန် ရောက်ရှိလာပါက နှင်းတောင်ဒေဝီက မည်သို့ပြုလုပ်မည်နည်း။

လွေထင်းစုန်အား သုတ်သင်ပစ်မည်လော။

နှင်းတောင်ဒေဝီ၏ စိတ်ထားမှာ အလွန်ခန့်မှန်းရခက်ကြောင်း သူမ ကောင်းစွာ သိရှိထားသည်။

ယင်းကြောင့်....

ဆင်းဝေရှန်မှာ လွေထင်းစုန် ကံကောင်းစေရန် ကျိတ်၍ ဆုတောင်းနေရလေတော့သည်။



နေဝန်းနီသည် အရှေ့ဘက်မိုးကုပ်စက်ဝိုင်းမှ [illegible] ပေါ်လာ၏။

ထို့နောက်....

ကောင်းကင်ပေါ်သို့ တစ်ထောက်တစ်စ မြင့်တက်သွားသော အနောက်ဘက် မိုးကောင်းကင်သို့ တဖြည်းဖြည်း နိမ့်ဆင်း လာသည်။

တစ်ဖန်....

အနောက်ဘက် မိုးကုပ်စက်ဝိုင်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

ဤသို့ နေထွက်ခြင်းနှင့် နေဝင်ခြင်းက တစ်လှည့်စီ ဖြစ်ပေါ်ခြင်းအားဖြင့် နေ့ရက် တစ်ရက်ကို ဖြစ်ပေါ်စေသည်။

ယင်းကြောင့်....

နေထွက်ခြင်းနှင့် နေဝင်ခြင်း နှစ်ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့သောအခါ နှစ်ရက်တာ အချိန်ကာလကို ကုန်လွန်ခဲ့၏။

ဆင်းဝေရှန် နှင်းပွင့်တောင်ကြားသို့ ပြန်ရောက်ခဲ့သည်မှာ နှစ်ရက်ရှိခဲ့ပြီဖြစ်သည်။

သုံးရက်မြောက်သောနေ့တွင် နှင်းပွင့်တောင်ကြားသို့ ဧည့်သည်နှစ်ယောက် ရောက်ရှိလာကြ၏။

ထိုဧည့်သည်နှစ်ယောက်မှာ လေလွင့်သိုင်းသမား (ဝါ) ဝမ်းကျုံးဟုန်နှင့် လွေထင်းစုန်တို့ပင် ဖြစ်သည်။

သူတို့အား နှင်းတောင်ဒေဝီ (ဝါ) စုမ[illegible] ကောင်းမွန်စွာ ဧည့်ခံကြိုဆိုခဲ့၏။

www.burmeseclassic.com

နှင်းတောင်ဒေဝီ၏မျက်နှာမှာ ပြုံးရွှင်နေသည်။

သူမသည် ကြီးမားသော ကုလားထိုင်ကြီး တစ်လုံးတွင် ထိုင်နေခြင်းဖြစ်၏။

သူမ၏နံဘေးတွင် ဆင်းစေ ရန်နှင့် အခဖော်နှစ်ယောက် ထိုင်နေကြသည်။

သူမတို့နှင့်မျက်နှာချင်းဆိုင်တွင် ဝမ်းကျင်းဟုန်နှင့် လှေထင်းစုန်တို့ထိုင်နေကြ၏။

နှင်းတောင်ဒေဝီက သူတို့အား ကောင်းမွန်စွာ ကြိုဆို၍ စားကောင်းသောက်ဖွယ်များဖြင့် တည်ခင်း ဧည့်ခံနေခြင်း ဖြစ်၏။

သူမ၏ လှိုက်လှဲပျူငှာစွာ ကြိုဆိုဧည့်ခံမှုကြောင့် ဝမ်းကျင်းဟုန်မှာ အံ့အားသင့်သွား၏။

သူက နှင်းတောင်ဒေဝီကို စိုက်ကြည့်ကာ ပြောလိုက်သည်။

'ဒီတစ်ခါတော့ ညီမလေး ဆိုးတောင်းဝင်နေပြီ ထင်တယ်'

နှင်းတောင်ဒေဝီက ရယ်မောလိုက်၏။

'ကြိုက်သလိုထင်နိုင်ပါတယ်ရှင်၊ ကဲ...စားသောက်လိုက်ကြပါဦး'

ဝမ်းကျင်းဟုန်က လှေထင်းစုန် နားနားသို့ကပ်ကာ တီးတိုးပြောလိုက်သည်။

'စားစရာရှိတာစားပါ၊ အဆိပ်ခတ်မှာကြောက်စရာမလို ဘူး၊ သူမှာ ဒီလိုစိတ်ထားမျိုးမရှိဘူး'



လှေထင်းစုန်က နှင်းတောင်ဒေဝီကို ဦးညွှတ်လိုက်၏။

'ကျွန်တော် လှေထင်းစုန်က နှင်းတောင်ဒေဝီကိုဂါရဝ ပြုပါတယ်'

နှင်းတောင်ဒေဝီက မဲ့ပြုံးပြုံးလိုက်၏။

ရန်သူ၏တပည့်က သူမအား ဂါရဝပြုသည့် ဆိုခြင်းမှာ အမှန်တကယ်လေးစားမှုကြောင့် ဖြစ်နိုင်ပါမည်လော။

သူမအား လှောင်ပြောင်ခြင်းသာ ဖြစ်ရမည်ဟု နှင်းတောင်ဒေဝီက ယူဆလိုက်၏။

ယင်းကြောင့်....

လက်တစ်ဖက်ဝှေ့ယမ်းကာ ပြောလိုက်သည်။

'မင်းလို ဆရာကောင်းတပည့်ရဲ့ ဦးညွှတ်မှုကို မခံယူဝံ့ပါ ဘူး'

သူမ၏စကားကြောင့် ဝမ်းကျင်းဟုန်မှာ မျက်နှာပျက် သွား၏။

ထိုစကားအရ နှင်းတောင်ဒေဝီမှာ လှေထင်းစုန်အား ကျေနပ်မှုမရှိသည်မှာ ထင်ရှားနေပေသည်။

မည်သို့ဆိုစေ....

ဆရာကိုမကျေနပ်သည်မှာ တပည့်နှင့်မဆိုင်ဟု ဝမ်းကျင်း ဟုန်က ယူဆထား၏။

သို့သော်....

လှေထင်းစုန်မှာ နှင်းတောင်ဒေဝီ၏စကားမရိပ်ယောင်ကို နားမလည်ပါချေ။

ယင်းကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သူက ထပ်မံ ဦးညွှတ်ကာ ပြောလိုက်ပြန်သည်။

'မဟုတ်ခဲ့သေးပါဘူး ခင်ဗျာ၊ ကျွန်တော်ဟာ အခုမှသိုင်းလောကမှာ ခြေချကာစ သိုင်းသမားတစ်ယောက်ပါ၊ ဒါကြောင့် သိုင်းလောကမှာ ကျွန်တော့် ထက်အရင်ခြေချခဲ့ပြီး အများအကျိုးဆောင်ရွက်ခဲ့လို့ ဂုဏ်သတင်း မွှေးပျံ့နေတဲ့ နှင်းတောင်ဒေဝီကို ဂါရဝမပြုဘဲ မနေနိုင်ပါဘူး၊ ကျွန်တော် ကိုချီးမြှောက်တဲ့အနေနဲ့ ဂါရဝပြုတာကို ခံယူပါဗျာ'

ထိုစကားကြောင့် နှင်းတောင်ဒေဝီမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

လေ့ထင်းစုန်၏စကားများမှာ မြှောက်ပင့်ပြောဆိုသည့်သို့ ရှိနေသည်။

သို့သော်....

လေ့ထင်းစုန်၏ဟန်မူရာမှာ ပကတိရိုးသား ဖြူစင်နေ၏။

မည်သို့ဆိုစေ....

သူ၏စကားကို ငြင်းပယ်မည်ဆိုလျှင် အိမ်ရှင် အနေဖြင့် လွန်စွာရိုင်းရာရောက်ပေမည်။

ထို့ပြင်....

ဝါရင့် မြင့်သောသိုင်းသမားတစ်ဦးအနေဖြင့် သိမ်ဖျင်းရာရောက်ပေတော့မည်။

ယင်းကြောင့်....

နှင်းတောင်ဒေဝီမှာ မည်သို့မျှမတတ်သာတော့ဘဲ ခေါင်းညိတ်ပြလိုက်ရလေသည်။

'ကောင်းပြီ၊ မင်းရဲ့ဂါရဝပြုမှုကို ငါခံယူပါတယ်'



လေ့ထင်းစုန်က ဂါရဝပြုပြီးနောက် နေရာတွင် ပြန်လည် ထိုင်ချလိုက်၏။

ထို့နောက်....

စားပွဲသောက်ဖွယ်ရာများကို အားရပါးရ စားသောက် လိုက်သည်။

သူတို့သည် မရဏတောင်မှ နှင်းဖွေ့ချောင်ကြီးသို့ ခရီး ပြင်းနှင်လာခဲ့ကြခြင်းဖြစ်၏။

လမ်းခရီးတွင် အစား အသောက်ကို ပြည့်ပြည့်စုံစုံ မသောက်ခဲ့ရသည်။

ယင်းကြောင့်....

ယခုကဲ့သို့ စားကောင်းသောက်ဖွယ်များကို တွေ့ရသော အခါ ခေါင်းမဖော်ဘဲ စားသောက်လိုက်ကြ၏။

ဆင်းဝေဝရန်မှာမူ လေ့ထင်းစုန်အား မကြာခဏ ခိုး ကြည့်နေမိသည်။

သူမ၏မျက်ဝန်းအစုံတွင် သံယောဇဉ် အငွေ့အသက်နှင့် အကွ စိုးရိမ်ပူပန်သော အရိပ်အယောင်များ ပေါ်လွင်နေ သည်။

သူမ၏ မျက်ဝန်းအကြည့်များအား လေ့ထင်းစုန်မှာ သတိမပြုမိပါချေ။

သို့သော်....

နှင်းတောင်ဒေဝီကမူ ကောင်းစွာ ရိပ်မိသိုက်သည်။

ယင်းကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သူမတာ ဆင်းဝေရန်အား မသိသော မျက်စောင်းထိုး ကြည့်လိုက်၏။

ဆင်းဝေရန်မှာ ရင်ထိတ်သွားပြီး ခေါင်းငုံ့ထားလိုက်သည်။

အတန်ကြာသောအခါ ဝမ်းကျွင်းဟုန်နှင့် လွှေထင်းစိုန်တို့မှာ စားသောက်ပြီးစီးသွားကြ၏။

ဝမ်းကျွင်းဟုန်က နှုတ်ခမ်းကိုသုတ်ရင်း ပြောလိုက်သည်။

'အင်း...စားလို့ကောင်းလိုက်တာ။ ညီမလေးကို ကျေးဇူးတင်ပါတယ်'

နှင်းတောင်ဒေဝီက ခေါင်းညိတ်လိုက်၏။

'အစ်ကိုကြီး ရောက်လာမယ်ဆိုတာသိလို့ ကျွန်မက ကြိုတင်စီမံထားတာပါ'

ဝမ်းကျွင်းဟုန်က ဆင်းဝေရန်အား တစ်ချက် ကြည့်လိုက်သည်။

'ကျုပ်ရောက်လာမယ်ဆိုတာ မင်းပြောလိုက်တာ မဟုတ်လား'

ဆင်းဝေရန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့...ကျွန်မဆရာကို အကုန်လုံး ပြောပြထားပါတယ်'

ဝမ်းကျွင်းဟုန်က ရယ်မောလိုက်သည်။

'ဒါဖြင့် ကျုပ်ပြောပြစရာမလိုတော့ဘူးပေါ့'



နှင်းတောင်ဒေဝီက သူ့အား စိုက်ကြည့်လိုက်၏။

'လိုတယ်၊ ရှင်ပြောပြရမှာတွေ ရှိသေးတယ်'

ဝမ်းကျွင်းဟုန်က မျက်မှောင်ကြုတ်လိုက်သည်။

'ဘာတွေများပါလိမ့်'

နှင်းတောင်ဒေဝီက တင်းမာခက်ထန်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'ကျွန်မ ဆယ်နှစ်လောက် ကြိုးစားခဲ့ရတာတွေဟာ ရှင့်ကြောင့် ပျက်စီးသွားခဲ့ရပြီ၊ ရှင်က ဘာကြောင့် ကျွန်မတို့ကိစ္စမှာ ကြားဝင်ပြီးဟန့်တားရတယ်ဆိုတာ သေသေချာချာ ရှင်းပြရမယ်'

ဝမ်းကျွင်းဟုန်က ခေါင်းတွန့်လိုက်သည်။

'ညီမလေးနဲ့ ညီမလေး ကျေမင်းဝေတို့ရဲ့ကြားမှာရှိနေတဲ့ ရန်ငြိုးတွေ ပြေပျောက်သွားစေချင်လို့ပေါ့'

နှင်းတောင်ဒေဝီက မျက်မှောင်ကြုတ်လိုက်၏။

'ရှင် ဒီလိုလုပ်တာနဲ့ ပြေပျောက်သွားမှာလား'

ဝမ်းကျွင်းဟုန်က သက်ပြင်းချလိုက်သည်။

'ညီမလေး တို့အသက်တွေလဲမငယ်တော့ဘူး၊ တင်းမာသော ကိုဟာစ်ယောက် နားလည်ခွင့်လွှတ်တတ်တဲ့ စိတ်တွေ မွေးမြူသင့်ပြီ၊ အာဃာတတွေ ထားမနေကြပါနဲ့တော့'

နှင်းတောင်ဒေဝီမှာ တွေဝေသွား၏။

မှန်ပါသည်။

သူတို့သည် အသက်နှစ်ဆယ်ကျော်လူငယ်များ မဟုတ်ကြတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အသက်သုံးဆယ်ကျော် လှလှထင်မိုင်းအရွယ်သို့ ရောက်ရှိနေကြပြီ မဟုတ်ပါလား။

ဝမ်းကျင်းတုန်က ဆက်ပြောလိုက်၏။

'ပြီးတော့ ဆရာ့ကို သတ်သွားတဲ့ ကဆုခံအစစ်အမှန်ဟာ နန်းကုန်းယင်မဟုတ်သလား၊ နန်းကုန်းယင်ကိုတော့ ခွင့်လွှတ်ထားပြီ၊ ညီလေး ကျေမင်းပေ အပေါ် ရန်ငြိုးဖွဲ့နေဦးမယ်ဆိုတာကတော့ သဘာဝမကျပါဘူး၊ ညီလေးတို့အစ်ကိုတွေဟာ ဆရာ့အတွက် နန်းကုန်းယင်ကို လက်စားချေသင့်ကြမယ် မဟုတ်လား'

နှင်းတောင်ဒေဝီက မကျေမနပ်ဖြင့် ပြောလိုက်သည်။

'သူလဲ ကျွန်မအပေါ် မုန်းတီးနေတာပဲမဟုတ်လား'

လှေထင်းစုန်က ကြားဝင်ပြောလိုက်၏။

'ကျွန်တော် တစ်ခုပြောပါရစေ ခင်ဗျာ၊ ကျွန်တော့်ဆရာဟာ နှင်းတောင်ဒေဝီအပေါ် မုန်းတီးခြင်းမရှိပါဘူး၊ အမြဲတမ်း ချီးကျူးစကားပြောနေတာကိုပဲ ကျွန်တော်ကြားခဲ့ရပါတယ်'

နှင်းတောင်ဒေဝီမှာ အံ့အားသင့်သွားသည်။

'ဘယ်သို့...ဘယ်လို၊ မင်း ဘာပြောလိုက်တာလဲ'

လှေထင်းစုန်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'ကျွန်တော့်ဆရာဟာ ခင်ဗျားကို အမြဲတမ်း ချီးကျူးတတ်ပါတယ်ခင်ဗျာ'

နှင်းတောင်ဒေဝီက မျက်မှောင်ကြုတ်လိုက်သည်။

'မင်းက တကယ် ပြောတာလား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ပါဗျာ'

နှင်းတောင်ဒေဝီက သူ့အား စိုက်ကြည့်လိုက်သည်။

'မင်းဆရာနဲ့ ငါဟာ ရန်သူတွေဆိုတာ မင်းသိသလား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်ပြန်၏။

'ဟုတ်ကဲ့၊ သိပါတယ်ခင်ဗျာ'

နှင်းတောင်ဒေဝီက ထပ်မေးလိုက်ပြန်သည်။

'ကောင်းပြီ တို့ ဘာကြောင့် ရန်သူဘဝရောက်ရတယ်ဆိုတာ မင်းသိသလား'

လှေထင်းစုန်က ခေါင်းခါယမ်းလိုက်၏။

'မသိပါဘူး ခင်ဗျာ'

နှင်းတောင်ဒေဝီက မျက်မှောင်ကြုတ်လိုက်သည်။

'မင်းဆရာက ပြောမပြဘူးလား'

လှေထင်းစုန်က ခေါင်းခါယမ်းလိုက်၏။

'ပြောမပြပါဘူး ခင်ဗျာ'

နှင်းတောင်ဒေဝီမှာ အံ့အားသင့်သွားသည်။

'ဘာ...သူက ပြောမပြဘူး ဟုတ်သလား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

နှင်းတောင်ဒေဝီက တအံ့တသြဖြင့် ပြောလိုက်သည်။

'ဒါဖြင့် ယှဉ်ပြိုင်ပွဲကို မင်းက ဘူးသိဘသိနဲ့ပဲ ယှဉ်ပြိုင်ရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

မလှထင်းစုန်က မတ်တတ်ရပ်လိုက်၏။

ယို့နေသည်....

နှင်းခေတ်ဒေဝီအား လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်ကာ ပြောလိုက်သည်။

'ကျွန်တော် အမှန်အတိုင်း ပြောရင် စိတ်မဆိုးပါနဲ့လို့ ကြိုတင်တောင်းပန်ပါရစေ ခင်ဗျာ'

နှင်းခေတ်ဒေဝီမှာ လှထင်းစုန်၏ အပြုအမူအား နားမလည်နိုင်အောင်ပင် ဖြစ်သွား၏။

သူမက လှထင်းစုန်အား စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

'မင်း ဘာပြောချင်သလဲ၊ ပြောပါ'

လှထင်းစုန်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'ဆရာက ကျွန်တော့်ကို လွှတ်လိုက်တာဟာ ယှဉ်ပြိုင်ပွဲမှာ ရန်သူကို ယှဉ်ပြိုင်ရှုံးသတ်ဖို့ပါပဲ၊ အနိုင်ယူဖို့မဟုတ်ပါဘူး။ တကယ်လို့ကျွန်တော်ရှုံးသွားတဲ့အခါ လှန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကရန်ငြိုးတွေ မပြေအေးသွားကြမယ်ဆိုရင် ကျွန်တော် အရှုံးပေးပြီး အသက်အသေခံဖို့ အဆင်သင့်ပါပဲ ခင်ဗျာ'

နှင်းခေတ်ဒေဝီ၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

သူ၏ မျက်နှာပေါ်တွင် အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်းစသည့် အရိပ်အယောင်များ ထင်ဟပ်လာ၏။



နှင်းခေတ်ဒေဝီသည် မူလက လှထင်းစုန်အား ဆုံးမရန် စိတ်ကူးရှိခဲ့သည်။

သို့သော်....

ယခုတွင်မူ သူမ၏ စိတ်ကူးများအား လက်လျှော့လိုက်ရမည့်ကဲ့သို့ ဖြစ်နေ၏။

မည်သို့ဆိုစေ....

သူမ၏ရင်ထဲတွင်ရှိနေသော ကျေမင်းပေ့အပေါ် မုန်းတီးနာကြည်းခြင်းများမှာ ပြေပျောက်သွားခြင်း မရှိသေးချေ။

ယင်းကြောင့်....

သူမက အံကြိတ်ကာ မေးလိုက်သည်။

'မင်းဆရာက ငါ့ကို အထင်သေးတာလား'

လှထင်းစုန်က ခေါင်းခါယမ်းလိုက်၏။

'မဟုတ်ပါဘူး ခင်ဗျာ၊ ဆရာက ရန်စ မရှည်ချင်တဲ့ သဘောပါ'

နှင်းခေတ်ဒေဝီကမူ သူ့အား စိုက်ကြည့်လိုက်သည်။

'ဒါနဲ့ မင်းကိုအသေခံ ခိုင်းလိုက်တယ်ပေါ့'

လှထင်းစုန်က ထမန်းကာတန်း ပြောလိုက်၏။

'ဒီလိုလဲမဟုတ်ပါဘူး၊ ကျွန်တော်နဲ့ယှဉ်ပြိုင်ရမယ့်လူဟာ တရားမျှတတဲ့ သိုင်းသမားတစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာ ဆရာက သိထားပါတယ်'

ထိုစကားကြောင့် ဆင်းခေဝ့ရန်မှာ စိတ်မခေအင်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့အနေဖြင့် လွှသင်းစုံအား သတ်ရန် ကြိုးစားခဲ့သည် မဟုတ်ပါသော်။

နှင်းတောင်ဒေဝီက လွှသင်းစုံအား စိုက်ကြည့်လိုက်သည်။

'တကယ်လို့ တရားမျှတဲ့လူ မဟုတ်ခဲ့ရင်ကော'

လွှသင်းစုံက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'ဆရာဟာ သူ့ရန်သူရဲ့ အကြောင်းကို သူ အသိဆုံးဖြစ်မှာပါ'

နှင်းတောင်ဒေဝီက သက်ပြင်းချလိုက်၏။

ထို့နောက်....

သူမက ဝမ်းကျင်းဟုန်ဘက်သို့ လှည့်ကာ မေးလိုက်၏။

'ကဲ...ရှင်ကကော ဘာပြောချင်သေးသလဲ'

ဝမ်းကျင်းဟုန်က မျက်မှောင်ကြုတ်လိုက်၏။

'ကျုပ်က ဘာပြောရမှာလဲ'

နှင်းတောင်ဒေဝီက သူ့အား စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

'ရှင်ပဲ ကျွန်မတို့ကို ဖျန်ဖြေပေးချင်တယ်ဆို'

ဝမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်...ဟုတ်တယ်၊ ကျုပ်က တတ်နိုင်သလောက် ဖျန်ဖြေပေးရမှာပဲ'

နှင်းတောင်ဒေဝီက မျက်ခုံးပင့်ကြည့်လိုက်သည်။

'ရှင့်မှာ ဘယ်လိုအကြံအစည်များ ရှိနိုင်လို့လဲ'



ဝမ်းကျင်းဟုန်က ခေါင်းခါယမ်းလိုက်၏။

'တခြား ထွေထွေထူးထူး မဟုတ်ပါဘူး၊ ညီမ နှစ်ယောက်ကြားမှာရှိတဲ့ ရန်ငြိုးတွေကို မေ့ပစ်လိုက်ပါလို့ ပြောချင်ပါတယ်'

နှင်းတောင်ဒေဝီက နှုတ်ခမ်းကိုက်လိုက်သည်။

'သူက သူ့ရဲ့သိုင်းပညာက ကျွန်မထက် သာတယ်ဆိုပြီး အဝင်မြင့်နေတာရှင့်၊ သူက ကျွန်မကို အင်မတန်မုန်းတီးနေတာ'

ဝမ်းကျင်းဟုန်က သဘောကျစွာ ရယ်မောလိုက်၏။

နှင်းတောင်ဒေဝီသည် အကျမင်းပေ့အပေါ် သိုင်းပညာနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်နေသည်ကို သူက ရိပ်စားမိလိုက်သည် မဟုတ်ပါလား။

ယင်းကြောင့်....

သူက နှစ်သိမ့်စကား ဆိုလိုက်သည်။

'သူက အဝင်မြင့်ပါဘူး ညီမရဲ့'

နှင်းတောင်ဒေဝီမှာ မကျေမနပ်ဖြစ်သွား၏။

'ဟင်...ဒါဖြင့် ကျွန်မက အဝင်မြင့်တယ်ပေါ့'

ဝမ်းကျင်းဟုန်က သက်ပြင်းချလိုက်သည်။

'မဟုတ်သေးပါဘူး၊ မင်းတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပညာမနာတတ်နေမယ်လို့ ယင်းနှုတ်ကတော့ ကိုး၊ တစ်ယောက်အပေါ်တစ်ယောက် မကျေနပ်တာနဲ့ သူ

www.burmeseclassic.com

www.burmeseclassic.com



ပညာက ငါ့ထက်သာလို့ အဝင်မြင့်တာလို့ ထင်နေကြတာ ပါ။ အဲဒီလိုဆင်ရင်းနဲ့ပဲ တစ်ယောက်နဲ့တစ်ယောက် မုန်းကြ ပြန်ရော'

နှင်းဆောင်ဒေဝီက ပါးစပ်ပိတ်သွားလိုက်၏။

ဝမ်းကျင်းဟုန်က ဆက်ပြောလိုက်သည်။

'ကောင်းပြီ၊ မင်းတို့နှစ်ယောက် ဘယ်သူသာသလဲဆိုတာ သိရအောင် ကျုပ်စိစစ်ပေးမယ်၊ တကယ်လို့ ယှဉ်ပြိုင်ပွဲမှာ သရေကျခဲ့ရင် မင်းတို့နှစ်ယောက်ရဲ့ အမုန်းသံသရာတွေ ရပ် တန့်ရမယ်၊ ကဲ...ဘယ်လိုလဲ'

နှင်းဆောင်ဒေဝီက မည်သို့မျှဘုံ့ပြန်ခြင်း မရှိချေ။

ဝမ်းကျင်းဟုန်က ထပ်မေးလိုက်၏။

'ဘယ်လိုလဲ၊ ကျုပ်ပြောတာ သဘောကျရဲ့လား'

နှင်းဆောင်ဒေဝီက ခေါင်းခါယမ်းလိုက်သည်။

'သဘောမကျဘူး'

ဝမ်းကျင်းဟုန်က မျက်မှောင်ကြုတ်လိုက်၏။

'ဘာဖြစ်လို့လဲ'

နှင်းဆောင်ဒေဝီက လေသံပြတ်ပြတ်ဖြင့် ပြောလိုက် သည်။

'ကျွန်မက သူ့ထက်ပညာသာတယ်'

ဝမ်းကျင်းဟုန်က ပြုံးလိုက်၏။

'မသေချာဘဲ သရေကျမယ်ဆိုရင်ကော'

နှင်းဆောင်ဒေဝီက အံကိုတင်းတင်း ကြိတ်လိုက်သည်။



'ဘယ်တော့မှ သရေမကျစေရဘူး၊ ကျွန်မပဲ နိုင်ရ မယ်'

သူမ၏လေသံမှာ နိုင်မာပြတ်သားလွန်းလှ၏။

ဝမ်းကျင်းဟုန်မှာ စိတ်ပျက်သွားသည်။

သူက ဦးခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်၏။

'ဟင်...မလွယ်ပါလား၊ ညီမလေးဟာ ခုချိန်ထိ ကလေး ဆန်တုန်းပဲကိုး'

ထိုစကားကြောင့် နှင်းဆောင်ဒေဝီမှာ ဒေါသထွက် သွားသည်။

သို့သော်...

ပို၍ကလေးဆန်သည်ဟု အပြောခံရမည်ကို စိုးရိမ်သော ကြောင့် စိတ်ထိန်းထားလိုက်ရ၏။

ဝမ်းကျင်းဟုန်ကလည်း သူမအား ဆက်မပြောတော့ပါ ချေ။

သူက လေ့ထင်းစုန်း၏လက်ကို ဆွဲလိုက်သည်။

'လာ...တို့သွားကြစို့၊ မင်းဆရာက လူတွေမခံဘဲ ပုန်း နေတာမှန်တယ်၊ သူ့ကိုအကျိုးအကြောင်း ပြောပြပြီး လူ ယုတ်မာ နန်းကုန်းယင်ကို သုတ်သင်ကြတာပေါ့၊ နန်းကုန်း ယင်ကို သုတ်သင်ပြီးရင် ငါပါ လူတွေမခံဘဲ ပုန်းနေ[illegible] မယ်'

သူ၏အသံမှာ ကြေကွဲဝမ်းနည်းဟန် အပြည့်ပါနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လှေထင်းစုန်မှာ မတော်ဆဲဘဲ ထိုင်ရာမှ ထလိုက်သည်။

ဝမ်းကျောင်းဟုန်က သူ့လက်ကိုဆွဲကာ ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ယင်အေးဗိုက်...

နှင်းတောင်ဒေဝီ၏ ဟန့်တားသံ ထွက်ပေါ်လာလေသည်။

'စကာနေကြဦး'

ဝမ်းကျောင်းဟုန်က ခြေလှမ်းကိုရပ်တန့်ကာ နေရာသို့လှည့်ကြည့်လိုက်၏။

နှင်းတောင်ဒေဝီက သူ့အားကြည့်ကာ ပြောလိုက်၏။

'အစ်ကိုကြီး...ရှင်သွားတော့မလို့လား၊ ရှင်လွဲ ကာလ ဆန့်ခနဲပြီးထင်တယ်'

ဝမ်းကျောင်းဟုန်က ပြုံးလိုက်၏။

'အင်း...လူဆိုတာ တစ်ခါတလေတော့ ကာလဆန့်တတ်ကြတာပဲလေ'

နှင်းတောင်ဒေဝီက ရယ်မောလိုက်သည်။

ဟင်း...ဟင်း၊ အစ်ကိုကြီးတော့ စိတ်ဆိုးတတ်နေပြီပဲ ကဲပါလေ...အစ်ကိုကြီးရဲ့အစီအစဉ်ကို ပြောပြပါဦး၊ ကျွန်မ လက်ခံသင့်ရင်လဲ လက်ခံရတာပေါ့'

ဝမ်းကျောင်းဟုန်မှာ အံ့အားသင့်သွား၏။

သူက နှင်းတောင်ဒေဝီအား မယုံကြည်နိုင်စွာဖြင့် ကြည့်ကာ မေးလိုက်သည်။



'မင်း...မင်းတကယ်ပြောနေတာလား'

နှင်းတောင်ဒေဝီက ခေါင်းညိတ်လိုက်၏။

'တကယ်ပေါ့'

ဝမ်းကျောင်းဟုန်မှာ ဝမ်းသာသွားသည်။

'ကောင်းပြီလေ၊ မင်းလက်ခံမယ်ဆိုရင် ကျုပ်ပြောပြမယ်၊ လှေထင်းစုန်နဲ့ ဆင်းခဝရန်တို့က နန်းကုန်းယင်ကို သွားပြီး သုတ်သင်ရမယ်၊ နန်းကုန်းယင်ဟာ ဝီဆယ်နှစ်အတွင်းမှာ သိုင်းပညာတိုးတက်နေပေမယ့် သူတို့နှစ်ယောက်ပူးပေါင်းဆောင်ရွက်ရင် အောင်မြင်မှာပဲတယ်'

နှင်းတောင်ဒေဝီက မျက်မှောင်ကြုတ်လိုက်၏။

'လှေထင်းစုန်နဲ့ ဆင်းခေ ရန်တို့ကို လွှတ်လိုက်မယ်ဟုတ်လား'

ဝမ်းကျောင်းဟုန်အခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

နှင်းတောင်ဒေဝီက ခေါင်းခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး၊ ဒါဖြင့်ရင် သူတို့နှစ်ယောက် ဘယ်လိုပညာသာသလဲဆိုတာ ဘယ်ခွဲခြားနိုင်မလဲ'

ဝမ်းကျောင်းဟုန်က ပြုံးလိုက်သည်။

'လွယ်ပါတယ်၊ နန်းကုန်းယင်ကို ကျုပ်တောင်ဝီရင်မဆိုင်နိုင်ဘူး၊ ဒါကြောင့် နန်းကုန်းယင်နဲ့ရင်ဆိုင်တဲ့အခါ သူ့ကို သုတ်သင်နိုင်တဲ့သူကို ပညာသာတယ်လို့ ပြောရမှာပေါ့'

နှင်းတောင်ဒေဝီမှာ ခေတ္တငေးသွား၏။

'အတန်ကြာမှ...

www.burmeseclassic.com

www.burmeseclassic.com

သူက ခေါင်းညိတ်ကာ ပြောလိုက်သည်။

'ကောင်းပြီ...ကျွန်မ သဘောတူတယ်'

လှေထင်းစုန်မှာ ဝမ်းသာသွား၏။

ဝမ်းကျင်းဟုန်၏အကြံမှာ တစ်ချက်ခုတ်နှစ်ချက်ပြတ်စေသော အကြံအစည်ဖြစ်သည်။

သူတို့အတွက် မကောင်းကျိုး ရလဒ်သာ ရရှိနေမည် မဟုတ်ပါလား။

သို့သော်....

သူတို့အနေဖြင့် နန်းကုန်းယင်အား ချင်ဆိုင်နိုင်ပါမည်လော။

မည်သို့ဆိုစေ....

လှေထင်းစုန်နှင့် ဆင်းခဝရန်တို့က နန်းကုန်းယင်အား အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားကြ၏။

နှင်းတောင်ဒေဝီက ဆင်းခဝရန်ဘက်သို့ လှည့်လိုက်သည်။

'ညည်းဦးသေးပြောတာ ကြားဘယ်မဟုတ်လား'

ဆင်းခဝရန်က ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်ကဲ့...ကြားပါတယ်'

နှင်းတောင်ဒေဝီက သူမအား စိုက်ကြည့်လိုက်သည်။

'ကောင်းပြီ...ညည်းကရော ငါ့အတွက် နန်းကုန်းယင်ကို သုတ်သင်ပေးနိုင်ပါမလား'

ဆင်းခဝရန်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်၏။



'ကျွန်မ အသက်နဲ့လဲပြီး ကြိုးစားဆောင်ရွက်ပါမယ်'

နှင်းတောင်ဒေဝီက သဘောကျစွာ ပြုံးလိုက်သည်။

သူမအနေဖြင့် ထပည့်ဖြစ်သူအပေါ် စိတ်ချ ယုံကြည်ထားပြီး ဖြစ်၏။

ဝမ်းကျင်းဟုန်က လှေထင်းစုန်ကို ကြည့်လိုက်သည်။

'မင်းကရော ကျုပ်ပြောတာကို သဘောတူရဲ့လား'

လှေထင်းစုန်က ခေါင်းညိတ်လိုက်၏။

'အလွန်ကောင်းတဲ့ အကြံအစည်ပါပဲခင်ဗျာ'

ဝမ်းကျင်းဟုန်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

'မင်းဆရာအတွက် မင်းကြိုးစားရမယ်ဆိုတာ သဘောပေါက်ရဲ့လား'

လှေထင်းစုန်က ခေါင်းညိတ်ပြလိုက်၏။

'ကျွန်တော် သဘောပေါက်ပါတယ်'

ဝမ်းကျင်းဟုန်က ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

'မင်းကို ကျုပ် စိတ်ချပြီ'

တစ်ဆက်တည်းပင်...

သူက နှင်းတောင်ဒေဝီဘက်သို့ လှည့်ကာ ပြောလိုက်သည်။

'ကဲ...လူငယ်တွေက သဘောတူခဲ့ကြပြီ၊ ကျုပ်တို့အစဉ်တွေ ပြေစပြုမယ်၊ အားလုံး သေသေချာချာ နားထောင်ကြပါ၊ မရှင်းလင်းတာ ရှိရင်လဲ မေးနိုင်ပါတယ်၊ ကျုပ် ကြိုတင်စီစဉ်ထားတဲ့အတိုင်းဆိုရင် နန်းကုန်းယင်ကို သုတ်သင်နိုင်ပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်....

သူက အစီအစဉ်များကို ရှင်းပြလိုက်သည်။

မလှထင်းစုန်၊ နှင်းတောင်ဒေဝီနှင့် ဆင်းစေရန်တို့က သေချာစွာ ဂရုတစိုက် နားထောင်နေကြလေတော့သည်။

## အခန်း (၄)

### မိုးမြေရဲတိုက်၏ နိဂုံး

ညဥ့်....

ဝန်းကျင်တစ်ခုလုံး၊ မှောင်မည်းနေ၏။

တောင်းတင့်ပေါ်တွင် လခြမ်းပဲ့ကလေးသာ ရှိနေသည်။

သို့သော်....

တိမ်စိုင်တိမ်လိပ်များက လခြမ်းပဲ့ကလေးအား တစ်ပိုင်းတစ်စ ဝါးမျိုထား၏။

ယင်းကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတစ်ခုလုံး မှောင်မည်းနေသည်။

အမှောင်ထုအောက်တွင် ချင်ရှိုင်းကမ်းခြေမှာ ထိတ်ဆိတ်ငြိမ်သက်နေ၏။

လူသူကင်းဝေးပြီး လှုပ်ရှားမှုဟူ၍ စိုးစဉ်းမျှ ရှိမနေပါချေ။

သို့သော်....

ညဉ့်နက်လာသောအခါ ကမ်းခြေမှ ထူးခြားမှုတစ်ခု ပေါ်ပေါက်လာသည်။

မထင်မရှား သဲရောင်ကြောင့် ကမ်းစပ်ဆီသို့ လူရိပ်နှစ်ခု ပြေးလွှားလာသည်ကို တွေ့မြင်ရ၏။

ထိုလူများသည် အမှောင်ထုကို အကာအကွယ်ယူကာ တိတ်တဆိတ် လှုပ်ရှားနေကြခြင်း ဖြစ်သည်။

လူရိပ်နှစ်ခုအနက် တစ်ခုမှာ သန်မာ တောင့်တင်းပြီး သွက်လက် ဖျတ်လတ်စွာ ရှိနေသောကြောင့် ယောက်ျား တစ်ယောက်ဖြစ်ကြောင်း သိသာနိုင်၏။

ကျန်လူရိပ်မှာမူ သေးသွယ်ကာ နွဲ့နှောင်းသည်။

ယင်းကြောင့်....

အမျိုးသမီးဖြစ်ကြောင်း သိသာနိုင်၏။

မှန်ပါသည်။

ထိုလူရိပ်နှစ်ခုသည် လွှထင်းစုန်နှင့် ဆင်းဝေ့ရန်တို့ပင် ဖြစ်သည်။

လွှထင်းစုန်နှင့် ဆင်းဝေ့ရန်တို့သည် ကမ်းစပ်သို့ရောက် သောအခါ ရေထဲသို့ ဆင်းလိုက်ကြ၏။



ရေစပ်တွင်ဆိုက်ကပ်ထားသော လှေသမ္ဗန်များမှာ မှောင်မည်းနေ၏။

သို့သော်....

လှေကလေးတစ်စင်းမှာမူ မီးခွက်တစ်ခွက် ထွန်းညှိထားသည်ကို တွေ့နိုင်ပေသည်။

လွှထင်းစုန်နှင့် ဆင်းဝေ့ရန်တို့က မီးရောင်ထွက်ပေါ်နေသော လှေငယ်ကလေးဆီသို့ ဦးတည်ပြေးလွှားသွားကြသည်။

လှေငယ်ကလေးအနီးသို့ ရောက်သည်နှင့် အမှောင်ထုအတွင်းမှ လူရိပ်တစ်ခုက ရုတ်တရက် ခုန်ထွက်လာကာ ဟန့်တားလိုက်သည်။

'ရပ်လိုက်....'

လွှထင်းစုန်က ခြေလှမ်းရပ်တန့်လိုက်ပြီး သွက်လက်စွာ ပြောလိုက်၏။

'နောင်တော်က ညီတော်ကို တွေ့ဖို့လာတယ်'

သူ၏ စကားဆုံးသည်နှင့် ဟန့်တားသူထံမှ ရယ်မောသံ ထွက်ပေါ်လာလေသည်။

'မိတ်ဆွေတို့ ရောက်လာကြပြီကိုး၊ လှေပေါ်ကို တက်ကြပါ'

ချက်ချင်းပင်....

လွှထင်းစုန်နှင့် ဆင်းဝေ့ရန်တို့က လှေပေါ်သို့ တက်လိုက်ကြ၏။

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com


လှေခေါင်းမိုးအောက်သို့ဝင်က၍ ခိုလှုံလိုက်ကြသည်။

တစ်ဆက်တည်းပင်....

ဟန့်တားသူကလည်း လှေပေါ်သို့ ခုန်တက်လိုက်၏။

ထိုလူက လှော်ခမ်းထဲမှလှော်တက်တစ်ချောင်းကိုကောက်ကိုင်လိုက်သည်။

ထို့နောက်....

သူက တီးတိုးလေသံဖြင့် ပြောလိုက်၏။

'ကဲ... မီးခွက်မှုတ်လိုက်မယ်၊ မီးရောင်မြင်လို့ မဖြစ်ဘူး။ ခင်ဗျားတို့ မကြာခင် တစ်ဖက်ကမ်းကို ရောက်သွားကြမှာပါဗျာ'

စကားဆုံးသည်နှင့် မီးခွက်ကို မှုတ်လိုက်သည်။

ယင်းနောက်....

လှော်တက်ကို ရေထဲတွင် အားစိုက်က၍ လှော်ခတ်လိုက်သည်။

ထိုအခါ လှေကလေးသည် ရေပြင်ပေါ်တွင် လျင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

✦

လှေသမားသည် အလွန် သန်မာသော လူတစ်ယောက်ဖြစ်၏။

သူသည် လှေကိုအားကုန်လှော်ခတ်နေရာ လှေကလေးမှာ ရေပေါ်တွင် ပေါ့ပါးလျင်မြန်စွာ ပြေးလွှားနေလေသည်။

မကြာစေပါချေ။

လှေကလေးသည် တစ်ဖက်ကမ်းသို့ ဆိုက်ရောက်သွားလေ၏။

လှေသမားက လှေကို ကမ်းစပ်တွင် ထိုးဆိုက်ပေးလိုက်သည်။

'မိတ်ဆွေတို့...ရောက်ပြီဗျို့'

သူ၏စကားဆုံးသည်နှင့် လှထင်းစုန်နှင့် ဆင်းဝေ့ရှန်တို့က လှေပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

လှေသမားက သူတို့အား အရှေ့ဘက်သို့ ညွှန်ပြလိုက်သည်။

'ဒီကနေ သုံးမိုင်လောက်သွားရင် မိုးမြေရဲ့ဘိုက်ကိုရောက်ပါလိမ့်မယ်၊ ကဲ...ကျွန်တော့်တာဝန် ဒီမှာပဲ ပြီးဆုံးသွားပါပြီ၊ ကံကောင်းကြပါစေဗျာ'

လှထင်းစုန်က ခေါင်းညိတ်လိုက်၏။

ထို့နောက်မှ....

လှေသမားကိုကြည့်က ပြောလိုက်သည်။

'ကောင်းပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ'

လှေသမားက ခေါင်းခါယမ်းလိုက်၏။

'ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့ ကျေးဇူးတင်ချင် [illegible]လူမို သိုင်းသမားကိုပဲ ကျေးဇူးတင်ပါ၊ သူဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ပဲ၊ သူ့အတွက်ဆို ကျုပ်က ဘာမဆိုလုပ်ပေးဖို့ အဆင်သင့်ပါပဲ'

ထိုစကားကြောင့် လှထင်းစုန်နှင့် ဆင်းဝေ့ရှန်တို့ ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များကို ခံစားလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

လောကပေါ်တွင် မိတ်ဆွေတု မိတ်ဆွေယောင်များ ရှိသကဲ့သို့ မိတ်ဆွေစစ် မိတ်ဆွေမှန်များလည်း ရှိနေသည် မဟုတ်ပါလား။

လှေထင်းစုန်နှင့် ဆင်းဝေရန်တို့က လှေသမားကို နှုတ်ဆက်လိုက်ကြ၏။

ထို့နောက်....

လှေသမား ညွှန်ပြသည့်အတိုင်း အရှေ့ဘက်သို့ ဦးတည်ကာ ပြေးလွှားသွားကြလေတော့သည်။

မိုးမြေရဲတိုက်....

မိုးမြေရဲတိုက်သည် ခန့်ညားထည်ဝါစွာ တည်ဆောက်ထားသော အဆောက်အအုံတစ်ခု ဖြစ်၏။

မိုးမြေရဲတိုက် ပိုင်ရှင်သည် သိုင်းလောကသားတိုင်း ကြောက်ရွံ့ထိတ်လန့်နေကြသော နန်းကုန်းယင်ဖြစ်သည်။

ကျိနယ်တစ်ဝိုက်တွင် နန်းကုန်းယင်အား မသိသူကမျှ ခေါင်းမော့မကြည့်ဝံ့ကြချေ။

နန်းကုန်းယင်သည် ဒုစရိုက်လုပ်ငန်းမျိုးစုံကို လုပ်ကိုင်လျက်ရှိပြီး သူ့အား အန်တုလာသူများအား ရက်စက်စွာ သုတ်သင်ပစ်လေ့ရှိသည်။

ယင်းကြောင့်....



နန်းကုန်းယင်ဆိုသည့် နာမည်ကို ကြားလိုက်ရသည်နှင့် သိုင်းသမားများမှာ ထိတ်လန့် တုန်လှုပ်သွားလေ့ရှိကြသည်။

သို့သော်....

ယနေ့တွင်မူ မိုးမြေရဲတိုက် ပိုင်နက်ထဲသို့ လူနှစ်ယောက် ကျူးကျော် ရောက်ရှိလာ၏။

ထိုလူနှစ်ယောက်မှာ လှေထင်းစုန်နှင့် ဆင်းဝေရန်တို့ပင် ဖြစ်သည်။

သူတို့သည် မိုးမြေရဲတိုက်ထဲသို့ ထိုးဖောက်ဝင်ရောက်ကာ သက်စောင့်ကစောင့် အထပ်ထပ် ဝိုင်းရံနေသည့်ကြားမှ နန်းကုန်းယင်ကို သုတ်သင်ပစ်ရမည် ဖြစ်၏။

နန်းကုန်းယင် သေဆုံးသွားခဲ့လျှင် မကောင်းမှုဒုစရိုက် လုပ်ငန်းများ လျော့ကျသွားမည် ဖြစ်သည်။

ယင်းကြောင့်....

လှေထင်းစုန်နှင့် ဆင်းဝေရန်တို့အနေဖြင့် အများအကျိုး ဆောင်ရွက်ရာကျ၏။

ထို့ပြင်....

တစ်ဖက်မှကြည့်လျှင်လည်း ဝမ်းကျင်းဟုန်၊ ခကျွမ်းပေနှင့် စုမာဝမ်းမေတို့အတွက် ရန်သူကိုသုတ်သင်ပေးရာရောက်ပေသည်။

ထိုမျှသာမကသေး။

နန်းကုန်းယင်အား တိုက်ခိုက်ရမည့်ကိစ္စသည် ဆရာနှစ်ယောက်အတွက် ပညာစမ်းပွဲဆည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းကြောင့်…

ကျိုက်ထီးရိုးပွဲသည် လူတို့၏ ဘဝတစ်သက်တာတွင် အခရာအကြီးဆုံးသော တိုက်ပွဲတစ်ပွဲဟု ဆိုနိုင်ပေသည်။

လွှထင်းစုန်နှင့် ဆင်းဝေရန်တို့သည် မိုးမြေရဲတိုက် ခြံဝင်းအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွား၏။

အနီးသို့ရောက်သောအခါ သစ်ပင်များကို အကာအကွယ်ယူ၍ အခြေအနေကို အကဲခတ်ကြည့်လိုက်ကြသည်။

ညဉ့်နက်ပြီဖြစ်သောကြောင့် မိုးမြေရဲတိုက်၏ ခြံဝင်းတံခါးမကြီးမှာ အခိုင်အခံ့ ပိတ်ထားလိုက်ပြီဖြစ်၏။

ခိုင်မာစွာ တည်ဆောက်ထားသော မိုးမြေရဲတိုက်ကို ကြည့်ထား လွှထင်းစုန်နှင့် ဆင်းဝေရန်တို့မှာ စိတ်ဓာတ်ကျသွားကြသည်။

ကျွန်အတိုင်းဆိုလျှင်…

သူတို့အနေဖြင့် နန်းကုန်းယင်အား သုတ်သင်ရန်ဝေး၍ ခြံတိုက်ထဲသို့ပင် ဝင်ရန်မလွယ်ကူပါချေ။

လွှထင်းစုန်က သက်ပြင်းချလိုက်၏။

'အင်း…အထဲဝင်ဖို့တောင် မလွယ်ဘူး'

သူက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလိုက်သည်။

ဆင်းဝေရန်က အံကြိတ်လိုက်၏။

'ဘာပဲဖြစ်ဖြစ် ရတဲ့နည်းနဲ့ ဝင်ရမှာပဲ'

လွှထင်းစုန်က သူမအား လှည့်ကြည့်လိုက်သည်။

'ညီမလေး ဘယ်လိုဝင်မယ်လို့ စိတ်ကူးထားလို့လဲ'

ဆင်းဝေရန်က ရုံ့ရွံ့စွာပြောလိုက်၏။



'အရှေ့ဘက်တံခါးမကြီးကနေ ခပ်တည်တည် ဝင်မယ်လေ'

လွှထင်းစုန်က မဲ့ပြုံးပြုံးလိုက်သည်။

'သူတို့က အေးအေးဆေးဆေး ဖွင့်ပေးမယ်ထင်သလား'

ဆင်းဝေရန်က ရင်ကော့ကာ ပြောလိုက်၏။

'အို…ဖွင့်ပေးရမှာပေါ့၊ ကျွန်မတဘာရှိနာမည်ကိုပြောပြီး နန်းကုန်းယင်နဲ့ တွေ့ချင့်တောင်းမယ်ဆိုရင် သူတို့ တံခါးဖွင့်မပေးဘဲ နေရဲမှာ မဟုတ်ဘူး'

လွှထင်းစုန်က ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး'

ဆင်းဝေရန်က မျက်ခုံးကြုတ်လိုက်၏။

'ဘာဖြစ်လို့လဲ'

လွှထင်းစုန်က ရှင်းပြလိုက်သည်။

'တို့ အဲဒီနည်းနဲ့ဝင်သွားရင် ရဲတိုက်ထဲ ရောက်တဲ့အခါ နန်းကုန်းယင်ကိုလုပ်ကြံဖို့ ဘာတစ်ခုမှ မလုပ်နိုင်ခဲ့တော့မှာလဲ တို့အနားမှာ ထိပ်တန်းသိုင်းသမားတွေ ဝိုင်းရံနေမှာသေချာတယ်၊ တို့ကနည်းနည်းလှုပ်ရှားလိုက်တာနဲ့ သူတို့ကအရင်ပြေးတိုက်ခိုက်တော့မှာပေါ့'

ဆင်းဝေရန်မှာ လွှထင်းစုန်၏စကားကို သဘောမတူနိုင်အောင် ဖြစ်သွား၏။

သူမက လွှထင်းစုန်ကိုစိုက်ကြည့်ကာ မေးလိုက်၏။

'ဒါဖြင့် ရှင်က ဘယ်လိုလုပ်ချင်သလဲ'

လွှထင်းစုန်က အနည်းငယ်စဉ်းစားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်သဘောကတော့ တိတ်တဆိတ် ခိုးဝင်ချင်တယ်'

ဆင်းဝေရန်က ခေါင်းခါယမ်းလိုက်သည်။

'အဲဒါ ပိုဆိုးဘစေပါ။ တစ်ယောက်ယောက်ကတွေ့သွားရင် ကျိန်းသေ တိုက်ခိုက်ခံရတော့မှာပဲ။ ကျွန်မပြောသလို ခပ်ဘည်တည်နဲ့ ဝင်သွားမယ်ဆိုရင် အခြေအနေမဟန်တဲ့အခါ မလှုပ်ရှားဘဲ အေးအေးဆေးဆေး ပြန်လှည့်လာနိုင်မယ် မဟုတ်လား'

လှေထင်းစုန်က နှာခေါင်းရှုံ့လိုက်၏။

'ကျုပ်တို့သွားရမယ့်နေရာက မိုးမြေရဲဘိုက်ဆိုဘာ သတိထားပါဦး။ နန်းကုန်းယင် ကျုပ်တို့ ဘာကြောင့်ဒီကိုရောက်လာတယ်၊ ဘာလာလုပ်ဘယ်ဆိုတာကို မသိမချင်း ကျုပ်တို့ကို အေးအေးဆေးဆေး လွှတ်ပေးလိမ့်မယ် ထင်သလား'

ဆင်းဝေရန်မှာ မကျေမနပ် ဖြစ်သွားသည်၊

ဆင်းဝေရန်၏စကားများမှာ မှန်ကန်နေသဖြင့် သူမည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

ယင်းကြောင့်....

သူက ပါးစပ်ပိတ်ထားလိုက်၏။

အတန်ကြာမှ....

ဆင်းဝေရန်က ဆက်ပြောလိုက်သည်၊

'ကဲ....ကျွန်မဘဲ အလျှော့ပေးလိုက်မယ်၊ ရဲတိုက်ထဲကို ခိုးဝင်ကြဘာပေါ့'

ထိုစကားကြောင့် လှေထင်းစုန်မှာ ဝမ်းသာသွားသည်။

သူက ဆင်းဝေရန်အား ကြည့်လိုက်၏။



ထိုအခါ....

သူ့အားပြုံးကြည့်လိုက်သော ဆင်းဝေရန်အား မြင်လိုက်ရသည်။

လှေထင်းစုန်၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားမှုကို ခံစားလိုက်ရ၏။

မှတ်တရက်....

သူက ဆင်းဝေရန်၏လက်ကို ဆတ်ခနဲ ဆွဲလိုက်သည်။

'လာ....ညီမ၊ ရဲတိုက်အနောက်ဘက်ကပတ်ပြီး ဝင်ကြတာပေါ့'

ပြောရင်း ဆင်းဝေရန်ကို ဆွဲခေါ်သွား၏။

ဆင်းဝေရန်၏မျက်နှာမှာ နီရဲသွားသည်။

သို့သော်....

သူမက ရုန်းထွန်ခြင်းမပြုဘဲ လှေထင်းစုန် ခေါ်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

❖

မိုးမြေရဲတိုက် အဆောက်အအုံမှာ ကြီးမားကျယ်ဝန်းလှ၏။

ရဲတိုက်၏ ညာဘက်ခြမ်းတွင် တောအုပ်တစ်ခုရှိသည်။

တောအုပ်နှင့် ကပ်လျက်ရှိနေသော အုတ်တံတိုင်းအပြင်ဘက်တွင် အိမ်ခေါင်မိုးများ အစီအရီ ထိုးထွက်နေသည်ကို မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လှေထင်းစုန်နှင့် ဆင်းဝေရန်တို့သည် သတိကြီးစွာထားရင်း သစ်ပင် ချုံနွယ်များကို အကာအကွယ်ယူကာ မိုးမြေရဲတိုက် ခြံဝင်းအနီးသို့ ချဉ်းကပ်သွားကြသည်။

ဆင်းဝေရန်က မြင်တွေ့နေရသော အိမ်ခေါင်မိုးများကို လက်ညှိုးညွှန်ပြလိုက်၏။

'ဦးလေး ဝမ်းကျင်းဟုန် ပြောပြချက်အတိုင်းဆို အခု မြင်နေရတာ မီးဖိုဆောင်ပဲ'

လှေထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မီးဖိုဆောင်မှာ အစောင့်အကြပ်နည်းလိမ့်မယ် ထင်တယ်၊ တို့ဒီနေရာက ဝင်ကြရအောင်'

ဆင်းဝေရန်က ခေါင်းညိတ်ပြလိုက်၏။

'ကောင်းတယ်'

ထို့နောက်....

သူတို့နှစ်ယောက်သည် အသံမထွက်ဘဲ ဝန်းကျင်တစ်ခုလုံးအား အကဲခတ်ကြည့်ရှုလိုက်သည်။

ဝန်းကျင်တစ်ခုလုံးတွင် လှုပ်ရှားမှု တစ်စုံတစ်ရာမတွေ့မှ ခြံဝင်းအနီးသို့ ပြေးလွှား ချဉ်းကပ်လိုက်ကြ၏။

ထို့နောက်....

အခြေအနေကို တစ်ချက်မျှ အကဲခတ်လိုက်ပြီး ကိုယ်ဖော့ပညာသုံး၍ ခြံဝင်းအုတ်တံတိုင်းပေါ်သို့ ခုန်တက်လိုက်ကြသည်။

တစ်ဆက်တည်းမှာပင်....



အုတ်တံတိုင်းနှင့်ကပ်လျက်ရှိသော အိမ်ခေါင်မိုး တစ်ခုပေါ်သို့ ခုန်တက်လိုက်ကြပြန်၏။

ယခု....

သူတို့နှစ်ယောက်သည် မိုးမြေရဲတိုက်ခြံဝင်းထဲသို့ ရောက်ရှိသွားကြပြီ ဖြစ်သည်။

ရုတ်တရက်....

သူတို့သည် သင်းပျံ့မွှေးကြိုင်သော ရနံ့များကို ရှူရှိုက်လိုက်ရ၏။

ထိုရနံ့များမှာ စားသောက်ဖွယ်ရာများမှ ထွက်ပေါ်လာသော ရနံ့များပင် ဖြစ်သည်။

ဆင်းဝေရန်က ပြုံးလိုက်သည်။

'ကျွန်မပြောသားပဲ၊ မီးဖိုဆောင်ပါလို့'

လှေထင်းစုန်က သူမအားကြည့်ကာ ပြောလိုက်၏။

'ညီမ အချိန်မရှိဘူး၊ အောက်ကို မြန်မြန်ဆင်းကြစို့၊ ရဲတိုက်ထဲက အခြေအနေတွေကို စုံစမ်းရဦးမယ်'

ပြောပြောဆိုဆိုဖြင့် အောက်သို့ခုန်ချလိုက်သည်။

ဆင်းဝေရန်မှာလည်း မနေသာတော့ဘဲ၊ အောက်သို့ ခုန်ချလိုက်၏။

မြေပြင်ပေါ်သို့ခြေချမိသည်နှင့် အဆောက်အအုံနံရံ၏ အမှောင်ရိပ်တွင်ကပ်ကာ ပုန်းကွယ်လိုက်ကြလေသည်။

မီးဖိုဆောင်အတွင်းတွင် မီးရောင်များ ရှိနေ၏။

မီးရောင်ကြောင့် ချောင်းကြည့်ပြွန်ပေါက်မှတဆင့် ချက်ပြုတ်နေကြသူများကို တွေ့မြင်နိုင်သည်။

www.burmeseclassic.com

ချစ်ပြတ်နေသူများအား လူဘစ်ယော၏ကတာ အမိန့်ပေး စေခိုင်းနေသည်ကို တွေ့ရ၏။

စားပွဲများပေါ်တွင် လင်ပန်းကြီးငယ်များနှင့် အသင့်ပြင်ထားသော စားသောက်ဖွယ်ရာများ ရှိနေသည်။

ယင်းကြောင့်....

ယနေ့ညဥ့်နက်ပိုင်းတွင် မိုးခြမ့်ရဲတိုက်၌ စားသောက်ပွဲတစ်ခု ကျင်းပလိမ့်မည်ဖြစ်ကြောင်း သိရှိနိုင်၏။

လှေထင်းစုန်မှာ ရင်ခုန်လာသည်။

သူသည် ဆင်းဝေ့ရန်ဘက်သို့လှည့်ကာ တိုးတိုးပြောလိုက်၏။

'ဒီနေ့ည စားသောက်ပွဲ ကျင်းပလိမ့်မယ်ထင်တယ်'

ဆင်းဝေ့ရန်က ခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်တယ်၊ ပြင်ဆင်ထားတာတွေကို ကြည့်ရတာ လူများမယ့်ပုံစံပဲ'

လှေထင်းစုန်က သက်ပြင်းချလိုက်သည်။

'အင်း...စားသောက်ပွဲရှိတယ်ဆိုရင် ဧည့်သည်တွေရောက်လာကြမှာပဲ၊ ထိပ်တန်း သိုင်းသမားတွေ ပါလာရင်တော့ ဒုက္ခပဲ'

ထိုစကားကြောင့် ဆင်းဝေ့ရန်ပါ စိုးရိမ်ပူပန်သွား၏။ မှန်ပါသည်။

စားသောက်ပွဲသို့ ထိပ်တန်း သိုင်းသမားများ ရောက်ရှိလာပါက နန်းကုန်းယင်အား လုပ်ကြံရန် လွယ်ကူတော့မည် မဟုတ်ချေ။



လှေထင်းစုန်က ဆက်ပြောလိုက်၏။

'အမိန့်ပေးပြီး ခိုင်းစေနေတဲ့လူဟာ အလုပ်သမားခေါင်းဆောင်ဖြစ်ပုံရတယ်၊ သူ့ကို ဖမ်းဆီးပြီး စစ်ဆေးကြည့်ရင် ရဲတိုက်ထဲက အခြေအနေတွေကို သိနိုင်လိမ့်မယ်'

ဆင်းဝေ့ရန်က မျက်မှောင်ကြုတ်လိုက်သည်။

'သူ့ကို ဘယ်လိုဖမ်းမလဲ၊ အထဲဝင်ပြီးဖမ်းရင် ကျွန်မတို့ရောက်နေတာ သိသွားကြမှာပေါ့'

လှေထင်းစုန်က ပြုံးလိုက်၏။

'မပူပါနဲ့၊ သူက ခေါင်းဆောင်ဆိုတော့ မီးဖိုခန်းထဲမှာ ကြာကြာနေမှာမဟုတ်ဘူး၊ စားသောက်ပွဲကျင်းပမယ့်နေရာကိုသွားပြီး စီစဉ်ဦးမှာပဲ၊ သူ ဒီကထွက်လာရင် တို့စောင့်ပြီး ဖမ်းကြတာပေါ့'

စကားဆုံးသည်နှင့် သူက ထွက်ပေါက်နှင့် မနီးမဝေး အမှောင်ရိပ်သို့ ရွေ့လျားလာကာ တိုလှူ ထွက်အလာကို စောင့်ဆိုင်းနေလိုက်သည်။

ဆင်းဝေ့ရန်မှာ လှုပ်ရှားခြင်းမပြုဘဲ လှေထင်းစုန်ကိုသာ အကဲခတ်ကြည့်ရှုနေ၏။

လှေထင်းစုန်၏ အခြေအနေမဟန်မှသာ သူက ဝင်ရောက် ကူညီပေးရန် ဆုံးဖြတ်ထားသည်။

မကြာပါချေ။

ခေါင်းဆောင်ဖြစ်သူမှာ မီးဖိုဆောင်အတွင်းမှ ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ ရောက်သောအခါ သူက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရှုလိုက်ပြီး ခပ်သုတ်သုတ် ထွက်လာလေသည်။

ထိုလူကျော်လွန်သွားသောအခါ လှေထင်းစုန်က သူ၏နောက်ကျောဘက်သို့ ချဉ်းကပ်သွားကာ သေနတ်ပြောင်းကို ထောက်လိုက်၏။

'အင့်....'

မသဲမကွဲ ညည်းညူရင်း ထိုလူမှာ လဲကျသွားသည်။

သို့သော်....

ထိုလူ မြေအောက်သို့ လဲမကျသွားခင်မှာပင် လှေထင်းစုန်က ပွေ့ချီလိုက်၏။

ထို့နောက်....

ဆင်းဝေ့ရန်ထံသို့ ပြေးလာခဲ့လေသည်။

ဆင်းဝေ့ရန်သည် ပတ်ဝန်းကျင်အခြေအနေကိုလေ့လာလိုက်၏။

ထိုအခါ....

လူမနှင့် မနီးမဝေးတွင် ထင်းများသိုလှောင်ရာ အခန်းတစ်ခုရှိနေကြောင်း တွေ့မြင်လိုက်လေသည်။

ယင်းကြောင့်....

အနီးသို့ရောက်လာသော လှေထင်းစုန်အား လှမ်းပြောလိုက်၏။

'အဲဒါကို ကျွန်မနောက်လိုက်ခဲ့'

ပြောရင်း ထင်းသိုလှောင်ခန်းသို့ ပြေးသွားသည်။



လှေထင်းစုန်မှာ တွေဝေမနေတော့ပါချေ။

သူက အလုပ်သမားခေါင်းဆောင်အား ပွေ့ချီထားရင်းပင် ဆင်းဝေ့ရန်၏ နောက်သို့ ပြေးလိုက်သွားလေတော့၏။

ထင်းသိုလှောင်ခန်း....

လှေထင်းစုန်၊ ဆင်းဝေ့ရန်နှင့် အလုပ်သမား ခေါင်းဆောင်မှာ ထင်းသိုလှောင်ခန်းသို့ ရောက်ရှိနေကြပြီဖြစ်၏။

လှေထင်းစုန်က အခန်းတံခါးကို လုံခြုံအောင် ပိတ်ပြီး မီးထွန်းညှိလိုက်သည်။

ထို့နောက်....

အခန်းတွင်း၌ အသင့်ရှိနေသော ကောက်ရိုးများအား မီးမွှေးလိုက်၏။

မီးရောင်ကြောင့် အလုပ်သမားခေါင်းဆောင်မှာ အသက်ငါးဆယ်ခန့်ရှိ လူတစ်ယောက်ဖြစ်ကြောင်း တွေ့မြင်လိုက်ကြရသည်။

လှေထင်းစုန်က ထိုသူအား သွေးကြောပြန်ဖွင့်ပေးလိုက်၏။

ချက်ချင်းပင်....

ထိုလူမှာ သတိပြန်ရလာပြီး ခေါက်ခနဲ ထထိုင်လိုက်၏။

သူသည် လှေထင်းစုန်တို့အား တွေ့လိုက်သောအခါ ထိတ်လန့်ကြောက်ရွံ့သွား၏။

'ခင်....ခင်ဗျားတို့....'

www.burmeseclassic.com

www.burmeseclassic.com



'သူ၏ခက်ငှမှာ တင်ဝိုင်းတစ်စဖြင့်ရုပ်တန့်သွားလေသည်။
အကြောင်းကား...

မလှထင်းစုန်က သူ၏စမ်းပိုက်ကို ခါးဖြင့် ထောက်ထား
လိုက်ခြင်းကြောင့်ဖြစ်၏။

လှထင်းစုန်က တင်းမာခက်ထန်သောလေသံဖြင့် ပြော
လိုက်သည်။

'အသံထွက်နဲ့၊ ရန်ကုန်အောင်ဟင်ဖြိုကြီးစားချင် ခင်ဗျား
ချက်ချင်းသေသွားလိမ့်မယ်ဆိုတာ နားလည်ထားပေါ'

ထိုလူ၏မျက်နှာမှာ သွေးဆုတ်ဖြူရော်သွား၏။

'ကျုပ်...ကျုပ်ကို မသတ်ပါနဲ့ဗျာ'

လှထင်းစုန်က သဘောကျစွာ ပြုံးလိုက်သည်။

'ဒါဖြင့် ကျုပ်တို့မေးတာကို အမှန်အတိုင်း ဖြေရမယ်'

ထိုလူက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောလိုက်၏။

'ကျွန်တော်က ဘာပြောရမှာလဲ'

လှထင်းစုန်က သူ့အား စိုက်ကြည့်လိုက်သည်။

'နန်းကုန်းယင် ဘယ်မှာရှိသလဲ'

ထိုလူက အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်၏။

'သ...သခင်ကြီး၊ အဆောင်ထဲမှာရှိပါတယ်'

လှထင်းစုန်က ထပ်မေးလိုက်သည်။

'ဘယ်နားက အဆောင်လဲ'

အလုပ်သမား ခေါင်းဆောင်က အရှေ့ဘက်သို့ညွှန်ပြ
လိုက်၏။

'အရှေ့ဘက်ဂိတ်ဝ အဆောင်မှာပါ'



လှထင်းစုန်က သူ့အားအကဲခတ်ရာ ...

'ဒီကနေ စားသောက်ပွဲကျင်းပဖို့ စီစဉ်ထား...
သလား'

ထိုလူက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် ခင်ဗျာ'

ဆင်းဝေငန်က ဝင်မေးလိုက်သည်။

'စားသောက်ပွဲကို ဘယ်ကစည်သည်တွေ လာမှာလဲ'

ထိုလူက သူမသိကြောင်း အဖြေပေးလိုက်၏။

'အများကြီးပါပဲ၊ သိုင်းလောကသားတွေ ဖြစ်မှာ...'

လှထင်းစုန်မှာ ရင်လေးသွားသည်။

သူက ထပ်မံမေးခွန်းထုတ်လိုက်၏။

'နန်းကုန်းယင်မှာ သက်တော်စောင့် ဘယ်နှစ်ယောက်
ရှိလဲ'

ထိုလူက လှထင်းစုန်အား မဝံ့မရဲကြည့်ကာ ပြောလိုက်
သည်။

'အများကြီးပါဗျာ၊ မိုးမြေရဲသိုက်မှာရှိတဲ့ လူအားလုံး
သူ့ကိုကာကွယ် စောင့်ရှောက်ရတာပါပဲ၊ ခင်ဗျားတို့က
သူ့ကိုသတ်မလို့လား'

လှထင်းစုန်က တင်းမာခက်ထန်သော မျက်နှာထားဖြင့်
ပြောလိုက်၏။

'ကျုပ်မေးတာကိုသာ ဖြေပါ၊ ကျုပ်ကိုပြန်မမေးပါနဲ့'

ထိုလူက အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

'ဟုတ်...ဟုတ်ကဲ့၊ ကျုပ်ပြန်မမေးတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



လေ့ထင်းစုန်က သူ့အား ခဏ စေ့စေ့ကြည့်လိုက်၏၊

'နန်းကုန်းယင် အနုဇီးယူတဲ့အခါ ဘယ်မှာ စနေသလဲ'

ထိုလူက တုံ့ဆိုင်းမနေဘဲ ဖြေလိုက်သည်၊

'အဆောင်ထဲက စာဖတ်ခန်းမှာ နေပါတယ်ဗျာ၊ များသောအားဖြင့် သူတစ်ယောက်တည်း ရှိနေတတ်ပါတယ်'

ထိုစကားကြောင့် လေ့ထင်စုန်မှာ ဝမ်းသာအားရဖြစ်သွား၏၊

သူက အားတက်သရောဖြင့် မေးလိုက်၏၊

'စာဖတ်ခန်းကို ခင်ဗျားဆိုက်ပြနိုင်မလား'

ထိုလူက ခေါင်းခါယမ်းလိုက်၏၊

'အခု သူစာဖတ်ခန်းထဲမှာ ရှိမယ်မထင်ဘူး'

လေ့ထင်းစုန်က မျက်မှောင်ကြုတ်လိုက်သည်၊

'ဘာဖြစ်လို့လဲ'

ထိုလူက တွေးတွေးဆဆဖြင့် ပြောလိုက်၏၊

'မကြာခင် ညသည်တွေ ရောက်လာတော့မယ်၊ ဒါကြောင့် သူအေးအေးဆေးဆေး စာဖတ်နိုင်မှာ မဟုတ်ဘူး'

လေ့ထင်းစုန်က သူ့အား ခဏ စေ့စေ့ကြည့်လိုက်သည်၊

'ဒါဖြင့် သူ့ကို ဘယ်မှာတွေ့နိုင်မလဲ'

ထိုလူမှာ တွေဝေသွား၏၊ အတန်ကြာမှ....

သူက စဉ်းစားချင့်ချိန်သော လေသံဖြင့် ပြောလိုက်၏၊

'ဒီနေ့ စားသောက်ပွဲဟာ သီးသန့်ကျင်းပတဲ့ စားသောက်ပွဲပါ၊ လူသိပ်နည်းတယ်၊ အဓိဆောင်ရဲ့ အသယ်ခန်းမှာပဲ ပြုလုပ်လိမ့်မယ်ဆိုတော့ သူ သီးသန့်ခန်းထဲမှာပဲ ရှိနေမှာပေါ့'



လေ့ထင်းစုန်က ထပ်မေးလိုက်၏၊

'ညသည်ဘယ်နှစ်ယောက်လောက် ချက်ပြုတ်ရသလဲ'

ထိုလူက သွက်သက်စွာပင် ဖြေလိုက်သည်၊

'ခြောက်ယောက်စာပါ'

လေ့ထင်းစုန်က သူ့အား မျက်ခုံးပင့်ကြည့်လိုက်၏၊

'သူက ဘာကြောင့် ခြောက်ယောက်တည်း ရွေးဖိတ်ရတာလဲ'

ထိုလူက သက်ပြင်းချလိုက်သည်၊

'ကျုပ်က စားဖို့ဆောင်က ဝန်ထမ်းပါ၊ ဒီကိစ္စတွေကို စပ်စုခွင့်မရပါဘူးဗျာ'

ထိုလူအား ဆက်လက်မေးမြန်းနေ၍ အကြောင်းထူးတော့မည် မဟုတ်ကြောင်း လေ့ထင်းစုန်က သဘောပေါက်လိုက်၏၊

ယင်းကြောင့်....

သူက သက်ပြင်းတစ်ချက်ချကာ ပြောလိုက်သည်၊

'ခုလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားက ကျုပ်မေးသမျှကို ကောင်းမွန်စွာ ပြောပြသည့်အတွက် ကျုပ်က မသတ်ချင်ပါဘူး၊ ဒါပေမယ့် ခင်ဗျားမအော်နိုင်အောင်တော့ သွေးကြောပိတ်ထားခဲ့ရမယ်'

ပြောပြောဆိုဆိုဖြင့် ထိုလူ၏သွေးကြောအား လက်ညှိုးဖြင့် ထိုးပိတ်လိုက်၏၊

ထိုလူ၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားပြီး ငြိမ်ကျသွား၏၊

www.burmeseclassic.com

ထိုအခါမှ...

လှထင်းစုန်က ဆင်းဝေရှန်ဘက်သို့ လှည့်လိုက်၏။

'ညီမ'

ဆင်းဝေရှန်က မော့ကြည့်လိုက်သည်။

'ပြောပါအစ်ကို'

လှထင်းစုန်က ပြုံးလိုက်၏။

'ကျုပ်အကြံပေါ်ပြီ၊ ကျုပ်တို့နှစ်ယောက်၊ စားပွဲထိုးယောင်ဆောင်ပြီး စားသောက်ခန်းထဲကို ဝင်သွားကြရင်မကောင်းဘူးလား'

ဆင်းဝေရှန်မှာ တွေဝေသွားသည်။

သူက စိုးရိမ်ပူပန်စေသောလေသံဖြင့် ပြောလိုက်၏။

'ဖြစ်ပါ့မလား'

လှထင်းစုန်က ခေါင်းညိတ်လိုက်သည်။

'ဖြစ်ပါတယ်၊ နန်းကျွန်းယဲ့ယောင်ဟာ ဧည့်သည်တွေကို ဧည့်ခံတဲ့အခါ လက်တိုလက်တောင်းခိုင်းဖို့အောင် စားပွဲထိုးတစ်ယောက်ယောက်တော့ ခေါ်ယူမှာပဲ၊ တို့က စားပွဲထိုးယောင်ဆောင်ပြီး ဝင်သွားကြတာပေါ့'

ဆင်းဝေရှန်မှာ လှထင်းစုန်၏စကားကို ဘဝင်မကျပါချေ။

သို့ရာတွင်လည်း ထို့ထက်ကောင်းသည့် အကြံဉာဏ်ကို စဉ်းစား၍မရပါချေ။

ယင်းကြောင့် သူမက ခေါင်းညိတ်လိုက်ရ၏။

'ကောင်းပါပြီ အစ်ကို့သဘောပါပဲ'



ထိုအချိန်မှာပင်...

စားပွဲထိုးများက စားသောက်ဖွယ်ရာ ဟင်းပွဲများကို သယ်ယူပြီးနောက် ရဲတိုက်ဆီသို့ သွားနေကြသည်ကို တွေ့လိုက်ရလေသည်။

လှထင်းစုန်နှင့် ဆင်းဝေရှန်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် သူတို့သည် ထင်းလှောင်ခန်းထဲမှ ပြိုင်တူ လှမ်းထွက်လိုက်ကြသည်။

အပြင်ဘက်သို့ ရောက်သောအခါ နောက်ဆုံးမှ စားပွဲထိုးနှစ်ယောက်ထံသို့ တိတ်တဆိတ်ချဉ်းကပ်သွားပြီး၊ သေးကြောပိုက် ဖမ်းဆီးလိုက်ကြ၏။

ထို့နောက် စားပွဲထိုးများ၏ အဝတ်အစားများကို ချွတ်ယူဝတ်ဆင်လိုက်ကြသည်။

ပြီးသည်နှင့် စားသောက်ဖွယ်ရာများ ထည့်ထားသော ဟင်းပွဲများကို ကိုင်ဆောင်ကာ အခြား စားပွဲထိုးများ နောက်မှ ခပ်တည်တည်လိုက်ပါသွားကြလေတော့သည်။

www.burmeseclassic.com



အခန်းတွင်း၌ မီးရောင်မှာ ထိန်ထိန်လင်းနေ၏။

အခန်း၏အလယ်တွင် ကြီးမားသော စားပွဲကြီးတစ်လုံး ခင်းကျင်းထားသည်။ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာ အစုံအလင်ပြင်ဆင်ထား၏။ စားသောက်ဖွယ်ရာများ၏ သင်းပျံ့သောရနံ့ကအခန်းထဲတွင် ပျံ့လွင့်နေသည်။

စားပွဲခုံထိပ်တွင် အသက်သုံးဆယ်ကျော်ခန့်ရှိ လူရွယ်တစ်ယောက် ထိုင်နေ၏။

ထိုလူ၏ခန္ဓာကိုယ်မှာ သန်မာထွားကျိုင်းပြီး ကြမ်းတမ်းခက်ထန်သော ရုပ်ရည်ရှိသူဖြစ်သည်။

သူ၏မျက်လုံးအစုံမှာ စူးရှတောက်ပြောင်နေပြီး နားထင်နှစ်ဖက်မှာ ချိုင့်ဝင်နေ၏။

ယင်းကြောင့်အတွင်းအားအလွန်ကောင်းသူဖြစ်ကြောင်း သိသာနိုင်ပေသည်။

စားပွဲ၏ပတ်လည်တွင် လူခြောက်ယောက် ဝိုင်းဖွဲ့ထိုင်နေ၏။

အားလုံးသောလူများမှာ လူလတ်ပိုင်း အရွယ်များသာ ဖြစ်ကြသည်။

ထိုလူများသည် အမျိုးအမည်စုံသင်ပြီး စားချင့်စဖွယ် ပြင်ဆင်ထားသော စားသောက်ဖွယ်များကို လုံးဝဂရုမစိုက် ကြချေ။

သူတို့ဂရုစိုက်နေကြသည်မှာ စားပွဲထိပ်တွင်ထိုင်နေသော လူရွယ်ကိုပင်ဖြစ်၏။

ထိုလူမှာ အခြားသူ မဟုတ်ချေ။



မိုးမြေရဲ့တိုက်ပိုင်ရှင် နန်းကုန်းယင်ပင် ဖြစ်သည်။

စားပွဲဝိုင်းတွင် ထိုင်နေကြသော လူခြောက်ယောက်မှာ နန်းကုန်းယင်၏ဖိတ်ကြားမှုကြောင့် မိုးမြေရဲတိုက်သို့ရောက်ရှိ လာကြသူများဖြစ်၏။

နန်းကုန်းယင်သည်သူ၏ပိုင်နက်အတွင်းဖြစ်သောကြောင့် အစည်းအဝေးကို လျှို့ဝှက်စွာ ပြုလုပ်ကျင်းပခြင်း မရှိ ချေ။

အခန်းတွင်းရှိလူခုနစ်ယောက်အတွက် ပြုစုရန် စားပွဲထိုး ခုနစ်ယောက်ကို ခေါ်ယူထားခဲ့သည်။

ယင်းကြောင့်....

စားပွဲထိုးဟန်ဆောင်ထားသော လေ့ထင်းစုန်နှင့် ဆင်း ဝေရန်တို့မှာစားသောက်ခန်းထဲသို့ လွယ်ကူစွာပင်ဝင်ရောက် လာနိုင်ခဲ့ကြ၏။

သူတို့နှစ်ယောက် သီးသန့်ခန်းထဲသို့ ရောက်ရှိလာပြီး ကြောမီနှင့်ပင် အစည်းအဝေးပွဲ စတင် ကျင်းပနေလေတော့ သည်။

❁

www.burmeseclassic.com

www.burmeseclassic.com

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ရုတ်တရက်....

နန်းကုန်းယင်က ချောင်းတစ်ချက်ဟန့်လိုက်သည်။

ထို့နောက်....

သူက သူ့ရှေ့တွင်ရှိနေသော ညွှန့်သည်ခြောက်ယောက်ကို ဝေ့ယမ်းကြည့်လိုက်၏။

'မိတ်ဆွေတို့ကို ကျုပ်ဖိတ်ခေါ်ရတာဟာ အလွန်အရေးကြီးတဲ့ အကြောင်းအချက်တွေ ရှိလို့ဆိုတာ မိတ်ဆွေတို့ သဘောပေါက်ကြမယ်ထင်ပါတယ်'

လူက စကားပလ္လင်ခံလိုက်ခြင်း ဖြစ်သည်။

ညွှန့်သည်ခြောက်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ကြ၏။

'သိပါတယ်'

နန်းကုန်းယင်က ဆက်ပြောလိုက်သည်။

'ခင်ဗျားတို့ဟာ တစ်ယောက်ကိုတစ်ယောက် သိကြမှာ မဟုတ်ဘူး။ သိုင်းလောကမှာ ခင်ဗျားတို့ဟာ လူသိနည်းတယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားတို့ကို ထမင်ရွေးပြီး ဖိတ်ကြားလိုက်တာပါ'

ထိုအခါသူနှင့်အနီးကပ်ဆုံးထိုင်ခုံတွင် ထိုင်နေသူက ရယ်မောလိုက်၏။

'ဒါဆို ခင်ဗျားမှာ လူသိခံချင်တဲ့ကိစ္စတစ်ခု ရှိနေပြီထင်တယ်'

နန်းကုန်းယင်က ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်'

ထိုလူက မျက်ခုံးမှောင်ကြုတ်လိုက်၏။

'ဘယ်လိုကိစ္စမျိုးလဲဗျ'

နန်းကုန်းယင်က တစ်လုံးချင်းပြောလိုက်သည်။

'နှင်းတောင်ဓာဝီကို ကျုပ်ဆီကို ဖမ်းခေါ်ခဲ့ဖို့ပါ'

ထိုစကားကြောင့်ညွှန့်သည်ခြောက်ယောက်စလုံး အနည်းငယ် ထိတ်လန့်သွား၏။

ရုတ်တရက်....

အညိုရောင်ဝတ်ဆင်ထားသူ တစ်ယောက်က နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

'နှင်းတောင်ဓာဝီဟာ ခင်ဗျားနဲ့ မိတ်ဆွေရင်းချာ ဖြစ်တယ်လို့ကျုပ်ကြားဖူးပါတယ်၊ အခု ခင်ဗျားကဘာကြောင့် သူ့ကို ဖမ်းဆီးချင်ရတာလဲ'

ထိုစကားကြောင့် နန်းကုန်းယင်၏မျက်နှာမှာ တင်းမာကျက်တန်သွား၏။

သူက လေသံမာမာဖြင့် ပြောလိုက်သည်။

'ကျုပ် ခင်ဗျားတို့ကိုခေါ်တာ ကျုပ်ကို မေးခွန်းပြန်ထုတ်ဖို့ မဟုတ်ပါဘူး၊ ကျုပ်အစီအစဉ်ထဲမှာ မပါဝင်လိုတဲ့ လူရှိရင် အခန်းထဲက ထွက်သွားနိုင်ပါတယ်'

အားလုံးသော လူများမှာ ပါးစပ်ပိတ်ထားလိုက်ကြ၍ နန်းကုန်းယင်က အားလုံးကို ဝေ့ယမ်းကြည့်ကာ ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နှင်းတောင်ဝေဇီကို ခင်ဗျားတို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖမ်းခေါ်လာရမယ်၊ အရေးအကြီးဆုံးက နှင်းတောင်ဝေဇီ ကျုပ်ဆီကို ရောက်လာဖို့ပဲ၊ နှင်းတောင်ဝေဇီကို ကျုပ်ဆီ ရောက်အောင် ခေါ်လာနိုင်တဲ့လူကို ကျုပ်က ငွေတစ်သိန်း ဆုချီးမြှင့်ပါမယ်'

ငွေတစ်သိန်းဟူ ကြားလိုက်ရသောအခါ ညှိုသည် ခြောက်ယောက်၏ မျက်လုံးများမှာ ဝင်းလက်တောက်ပ သွားကြ၏။

နန်းကုန်းယင်က ပြုံးကာ ဆက်ပြောလိုက်သည်။

'အစီအစဉ်မှာ ပါဝင်တဲ့လူအားလုံးကို ငွေတစ်သောင်းစီ ချီးမြှင့်ပါမယ်'

သူ၏စကားဆုံးသည်နှင့် အခန်းထဲတွင် လက်ခုပ်တီးသံများ ထွက်ပေါ်လာ၏။

ညှိုသည်ခြောက်ယောက်က လက်ခုပ်တီးကာ သြဘာပေးလိုက်ကြခြင်း ဖြစ်သည်။

ညှိုသည် ခြောက်ယောက်စလုံးမှာ သူ၏ အစီအစဉ်ကို လက်ခံလိုက်ပြီဖြစ်ကြောင်း နန်းကုန်းယင်က နားလည်လိုက်၏။

ထိုလူခြောက်ယောက်မှာ သိုင်းပညာ ထက်မြက်သော ကြေးစားသိုင်းသမားများ ဖြစ်ကြသည်။

ထိုလူများသည် နှင်းတောင်ဝေဇီအား မိမိထံသို့ ဖမ်းဆီးခေါ်ဆောင်လာနိုင်လိမ့်မည်ဟု နန်းကုန်းယင်က ယုံကြည်ထား၏။



ယင်းကြောင့်...

သူက စိတ်ချလက်ချဖြင့် လက်ဖေ့ယမ်းကာ ပြောလိုက်သည်။

'ကဲ...မိတ်ဆွေတို့ သဘောတူလက်ခံပြီဆိုရင် စားသောက်လိုက်ကြပါဦး၊ နောက်မှ အသေးစိတ် စီစဉ်ကြတာပေါ့'

ညှိုသည်ခြောက်ယောက်မှ ပြိုင်တူခေါင်းညိတ်လိုက်ကြ၏။

'ကောင်းပါပြီ'

ထို့နောက်...

သူတို့သည် အရက်နှင့် စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်လိုက်ကြသည်။

စားပွဲဝိုင်းများသည် စားသောက်သူ တစ်ဦးချင်းအတွက် လိုလေသေးမရှိ ပြုစုပေးရန် အလုပ်များကုန်ကြ၏။

ရုတ်တရက်...

လေ့ထင်းစုန်က ဆင်းဝေ့ရန်အား မျက်စိမှိတ်ပြလိုက်သည်။

ထို့နောက်...

သူသည် နန်းကုန်းယင်အနီးသို့ မဖော်မသည်ဖြင့် ချဉ်းကပ်သွား၏။

သူ၏လှုပ်ရှားမှုကို ဆင်းဝေ့ရန်မှလွဲ၍ မည်သူမှ သတိမထားမိပါချေ။

လေ့ထင်းစုန်သည် နန်းကုန်းယင်၏ရှေ့သို့ စားသောက်ဖွယ်ရာများ ထည့်ထားသော ဗန်းတစ်ခု ချထားပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းကုန်းယင်က စားသောက်ဖွယ်ရာများကို စားသောက်ရန် ဟန်ပြင်လိုက်၏။

ရုတ်တရက်....

လှထင်းစုန်က ဝှက်၍ယူဆောင်လာသော ကျောက်စိမ်းဓားမြှောင်ကို ဆွဲထုတ်ကာ နန်းကုန်းယင်အား ထိုးသွင်းလိုက်သည်။

သူ၏လှုပ်ရှားမှုမှာ ပိရိသေသပ်ပြီး လျင်မြန်လွန်းလှ၏။

သို့သော်....

နန်းကုန်းယင်၏ လှုပ်ရှားမှုမှာ သူ့ထက်ပို၍ လျင်မြန်နေသေးသည်။

နန်းကုန်းယင်က ဓားထွက်ပေါ်လာသည်နှင့် ကြမ်းပြင်ပေါ်တွင် ထောက်ထားသော ခြေထောက်နှစ်ချောင်းကို အားယူကာ နောက်သို့ လှန်ချလိုက်၏။

ယင်းကြောင့်....

လှထင်းစုန်၏ဓားမြှောင်သည် နန်းကုန်းယင်အား မထိဘဲ ကုလားထိုင်ကိုသာ ထိုးချမိသွားသည်။

'ဘုတ်....'

အခန်းထဲရှိ အားလုံးသောလူများမှာ ကြောင်အမ်းအမ်း ဖြစ်နေကြ၏။

သို့သော်....

ဆင်းဝေ ရန်ကမူ နန်းကုန်းယင်၏အနီးသို့ ချဉ်းကပ်သွားကာ ဓားကိုဆွဲထုတ်၍ အုပ်အုပ်တိုက်နိုက်လိုက်လေသည်။



သူတို့၏ တိုက်ခိုက်မှုကြောင့် အခန်းထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

မကြာစပါချေ။

စားပွဲတွင် ထိုင်နေကြသော ဧည့်သည်ခြောက်ယောက်မှာ သတိဝင်လာပြီး ခုန်ထလာကြသည်။

သူတို့သည် နန်းကုန်းယင်အား စားပွဲထိုးနှစ်ယောက်က လုပ်ကြံသည်ကို မြင်သည်နှင့် ဝိုင်းဝန်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

ထိုလူခြောက်ယောက်အနက် လူသုံးယောက်မှာ သီးသန့် တစ်အုပ်စု ခွဲသွားကြလေသည်။

ထိုလူသုံးယောက်သည် လက်နက်ကိုယ်စီ ကိုင်ဆွဲလျက် လှထင်းစုန်တို့ကို တိုက်ခိုက်မည့် လူသုံးယောက်ကို ပြန်လည် ဟန့်တားလိုက်ကြ၏။

လှထင်းစုန်တို့အား ဝိုင်းဝန်းတိုက်ခိုက်မည့်လူသုံးယောက်မှာ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

သူတို့ထဲမှ တစ်ယောက်က နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

'ခင်ဗျားတို့ ဒါဘာလုပ်တာလဲ'

သူ၏စကားအဆုံးတွင် ဟန့်တားလာကြသူသုံးယောက်က မျက်နှာပေါ်တွင် စွပ်ထားသော မျက်နှာတု သားရေပြားများကို ဆွဲခွာလိုက်ကြသည်။

ထိုအခါ....

www.burmeseclassic.com

www.burmeseclassic.com

ယင်းလှည်းယောက်မှာ ဝမ်းကျင်းဟုန်၊ ကျွမ်းပေနှင့် နှင်းတောင်ဒေဝီတို့ ဖြစ်နေကြသည်ကို တွေ့မြင်လိုက်ရ၏။

ဝမ်းကျင်းဟုန်က ကျယ်လောင်သောအသံဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။

'ဟေ.... လှေထင်းစုန်နဲ့ ဆင်းခဝရန် မင်းတို့ ဘာမှ စိတ်ပူမနေကြနဲ့၊ မင်းတို့ဆရာတွေ ရောက်နေကြပြီ၊ သူ လူစုနေကတည်းက မကြာလို့ လှည်းယောက်ကို ရှင်းပစ်ပြီး ကျုပ်တို့ အစားဝင်နေကြတာကွ'

ကျွမ်းပေကလည်း အံကြိတ်ကာ ပြောလိုက်၏။

'ဟား...ဟား.... နန်းကုန်းယင်၊ ခင်ဗျား ဒီနေ့ ဘယ်ပြေးမလဲ၊ ဆရာစီးမကျူးကိုသတ်ပြီး ကျုပ်အပေါ် အပြစ်ပုံချခဲ့တဲ့ အပြစ်ဒဏ်ကို ခင်ဗျားခံရတော့မယ်'

နှင်းတောင်ဒေဝီကလည်း ဒေါသတကြီးဖြင့် ပြောဆိုလိုက်သည်။

'လူယုတ်မာကြီး....ရှင် ဒီနေ့ သေစေရမယ်'

နန်းကုန်းယင်မှာ ဝမ်းကျင်းဟုန်တို့အား တွေ့လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားလေသည်။

ယင်းကြောင့်....

သူက ကြောင်အမ်းအမ်းဖြစ်နေကြသော လှည်းယောက်တို့ကို လှမ်းပြောလိုက်၏။

'ဘာလုပ်နေကြတာလဲ၊ သူတို့ကို ရှင်းပစ်ပါတော့လား'



ထိုလူများမှာ နန်းကုန်းယင်၏အော်သံကြောင့် သတိဝင်လာပြီး လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ဝမ်းကျင်းဟုန်တို့အား တိုက်ခိုက်လိုက်ကြလေသည်။

တစ်ဖက်တွင် လှေထင်းစုန်နှင့် ဆင်းခဝရန်တို့က နန်းကုန်းယင်အား ဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

သီးသန့်ခန်းအတွင်း၌ ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာသည်။

ထိုစဉ်မှာပင်....

မိုးမြေရဲတိုက်အပြင်ဘက်မှ အချက်ပေး မောင်းသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရ၏။

တစ်ဆက်တည်းမှာပင်....

ပြင်းထန်စွာ တိုက်ခိုက်နေကြသောအသံများ ထွက်ပေါ်လာပြန်သည်။

ကျွမ်းပေနှင့် နှင်းတောင်ဒေဝီတို့က ပြုံးလိုက်ကြ၏။

ဝမ်းကျင်းဟုန်က တိုက်ခိုက်ရင်းမှ ပြောလိုက်သည်။

'သံမဏိဓား ချင်ခေတို့ ရောက်လာကြပြီထင်တယ်'

နှင်းတောင်ဒေဝီက ကျေနပ်အားရသော အသံဖြင့် ပြောလိုက်၏။

'ဟုတ်မယ်၊ သူနဲ့အတူ ရှောင်ဟုန်နဲ့ ရှောင်ရှမ်းလဲ ပါလာကြလိမ့်မယ်၊ နှင်းတောင်ကြားကလူတွေဟာ အရေးမှု ဖြိုဖျက်ရမှာ အားကိုးရပါတယ်ရှင်၊ မကြာခင် မိုးမြေရဲတိုက် ကျဆုံးတော့မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



မပြောရင်း သူမထာ ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်လေ တော့သည်။

နန်းကုန်းယင်မှာ ခေသူတစ်ယောက် မဟုတ်ပါချေ။

လှေထင်းစုန်နှင့် ဆင်းခဝေရန်တို့က လက်ဦးမှုရယူကာ တိုက်ခိုက်ခဲ့ကြသော်လည်း အသာစီးမရခဲ့ကြပါချေ။

တစ်ခဏအတွင်းမှာပင် နန်းကုန်းယင်က သူတို့အား နောက်ဆုတ်သွားအောင် တိုက်ခိုက်နိုင်ခဲ့၏။

မည်သို့ဆိုစေ လှေထင်းစုန်နှင့် ဆင်းခဝေရန်တို့မှာ ဆရာကောင်းတပည့်များ ဖြစ်ကြသည်။

သိုင်းလောကမှ ထိပ်တန်းသိုင်းဆရာ နှစ်ယောက်ထံမှ ပညာသင်ယူခဲ့ကြသောကြောင့် သူတို့၏ သိုင်းပညာများမှာ ထက်ထက်မြက်မြက် ရှိနေကြ၏။

ယင်းကြောင့် သူတို့က နန်းကုန်းယင်အား မြေပေါက်မရှိအောင် ပိတ်ဆို့တိုက်ခိုက်နေကြပေသည်။

သို့သော် သူတို့အနေဖြင့် နန်းကုန်းယင်အား အနိုင်ယူ တိုက်ခိုက်နိုင်စွမ်း မရှိကြပါချေ။

တစ်ချိန်တည်းမှာပင် ဝမ်းကျင်းဟုန်တို့ သုံးယောက်က လည်း လူသုံးယောက်နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရ သည်။

ထိပ်တန်းသိုင်းသမားများ ဖြစ်ကြသည့်အလျောက် သူတို့ ၏တိုက်ခိုက်မှု အရှိန်အဟုန်မှာ ပြင်းထန်လှပေသည်။



အခန်းတွင်း၌ တိုက်ပွဲပြင်းထန်နေသည့်နည်းတူ အပြင် ဘက်တွင်လည်း ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားနေသည့် အသံ များ ဆူညံနေ၏။

တိုက်ခိုက်နေသည့်အသံများမှာ တဖြည်းဖြည်းအခဆောက် အအုံနှင့် နီးကပ်လာသည်။

မကြာပါချေ။

သံဗော်ခါးချင်ဝနှင့် နှင်းပွင့်တောင်ကြားမှ သိုင်း သမားများသည် မိုးမြေရဲတိုက်အတွင်းဘက်သို့ ခေါင်မြင် စွာ ထိုးဖောက်ဝင်ရောက်လာကြ၏။

ဝမ်းကျင်းဟုန်၊ ကျွန်းပေနှင့် နှင်းတောင်ဒေဝီတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြ သည်။

ဝမ်းကျင်းဟုန်က သူတို့နှစ်ယောက်ကိုကြည့်ကာ ပြော လိုက်၏။

'ကဲ...ဒီလူတွေကို အမြန်ဆုံးရှင်းပစ်ကြစို့'

သူတို့သုံးယောက်သည် ရန်သူများအား ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေတော့သည်။

မိုးမြေရဲတိုက်မှလူများသည် တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့ လဲကျကုန်ကြ၏။

သူတို့သည် နန်းကုန်းယင်က လက်သပ်မွေးထားသော ဒုစရိုက်မှုမျိုးစုံကို ကျူးလွန်နေကြသည့် လူဆိုးများပင်ဖြစ်ကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါလ၊ ချင်းဝဲနှင့် နှင်းပွင့်ဘောင်ကြီးမှ လူများသည် ရှေ့တိုးတိုက်ခိုက်ရင်း ချီတက်လာကြ၏။

မိုးမြေရဲတိုက်မှလူများမှာ အလွန်အကျအဆုံးများသောကြောင့် နောက်သို့သာ တစ်ဆုတ်ဆုတ်သည်။ ဆုတ်နေရလေ၏။

အချိန်ကြာလာသည်နှင့်အမျှ သိင်္ဂါလ၊ ချင်းဝဲတို့မှာ အသာစီးရရှိလာကြ၏။ မိုးမြေရဲတိုက်မှလူများသည် လူအင်အား နည်းပါးလာကြပြီး ခုခံမှုမရှိသလောက် ဖြစ်လာကြသည်။ နောက်ဆုံးတွင်....

အားမတန်မာန်လျှော့ကာ သိင်္ဂါလ၊ ချင်းဝဲတို့အား လက်နက်ချ အရှုံးပေး အညံ့ခံလိုက်ကြလေတော့သည်။

အပြင်ဘက်မှ တိုက်ခိုက်နေကြသော အသံများမှာ ငြိမ်သက်သွားကြပြီ ဖြစ်၏။

သီးသန့်ခန်းထဲတွင်တိုက်ခိုက်နေကြသော စမ်းကျင်းတွန်း၊ ကျော်ခင်းမြေနှင့် နှင်းတောင်ဝေစီတို့မှာလည်း တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်သည်။

နန်းကျွန်းယင်၏မျက်နှာမှာ မည်းမှောင်နေ၏။



သူက ဓားကို သွက်လက်စွာလှုပ်ရှားနေသည်။

သို့သော် သူ့အနေဖြင့် သူ့အား တိုက်ခိုက်နေကြသော ရန်သူနှစ်ယောက်ကို လဲကျသွားအောင် တိုက်ခိုက်နိုင်စွမ်း မရှိချေ။

နန်းကျွန်းယင်မှာ ဒေါသထွက်လာ၏။

သူ၏သိုင်းပညာသည် ဆယ်နှစ်အတွင်း တိုးတက်ခြင်းမရှိတော့ပြီလော။

သူသည် မိမိအောက်ငယ်ရွယ်သူများအား ယှဉ်ပြိုင်တိုက်ခိုက်နိုင်ခြင်း မရှိတော့ပြီလော။

တွေးယင်း နန်းကျွန်းယင်မှာ တုန်လှုပ်ချောက်ချားလာလေသည်။

တုန်လှုပ်ချောက်ချားလာသည်နှင့်အမျှ စိတ်ဓာတ်ကျဆင်းလာ၏။

ထိုအခါ သူ၏တိုက်ကွက်များမှာ တစ်စထက်တစ်စ ယိုယွင်းပျက်စီးလာလေတော့သည်။

တိုက်ပွဲတစ်ခုတွင် စိတ်အာရုံတည်ငြိမ်မှု မရှိသူသည်အမှား ပေါ်လာတတ်စမြဲပင် ဖြစ်၏။

လွှသည်းနှင်းမှာ တိုက်ခိုက်ရင်း နန်းကျွန်းယင်၏ဟာကွက်များကို အမှတ်မထင် တွေ့မြင်သွားလေသည်။

ထိုနည်းတူစွာပင် ဆင်းဝေ့ရန်ကလည်း တွေ့မြင်လိုက်ချေသည်။

ယင်းကြောင့် သူတို့က လက်လွှတ်မခံတော့ချေ။

ယာ....

www.burmeseclassic.com

www.burmeseclassic.com



'ယခု...'

ဗြာသံပေးကာ ပြိုင်တူဝင်ရောက် တိုက်ခိုက်လိုက်ကြလေသည်။

ဝန်းကျင်တစ်ခုလုံးက ဓားရောင်များ ဝင်းလက်သွားပါ၏။

တစ်ဆက်တည်းမှာပင်....

'ဒုတ်...'

'ဒုတ်....'

အသံနှစ်ချက် ထွက်ပေါ်လာပြီး ဓားနှစ်လက်မှာ တစ်ချိန်းတည်းမှာပင် နန်းကုန်းယင်၏ ရင်ဝသို့ စိုက်ဝင်သွားကြသည်။

'အား....'

နန်းကုန်းယင်က စူးရှနာကျင်စွာ အော်ဟစ်လိုက်၏။

သူက ပြူးကျယ်နေသော မျက်လုံးအစုံဖြင့် လွှထင်းစုန်တို့အား ကြည့်လိုက်သည်။

'မင်း....မင်းတို့....'

သူသည် စကားကိုဆုံးအောင် ပြောနိုင်စွမ်း မရှိတော့ပေချေ။

ခန္ဓာကိုယ် ယိမ်းယိုင်ကာ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲပြိုကျသွားလေတော့သည်။

❖



မီးတောက်မီးလျှံများသည် အားကောင်းစွာ တောက်လောင်နေကြ၏။

အချို့သော မီးညွန့်မီးစွယ်များမှာ ကောင်းကင်ပေါ်သို့ ထိုးတက်နေကြသည်။

မိုးမြေရဲတိုက်မှာ မီးလျှံများ၏ ဝါးမျိုခြင်းကို ခံနေရပြီဖြစ်၏။

မကြာမီ....

ကြီးမားခိုင်ခံ့၍ ခံ့ညားထည်ဝါခဲ့သော မိုးမြေရဲတိုက်ကြီးသည် ပြာပုံဘဝသို့ ကူးပြောင်းရောက်ရှိ သွားပေတော့မည်။

ထို့ပြင်....

ရဲတိုက်၏ အရှင်သခင် နန်းကုန်းယင်မှာလည်း မိုးမြေရဲတိုက်နှင့်အတူ ပြာကျသွားပေလိမ့်မည်။

သိုင်းလောကတွင် ဒုစရိုက်မှုမျိုးစုံ ကျူးလွန်ခဲ့သည့် မိုးမြေရဲတိုက်ကြီးမှာ ပျက်စီးသွားသည့်အတွက် သိုင်းလောကသားတိုင်းက ဝမ်းသာကြမည်သာဖြစ်၏။

ဝမ်းကျုံးတုန်၊ ကျော့မင်းပေ၊ နှင်းတောင်ဒေဝီ၊ လွှထင်းစုန်၊ ဆင်းဝေ့ရန်နှင့်နှင်းပွင့်တောင်ကြားမှ သိုင်းသမားများသည် သံမဏိဓား၊ ချင်ခိဝကိုနှုတ်ဆက်ကာ နှင်းပွင့်တောင်ကြားသို့ ပြန်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမတော်ဓား ချင်ခဝက်မှ ဖမ်းဆီးရမိထားသော လူဆိုးများကို နေပြည်တော်မှ သတ်ဆိုင်ရာ အာဏာပိုင်များထံသို့ အပ်နှံရန် နေပြည်တော်သို့ ထွက်ခွာသွားလေတော့သည်။

❖

လှေထင်းစုန်နှင့် ဆင်းခဝေ့ရန်တို့၏ မျက်နှာများပြုံးရွှင်နေကြ၏။

ကျေးမင်းပေ့နှင့် နှင်းတောင်ဒေဝီတို့၏ မျက်နှာများမှာလည်း ပြုံးရွှင်နေကြလေသည်။

ဝမ်းကျင်းဟုန်က ကျေးမင်းပေ့နှင့် နှင်းတောင်ဒေဝီတို့ကိုကြည့်ကာ မေးလိုက်၏။

'မင်းတို့နှစ်ယောက် ဘယ်သူ့ပညာ သာသလဲသိလား'

နှင်းတောင်ဒေဝီက ခေါင်းညိတ်လိုက်သည်။

'သိပါတယ်'

ဝမ်ကျင်းဟုန်က မျက်မှောင်ကြုတ်လိုက်၏။

'ဘယ်သူသာသလဲ'

ကျေးမင်းပေ့က ဝင်ပြောလိုက်သည်။



'ဘယ်သူမှ မသာပါဘူး သခင်ရှင်မိခင်ပေါ့'

ဝမ်းကျင်းဟုန်က ပြုံးလိုက်၏။

'ဒါဖြင့်...'

နှင်းတောင်ဒေဝီက ဆက်ပြောလိုက်သည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ဘာတော်တဲ့ အကျေးအခေါ် အယူအဆကြောင့် အမုန်းတရားရန်ငြိုးတွေဖြစ်ပေါ်ခဲ့တယ်၊အခုတော့ ကျွန်မရင်ထဲမှာ ဒါတွေမရှိတော့ပါဘူးရှင်'

ဝမ်းကျင်းဟုန်က ကျေးမင်းပေ့ဘက်သို့ လှည့်လိုက်၏။

'မင်းကရော...'

ကျေးမင်းပေ့က နှင်းတောင်ဒေဝီအား တစ်ချက်စေခင်းငဲ့ကြည့်လိုက်သည်။

'ကျွန်တော့်ရင်ထဲမှာ အခုအခါတည်းက ရန်ငြိုးတွေ မုန်းတီးမှုတွေ မရှိပါဘူးခင်ဗျာ'

ဝမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ ဒါဖြင့် မင်းတို့ ကျင့်စဉ်တာ နဲ့ရလိမ့်မယ်'

ကျေးမင်းပေ့နှင့် နှင်းတောင်ဒေဝီတို့က စိတ်ဝင်စားစွာ မေးလိုက်၏။

'ဘာများပါလိမ့်'

ဝမ်းကျင်းဟုန်က ပြုံးလိုက်သည်။

'မင်းတို့ရဲ့ တစ်ချိန်က ရန်ငြိုးတွေကို ချစ်ခြင်းမေတ္တာနဲ့ ပေးဆပ်တဲ့အနေနဲ့ လှေထင်းစုန်နဲ့ ဆင်းခဝေ့ရန်တို့ကို လက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပေးရလိမ့်မယ်၊ ကဲ...ဘယ်လိုလဲ မင်းတို့ သဘောတူကြရဲ့လား’

နှင်းတောင်ဒေဝီက ခေါင်းညိတ်လိုက်၏။

‘သဘောတူပါတယ်ရှင်’

ဝမ်းကျင်းဟုန်က ကျော့မင်းမေ အား ကြည့်လိုက်သည်၊

‘ညီလေးကရော’

ကျော့မင်းမေ က ပြုံးလိုက်၏။

‘အတိုင်းထက် အလွန်ပါပဲဗျာ’

လေ့ထင်းစုန်နှင့် ဆင်းခေ့ရန်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်၊

သူတို့၏မျက်ဝန်းများသည် ကြည်နူးပျော်ရွှင်မှုကြောင့် ရွှန်းလက်တောက်ပ နေကြ၏။

ထိုစဉ်မှာပင်....

ဝမ်းကျင်းဟုန်၏အသံ ထွက်ပေါ်လာပြန်သည်၊

‘နောက်တစ်ခုက’

သူက စကားကိုရပ်တန့်ကာ ကျော့မင်းမေ နှင့်နှင်းတောင်ဒေဝီတို့ကို ကြည့်လိုက်၏။

ပြီးမှ....

သူက ဆက်ပြောလိုက်သည်၊

‘နောက်ထပ် အစီအစဉ်တစ်ခုကို မင်းတို့ ငြင်းဆန်နိုင်ခွင့် မရှိဘူး။ အဲဒါကတော့ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က ဆရာကြီး စီမာကူး စီစဉ်ခဲ့တဲ့အတိုင်း မင်းတို့နှစ်ယောက်ကို ကျုပ်ကိုယ်တိုင် လက်ထပ်ပေးရလိမ့်မယ်’



ထိုစကားကြောင့် ကျော့မင်းမေ နှင့် နှင်းတောင်ဒေဝီတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏၊

ရှက်စိတ်ကြောင့် မျက်နှာများ နီရဲလာသော ပြိုင်တူ ခေါင်းငုံ့လိုက်ကြသည်၊

သူတို့နှစ်ယောက်ကိုကြည့်ကာ လေ့ထင်းစုန်နှင့် ဆင်းခေ့ရန်တို့က ရယ်မောလိုက်ကြ၏။

‘ဟား....ဟား....ဟား’

‘ဟား....ဟား....ဟား’

ဝမ်းကျင်းဟုန်ကလည်း သဘောကျစွာ ရယ်မောလိုက်သည်၊

‘ဟား....ဟား....ဟား’

ထိုအခါ....

ကျော့မင်းမေ နှင့် နှင်းတောင်ဒေဝီတို့မှာလည်း မနေနိုင်တော့ပါချေ၊

ဝမ်းကျင်းဟုန်နှင့်အတူ ရောနှော ရယ်မောလိုက်ကြ၏၊

သူတို့၏ ရယ်မောသံများသည် လေနှင့်အတူ ဝန်းကျင် တစ်ဝိုက်သို့ ပျံ့လွင့်သွားလေတော့သည်၊

ပြီးပါပြီ။

www.burmeseclassic.com